Unofficial translation





# လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရန် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်းဆိုင်ရာ အာဆီယံလမ်းညွှန်ချက်

2025

Unofficial translation

ဩစတြေးလျအစိုးရ၏ ဘဏ္ဍာငွေထောက်ပံ့ထားသော အာဆီယံ-ဩစတြေးလျ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ်၏ ပံ့ပိုးမှုဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ထုတ်ဝေပါသည်။

© 2025, ASEAN Secretariat and ASEAN-Australia Counter Trafficking

**The ASEAN Secretariat**

Community Relations Division (CRD)

70A Jalan Sisingamangaraja Jakarta 12110, Indonesia Phone :

(62 21) 724-3372, 726-2991

Fax : (62 21) 739-8234, 724-3504

E-mail : public@asean.org

Cite as: **ASEAN Guideline on the Implementation of the Non-Punishment Principle for Protection of Victims of Trafficking in Persons**, ASEAN, 2025.

မူပိုင်ခွင့်ယူထားပါသည်။ ဤထုတ်ဝေမှု၏ အကြောင်းအရာများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အသိအမှတ်ပြုမှုကို တပါတည်းရယူ၍ ပညာရေးနှင့် အခြားစီးပွားဖြစ်မဟုတ်သော ရည်ရွယ်ချက်များအတွက် လွတ်လပ်စွာ ကူးယူအသုံးပြုနိုင်ပါသည်။

**မသက်ဆိုင်ကြောင်းရှင်းလင်းချက်။** ဤလမ်းညွှန်ချက်ကို အာဆီယံ-ဩစတြေးလျ လူကုန်ကူးမှုတိုက်ဖျက်ရေး အစီအစဉ်မှတဆင့် ဩစတြေးလျအစိုးရ၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMTC) နှင့် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) မှ ရေးဆွဲထားပါသည်။ ဤလမ်းညွှန်ချက်တွင် ဖော်ပြပါရှိသောအမြင်များသည် ရေးသားသူများ၏ အမြင်မျှသာဖြစ်ပြီး ဩစတြေးလျအစိုးရ၏ အမြင်များကိုကိုယ်စားပြုခြင်းမရှိပါ။

# လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရန် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်းဆိုင်ရာ အာဆီယံလမ်းညွှန်ချက်

## မာတိကာ


**လမ်းညွှန်ချက် အကျဉ်းချုပ်.....6**

**ဝေါဟာရ အတိုကောက်များ.....14**

**ဝေါဟာရ အသုံးအနှုန်းများ.....15**

**အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR)မှ အမှာစာ.....18**

**နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (SOMTC) - ဖိလစ်ပိုင်/ TIP ဦးစားပေးနယ်မြေတွင် ဆန္ဒအလျောက် ဦးဆောင်သိုးထိန်း၏ အမှာစာ.....21**

**အာဆီယံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီးနှင့် ခေတ်သစ်ကျွန်ပြုမှု၊ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီးတို့၏ အမှာစာ.....23**

**ကျေးဇူးတင်လွှာ.....24**

**နိဒါန်း.....26**

**အပိုင်း ၁။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို နားလည်ခြင်း.....30**

*ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူဟူသည်မှာ အဘယ်နည်း။.....30*

*အဘယ်ကြောင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် အရေးပါသနည်း။.....34*

*ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် မည်သည့်တို့မှ အစပြုသနည်း။.....38*

*ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် မည်သည့်အချိန်တွင် သက်ရောက်မှုရှိမည်နည်း။.....42*

*ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လက်တွေ့အကောင်အထည်ဖော်ရန် မည်သူ့ထံတွင် တာဝန်ရှိသနည်း။.....46*

**အပိုင်း ၂။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးနိုင်ရန်အတွက် ဥပဒေကို ခိုင်မာစေရန် ဆောင်ရွက်ခြင်း.....53**

*[၁] လူကုန်ကူးခံရသူများ ပြစ်ဒဏ်ပေးခံရခြင်းမှ ကာကွယ်ပေးရန်အတွက် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများကို အားကောင်းစေရန် ဆောင်ရွက်ခြင်း.....54*

*[၂] လူကုန်ကူးခံရသူများ ပြစ်ဒဏ်ပေးခံရခြင်းမှ ကာကွယ်ပေးရန်အတွက် အခြားသော (လူကုန်ကူးမှုနှင့်မသက်ဆိုင်သည့်) ဥပဒေများကို ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း.....68*

**အပိုင်း ၃။ လူကုန်ကူးခံရသူများကို ပဏာမစိစစ်ခြင်းနှင့် ဖော်ထုတ်အတည်ပြုခြင်းတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား ကျင့်သုံးခြင်း.....74**

*[၃] ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများသည် ၎င်းတို့ကြုံတွေ့ရသော ပြစ်မှုကျူးလွန်သူများထဲတွင် လူကုန်ကူးခြင်းခံရနိုင်ချေရှိသော နစ်နာသူများကို ဖော်ထုတ်နိုင်ရန်အတွက် စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း.....76*

*[၄] နစ်နာသူများကို စိစစ်ရန်နှင့် ဖော်ထုတ်အတည်ပြုရန် အညွှန်းလက္ခဏာများကို ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများကို ဖြည့်ဆည်းပေးခြင်း.....85*

*[၅] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးနိုင်ရေးအတွက် ဖမ်းဆီးရေးအရာရှိများကို အခွင့်အာဏာပေးခြင်း.....90*

*[၆] ဖမ်းဆီးရေး အရာရှိများအနေနှင့် ဖမ်းဆီးခံရသူများအတွက် မိမိ၏ တာဝန်ဝတ္တရားများကို ပြည့်စုံစွာ သေချာထမ်းဆောင်ရန် လိုအပ်ခြင်း ..... 97*

*[၇] အခြားသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် ဖော်ထုတ်အတည်ပြုထားသော နစ်နာသူများ၏ အခြေအနေကို အသိအမှတ်ပြုခြင်း ..... 99*

**အပိုင်း ၄။ လူကုန်ကူးခံရသူများ တရားရင်ဆိုင်ရသည့်အခါ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်း ..... 102**

*[၈] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် ဥပဒေအရာရှိများ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း..... 103*

*[၉] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် တရားခံရှေ့နေများ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း..... 108*

*[၁၀] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် တရားစီရင်ရေးအဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း 114*

*[၁၁] ပြစ်မှုကျူးလွန်သော နစ်နာသူများအပေါ် ပြစ်ဒဏ်ချမှတ်ခြင်းထက် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ တရားစီရင်ရေး စနစ်ကို ကျင့်သုံးခြင်း..... 118*

**အပိုင်း ၅။ နစ်နာသူများ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောအခါ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား ကျင့်သုံးခြင်း..... 125**

*[၁၂] လူကုန်ကူးခံရသူများအတွက် ပြစ်ဒဏ်ချမှတ်မှုများကို ရှောင်ရှားခြင်း သို့မဟုတ် လျှော့ပေါ့ပေးခြင်း ..... 125*

*[၁၃] မှားယွင်းစွာ အပြစ်ပေးခံရမှုအတွက် နစ်နာသူများကို ပြန်လည်ကုစားမှုများ ဆောင်ရွက်ပေးခြင်း..... 127*

**အပိုင်း ၆။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း ..... 136**

*[၁၄] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော်ဆောင်ရွက်မှုကို အမျိုးသားအဆင့် စောင့်ကြည့်ခြင်း ယန္တရားများတွင် ပေါင်းစပ်ထည့်သွင်းခြင်း..... 136*

*[၁၅] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံခြင်း..... 139*

**နောက်ဆက်တွဲများ ..... 143**

*နောက်ဆက်တွဲ (၁) အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ..... 143*

*နောက်ဆက်တွဲ (၂) အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ မူဝါဒပြဋ္ဌာန်းချက်များ..... 146*

*နောက်ဆက်တွဲ (၃) ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် ဆက်နွှယ်နေသည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့် ဒေသတွင်းသဘောတူညီချက်များ၏ ဥပမာများ ..... 149*

*နောက်ဆက်တွဲ (၄) နိုင်ငံတကာရှိ အကောင်းဆုံးအလေ့အထများဆိုင်ရာ လမ်းညွှန်ချက်များ..... 154*

*နောက်ဆက်တွဲ (၅) ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရမည့် ပြစ်မှုဥပမာများ..... 165*

# လမ်းညွှန်ချက် အကျဉ်းချုပ်

| လမ်းညွှန်ချက် | လက်တွေ့တွင်လမ်းညွှန်ချက်ကို အကောင်အထည်ဖော်နည်း |
|---|---|
| **ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု လက်တွေ့အကောင်အထည်ဖော်ခြင်း** | |
| …ဥပဒေအရ | |
| **လမ်းညွှန်ချက် (၁)**<br>**လူကုန်ကူးခံရသူများ ပြစ်ဒဏ်ပေးခံရခြင်းမှ ကာကွယ်ပေးရန်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများကို အားကောင်းစေရန် ဆောင်ရွက်ခြင်း** | • လူကုန်ကူးမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုမှုကို ပြင်ဆင်ရာတွင် ရာဇဝတ်မှုဆိုင်ရာ လုပ်ရပ်များတွင် ခေါင်းပုံဖြတ်ခံရခြင်းကိုပါ ထည့်သွင်းရန် လေ့လာခြင်း<br>• ဥပဒေပါပြဋ္ဌာန်းချက်များကို တိကျရှင်းလင်းစွာ ဖွင့်ဆိုရန် မူကြမ်းရေးဆွဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်း<br>• လူကုန်ကူးမှုနှင့် နစ်နာသူ၏ တရားဥပဒေနှင့် မညီသော လုပ်ရပ်များအကြား ဆက်နွယ်မှုရှိရန် လိုအပ်ကြောင်းကို ရှင်းလင်းဖော်ပြခြင်း<br>• သက်သေပြရန်တာဝန်နှင့် လိုအပ်သော သက်သေ၏ စံနှုန်းအဆင့်အတန်းကို ရှင်းလင်းဖော်ပြခြင်း |
| **လမ်းညွှန်ချက် [၂]**<br>**လူကုန်ကူးခံရသူများ ပြစ်ဒဏ်ပေးခံရခြင်းမှ ကာကွယ်ပေးရန်အတွက် အခြားသော (လူကုန်ကူးမှုနှင့်မသက်ဆိုင်သည့်) ဥပဒေများကို ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း** | • လူကုန်ကူးခံရသူများ တရားစွဲဆိုခံရနိုင်ခြေကို လျှော့ချရန်အတွက် ပြစ်မှုဆိုင်ရာနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်အတွက် စူးစမ်းလေ့လာခြင်း<br>• ရာဇဝတ်ကြောင်းအရ တာဝန်ခံမှုရှိစေရမည့် အနိမ့်ဆုံးရှိရန်လိုအပ်သော သင့်တော်သည့် အသက်အရွယ်ကို သတ်မှတ်ခြင်း<br>• နစ်နာသူတို့၏ ပြစ်မှုမှတ်တမ်းများကို ဖျက်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းခြင်းတို့အတွက် ဥပဒေကိုပြင်ဆင်ရန် စူးစမ်းလေ့လာခြင်း |

| | |
|---|---|
| | သို့မဟုတ် အသစ်ရေးဆွဲပြဌာန်းခြင်း |

| ... လူကုန်ကူးခံရသူများကို ပဏာမအဆင့် စိစစ်ခြင်းနှင့် ဖော်ထုတ်သတ်မှတ်ခြင်း | |
|---|---|
| **လမ်းညွှန်ချက် [၃]**<br>**ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများသည် ၎င်းတို့ကြုံတွေ့ရသော ပြစ်မှုကျူးလွန်သူများထဲတွင် လူကုန်ကူးခြင်းခံရနိုင်ချေရှိသော နစ်နာသူများကို ဖော်ထုတ်နိုင်ရန်အတွက် စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း** | • လူကုန်ကူးမှုနှင့်ပတ်သက်သည့် အခြေခံ အစိတ်အပိုင်းများအား နားလည်နိုင်မှုကို အားကောင်းစေခြင်း<br>• လူကုန်ကူးမှုနှင့် ဆက်နွယ်နေသော ဝိသေသစုံ ရောယှက်နေသည့် ရှုထောင့်များအကြောင်း နားလည်သဘောပေါက်မှုကို ခိုင်မာအားကောင်းစေခြင်း<br>• နစ်နာသူ သို့မဟုတ် အသက်မပြည့်သေးသူ ဖြစ်ကြောင်း ကြိုတင်ယူဆခြင်းကို လက်တွေ့ ကျင့်သုံးနိုင်ရန် တာဝန်ရှိသူများအား စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း<br>• လူကုန်ကူးမှုနှင့် နစ်နာသူဖြစ်မှုအပေါ် အထင်အမြင် လွဲမှားမှုနှင့် ဘက်လိုက်မှုတို့ကို စိန်ခေါ်ခြင်း<br>• စိစစ်ခြင်းနှင့်ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်များတွင် ခွဲခြားဆက်ဆံမှု မရှိစေရေးကို တိုးမြှင့်လုပ်ဆောင်ခြင်း<br>• ကလေးသူငယ်များနှင့်သင့်လျော်သော၊ ကျား-မ ကွဲပြားမှုကိုအထူးဂရုပြုသော၊ စိတ်ဒဏ်ရာ အကြောင်း ကောင်းစွာနားလည်ထားသော ကျွမ်းကျင်မှုရှိသည့် စိစစ်မှုနှင့် ဖော်ထုတ် အတည်ပြုခြင်း လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း<br>• လူကုန်ကူးခံရသူများအား ပြစ်ဒဏ်ပေးခြင်းကို မြင့်တက်စေနိုင်သည့် နိုင်ငံ့မူဝါဒများကို မေးခွန်းထုတ်ခြင်း |

| | |
|---|---|
| **လမ်းညွှန်ချက် [၄]**<br>**နစ်နာသူများကို စိစစ်ရန်နှင့် ဖော်ထုတ်အတည်ပြုရန် အညွှန်းလက္ခဏာများကို ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများကို ဖြည့်ဆည်းပေးခြင်း** | • တည်ရှိပြီးဖြစ်သော ညွှန်းကိန်းများကို စုဆောင်း၊ သုံးသပ်ပြီး အခြေအနေနှင့် လိုက်လျောညီထွေမှု ရှိစေရန် ပြုပြင်ခြင်း<br>• ညွှန်းကိန်းများသည် နစ်နာသူဖြစ်နိုင်ခြေရှိသူများကို ချန်လှပ်ထားခြင်းမရှိစေရန် သေချာစေခြင်း<br>• ညွှန်းကိန်းများကို ပုံမှန် မွမ်းမံခြင်း<br>• နစ်နာသူများနှင့် ကြုံတွေ့ရနိုင်သော ကဏ္ဍအသီးသီးမှ သက်ဆိုင်သူများထံသို့ အညွှန်းလက္ခဏာများကို ဖြန့်ဝေခြင်း<br>• ညွှန်းကိန်းများကို လက်တွေ့တွင် မည်သို့အသုံးချရမည်ကို လက်တွေ့ဆောင်ရွက်နေသူများအား အသိပညာပေးခြင်း<br>• အာဆီယံဒေသတဝှမ်း ညွှန်းကိန်းများကို ညီညွတ်မှုရှိစေရန် ပံ့ပိုးခြင်း |
| **လမ်းညွှန်ချက် [၅]**<br>**ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးနိုင်ရေးအတွက် ဖမ်းဆီးရေးအရာရှိများကို အခွင့်အာဏာပေးခြင်း** | • ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများအား ၎င်းတို့၏ ဆုံးဖြတ်ပိုင်ခွင့်ကို နားလည်ပြီး မည်ကဲ့သို့အသုံးချရမည်ကို သိရှိစေခြင်း<br>• လူကုန်ကူးမှုများကို လက်ဦးမှုရယူစုံစမ်းစစ်ဆေးရန် တာဝန်များကို မြှင့်တင်ခြင်း<br>• နစ်နာသူများကို စိစစ်ခြင်းနှင့် ဖော်ထုတ်အတည်ပြုခြင်းအား ပံ့ပိုးရန် လက်တွေ့ဆောင်ရွက်နေသူများ၏ ကွန်ရက်များကို တည်ဆောက်ခြင်း<br>• ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် အဟန့်အတားများကိုဖယ်ရှားပြီး အားပေးသောအရာများကို ဖန်တီးခြင်း<br>• နစ်နာသူများကို ကာကွယ်ရေးလမ်းကြောင်းများသို့ မည်သို့လွှဲပြောင်းပေးရမည်ကို အရာရှိများအား သေချာစွာ သိရှိစေခြင်း |
| **လမ်းညွှန်ချက် [၆]**<br>**ဖမ်းဆီးရေး အရာရှိများအနေနှင့် ဖမ်းဆီးခံရသူများအတွက် မိမိ၏ တာဝန်ဝတ္တရားများကို ပြည့်စုံစွာ သေချာထမ်းဆောင်ရန် လိုအပ်ခြင်း** | • လူကုန်ကူးခံရသူများကို ဖမ်းဆီးခြင်းကြောင့် ဖြစ်လာနိုင်သော သက်ရောက်မှုများကို ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများအား အသိပေးခြင်း<br>• ဖမ်းဆီးခံရသောပုဂ္ဂိုလ်များအနေနှင့် သတင်းအချက်အလက်ရယူပိုင်ခွင့်အတွက် ဖမ်းဆီးရေးအရာရှိများမှ သေချာစေခြင်း |

| | |
|---|---|
| **လမ်းညွှန်ချက် [၇]**<br>**အခြားသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် ဖော်ထုတ်အတည်ပြုထားသော နစ်နာသူများ၏ အခြေအနေကို အသိအမှတ်ပြုခြင်း** | • ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု လက်တွေ့ကျင့်သုံးမှု အားကောင်းစေရန်အတွက် လက်ရှိ အပြန်အလှန် သဘောတူညီချက်များကို ပြင်ဆင်ရန် စူးစမ်းလေ့လာခြင်း<br>• ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုနှင့်သက်ဆိုင်သော လက်ရှိသဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်း |
| **...လူကုန်ကူးခံရသူများ တရားရင်ဆိုင်နေရသောအခါ** | |
| **လမ်းညွှန်ချက် [၈]**<br>**ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် ဥပဒေအရာရှိများ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း** | • နစ်နာသူ၏အခြေအနေနှင့် တရားစွဲဆိုမှု မပြုခြင်းတို့ကြား ချိတ်ဆက်မှုကို ရှင်းလင်းခြင်း<br>• ဥပဒေအရာရှိများမှ ၎င်းတို့၏လုပ်ပိုင်ခွင့်ကို နားလည်သဘောပေါက်ကာ လက်တွေ့အသုံးချနိုင်ရန် သိရှိစေခြင်း<br>• နစ်နာသူအပေါ် စွဲဆိုထားသည့် ကျူးလွန်မှုများ၏ အမှုကျူးလွန်ခြင်းဆိုင်ရာ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဥပဒေအရာရှိများမှ စစ်ဆေးရန်လိုအပ်ခြင်း<br>• လူကုန်ကူးခံရသူများအပေါ် တရားစွဲဆိုခြင်း ပြုမပြု ဆုံးဖြတ်ချက်ချရန် ဥပဒေအရာရှိများအား ဆင်ခြင်သုံးသပ်ရန်အတွက် ပံ့ပိုးကူညီပေးခြင်း<br>• နစ်နာသူများအပေါ် တရားစွဲဆိုရန် ဆုံးဖြတ်ချက်များနှင့်ပတ်သက်သည့် အချက်အလက်များကို ၎င်းတို့ထံပေးအပ်ခြင်း |

| | |
|---|---|
| **လမ်းညွှန်ချက် [၉]**<br>**ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် တရားခံရှေ့နေများ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း** | • ပြစ်ဒဏ်ရင်ဆိုင်နေရသည့် လူကုန်ကူးခံရသူများအတွက် ဥပဒေရေးရာ အကူအညီရရှိစေရန် သေချာစေခြင်း<br>• လူကုန်ကူးခံရသူများအတွက် ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်အရ တရားခံရှေ့နေများမှ ခုခံချေပချက်များအား မည်သို့အသုံးပြုနိုင်ရန် သိရှိစေခြင်း<br>• လူကုန်ကူးခြင်းနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခုခံချေပချက်များ ပိုမိုပျံ့နှံ့လာစေခြင်း<br>• လူကုန်ကူးမှုကို ခုခံချေပရာတွင် လူကုန်ကူးခံရသူမှ ပြစ်မှုကျူးလွန်ရန် သဘောတူညီချက်ပေးခြင်းသည် အကျုံးမဝင်ကြောင်း တရားခံရှေ့နေများအား နားလည်စေခြင်း |
| **လမ်းညွှန်ချက် [၁၀]**<br>**ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် တရားစီရင်ရေးအဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း** | • လူကုန်ကူးမှု၏အကြောင်းအရာများနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးခြင်းတို့အပေါ် တရားသူကြီးများအား အသိပညာပေးခြင်း<br>• ထိန်းသိမ်းခံထားရသော နစ်နာသူများအတွက် တရားသူကြီးများသည် ၎င်းတို့၏အခန်းကဏ္ဍနှင့် တာဝန်များကို သေချာနားလည်စေခြင်း<br>• မျှတသောတရားခွင်တွင် တရားစီရင်ခံခွင့်သည် ပြစ်ဒဏ်ကင်းလွတ်ခွင့်အား လိုက်နာရန် မည်သို့ အထောက်အကူဖြစ်ကြောင်း တရားသူကြီးများအား အသိပညာပေးခြင်း |

| | |
|---|---|
| **လမ်းညွှန်ချက် [၁၁]**<br>**ပြစ်မှုကျူးလွန်သော နှစ်နာသူများအပေါ် ပြစ်ဒဏ်ချမှတ်ခြင်းထက် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ တရားစီရင်ရေး စနစ်ကို ကျင့်သုံးခြင်း** | • တရားခွင်တွင်ရှိနေသည့် လူကုန်ကူး ခံရသူများအတွက် ပြန်လည်ထူထောင်ခြင်း ဆိုင်ရာ တရားမျှတမှု ပုံစံများ (restorative justice models) ကို ကျင့်သုံးနိုင်ရန် အခွင့်အလမ်းများကို ရှာဖွေခြင်း<br>• ရာဇဝတ်မှုကျူးလွန်သော ကလေးသူငယ်များအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှုနည်းလမ်း ကျင့်သုံးစေရန် သေချာစေခြင်း |
| **... နှစ်နာသူများကို အပြစ်ရှိကြောင်း စွဲချက်တင်ပြီးသောအခါ** | |
| **လမ်းညွှန်ချက် [၁၂]**<br>**လူကုန်ကူးခံရသူများအတွက် ပြစ်ဒဏ်ချမှတ်မှုများကို ရှောင်ရှားခြင်း သို့မဟုတ် လျှော့ပေါ့ပေးခြင်း** | • ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်းနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများသည် ပြစ်ဒဏ် လျှော့ပါးရေးကို မည်သို့အထောက်အကူ ပြုနိုင်ကြောင်း စဉ်းစားသုံးသပ်ခြင်း<br>• ချမှတ်သည့် ပြစ်ဒဏ်များသည် ပြစ်မှုကျူးလွန်သည့် နှစ်နာသူများ၏ အပြစ်ရှိမှုကို ထင်ဟပ်စေရန် သေချာစေခြင်း |
| **လမ်းညွှန်ချက် [၁၃]**<br>**မှားယွင်းစွာ အပြစ်ပေးခံရမှုအတွက် နှစ်နာသူများကို ပြန်လည်ကုစားမှုများ ဆောင်ရွက်ပေးခြင်း** | • နှစ်နာသူများကို မှားယွင်းပြစ်ဒဏ်ချမှုအပေါ် ပြန်လည်ကုစားမှုရှာဖွေနိုင်ရန် လက်ရှိ အခွင့်အလမ်းများကို ရှာဖွေခြင်း<br>• နှစ်နာသူများအပြစ်ရှိကြောင်း ထုတ်ပြန်ချက်များကို ဖျက်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းခြင်းအတွက် အခွင့်အလမ်းများကို ရှာဖွေခြင်း<br>• ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန် နှစ်နာသူများ ရင်ဆိုင်နေရသော အခက်အခဲများကို ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းခြင်း |

| ... စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း | |
|---|---|
| **လမ်းညွှန်ချက် [၁၄]**<br>**ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော်ဆောင်ရွက်မှုကို အမျိုးသားအဆင့် စောင့်ကြည့်ခြင်း ယန္တရားများတွင် ပေါင်းစပ်ထည့်သွင်းခြင်း** | • ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အကောင်အထည်ဖော်ဆောင်ရွက်မှုကို တိုင်းတာမည့် ညွှန်းကိန်းများ ဖော်ထုတ်ခြင်း<br>• ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ကောက်ယူခြင်း၊ ထိန်းသိမ်းခြင်း၊ စုစည်းခြင်းနှင့် ဆန်းစစ်လေ့လာခြင်း<br>• အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ရာတွင် ကဏ္ဍစုံပါဝင်သည့် ချဉ်းကပ်မှုကို ကျင့်သုံးခြင်း |
| **လမ်းညွှန်ချက် [၁၅]**<br>**ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု လက်တွေ့အကောင်အထည်ဖော်ခြင်းဆိုင်ရာ အစီရင်ခံခြင်း** | • SOMTC သို့ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံခြင်း<br>• ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံခြင်းအတွက် စံသတ်မှတ်ထားသော ချဉ်းကပ်မှုကို ဖော်ထုတ်ခြင်းနှင့် ကျင့်သုံးခြင်း<br>• ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာများကို ထုတ်ပြန်ခြင်း |

# ဝေါဟာရ အတိုကောက်များ

| | |
|---|---|
| ACTIP | ASEAN Convention against Trafficking in Persons, Especially Women and Children<br>အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် |
| AICHR | ASEAN Intergovernmental Commission on Human Rights (AICHR)<br>အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် |
| AMMTC | ASEAN Ministerial Meeting on Transnational Crime<br>နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံ ဝန်ကြီးအဆင့် အစည်းအဝေး |
| ASEAN | Association of Southeast Asian Nations<br>အရှေ့တောင်အာရှ နိုင်ငံများအသင်း |
| ASEAN-ACT | ASEAN-Australia Counter Trafficking<br>အာဆီယံ-ဩစတြေးလျ လူကုန်ကူးမှုတိုက်ဖျက်ရေး |
| CSO | Civil Society Organisation<br>အရပ်ဘက်လူမှုအဖွဲ့အစည်း |
| EU | European Union<br>ဥရောပသမဂ္ဂ |
| IO | International Organisation<br>နိုင်ငံတကာအဖွဲ့အစည်း |
| NGO | Non-Governmental Organisation<br>အစိုးရမဟုတ်သော အဖွဲ့အစည်း |
| OHCHR | Office of the United Nations High Commissioner for Human Rights<br>ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး |
| SOMTC | ASEAN Senior Officials Meeting on Transnational Crime<br>နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး |
| TIP | Trafficking in persons<br>လူကုန်ကူးခြင်း |
| UN | United Nations<br>ကုလသမဂ္ဂ |
| UNTOC | United Nations Convention against Transnational Organized Crime<br>နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ ကျူးလွန်သည့် မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း |

# ဝေါဟာရ အသုံးအနှုန်းများ

| | |
|---|---|
| ကလေးသူငယ် | ဤ လမ်းညွှန်ချက်များနှင့်သက်ဆိုင်သော အခြေအနေတွင် ဖွင့်ဆိုချက်အတွက် ကလေးသူငယ်ဟူသည် အသက် တစ်ဆယ့်ရှစ်နှစ်အောက်ရှိသော မည်သူကိုမဆို ဆိုခြင်းဖြစ်သည်။[1] |
| လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်ရှိသူ | ဤ လမ်းညွှန်ချက်များနှင့်သက်ဆိုင်သော အခြေအနေတွင် **လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်ရှိသူ** ဟူသည် လူကုန်ကူးမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် တာဝန်ပေးအပ်ခြင်း ခံထားရသော နိုင်ငံတော်နှင့်သက်ဆိုင်သော ကိုယ်စားပြုပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ နိုင်ငံတော်မှခန့်အပ်ထားသော လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ဆောင်သူများထဲတွင် နိုင်ငံတကာနှင့် ဒေသအလိုက် ဥပဒေများနှင့်အညီ လူကုန်ကူးမှုကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် နိုင်ငံများကို ကူညီဆောင်ရွက်ပေးရာတွင်ပါဝင်သော အစိုးရကိုယ်စားပြုမဟုတ်သည့် ပုဂ္ဂိုလ်များလည်း ပါဝင်နိုင်သည်။ |
| ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု | ဤလမ်းညွှန်ချက်များနှင့်သက်ဆိုင်သော အခြေအနေတွင် **ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု** ဟူသည်မှာ “အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်း အနေနှင့် ၎င်းတို့၏ ပြည်တွင်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်စဉ်တွင် အကြောင်းအကျိုး တိုက်ဆိုင်မှု ရှိသော အမှုအခင်းများ၌ လူကုန်ကူးမှုနှင့် တိုက်ရိုက်ပတ်သက်နေသော တရားဥပဒေနှင့်မညီသည့် လုပ်ရပ်များကို လူကုန်ကူးခံရသူများမှ ကျူးလွန်ခဲ့သည်ရှိသော် ထိုလူကုန်ကူးခံရသော နစ်နာသူများကို ရာဇဝတ်ကြောင်းအရ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြစ်ဒဏ်ပေးခြင်းမပြုရန် ထည့်သွင်းစဉ်းစားပေးရမည်။” ဟူသည့် အာဆီယံအသိအမှတ်ပြု ထားသော အခြေခံမှုကို ရည်ညွှန်းပါသည်။[2] |
| လူကုန်ကူးခံရသူဟု ကြိုတင်ယူဆထားခြင်း/ ဖြစ်နိုင်ခြေရှိခြင်း | ဤ လမ်းညွှန်ချက်များနှင့်သက်ဆိုင်သော အခြေအနေအရ **လူကုန်ကူး ခံရသူဟု ကြိုတင်ယူဆထားသော** သို့မဟုတ် **လူကုန်ကူးခံရသော နစ်နာသူဖြစ်နိုင်ခြေရှိသူ** ဟူသည်မှာ တရားဝင်လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ခြင်း မခံထားရသေးသော၊ ရှေ့တန်းတွင် တာဝန်ထမ်းဆောင် နေသော အရာရှိမှ ကျိုးကြောင်းဆီလျော်စွာဖြင့် လူကုန်ကူးခံရသူ |

[1] *နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ ကျူးလွန်သည့် မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်)* အပိုဒ် ၃(ဃ)နှင့် အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် အပိုဒ် ၂(ဃ)

[2] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် (ACTIP) အပိုဒ်၁၄(၇)

| | |
|---|---|
| | ဖြစ်နိုင်ခြေရှိသည်ဟု သံသယရှိသောသူကို ဆိုလိုခြင်းဖြစ်သည်။ |
| ရာဇဝတ်မှုများ အဓမ္မကျူးလွန်စေရန်အတွက် (သို့မဟုတ် ရာဇဝတ်မှု/ ဥပဒေနှင့်မညီ/တရားမဝင် လုပ်ရပ်များတွင် ခေါင်းပုံဖြတ်ရန်) လူကုန်ကူးခြင်း | ဤ လမ်းညွှန်ချက်များနှင့်ပတ်သက်သော အခြေအနေတွင် **ရာဇဝတ်မှုများ အဓမ္မကျူးလွန်စေရန်အတွက် (သို့မဟုတ် ရာဇဝတ်မှု/ဥပဒေနှင့်မညီ/တရားမဝင် လုပ်ရပ်များတွင် ခေါင်းပုံဖြတ်ရန်) လူကုန်ကူးခြင်း** ဆိုသည်မှာ လူကုန်ကူးသူများ သို့မဟုတ် ခေါင်းပုံဖြတ်သူများ၏ စီးပွါးရေး သို့မဟုတ် အခြားသော အကျိုးအမြတ်များ ရရှိရန်အတွက် နစ်နာသူများကို အဓမ္မ သို့မဟုတ် အခြားတစ်နည်းဖြင့် ရာဇဝတ်မှုများကို ကျူးလွန်စေသောနည်းဖြင့် နစ်နာသူများကို ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခြင်းဟူ၍ နားလည်နိုင်ပါသည်။[3] |
| လူကုန်ကူးခြင်း | UNTOC ကို ဖြည့်စွက်ထားသည့် ကုလသမဂ္ဂ လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်နှင့် အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ်တွင် **လူကုန်ကူးမှု**ကို အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်-<br><br>(က) "လူကုန်ကူးခြင်း" ဆိုသည်မှာ ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လူတစ်ဦးကို အလိုတူစေကာ အခြားသူအပေါ် ထိန်းချုပ်နိုင်စေရန်အတွက် ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အာဏာ အလွဲသုံးစားပြုခြင်း သို့မဟုတ် လူတစ်ဦး၏ ထိခိုက်လွယ်သော အခြေအနေကို အသုံးပြုခြင်း သို့မဟုတ် ငွေကြေးဖြစ်စေ၊ အကျိုးစီးပွါးဖြစ်စေ အပေးအယူပြုခြင်း နည်းလမ်းတို့ဖြင့် လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်။ ခေါင်းပုံဖြတ်မှုထဲတွင် ပါဝင်သောအရာများမှာ အနည်းဆုံးအဆင့်တွင် ပြည့်တန်ဆာပြုစေခြင်း သို့မဟုတ် အခြားသော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုပုံစံများ၊ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း သို့မဟုတ် ကျွန်၊ အစေခံသဘော ဆင်တူသည့် အနေအထားမျိုးရောက်စေခြင်း သို့မဟုတ် |

[3] ရင်းမြစ် - ကာစီနိုများ၊ ဆိုက်ဘာလိမ်လည်မှုနှင့် အရှေ့တောင်အာရှတွင် အဓမ္မရာဇဝတ်မှုကျူးလွန်ရန်အတွက် လူကုန်ကူးခြင်း မူဝါဒ အစီရင်ခံစာ (UNODC၊ စက်တင်ဘာ ၂၀၂၃) စာမျက်နှာ-၁

| | |
|---|---|
| | ကိုယ်တွင်းအင်္ဂါထုတ်ယူခြင်းတို့ပါဝင်သည်။<br><br>(ခ) အပိုဒ်ခွဲ(က) ထဲတွင် ဖော်ပြထားသော ရည်ရွယ်ချက်ရှိရှိ ခေါင်းပုံဖြတ်မှုများအတွက် ထိုအပိုဒ်ခွဲ (က)ထဲတွင်ပင် ဖော်ပြထားသော မည်သည့် နည်းလမ်းတို့ကိုမဆို အသုံးပြုခဲ့ပါက နစ်နာသူဘက်မှ အလိုတူခဲ့သည်ဖြစ်စေ၊ အလိုမတူခဲ့သည့်ဖြစ်စေ အကျုံးမဝင်ပါ။<br><br>(ဂ) ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ဖြင့် ကလေးသူငယ်တစ်ဦးကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဤအပိုဒ်ရှိ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသည့် နည်းလမ်းများ ပါဝင်ခြင်းမရှိသည့်တိုင်အောင် ထိုအချင်းအရာကို “လူကုန်ကူးမှု” ဟု သတ်မှတ်မည်ဖြစ်သည်။<br><br>(ဃ) “ကလေးသူငယ်” ဟူသည် အသက် တစ်ဆယ့်ရှစ်နှစ်အောက် ရှိသော မည်သူ့ကိုမဆို ဆိုလိုသည်။ |
| လူကုန်ကူးခံရသော နစ်နာသူများ | ဤ လမ်းညွှန်ချက်များနှင့်ပတ်သက်သော အခြေအနေတွင် နစ်နာသူဆိုသည်မှာ ACTIPတွင် ပြဋ္ဌာန်းထားသော လူကုန်ကူးမှု ကျူးလွန်ခြင်းခံရသည့် မည်သည့် သဘာဝပုဂ္ဂိုလ်ကိုမဆို ခေါ်ဆိုခြင်းဖြစ်သည်။[4] |
| ပြစ်မှုကျူးလွန်သော-နစ်နာသူ | ဤ လမ်းညွှန်ချက်များနှင့်ပတ်သက်သော အခြေအနေတွင် ပြစ်မှုကျူးလွန်သော-နစ်နာသူ ဟူသည်မှာ လူကုန်ကူးမှုနှင့် တိုက်ရိုက်ဆက်စပ်သော ပြစ်မှုများတွင် ဥပဒေနှင့်မညီသော ကိစ္စရပ်များ၌ ပါဝင်လျက်ရှိသော လူကုန်ကူးခံရသော နစ်နာသူ သို့မဟုတ် နစ်နာသူဟု ကြိုတင်ယူဆရသောသူ ဖြစ်သည်။ |

[4] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် (ACTIP) အပိုဒ်၂(c)

# အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR)မှ အမှာစာ

လူကုန်ကူးမှုသည် ကျွန်ုပ်တို့ ယနေ့ခေတ်အတွက် အရေးအကြီးဆုံးနှင့် အဆိုးရွားဆုံးသော အခက်အခဲတစ်ခုအဖြစ် ဆက်လက်တည်ရှိလျက်ရှိပြီး လူသားများ၏ဂုဏ်သိက္ခာနှင့်လွတ်လပ်ခွင့်တို့ကို ဆုံးရှုံးစေပြီး ကျွန်ုပ်တို့လူ့အဖွဲ့အစည်းများ၏ သဟဇာတညီညွတ်မှုကို ပျက်စီးစေသောအရာလည်းဖြစ်ပါသည်။ လူကုန်ကူးခံရသူများသည် ခေါင်းပုံဖြတ်မှုကိုသာ ကြုံရသည်မဟုတ်ဘဲ မတရားမှုများ၏ အမည်းစက်များ၊ ပြစ်ဒဏ်ပေးအရေးယူခြင်းနှင့် တရားမျှတမှု မရရှိခြင်း တို့ကဲ့သို့သော အရာများကိုပါ ထပ်လောင်းရင်ဆိုင်ရပါသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ် အထိ အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) တွင် အင်ဒိုနီးရှား ကိုယ်စားလှယ် ဖြစ်ခဲ့ဖူးသည့်အလျောက် ကျွန်ုပ်အနေနှင့် လူကုန်ကူးမှုအရေးတွင် ပတ်သက်နေသော ရှုပ်ထွေးလှသည့် ကိစ္စများကို ဖြေရှင်းရန်အတွက် အာဆီယံ၏ တစိုက်မတ်မတ်ဆောင်ရွက်မှုများ တိုးမြင့်လာသည်ကို မြင်တွေ့ခွင့်ရခဲ့ ပါသည်။

လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရန်အတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူများ လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးခြင်းဆိုင်ရာ အာဆီယံ လမ်းညွှန်ချက်သည် ထိုတရားမမျှတသော ဖြစ်ရပ်များကို ဖြေရှင်းရန်အတွက် စုပေါင်းတိုက်ပွဲဝင်ရန်နှင့် နစ်နာသူများကို အကာအကွယ်ပေးကာ ၎င်းတို့၏ အခွင့်အရေးများရရှိစေရန်အတွက် အာဆီယံ၏ တစိုက်မတ်မတ်လုပ်ဆောင်မှုတို့ကို အခိုင်အမာ အတည်ပြုရာ၌ သိသာထင်ရှားသော မှတ်ကျောက်တစ်ခုပင်ဖြစ်သည်။ ထိုလုပ်ရပ်သည် နစ်နာသူများကို အကာအကွယ်ပေးခြင်းသည် ဥပဒေအရလိုက်နာရသော စည်းမျဉ်းစည်းကမ်းကြောင့်သာမဟုတ်ဘဲ ကျင့်ဝတ်ရေးရာနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဝတ္တရားတစ်ရပ်ဖြစ်သည်ဟူသော အခြေခံမူကိုလည်း ထင်ရှားစေခြင်းဖြစ်သည်။

ဤလမ်းညွှန်ချက်သည် အာဆီယံတစ်လွှားရှိ လူကုန်ကူးမှုနှင့်ပတ်သက်၍ ဆောင်ရွက်နေသော ပုဂ္ဂိုလ်များစွာ၏ မမောမပန်း ပူးပေါင်းဆောင်ရွက်မှု၊ စုပေါင်းကြိုးပမ်းအားထုတ်မှု၏ ရလဒ်ပင်ဖြစ်သည်။ ကျွန်ုပ်အနေနှင့် AICHR ကိုယ်စားလှယ်များ၊ နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMTC)နှင့် အာဆီယံ ကဏ္ဍအလိုက် အဖွဲ့အစည်းများအပေါ် အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောလိုပါသည်။ ဤ အရေးပါလှသော စာတမ်းဖြစ်ပေါ်လာစေရန် ဖော်ဆောင်ရာတွင် အချိန်ပေးမှု၊ ကျွမ်းကျင်မှုနှင့် အားစိုက်ထုတ်မှုများကို ရက်ရောစွာပေးဆောင်ခဲ့ကြသော ပညာရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။

ဤ လမ်းညွှန်ချက်သည် အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် (ACTIP) တွင် ပါဝင်သော အခြေခံမူများကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေနှင့် တစိုက်မက်မက်လုပ်ဆောင်ခြင်းကို ထင်ဟပ်ပြသလျက်ရှိပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကဏ္ဍပေါင်းစုံ လုပ်ငန်းစီမံကိန်း (ဘိုဟိုးလ် TIP လုပ်ငန်း စီမံကိန်း ၂.၀) မှ ချမှတ်ထားသော အုတ်မြစ်အပေါ်တွင်

အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။

ထိုအချက်အရ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် ဥပဒေအရလိုက်နာရသော စည်းမျဉ်းစည်းကမ်းမျှသာ မဟုတ်ဘဲ ကျင့်ဝတ်အရ အရေးကြီးသောအရာတစ်ခုဖြစ်ကြောင်းကို ဤဒေသက အသိအမှတ်ပြုကြောင်း သက်သေခံချက်ပင် ဖြစ်သည်။ နစ်နာသူများကို ရာဇဝတ်မှုအရ အပြစ်ရှိသူဟုသတ်မှတ်ခြင်းကို တားဆီးခြင်းဖြင့် ကျွန်ုပ်တို့အနေနှင့် ၎င်းတို့၏ဂုဏ်သိက္ခာကို ထောက်ခံရပ်တည်ရာရောက်ပြီး လူကုန်ကူးသူများကို တရားစွဲဆိုအရေးယူရန်နှင့် ၎င်းတို့၏ ရာဇဝတ်ကွန်ရက်များကို ဖြိုလှဲရန်အတွက် ထိရောက်မှုကို မြှင့်တင်လိုက်ခြင်းပင်ဖြစ်သည်။

ကျွန်ုပ်အနေနှင့် အာဆီယံ-ဩစတြေးလျ လူကုန်ကူးမှုတိုက်ဖျက်ရေး အစီအစဉ်မှအဖွဲ့နှင့် Dr. Marika McAdam တို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ ထိုအစီအစဉ်နှင့် ထိုသူတို့မပါဝင်ခဲ့ပါက ဤလမ်းညွှန်ချက် ပေါ်ပေါက်လာမည် မဟုတ်ပါ။ ထိုသူတို့အနေနှင့် ဤလမ်းညွှန်ချက်ကို ပြီးပြည့်စုံ၍ အကျုံးဝင်မှုရှိပြီး နိုင်ငံတကာမှ ဆောင်ရွက်သော အကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရန်အတွက် မရှိမဖြစ်သော အခန်းကဏ္ဍများမှ ပါဝင်ပေးခဲ့ကြပါသည်။

ဤလမ်းညွှန်ချက်သည် လူကုန်ကူးခံရသူများအနေနှင့် ၎င်းတို့ကိုခေါင်းပုံဖြတ်သောကြောင့် ဖြစ်လာရသည့် တိုက်ရိုက် ရလဒ်ဖြစ်သည့် ကျူးလွန်ရန် အတင်းအကြပ်စေခိုင်းခံရသော ရာဇဝတ်မှုများကြောင့် မည်သည့် အခြေအနေတွင်မှ အပြစ်ပေးမခံရစေရေး လုပ်ဆောင်ရန်အတွက် အာဆီယံ၏ မူဝါဒဖြေရှင်းပုံကို ကိုယ်စားပြုပါသည်။ ထိုလမ်းညွှန်ချက် သည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လက်တွေ့ အကောင်အထည်ဖော်ရန်အတွက် ဥပဒေပြဋ္ဌာန်းရေးဆွဲသူများ၊ တရားဥပဒေစိုးမိုးရေး တာဝန်ရှိဌာနများ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ရှိကြသော အခြားသော ကဏ္ဍအသီးသီးမှ ပါဝင်သောသူများအတွက်လည်း လက်တွေ့လုပ်ဆောင်နိုင်သော၊ လက်တွေ့ကျသော အဆင့်များကို ဖော်ပြပေးပါသည်။

ဤလမ်းညွှန်ချက်သည် ဥပဒေမူဘောင်တစ်ခုထက်ပိုပြီး ၎င်းအနေနှင့် ခံယူရှုမြင်ပုံများကွဲပြားစေရန်၊ နစ်နာသူ-ဗဟိုပြု နည်းလမ်းကို ဦးစားပေးရန်၊ ပြင်ပအဖွဲ့အစည်းအချင်းချင်း ပိုမိုအားကောင်းစွာ လက်တွဲလုပ်ဆောင်နိုင်သော အလေ့အထကို မွေးမြူရန်နှင့် ACTIP ဖြင့် နိုင်ငံအလိုက် ကြိုးပမ်းအားထုတ်မှုများကို ကိုက်ညီစေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

ထိုလမ်းညွှန်ချက်သည် စနစ်အရပိတ်ဆို့ထားသော အတားအဆီးများကို ချိုးဖျက်ရန်အတွက် ကျွန်ုပ်တို့ကို လှုံ့ဆော်၊ ပြန်လည်လက်တုံ့ပြန်ခံရမည်ကို စိုးရွံ့စရာမလိုဘဲ နစ်နာသူအနေနှင့် အကာအကွယ်ရနိုင်သော ပတ်ဝန်းကျင်တို့ကို

ဖန်တီးပြီး လူကုန်ကူးမှုကိုတိုက်ဖျက်ရန်အတွက်၊ ဒေသတွင်း စည်းလုံးမှု တည်ဆောက်ရန်အတွက် လက်တွေ့လုပ်ဆောင်ရန် တိုက်တွန်းသည့် သဘောဆောင်ပါသည်။ သို့သော်လည်း ၎င်း၏အောင်မြင်မှုသည် ထိုလုပ်ဆောင်ပုံများကို လက်တွေ့ကျင့်သုံးရန်အတွက် အစိုးရတို့၏ တစိုက်မတ်မတ်လုပ်ဆောင်မှု၊ အပြောင်းအလဲအတွက် တိုက်တွန်း လှုံ့ဆော်ရန် အရပ်ဘက် လူမှုအဖွဲ့အစည်းများကို ရဲစွမ်းသတ္တိနှင့် တရားမျှတမှုရရှိရေးအတွက် လူတစ်ယောက်ချင်း စီ၏ ဖွဲ့ရှိမှုဟူသော အချက်တို့ လိုအပ်သောကြောင့် ကျွန်ုပ်တို့အားလုံးအပေါ်တွင် မူတည်ပါသည်။

ဤလမ်းညွှန်ချက်သည် ကျွန်ုပ်တို့အနေနှင့် အတူတကွလုပ်ဆောင်သောအခါ ဖြစ်လာနိုင်သည့်အရာများကို အသိပေးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ ၎င်းသည် အစိုးရအချင်းချင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းအချင်းချင်းနှင့် ဒေသဆိုင်ရာယန္တရားများအကြား ပူးပေါင်းဆောင်ရွက်မှု၏စွမ်းပကား မည်မျှအရေးပါပုံကို အထူးပြုဖော်ပြထားပြီး ကျွန်ုပ်တို့အနေနှင့် မိမိတို့၏လုပ်နိုင်စွမ်းတို့ကို ပေါင်းစည်းလိုက်သောအခါ ခေါင်းပုံဖြတ်မှုစနစ်များကို ဖြိုချပြီး တရားမျှတမှုနှင့်စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် လမ်းကြောင်းတစ်ခု ပေါ်ထွက်လာနိုင်ပါသည်။ ဤအနေအထား တစ်ခုထိရရန် အာဆီယံ၏ ဖြတ်သန်းမှုတွင် တစ်ထောင့်တစ်နေရာ ပါဝင်ခွင့်ရသည့်အတွက် ကျွန်ုပ်အနေနှင့် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဤလမ်းညွှန်ချက်ကို ကျွန်ုပ်တို့အနေနှင့် နည်းလမ်းတစ်ခုအနေနှင့်သာမကဘဲ ကျွန်ုပ်တို့အချင်းချင်းအကြားတွင် မျှဝေထားသော လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုဆိုင်ရာ တန်ဖိုးများဘက်မှ အခိုင်အမာရပ်တည်နိုင်သော အခွင့်အလမ်းတစ်ခုအဖြစ် လက်ခံကြပါစို့။ ကျွန်ုပ်တို့အနေနှင့် အတူတကွလက်တွဲ၍ ဤမျှော်မှန်းချက်ကို အမှန်တကယ်ဖြစ်ပေါ်လာစေရန်အတွက် ပြောင်းလဲနိုင်ပြီး နစ်နာသူများအနေနှင့် အထောက်အကူရရှိရန်၊ စွမ်းအားမြှင့်တင်နိုင်ရန်နှင့် အကာအကွယ်ရရှိရန် ဆောင်ရွက်ပေးနိုင်ပါလိမ့်မည်။

ထိုကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စနစ်ကို အားကောင်းစေသည်သာမက ကရုဏာ၊ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် လူသားတိုင်း၏ဂုဏ်သိက္ခာတွင် ခိုင်ခိုင်မာမာယုံကြည်ချက်ဟူသောအချက်တွင် အခြေပြုသည့် အာဆီယံအသိုက်အဝန်း၏ ဖွဲ့စည်းတည်ဆောက်ပုံကိုပါ အားကောင်းခိုင်မာစေမည်ဖြစ်ပါသည်။

**Yuyun Wahyuningrum**

Representative of Indonesia to AICHR (2019–2024)

# နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (SOMTC) - ဖိလစ်ပိုင်/ TIP ဦးစားပေးနယ်မြေတွင် ဆန္ဒအလျောက် ဦးဆောင်သိုးထိန်း၏ အမှာစာ

နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMTC) - ဖိလစ်ပိုင်သည် ပြည့်စုံကျယ်ပြန့်၍ နစ်နာသူဗဟိုပြုသောနည်းလမ်းများဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရန် ကတိကဝတ်အတိုင်း ဆက်လက်ရပ်တည်နေပါသည်။ ဤကြိုးပမ်းမှုတွင် အဓိကလုပ်ဆောင်မှုမှာ လူကုန်ကူးခံရသူများအတွက် တားဆီးကာကွယ်ရေးနှင့် စောင့်ရှောက်ရေး နှစ်ရပ်စလုံးကို အောင်မြင်စေရန် ကျွန်ုပ်တို့၏ စုပေါင်းအားထုတ်မှုအဖြစ် လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရန် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်းဆိုင်ရာ အာဆီယံလမ်းညွှန်ချက်ပင် ဖြစ်ပါသည်။ SOMTC နှင့် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) အကြား အနီးကပ် ပူးပေါင်းဆောင်ရွက်မှုမှ ထွက်ပေါ်လာသည့် ဤပဏာမဆောင်ရွက်မှုသည် လူကုန်ကူးမှုကို တုံ့ပြန်ရာတွင် ကဏ္ဍပေါင်းစုံ ပေါင်းစပ်တုံ့ပြန်မှု၏ အရေးပါမှုကို ထင်ဟပ်စေပါသည်။

ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုများကို ပြန်လည်သုံးသပ်သည့်အခါ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကဏ္ဍစုံလုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၈)သည် ကျွန်ုပ်တို့၏ ခရီးလမ်းမှတ်တိုင်တစ်ခုဖြစ်ပြီး ဤဆိုးရွားလှသောရာဇဝတ်မှုကို တိုက်ဖျက်ရာတွင် ကွဲပြားစုံလင်သော ကဏ္ဍအသီးသီး၏ စုပေါင်းကြိုးပမ်းမှုသည် ကျွန်ုပ်တို့ဒေသတွင်း စည်းလုံးညီညွတ်မှု ရစေနိုင်မည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်းလည်း ထင်ရှားပါသည်။

လူကုန်ကူးမှု ဦးစားပေးဧရိယာတွင် အာဆီယံ ဆန္ဒအလျောက် ဦးဆောင်သိုးထိန်းဖြစ်သော ဖိလစ်ပိုင်အနေဖြင့် အာဆီယံ ကဏ္ဍဆိုင်ရာ အဖွဲ့များကြား စည်းလုံးညီညွတ်မှုမြင့်တင်ခြင်း၏ အရေးပါမှုကို အသိအမှတ်ပြုပါသည်။ ဤလမ်းညွှန်ချက် အကောင်အထည်ဖော်မှုသည် ပတ်သက်ဆက်နွှယ်သူများအကြား အပြုသဘောဆောင်သော ဆွေးနွေးမှုများနှင့် ကျွမ်းကျင်မှု ဆိုင်ရာ မျှဝေမှုများမှတစ်ဆင့် ပေါ်ထွက်ခဲ့ပါသည်။ ဤခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုသည် လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရေးနှင့် ၎င်းတို့ထပ်မံ၍ လူကုန်ကူးခံရခြင်းမှ ကာကွယ်ရေးတို့တွင် အားကောင်းလာစေရန်ဖြစ်သော ကျွန်ုပ်တို့ ဒေသတွင်းစုပေါင်းဆန္ဒကို မီးမောင်းထိုးပြပါသည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် လူ့အခွင့်အရေးကို အကာအကွယ်ပေးလျက် အလွန်အရေးကြီးသော နိုင်ငံဖြတ်ကျော် မှုခင်းများကို တိုက်ဖျက်ရာတွင် အာဆီယံ၏ ပိုမိုကျယ်ပြန့်သည့် ကြိုးပမ်းဆောင်ရွက်မှုများအနေဖြင့် ပါဝင်ပါသည်။ လူကုန်ကူးခံရသူများသည် ပြင်းထန်သော ခေါင်းပုံဖြတ်ခြင်းကိုခံရလေ့ရှိပြီး ၎င်းတို့အား တရားစွဲဆိုခြင်းထက် အကာအကွယ်များ ရရှိစေရန် သေချာစေခြင်းမှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ အာဆီယံ လမ်းညွှန်ချက်သည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာဥပဒေစနစ်များနှင့်အညီ ဤအခြေခံမူကို ၎င်းတို့၏ အမျိုးသားမူဘောင်များအတွင်း ထည့်သွင်းနိုင်ရန် စနစ်တကျချဉ်းကပ်မှုကို ပံ့ပိုးပေးပါသည်။ ဤချဉ်းကပ်မှုသည် နိုင်ငံတကာ အကောင်းဆုံးအလေ့အထ များနှင့် ကိုက်ညီရန်ဟူသော တရားမျှတပြီး အားလုံးပါဝင်နိုင်သည့် အသိုက်အဝန်းတစ်ခုဖြစ်သည့် အာဆီယံ၏အမြင်ကို အားဖြည့်ပေးပါသည်။

SOMTC-Philippines အနေနှင့် လူကုန်ကူးမှုအား ကိုင်တွယ်ဖြေရှင်းရာတွင် ကြိုတင်ကာကွယ်ခြင်း၊ အကာအကွယ်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ မူဝါဒနှင့်ဥပဒေပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည်တို့ပါဝင်သော ဘက်ပေါင်းစုံမှ မဟာဗျူဟာလိုအပ်ကြောင်း အသိအမှတ်ပြုပါသည်။ ဤလမ်းညွှန်ချက်သည် ဥပဒေစိုးမိုးရေးအရာရှိများ၊ တရားရေးအာဏာပိုင်များနှင့် မူဝါဒချမှတ်သူများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရာတွင် ကြုံတွေ့ရသော ခက်ခဲရှုပ်ထွေးမှုများကို ကျော်လွှားရာတွင် လက်တွေ့ကျသော အရင်းအမြစ်အဖြစ် ဆောင်ရွက်ပေးပါသည်။ ထို့အပြင် ဤလမ်းညွှန်ချက်ကို SOMTC နှင့် AICHR တို့ ပူးပေါင်းဆောင်ရွက် ရေးသားပြုစုရာတွင် လူကုန်ကူးမှုကို ကိုင်တွယ်ဖြေရှင်းရာ၌ လူ့အခွင့်အရေး အခြေခံချဉ်းကပ်မှုတစ်ခုအနေဖြင့် အရေးကြီးကြောင်း အလေးပေး ဖော်ပြပါသည်။ လူကုန်ကူးမှု၏ မူလဇာစ်မြစ်နှင့် အကျိုးဆက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် လုံခြုံရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများသည် အရေးကြီးပါသည်။ နစ်နာသူများကို ဂုဏ်သိက္ခာရှိစွာ ဆက်ဆံရမည်ဖြစ်ပြီး ၎င်းတို့၏ ဘဝ ပြန်လည်တည်ဆောက်ရန်အတွက် လိုအပ်သောပံ့ပိုးကူညီမှုများ ပေးအပ်ရမည်ဖြစ်သည်။

ဥပဒေအရ တရားဝင်စည်းနှောင်ထားခြင်း မရှိသော စာတမ်းတစ်ခုအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် လက်ရှိ နိုင်ငံတွင်းနှင့် ဒေသဆိုင်ရာစီမံချက်များကို ဖြည့်စွက်ရန် လမ်းညွှန်ချက်အား ရေးဆွဲထားပါသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် လမ်းညွှန်ချက်ကို ၎င်းတို့၏ပြည်တွင်းဥပဒေ မူဘောင်များ၊ နိုင်ငံတကာ တာဝန်ဝတ္တရားများနှင့်အညီ အကောင်အထည်ဖော်ဆောင်နိုင်ရန် လိုက်လျောညီထွေ ဆက်လက်ထိန်းသိမ်းထားပါသည်။

ဤနေရာတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လက်ခံကျင့်သုံးခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ၎င်းတို့၏ အမျိုးသားအဆင့်မူဝါဒနှင့် မူဘောင်များတွင် ထည့်သွင်းပေါင်းစည်းရန် အခွင့်အာဏာပေးသည့် မှတ်တိုင်တစ်ခုဖြစ်သည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အောင်မြင်စွာ အကောင်အထည်ဖော်ခြင်းအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စဉ်ဆက်မပြတ် စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် အသိပညာမျှဝေခြင်းတို့လိုအပ်ကြောင်း SOMTC မှ အသိအမှတ်ပြုပါသည်။ အကောင်းဆုံးအလေ့အထများနှင့် အတွေ့အကြုံများဖလှယ်ခြင်းသည် ဤအခြေခံမှုကို ဒေသတွင်းတစ်လျှောက် ပိုမိုတူညီသော အသုံးချမှုကို အထောက်အကူဖြစ်စေပြီး မြှင့်တင်ပေးမည်ဖြစ်သည်။

ကျွန်ုပ်တို့ ရှေ့ဆက်ဆောင်ရွက်ကြရာတွင် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အထူးသဖြင့် လူကုန်ကူးမှုဆိုင်ရာတွင် ပြောင်းလဲလာသော စိန်ခေါ်မှုများကို အရှိန်အဟုန်ပြင်းပြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန် အာဆီယံသည် တက်ကြွစွာ ရပ်တည်နေရမည်ဖြစ်သည်။ လူကုန်ကူးခံရသူများအတွက် ၎င်းတို့ရသင့်သည့် အကာအကွယ်များရရှိရေး သေချာစေရန်အတွက် ဤကိစ္စရပ်၏ ပြောင်းလဲလျက်ရှိသော သဘောသဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး ကြိုတင်တွေးဆနိုင်မည့် အစီအမံများ လိုအပ်ပါသည်။

အာဆီယံလမ်းညွှန်ချက် ဖော်ထုတ်ရာတွင် AICHR-အင်ဒိုနီးရှားနှင့် မိတ်ဖက်များအားလုံးအား ၎င်းတို့၏ တန်ဖိုးမဖြတ်နိုင်သော ပံ့ပိုးကူညီမှုများအတွက် SOMTC-ဖိလစ်ပိုင်အနေဖြင့် စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင်ကြောင်း

**NESTOR B SANARES**
ASEAN SOMTC-Leader Philippines
ASEAN Voluntary Lead Shepherd on Trafficking-in-Persons Priority Area

ထပ်လောင်းပြောကြား လိုပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုအရ လူကုန်ကူးမှုနှင့် အခြားနိုင်ငံဖြတ်ကျော်မှုခင်းများကို တိုက်ဖျက်ရာတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအတွက် လမ်းညွှန်ချက်သည် ခိုင်မာအားကောင်းပြီး လက်တွေ့ကျသော အရင်းအမြစ်တစ်ခုအဖြစ် တရားမျှတရေး၊ လူ့အခွင့်အရေးနှင့် ဒေသတွင်းလုံခြုံရေးတို့အတွက် သေချာစေမည့် ကျွန်ုပ်တို့၏စုပေါင်းကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။

# အာဆီယံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီးနှင့် ခေတ်သစ်ကျွန်ပြုမှု၊ လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီးတို့၏ အမှာစာ

လူကုန်ကူးမှုသည် ကျွန်ုပ်တို့ခေတ်ကာလ၏ အပြင်းထန်ဆုံးသော စိန်ခေါ်မှုများထဲမှတစ်ခုအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ လူကုန်ကူးခံရသူများသည် မတွေးဝံ့စရာဆင်းရဲဒုက္ခများနှင့် ခေါင်းပုံဖြတ်မှုများကို မကြာခဏ တွေ့ကြုံခံစားကြရသည်။ ဆင့်ကဲဖြစ်ပေါ်သော ရာဇဝတ်မှုသွင်ပြင်တွင် အပါအဝင်ဖြစ်သော အစမ္မရာဇဝတ်မှုများအတွက် လူကုန်ကူးခြင်း မြင့်တက်လာမှုသည် လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို ကာကွယ်ပေးရန်အတွက် စဉ်ဆက်မပြတ် ကြိုးပမ်း အားထုတ်မှုများ လိုအပ်ကြောင်းကို မီးမောင်းထိုးပြနေပါသည်။

ဩစတြေးလျနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရန်အတွက် အာဆီယံနှင့် ယင်း၏အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာခဲ့ပြီဖြစ်ပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် ကျွန်ုပ်တို့၏ အာဆီယံ-ဩစတြေးလျ လူကုန်ကူးမှုတိုက်ဖျက်ရေး အစီအစဉ်မှတစ်ဆင့် အာဆီယံကို ပံ့ပိုးရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသမီးများ နှင့် ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် (ACTIP)ကို အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ ACTIP သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းဥပဒေများနှင့် လျော်ညီသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန်အတွက် ခိုင်မာသောအုတ်မြစ်ကို ပံ့ပိုးပေးထားပါသည်။

"ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု"ကို ကျင့်သုံးခြင်းသည် လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို ကာကွယ်ခြင်းတွင် အထောက်အကူဖြစ်စေပြီး လူကုန်ကူးမှု၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ၎င်းတို့ကျူးလွန်ခဲ့သော ဥပဒေနှင့်မညီသည့် လုပ်ရပ်များအတွက် အပြစ်ပေးခံရခြင်း သို့မဟုတ် အခြားနည်းဖြင့် ပြစ်ဒဏ်ပေးခြင်း မခံရစေရန် သေချာစေပါသည်။

ဩစတြေးလျအစိုးရသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်၊ နိုင်ငံတကာနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း အသီးသီးတို့အကြား ခိုင်မာသော ပူးပေါင်းဆောင်ရွက်ကြိုးပမ်းမှုမှတစ်ဆင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အကောင်အထည်ဖော်ရေးဆိုင်ရာ ဤလမ်းညွှန်ချက်ပေါ်ထွက်လာရေးအတွက် ပံ့ပိုးပေးရသည်ကို ဂုဏ်ယူမိပါသည်။

ဤလမ်းညွှန်ချက်ပေါ်ထွက်လာစေရေး ပံ့ပိုးပေးသူအားလုံးကို ကျွန်ုပ်တို့မှ အထူးပင်ကျေးဇူးတင်ရှိပါသည်။ လူကုန်ကူးခံရသူများအတွက် ACTIP နှင့် နိုင်ငံတကာဥပဒေများအရ ၎င်းတို့ရသင့်ရထိုက်သော တရားမျှတမှုနှင့် အကာအကွယ်များ ရရှိစေရေးသေချာစေရန် ကျွန်ုပ်တို့နှင့်အတူတကွ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါစို့။



**H.E. Tiffany McDonald**
Australian Ambassador to ASEAN



**H.E. Lynn Bell**
Australian Ambassador to Counter Modern Slavery,
People Smuggling and Human Trafficking

## ကျေးဇူးတင်လွှာ

အာဆီယံ-ဩစတြေးလျ လူကုန်ကူးမှု တိုက်ဖျက်ရေး အစီအစဉ်မှတစ်ဆင့် ဩစတြေးလျအစိုးရ၏ ရက်ရောစွာ ပံ့ပိုးကူညီမှု ဖြင့် လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရန် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား လက်တွေ့ အကောင်အထည်ဖော် ကျင့်သုံးခြင်းဆိုင်ရာ အာဆီယံလမ်းညွှန်ချက်အား ရေးသားပြုစုထားပါသည်။

ဤအာဆီယံ လမ်းညွှန်ချက်သည် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMTC) နှင့် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) တို့၏ ပူးပေါင်းတိုင်ပင် ကြိုးပမ်းမှုရလဒ်မှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ ၎င်းသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအား အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ် (ACTIP) နှင့် ၂၀၂၃-၂၀၂၈ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကဏ္ဍစုံလုပ်ငန်းအစီအစဉ် (Bohol TIP Work Plan 2.0) အောက်တွင် တာဝန်များကို အကောင်အထည်ဖော်ရာ၌ လူကုန်ကူးခံရသူများအနေနှင့် ၎င်းတို့ကျူးလွန်ခဲ့သော ဥပဒေမဲ့လုပ်ရပ်များသည် လူကုန်ကူး ခံရသည့် ဖြစ်ရပ်များ၏ တိုက်ရိုက်အကျိုးဆက်ဖြစ်ပါက ၎င်းတို့ကို ရာဇဝတ်ကြောင်းအရ သို့မဟုတ် စီမံခန့်ခွဲရေးနည်းလမ်း အရ အရေးမယူကြောင်း သေချာစေရန် လမ်းညွှန်မှုပေးပါသည်။

ဤလမ်းညွှန်ချက်ကို ထောက်ခံကြသော SOMTC နှင့် AICHR တို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံအစိုးရများ၊ အခြားအာဆီယံ ကဏ္ဍဆိုင်ရာအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ညှိနှိုင်းမှုပါဝင်သည့် စာတမ်းပြုစုရေးလုပ်ငန်းစဉ်ကို ချမှတ်ခဲ့ပါသည်။ အတိုင်ပင်ခံ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၄ခုနှစ် ဇွန်လ ၁၀ ရက်မှ ၁၂ ရက်နေ့အထိနှင့် ၂၀၂၄ခုနှစ် စက်တင်ဘာလ ၂ ရက်မှ ၃ ရက်နေ့အထိ ကျင်းပခဲ့ပြီး အာဆီယံဒေသတွင်းနှင့် ဒေသပြင်ပရှိ လူကုန်ကူးမှုတိုက်ဖျက်ရေး ပညာရှင်များထံမှ အသိအမြင်များနှင့် အတွေ့အကြုံ များကို စုဆောင်းခဲ့ပါသည်။ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့၊ နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံ ဝန်ကြီးအဆင့် အစည်းအဝေး (AMMTC) တွင် အတည်ပြုခဲ့သော လမ်းညွှန်ချက်မူကြမ်းကို SOMTC နှင့် AICHR ၏ အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံးရှိ ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေခဲ့ပါသည်။

SOMTC နှင့် AICHR အနေဖြင့် ဤအာဆီယံ လမ်းညွှန်ချက်ကို ဖော်ထုတ်ပြုစုပေးသော အတိုင်ပင်ခံ Dr Marika

McAdam နှင့် အာဆီယံ-သြစတြေးလျ လူကုန်ကူးမှုတိုက်ဖျက်ရေးမှ Gender Equality, Disability and Social Inclusion and Victim Rights Director ၊ Ms Nurul Qoiriah တို့၏ လုပ်ငန်းစဉ်တစ်လျှောက်တွင် နည်းပညာနှင့် အဆင်ပြေချောမွေ့စွာ ပံ့ပိုးပေးမှုအတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။

# နိဒါန်း

အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)၏ အဖွဲ့ဝင်နိုင်ငံများအားလုံးသည် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ် အဖွဲ့ဝင်များ ဖြစ်ကြပါသည်။ အဆိုပါ စာချုပ်၏ အပိုဒ် ၁၄(၇) မှ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ အခြေခံမူကို အောက်ပါအတိုင်း ဖော်ပြထားပါသည် -

> အဖွဲ့ဝင်နိုင်ငံတိုင်းအနေနှင့် ၎င်းတို့၏ ပြည်တွင်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်ရာတွင် အကြောင်းအကျိုးတိုက်ဆိုင်မှုရှိသော အမှုအခင်းများ၌ လူကုန်ကူးမှုနှင့် တိုက်ရိုက်ပတ်သက် နေသော တရားဥပဒေနှင့်မညီသည့် လုပ်ရပ်များကို လူကုန်ကူးခံရသူများမှ ကျူးလွန်ခဲ့သည်ရှိသော် ထိုလူကုန်ကူး ခံရသော နစ်နာသူများကို ရာဇဝတ်ကြောင်းအရ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြစ်ဒဏ်ပေးခြင်းမပြုရန် ထည့်သွင်းစဉ်းစားပေးရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ၁၇ ကြိမ်မြောက် AMMTC မှ အတည်ပြုပြီး အများဆန္ဒခံယူထားသော ၂၀၂၃-၂၀၂၈ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကဏ္ဍစုံလုပ်ငန်းအစီအစဉ် (“Bohol TIP လုပ်ငန်း အစီအစဉ် ၂.၀”) ၏ အခြေခံမူ အမှတ် ၃ သည် ACTIP ၏ အပိုဒ် ၁၄(၇) ကို ခိုင်မာထောက်ခံချက် ပေးထားပြီး ၎င်းမူကဆိုထားသည်မှာ “လူကုန်ကူးမှုနှင့် တိုက်ရိုက်ပတ်သက်နေသော တရားဥပဒေနှင့်မညီသည့် လုပ်ရပ်များကို လူကုန်ကူးခံရသူများမှ ကျူးလွန်ခဲ့သည်ရှိသော် ထိုလူကုန်ကူးခံရသော နစ်နာသူများကို ရာဇဝတ်ကြောင်းအရ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြစ်ဒဏ်ပေးခြင်းမပြုရန်” ဖြစ်သည်။[5]

ဘိုဟိုးလ် TIP လုပ်ငန်းစီမံကိန်း ၂.၀ အရ နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMTC) သည် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများ၊ မူဝါဒများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လုပ်ဆောင်ပုံတို့အပေါ်တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ အခြေခံမူများ သက်ရောက်မှုရှိစေရန်အတွက် လုပ်ဆောင်ရသော လုပ်ငန်းများ/အစီအစဉ်များနှင့် ပတ်သက်သော ကဏ္ဍပေါင်းစုံ အာဆီယံအဖွဲ့အစည်းများ၏ ညှိနှိုင်းရေးအစည်းအဝေး ဖြစ်သည်။ ဤ လုပ်ငန်းတာဝန်အတွင်းတွင် အကျုံးဝင်သော လုပ်ဆောင်ချက်များထဲတွင် ပါဝင်သောအရာများမှာ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရသော အရာရှိများနှင့် ဥပဒေအရာရှိများ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူများနှင့် ပတ်သက်သော စွမ်းဆောင်ရည်များ တိုးမြင့်လာစေရန်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ထိန်းသိမ်းရေးစခန်းများတွင် လူအများကို ပုံမှန်စစ်ဆေးရန်နှင့် ထိုသူများထဲတွင် လူကုန်ကူးခံရသူများကို ရှာဖွေဖော်ထုတ်ရန်အတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံများကို ဥပဒေများ၊ တရားစွဲဆိုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ သို့မဟုတ် လမ်းညွှန်ချက်များကို ပြန်လည်ဆန်းစစ်ရန်နှင့် ပြင်ဆင်ရန်၊ လိုအပ်ပါက ပြင်ဆင်ခြင်းတို့

[5] ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အခြေခံမူများကို OHCHR Principles and Guidelines on Human Rights and Human Trafficking (၂၀၀၂) တွင် ရှာဖွေဖတ်ရှုနိုင်သည်။ ဤ အခြေခံမူကို အာဆီယံ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကော်မရှင် (ACWC) မှ ထုတ်ပြန်ထားသော လူကုန်ကူးခံရသူ အမျိုးသမီးများနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ကျား၊မ ကွဲပြားမှုကို အထူး ဂရုပြုထားသော လမ်းညွှန်ချက်၊ လူကုန်ကူးခံရမှုတွင် ပြစ်မှုဆိုင်ရာဥပဒေအရ တရားစီရင်ရေးတုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှု အာဆီယံ လမ်းညွှန်ချက်များ(၂၀၀၇) နှင့် အမျိုးသမီးနှင့်ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှုဆန့်ကျင်ရေးဆိုင်ရာ အာဆီယံ လုပ်ငန်းစီမံကိန်းတို့ထဲတွင် ဒေသန္တရအခြေအနေအလိုက် ထပ်မံဖွင့်ဆိုထားပါသည်။

ပါဝင်သည်။

ဤ ဥပဒေအရ ချည်နှောင်ခြင်းမရှိသော အာဆီယံလမ်းညွှန်ချက်သည် SOMTC နှင့် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) တို့၏ ပူးတွဲလုပ်ဆောင်ချက်မှ ပေါ်ထွက်လာခြင်းဖြစ်ပြီး ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် သက်ဆိုင်သော အခြေခံမူသည် လူကုန်ကူးခံရသူများ၏ လူ့အခွင့်အရေးဘက်မှ ရပ်တည်ပေးရေးနှင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများကို ကိုင်တွယ်ရေးသည် အရေးပါသည်ဟူသော အချက်နှစ်ချက်လုံးကို အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ ထိုလမ်းညွှန်ချက်သည် အာဆီယံ ကဏ္ဍအလိုက်အဖွဲ့အစည်းများကို ကူညီထောက်ပံ့ရန်အတွက် ချပြပေးထားခြင်းဖြစ်ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လက်တွေ့ အကောင်အထည်ဖော်မှု အားကောင်းရေးတို့အတွက် လက်ရှိလုပ်ဆောင်လျက်ရှိသော လုပ်ငန်းများကို ကူညီအားပေးရန်အတွက်လည်းဖြစ်ပြီး ထိုလမ်းညွှန်ချက်သည် သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံတို့၏ ပြည်တွင်းဥပဒေများနှင့် နိုင်ငံတကာနှင့်ဒေသအလိုက် စည်းမျဉ်းဥပဒေတို့အပေါ် ၎င်းတို့လိုက်နာရမည့် အခြေအနေပေါ်တွင်လည်း မူတည်၍ လုပ်ဆောင်ရမည်ဖြစ်သည်။

အာဆီယံလမ်းညွှန်ချက်သည် *ASEAN အဖွဲ့ဝင်နိုင်ငံများအတွင်း လူကုန်ကူးခံရသည့် နစ်နာသူများအတွက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်း* (ASEAN-ACT၊ ၂၀၂၂) အပေါ်တွင်မူတည်၍ ရေးဆွဲထားခြင်းဖြစ်ပြီး ၎င်းတို့လုပ်ဆောင်သောလုပ်ငန်းအပေါ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို ကူညီထောက်ပံ့ပေးရေး အတွက် ရင်းမြစ်သဖွယ်အသုံးပြုရန် အားပေးလမ်းညွှန်ထားသော အရာလည်းဖြစ်ပြီး[6] ၂၀၂၄ ခုနှစ် ဇွန်လနှင့် စက်တင်ဘာလ၌ ကျင်းပခဲ့သော ဆွေးနွေးပွဲနှစ်ကြိမ်တွင် SOMTC ၊ AICHR ၊ အမျိုးသားအဆင့် TIP သက်ဆိုင်သူများ၊ သက်ဆိုင်ရာ အာဆီယံ ကဏ္ဍအလိုက်အဖွဲ့များ၊ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CSO) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

6 အင်္ဂလိပ်၊ အင်ဒိုနီးရှား၊ ဗမာ၊ ခမာ၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်ဘာသာတို့ဖြင့် ဖတ်ရှုနိုင်ပါသည်။

## အပိုင်း ၁



# ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို နားလည်ခြင်း

# အပိုင်း ၁။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို နားလည်ခြင်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ပြည်တွင်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒတို့နှင့်အညီ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ဥပဒေတို့နှင့်အညီ လူကုန်ကူးသူများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန်၊ လူကုန်ကူးခံရသူတို့ကို ကာကွယ် စောင့်ရှောက်ရန်နှင့် အကူအညီပေးရန်နှင့် ထိုရလဒ်များပေါ်ထွက်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်တာဝန်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများအနေနှင့် ထိုစည်းကမ်းချက်များ လိုက်နာနိုင်ရန်အတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် ထည့်သွင်းစဉ်းစားသင့်သည်။[7]

အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် (ACTIP) သည် ဥပဒေအရစည်းနှောင်မှုရှိသော စာချုပ်ဖြစ်သည်။ ACTIP ၏ အပိုဒ် ၁၄(၇)အရ ACTIP အဖွဲ့ဝင်နိုင်ငံများသည် လူကုန်ကူးမှုနှင့် တိုက်ရိုက်ပတ်သက်နေသော တရားဥပဒေနှင့်မညီသည့် လုပ်ရပ်များကို လူကုန်ကူးခံရသူများမှ ကျူးလွန်ခဲ့ သည်ရှိသော် ၎င်းတို့ကို ရာဇဝတ်ကြောင်းအရ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြစ်ဒဏ်ပေးခြင်း မပြုရန် ထည့်သွင်း စဉ်းစားပေးရန်အတွက် ကတိကဝတ်ပြုထားကြပြီးဖြစ်သည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုသည် အာဆီယံဒေသတလွှား သက်ရောက်မှုရှိသော်လည်း လူကုန်ကူးခံရသူများအနေနှင့် အာဆီယံနိုင်ငံများအတွင်း ဖမ်းဆီးထိန်းသိမ်းခံရပြီး ပြည်နှင်ဒဏ်ပေးခံရခြင်းသည် ၎င်းတို့ လက်ရှိ အထောက်အထားနှင့် ပတ်သက်သော စည်းကမ်းဖောက်ဖျက်မှုများနှင့် ၎င်းတို့လူကုန်ကူးခံရသော သို့မဟုတ် လူကုန်ကူးခံရခြင်းမှ ထွက်ပြေး လွတ်မြောက်ရန် ကြိုးစားသောကြောင့် ကျူးလွန်မိခဲ့သော သေးငယ်သော သို့မဟုတ် ကြီးလေးသော ပြစ်မှုများကြောင့် ဖြစ်ရခြင်းဖြစ်သည်။[8] လိုက်နာရမည့်တာဝန်မှာ ရှင်းလင်းသော်လည်း အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေနှင့် ပြစ်ဒဏ် ကင်းလွတ်ခွင့် အခြေခံမှုကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

## *ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုဟူသည်မှာ အဘယ်နည်း။*

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုသည် လူကုန်ကူးမှုနှင့် တိုက်ရိုက်ပတ်သက်နေသော တရားဥပဒေနှင့် မညီသည့် လုပ်ရပ်များကို လူကုန်ကူးခံရသူများမှ ကျူးလွန်ခဲ့သည်ရှိသော် ထိုနစ်နာသူများကို ပြစ်ဒဏ်မပေးရန်အတွက် ထည့်သွင်းစဉ်းစား သင့်သည်ဟူသော အချက်ကို အသိအမှတ်ပြုထားသော အခြေခံမှုတစ်ရပ်ဖြစ်သည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု၏ ရည်ရွယ်ချက်သည် လူကုန်ကူးခံရသော နောက်ဆက်တွဲအနေနှင့် ဥပဒေနှင့်မညီသောလုပ်ရပ်များတွင် ပါဝင်ဆောင်ရွက် သော လူများကို ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်မှုကျူးလွန် သည်ဟု သတ်မှတ်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့ကို မပြုလုပ်ရန်အတွက် ကာကွယ်ပေးရန်ဖြစ်သည်။ ဤအခြေခံမှုသည်

[7] နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ ကျူးလွန်သည့် မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNTOC) နှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် (ACTIP) ကိုလည်းကြည့်ပါ။

[8] နောက်ဆက်တွဲ ၄ ကိုကြည့်ရန်

နိုင်ငံသားဖြစ်မှု ရုတ်သိမ်းခြင်းအပါအဝင် အခြားသော ပြစ်ဒဏ်များပေးခြင်းမှလည်း ကာကွယ်ပေးသည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် လူကုန်ကူးမှုသည် ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သည် ဟူသော သဘောသဘာဝကိုအခြေခံသည်။ ထိုကဲ့သို့သောဖြစ်ရပ်မျိုးတွင် နစ်နာသူကို ပြစ်ဒဏ်ပေးခြင်းသည် နိုင်ငံတော်၏ ထိုနစ်နာသူတို့ကို အကာအကွယ်ပေးပါမည်ဟူသော ကတိကဝတ်ကို ဆန့်ကျင်ရာရောက်သည့်အပြင် နောက်ထပ် ပိုမို ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်လာနိုင်ခြေရှိသည်။[9]

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ပြစ်မှုဆိုင်ရာဥပဒေကလည်း ထောက်ကန်ပေးထားပြီး လူတစ်ဦးအနေနှင့် ရာဇဝတ်မှု တစ်ခုကို ရည်ရွယ်ချက်ရှိရှိဖြင့်ကျူးလွန်မှသာလျှင် ထိုအတွက် ပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်ခံရမှု ဆန်းစစ်ရာတွင် ရာဇဝတ်မှုတစ်ခုကျူးလွန်သော ရည်ရွယ်ချက်ကိုပါ သိရှိရန်လိုအပ်လာပြီး ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် မိမိတို့၏ဆန္ဒအလျောက် ကျူးလွန်သော ဥပဒေနှင့်မညီသောလုပ်ရပ်များအတွက် တရားစွဲဆိုခံရခြင်းကို အကာအကွယ်မပေးပါ။ ထိုအစား ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် လူတစ်ဦးအနေနှင့် ရာဇဝတ်မှုကျူးလွန်ရန် အတွက် အမှန်တကယ်ရည်ရွယ်သော ဆန္ဒမရှိသောအခြေအနေကို အသိအမှတ်ပြုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့ကို လူကုန်ကူးရန်အတွက် နည်းလမ်းပေါင်းစုံကိုသုံးခဲ့သောကြောင့် ၎င်းတို့ကျူးလွန်မိသော တရားဥပဒေနှင့် မညီသော လုပ်ရပ်များအတွက် ထိုသူတို့ကိုတာဝန်ခံစေရန်မှာ မဖြစ်နိုင်ပါ။ လူကုန်ကူးသူများအနေနှင့် နစ်နာသူကို ၎င်းတို့ဆန္ဒအတိုင်း လိုက်လျောလာစေရန်အတွက် အင်အားသုံးခြင်း၊ လိမ်လည်ခြင်း၊ အနိုင်အထက်ပြုခြင်းနှင့် ၎င်းတို့၏ ထိခိုက်လွယ်မှုကို အလွဲသုံးစားပြုခြင်းတို့အပါအဝင် နစ်နာသူအပေါ် နည်းလမ်းပေါင်းများစွာ အသုံးပြုကြသည်။ နစ်နာသူ အနေနှင့် ၎င်းထံတွင်ရှိပြီးသော ရည်ရွယ်ချက်ကို ညှိုးငယ်သွားစေရန် သို့မဟုတ် ထိခိုက်သွားစေရန်အတွက် လူကုန်ကူးသူ ဘက်မှ နည်းလမ်းပေါင်းစုံကို သုံးခြင်းဖြစ်သောကြောင့် တရားဥပဒေနှင့်မညီသော လုပ်ရပ်များတွင် ပါဝင်မှုအတွက် လူကုန်ကူးခံရသူကိုတာဝန်ခံခိုင်းစေရန်မှာ မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် နစ်နာသူအနေနှင့် ၎င်းတို့၏လုပ်ရပ် အတွက် တာဝန်ယူရန်မှာ မဖြစ်နိုင်သောကြောင့်ဖြစ်သည်။ ကလေးသူငယ် နစ်နာသူများပါ ပါလာသောအခြေအနေမျိုးတွင် အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူမှ အကြံပြု သည်မှာ ကျူးလွန်မိသော ပြစ်မှုနှင့် ကလေးသူငယ်တစ်ဦးကို လူကုန်ကူးခံရသူဟု ယူဆသည်ဖြစ်စေ၊ သတ်မှတ်သည် ဖြစ်စေ အတည်ပြုပြီးပါက နိုင်ငံများအနေနှင့် တရားရေးရာလုပ်ငန်းစဉ်တို့အတိုင်း ဆက်မလုပ်ရန်၊ ထုတ်ပြန်ပြီးဖြစ်သော အပြစ်ရှိကြောင်းစွဲဆိုချက်တို့ကို ဖယ်ရှားပေးရန် နှင့်/သို့မဟုတ် ကလေးသူငယ်ကို ဖမ်းဆီးထိန်းသိမ်းရေးဌာနမှ ချက်ချင်း လွှတ်ပေးရန် အကြံပြုထားသည်။[10]

“နစ်နာသူ” နှင့် “ကျူးလွန်သူ” ဟူသော အယူအဆတို့မှာ အဖြူ-အမည်း နှစ်မျိုးတည်းသာ တိတိပပရှိသော အယူအဆများ မဟုတ်ပေ။ လူတစ်ဦးသည် နစ်နာသူလည်းဖြစ်နိုင်သလို ကျူးလွန်သူလည်းဖြစ်နေနိုင်သည်။ လူကုန်ကူးခံရသူများကို

---

[9] *ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ လက်တွေ့အကောင်အထည်ဖော်ခြင်း - အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullally*၊ အစီရင်ခံစာ *UN Doc. A/HRC/*47/34၊ 17 *May* 2021 [18]-[19]

[10] *ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ လက်တွေ့အကောင်အထည်ဖော်ခြင်း - အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullally*၊ အစီရင်ခံစာ UN Doc. A/HRC/47/34၊ 17 May 2021 [47]။ OHCHR Principles and Guidelines on Human Rights and Human Trafficking (2002) ၏ လမ်းညွှန်ချက် ၈(၃) ကိုလည်းကြည့်ပါ။

အချို့သော တရားဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်မှ ကာကွယ်ပေးခြင်းမှာ သင့်တော်သော်လည်း ၎င်းတို့ လူကုန်ကူးခံရခြင်းနှင့်မဆိုင်သော ကိစ္စရပ်များအတွက်မူ ပြစ်ဒဏ်ပေး အရေးယူရမည်ဖြစ်သည်။ ဥပမာအားဖြင့် နစ်နာသူ တစ်ဦးကို တရားမဝင်မူးယစ်ဆေးဝါး ရောင်းစေကာ ခေါင်းပုံဖြတ်သော ရာဇဝတ်မှုကဲ့သို့သောအမှုမျိုး ကျူးလွန်ရန်အတွက် လူကုန်ကူးခြင်းမျိုး ဖြစ်နိုင်သည်။ ထိုဖြစ်ရပ်မျိုးတွင် ထိုသူကို မူးယစ်ဆေးနှင့်ဆက်နွှယ်သော ပြစ်မှုအတွက် အရေးမယူ သင့်ပါ။ သို့သော်လည်း လူကုန်ကူးခံရခြင်းနှင့်မဆိုင်သော ၎င်းတို့ပါဝင်ပတ်သက်သော ဥပဒေနှင့်မညီသော အခြားသော လုပ်ရပ်များအတွက် ပြစ်ဒဏ်ပေးခြင်းမှာသင့်လျော်နိုင်ပါသည်။

## အတိုင်းအတာ

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် လူကုန်ကူးမှု၏အဆင့်တိုင်းအပေါ် သက်ရောက်မှုရှိသကဲ့သို့ ပြစ်မှုဆိုင်ရာ တရားစီရင်ရေး၏ အဆင့်များ အားလုံးအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ လူတစ်ယောက်အနေနှင့် သူကျူးလွန်ခဲ့သော သို့မဟုတ် ကြံရာပါဖြစ်ခဲ့သော ကျူးလွန်မှု မည်မျှကြီးမားသည်ဖြစ်စေ ထိုသူသည် လူကုန်ကူးခံရသူ ဖြစ်နိုင်သည်ဟု ခိုင်ခိုင်လုံလုံ သံသယရှိသည်နှင့်တပြိုင်နက် ထိုအခြေခံမူ သက်ရောက်သင့်သည်။ အချို့သော အာဆီယံအဖွဲ့ဝင် နိုင်ငံများတွင် လူကုန်ကူးခံရသူဟုသံသယရှိသူများကို လူကုန်ကူးခံရသောသူတစ်ယောက်ကို ပြုမူဆက်ဆံသည့်အတိုင်း ဆက်ဆံခွင့်နှင့် ကနဦးအဆင့် အထောက်အကူနှင့် အကာအကွယ်များပေးနိုင်သည့် မူဝါဒများ ရှိပါသည်။ ထိုအချင်းအရာကို နစ်နာသူဖြစ်သည်ဟု ကြိုတင်ယူဆခြင်းဟုခေါ်သည်။[11] အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနှင့် ထိုကဲ့သို့နစ်နာသူဖြစ်ကြောင်း ကြိုတင်ယူဆမှုပြုသည့်အခါ ထိုကြိုတင်ယူဆသတ်မှတ်ခြင်း ခံရသော/နစ်နာသူ အမှန်တကယ် ဖြစ်နိုင်ခြေရှိသောသူကို ပြစ်ဒဏ်မခံရစေရန်အတွက် (အပိုင်း ၃၊ လမ်းညွှန်ချက် အမှတ် ၄ ကို ကြည့်ရန်) ထိုအခြေခံမူကို အသုံးချသင့်သည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအဆင့်တိုင်းနှင့် လူကုန်ကူးမှုဖြစ်စဉ်၏အဆင့်တိုင်း တို့တွင် သက်ရောက်မှုရှိနေရမည်ဖြစ်သည်။ ထို့ကြောင့် နစ်နာသူများအနေနှင့် တရားမ၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြစ်မှုဆိုင်ရာ ဥပဒေချိုးဖောက်မှုတို့ကြောင့် အရေးယူခံရခြင်းမှ အကာအကွယ်ပေးခြင်းကို ရထိုက်ပါသည်။

*ပုံ - ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအတွက် လက်တွေ့ကျင့်သုံးမှုဆိုင်ရာ အတိုင်းအတာ*

**နစ်နာသူအားလုံး**

- လူကြီးများ
- ကလေးသူငယ်များ
- နိုင်ငံသားများ
- ရွှေ့ပြောင်းနေထိုင်သူများ
- အခြား

**လူကုန်ကူးမှုပုံစံအားလုံး**

- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု
- အစေခံစေခိုင်းမှု
- အဓမ္မရာဇဝတ်မှုကျူးလွန်စေခြင်း
- ကိုယ်တွင်းအင်္ဂါထုတ်ယူခြင်း

**တရားမဝင်လုပ်ရပ် အားလုံးအတွက်**

- အသက်မပြည့်သေးသောကြောင့် ပြစ်မှုမြောက်သော အရာများ
- ပြစ်မှုအသေးများ
- ကြီးလေးသော ရာဇဝတ်ပြစ်မှုများ

**နစ်နာသူကျူးလွန်ခဲ့သော ဥပဒေနှင့် မညီသောလုပ်ရပ်များသည် လူကုန်ကူးခံရသောကြောင့် ဖြစ်လာသော တိုက်ရိုက်အကျိုးဆက်များဖြစ်သည်။**

11 လူကုန်ကူးခံရသူများကို ဖော်ထုတ်သတ်မှတ်ရေးဆိုင်ရာ [illegible] မိတ်ဆက်လမ်းညွှန် (ဘာလီလုပ်ငန်းစဉ် [illegible])

ကျူးလွန်မိသော တရားမဝင်လုပ်ရပ်အမျိုးအစား သို့မဟုတ် ပြင်းထန်မှုသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုများကို ကျင့်သုံး/မသုံး ဆုံးဖြတ်ခြင်းမဟုတ်ပါ။ ထိုအစား ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုသည် လူတစ်ဦးအနေနှင့် လူကုန်ကူး ခံရသောဖြစ်ရပ်ဖြင့် တိုက်ရိုက်ဆက်စပ်နေသောအခါ ကျင့်သုံးခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် သက်ဆိုင်ရာနိုင်ငံ တစ်နိုင်ငံအတွင်းတွင် ဖြစ်ပွါးသော လူကုန်ကူးမှုဆိုင်ရာ ကိစ္စရပ်များသည် နစ်နာသူ၏ ကျူးလွန်ဖောက်ဖျက်မိသော အရာတို့နှင့် ချိတ်ဆက်နေသည်ဆိုပါက နိုင်ငံတော်အနေနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးရန်အတွက် ဆုံးဖြတ်ချက် ချနိုင်သည်။ ဥပမာအားဖြင့် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်ရလဒ်အနေနှင့် နစ်နာသူသည် ရာဇဝတ်ဆိုင်ရာလုပ်ရပ် တစ်ခုခုနှင့် ပါဝင်ပတ်သက်ခဲ့ပြီး လူကုန်ကူးသူ အသုံးပြုသောနည်းလမ်းများ (အင်အားသုံးခြင်း၊ လိမ်ညာခြင်း၊ အနိုင်အထက်ပြုခြင်း၊ လှည့်ဖြားခြင်း၊ ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစား ပြုခြင်း) တို့သည် ထိုကဲ့သို့သော ပါဝင်ပတ်သက်မှုတို့ဖြစ်စေရန်အတွက် လမ်းကြောင်းပေးသောကြောင့် နစ်နာသူကို ပြစ်မှုဆိုင်ရာဥပဒေအရ တာဝန်ခံစေရန် လုံလောက်သော ရည်ရွယ်ချက်မရှိဟု ဆိုရမည်ဖြစ်သည်။

အတိုချုပ်အားဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုသည် မည်သို့သော တရားမဝင်လုပ်ရပ်များအတွက်သာ အကျုံးဝင် ပါသည်ဟူသော သတ်မှတ်ချက်မရှိပါ။ ထိုအခြေခံမှုသည် မူးယစ်ဆေးစိုက်ပျိုးခြင်း သို့မဟုတ် အွန်လိုင်းငွေလိမ်လည်မှု သို့မဟုတ် အကြမ်းဖက်မှုကဲ့သို့သော အကြမ်းဖက်မှုကြောင့် တိုက်ရိုက်ရလဒ်အနေနှင့် ကျူးလွန်ရသော ကြီးလေးသည့် ပြစ်မှုများကို ကျူးလွန်မိသည့်အချိန်တွင်ပင် သက်ရောက်မှုရှိသင့်သည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု သက်ရောက်မှု ရှိသော တရားဥပဒေနှင့်မညီသည့်လုပ်ရပ် ဥပမာများကို နောက်ဆက်တွဲ ၅ တွင် ဖော်ပြထားပါသည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို သက်ရောက်စေခြင်းသည် နစ်နာသူများကို ၎င်းတို့ကျူးလွန်သော အရာများအားလုံးအတွက်မဆို ပြစ်ဒဏ် ကင်းလွတ်ခွင့်ပေးသည်ဟူသော သဘောမသက်ရောက်ဘဲ ၎င်းတို့၏ တာဝန်ယူရမည့်ကိစ္စအတွက် ဆုံးဖြတ်ရာတွင် အသုံးပြုရန်ဖြစ်သည်။

### စာကွက် - ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အလွဲသုံးစားမှု မရှိစေရန် ကာကွယ်ခြင်း

အချို့သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် မူဝါဒချမှတ်သူများအနေနှင့် ပြစ်ဒဏ် ကင်းလွတ်ခွင့် အခြေခံမှုကို အလွဲသုံးစားလုပ်၍ နစ်နာသူများအနေနှင့် ၎င်းတို့၏ လူကုန်ကူးခံရမှုနှင့် အပြည့်အဝ သက်ဆိုင်ခြင်းမရှိသည့် ကျူးလွန်မှုများအတွက် အကာအကွယ်ရရှိရန် အသုံးပြုခြင်း သို့မဟုတ် လူကုန်ကူးခံရသော နစ်နာသူများ မဟုတ်သူတို့ကို အကာအကွယ်ပေးရန်အတွက် နေရာလွဲမှား အသုံးချမိမည်ကို စိုးရိမ်ပူပန်နိုင်ပေသည်။

မည်သည့် ဥပဒေတို့ကိုမဆို မသမာသူများအနေနှင့် အလွဲသုံးစားပြုခြင်းနှင့် ဥပဒေကို သင့်တင့် လျောက်ပတ်စွာ အသုံးပြုနိုင်သော ကျွမ်းကျင်မှုနှင့် စွမ်းရည်မရှိသော တာဝန်ရှိသူများမှ လွဲမှားစွာ အသုံးပြုမိနိုင်ခြေရှိပါသည်။ လက်တွေ့တွင် နစ်နာသူကိုအကာအကွယ်ပေးမည့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးခြင်းမရှိခြင်းသည် ကျူးလွန်မိသူများကို အကာအကွယ်ပေးမိသလို ဖြစ်သွားနိုင်မည့် ဖြစ်နိုင်ခြေထက် ပို၍များသော ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူခံရခြင်းကို ရှောင်ရှားရန်အတွက် ကြီးလေးသောပြစ်မှုများကို ကျူးလွန်ထားသော ရာဇဝတ်သားများအနေနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို တလွဲအသုံးချနိုင်ခြေကို လျှော့ချနိုင်သည့် တစ်ခုတည်း သော နည်းလမ်းမှာ ဥပဒေကို ကျွမ်းကျင်စွာနှင့် ဖြောင့်မတ်မှုရှိစွာ အသုံးချခြင်းဖြစ်သည်။ ထို့ကြောင့်

နိုင်ငံများအနေနှင့် လူတစ်ဦးတစ်ယောက်သည် လူကုန်ကူးခံရသူ ဟုတ်/မဟုတ် သို့မဟုတ် နစ်နာသူ၏ကျူးလွန်မှုနှင့် နစ်နာသူဘဝ ရောက်ရခြင်းတို့အကြား ဆက်နွယ်မှု ရှိ/မရှိကို သက်သေပြရန် သို့မဟုတ် ငြင်းဆိုရန်အတွက် အချက်သုံးချက် (လုပ်ဆောင်ချက်၊ နည်းလမ်းနှင့် ရည်ရွယ်ချက်) သို့မဟုတ် ကလေးသူငယ်ဖြစ်ပါက အချက်နှစ်ချက် (လုပ်ဆောင်ချက်နှင့် ရည်ရွယ်ချက်) တို့ကို လက်တွေ့အသုံးချရန် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစွမ်းရည်ကို စဉ်ဆက်မပြတ် တည်ဆောက်နေသင့်သည်။ ဤနည်းလမ်းသည် လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်နှင့် ACTIP တွင် ဖော်ပြထားသော လူကုန်ကူးခြင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သက်ဆိုင်ရာ တရားစီရင်စစ်ဆေးမှု စနစ်အောက်တွင် ရှိသော ဥပဒေစနစ်အပြင် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေတို့နှင့်အညီဖြစ်သင့်သည်။

## *အဘယ်ကြောင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် အရေးပါရသနည်း။*

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လက်တွေ့အသုံးချခြင်းသည် နိုင်ငံတော်ဘက်မှ လူကုန်ကူးခံရသူများကို ဖော်ထုတ်သတ်မှတ်ရန်၊ အကာအကွယ်ပေးရန်နှင့် အကူအညီပေးရန်၊နှင့် လူကုန်ကူးသူများကို တရားဥပဒေအရ အရေးယူနိုင်ရေးအတွက် လိုက်နာဆောင်ရွက်နိုင်ရန် မရှိမဖြစ်သောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဤအခြေခံမူသည် တရားဥပဒေစိုးမိုးမှု ရှိစေရန်နှင့် နစ်နာသူများအနေနှင့် ထိုကဲ့သို့နစ်နာရသော အခြေအနေမျိုးသာမရောက်ခဲ့လျှင် မလုပ်မည့် ပြစ်မှုမျိုးကို ကျူးလွန်မိခြင်းအတွက် အရေးယူခြင်း မခံရစေရန်အတွက်လည်း အရေးပါ ပါသည်။ ဤအခြေခံမူသည် နိုင်ငံများအနေနှင့် အကာအကွယ်ပေးရမည့်သူများကို အကာအကွယ်ပေးရန်နှင့် အရေးယူရမည့်သူများကို အရေးယူရန်အတွက် အသုံးဝင်သော အခြေခံမူတစ်ရပ်လည်းဖြစ်သည်။ ဤအခြေခံမူကို လက်တွေ့ကျင့်သုံးခြင်းကြောင့် အကောင်းဆုံးသော လူ့အခွင့်အရေး ရလဒ်များလည်း ရလာနိုင်သကဲ့သို့ ပိုမိုကောင်းမွန်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေးရလဒ်များလည်း ရလာနိုင်ပါသည်။

## **လူကုန်ကူးခံရသူများကို အကာအကွယ်ပေးခြင်း**

နိုင်ငံများအနေနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများအရ လူအများကို လူကုန်ကူးမခံရစေရန်အတွက် ကာကွယ်ပေးရန်နှင့် လူကုန်ကူးခံရသူများကို ဖော်ထုတ်သတ်မှတ်ရန်၊ အကာအကွယ်ပေးရန်နှင့် အကူအညီပေးရန် တာဝန်ရှိပါသည်။ ထို့ကြောင့်ပင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် နိုင်ငံတော်၏ အကာအကွယ်ပေးရေးဆိုင်ရာ တာဝန်များ၏ မရှိမဖြစ် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

နိုင်ငံများအနေနှင့် နစ်နာသူများကို စီမံအုပ်ချုပ်မှုဆိုင်ရာစနစ်များ၊ ရွှေ့ပြောင်းနေထိုင်မှုနှင့် အလုပ်သမား စီမံခန့်ခွဲမှု စနစ်များနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များမှတဆင့် ပြစ်ဒဏ်ပေး မခံရစေရန်အတွက် အကာအကွယ်ပေးရမည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် နစ်နာသူများကို လူဝင်မှုကြီးကြပ်ရေးရုံး သို့မဟုတ် အခြားသောနေရာများတွင် လွတ်လပ်မှုဆုံးရှုံးစေခြင်း၊ သက်တမ်းကျော် နေထိုင်မှုကြောင့် ဒဏ်ငွေတပ်ခြင်း၊ တိုင်းပြည်အတွင်း နောက်တစ်ကြိမ် ဝင်ခွင့်ပိတ်ခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း သို့မဟုတ် ဖယ်ရှားခြင်းတို့အပါအဝင် အခြားသောနည်းလမ်းများနှင့်

ပြစ်ဒဏ်ပေးခြင်း မခံရစေရန် အကာအကွယ်ပေးရန်အတွက် ရည်ရွယ်သည်။ ထို့အပြင် ၎င်းတို့ဆန္ဒမပါဘဲ ခိုလှုံစခန်းများတွင်နေစေခြင်း သို့မဟုတ် ၎င်းတို့မလိုအပ်သော သို့မဟုတ် မလိုချင်သော ဝန်ဆောင်မှုများပေးခြင်းတို့အပါအဝင် အခြားသော ပြစ်ဒဏ် ပေးခြင်းဟု ခေါ်ဆိုနိုင်သော ပြုမူဆက်ဆံပုံများ မခံရစေရန်လည်း ကာကွယ်ပေးရန်ရည်ရွယ်သည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် *ဖိနှိပ်ခံရမည့် မူလနိုင်ငံသို့ ပြန်မပို့ခြင်း* အခြေခံမူ (principle of *non-refoulement*) ကို လိုက်နာခြင်းအပါအဝင် တိုင်းရင်းသားဖြစ်မှု သို့မဟုတ် နိုင်ငံသားဖြစ်မှုကို ပယ်ဖျက်ခြင်း မခံရစေရန်အတွက် ဆောင်ရွက် ပေးသော အခြေခံမူလည်းဖြစ်သည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် နစ်နာသူ၏ မူလဇာတိနိုင်ငံ မည်သည့်နိုင်ငံ ဖြစ်သည်ဟူသောအချက်နှင့် ထိထိရောက်ရောက် ချိတ်ဆက်ထားခြင်း မရှိသော်လည်း သူတို့ပြန်ပို့ခံရပါက ပြန်လည်ကုစား ပြင်ဆင်နိုင်ခြင်း မရှိသော ဘေးအန္တရာယ်၊ သို့မဟုတ် အခြားသော ကြီးလေးပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက် ခံရမှုများ ဖြစ်လာမည်ဆိုပါက *ဖိနှိပ်ခံရမည့် မူလနိုင်ငံသို့ ပြန်မပို့ခြင်း* ဆိုင်ရာ စည်းကမ်းများကို အိမ်ရှင်နိုင်ငံဘက်မှ လိုက်နာရတော့မည် ဖြစ်သည်။ အခွင့်အရေးအခြေပြုပုံစံဖြင့် ပြန်ရမည့်နည်းလမ်းကို ရွေးချယ်၍မရပါက လူကုန်ကူး ခံရသူသည် အခွင့်အရေး အခြေပြုပုံစံဖြင့် ပြန်ရမည့်နည်းလမ်းအစား အခြားနည်းလမ်းဖြစ်သော လုံခြုံသည့် တရားဝင် အခြေအနေနှင့် ရေရှည်တွင် လူမှုစနစ်အရအကျုံးဝင်သော အနေအထားတစ်ခုကို ရရှိသင့်သည်။[12]

အဆိုပါအခြေခံမူသည် နစ်နာသူများကို မတရားဖမ်းဆီးခြင်း၊ ပြစ်မှုကျူးလွန်သူများအဖြစ် အရေးယူခြင်း မခံရစေရေး နှင့်လည်း အကျုံးဝင်ပြီး ၎င်းတို့အား မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း သို့မဟုတ် ပြစ်ဒဏ် ချမှတ်ခြင်း အပါအဝင် ၎င်းတို့၏အခွင့်အရေးများကို ချိုးဖောက်မှုအတွက် ကုစားပေးရန် လိုအပ်ပါသည်။

လူကုန်ကူးခံရသူများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးခြင်းသည် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ် အတွက် အကျိုးရှိပါသည်။ သူတို့အနေနှင့် ပြစ်ဒဏ်ပေးရမည့်အရေးမှ အကာအကွယ် မရရှိပါက နစ်နာသူများအနေနှင့် ၎င်းတို့မည်သူမည်ဝါဖြစ်ကြောင်း ထိထိရောက်ရောက် ဖော်ထုတ်နိုင်ရန်အတွက် အာဏာပိုင်များကို ကူညီနိုင်ခြေနည်းပါး ပါသည်။ ထို့အပြင် ပြစ်ဒဏ်ပေးခံရမည့်အရေးမှ အကာအကွယ်ပေးခံထားရသော နစ်နာသူများအနေနှင့်လည်း လူကုန်ကူးသူများနှင့် အခြားသော ကြီးလေးသည့်ပြစ်မှုများကို ကျူးလွန်ထားသော ရာဇဝတ်သားများကို တရားဥပဒေနှင့် အညီ ရင်ဆိုင်စေရန်အတွက် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုဖြစ်ပေါ်စေပါသည်။ နစ်နာသူများအနေနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတာဝန်ရှိသူများနှင့် ပူးပေါင်းမလုပ်ဆောင်လိုပဲ တုံ့ဆိုင်းနေရခြင်းမှာ အကြောင်းရင်းများစွာ တို့ကြောင့်ဖြစ်နိုင်ပြီး အောက်ပါတို့အပါအဝင် အခြားသော အကြောင်းရင်းများကြောင့်လည်း ဖြစ်နိုင်ပါသည်-

- ၎င်းတို့အနေနှင့် အာဏာပိုင်များသည် လူကုန်ကူးသူများလုပ်ဆောင်သော လုပ်ရပ်များထဲတွင် ပါဝင်ပတ်သက် နေသည်ဟု - မှန်ကန်စွာဖြစ်စေ၊ မှားယွင်းစွာဖြစ်စေ - ယုံကြည်ထားသောကြောင့် အာဏာပိုင်များကို မယုံကြည်ခြင်း။
- ၎င်းတို့အနေနှင့် လူကုန်ကူးသူများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုနိုင်ရန်အတွက် အာဏာပိုင်များကို ကူညီရန်

[12] ဒီဇင်ဘာလ ၁၉ ရက် ၂၀၁၈ တွင် အထွေထွေညီလာခံမှချမှတ်လိုက်သော ဆုံးဖြတ်ချက်ဖြစ်သည့် ဘေးကင်း၊ တည်ငြိမ်၍ ပုံမှန်ရွှေ့ပြောင်းခြင်းဆိုင်ရာ သဘောတူညီချက်၊ ဇန်နဝါရီလ ၁၁ ရက် ၂၀၁၉ တွင် ချမှတ်သော UN Doc A/RES/73/195၊ အပိုဒ် ၂၆(ဇ) အရ နိုင်ငံများကို "လူကုန်ကူးခံရသူများကို ရုပ်ပိုင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာနှင့် လူမှုပိုင်းဆိုင်ရာ အကာအကွယ်နှင့်အထောက်အကူများပေးရန်အပြင် ယာယီဖြစ်စေ၊ အပြီးဖြစ်စေ ဦးတည်ရာနိုင်ငံထဲတွင် ဆက်လက် နေထိုင်ရန်အတွက် ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတကာဥပဒေနှင့်အညီ နစ်နာသူအတွက် ပြန်လည် ဖြေရှင်းဆောင်ရွက်ပေးမှုနှင့် လျော်ကြေးအပါအဝင် တရားမျှတမှုရရှိစေရေး ဆောင်ရွက်ပေးရန်" ဟူ၍ ပါဝင်ပါသည်။

တုံ့ဆိုင်းနေခြင်းမှာ ထိုသို့ကူညီလိုက်ပါက ခိုလှုံစခန်းများတွင် ကြာရှည်စွာနေရပြီး အလုပ်မလုပ်နိုင်၊ မိသားစုကို မထောက်ပံ့နိုင်မည်ကို စိုးရိမ်ခြင်း။

- ၎င်းတို့အနေနှင့် အာဏာပိုင်များကိုကူညီလိုက်ပါက လူကုန်ကူးသူများ၏ လက်တုံ့ပြန်ခံရမည်ကို စိုးရွံ့ခြင်း။
- ၎င်းတို့အနေနှင့် အာဏာပိုင်များနှင့် ပူးပေါင်းမိသောကြောင့် ၎င်းတို့ပါ တရားမဝင်လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေသည့်အကြောင်းကို ဖော်မိသလိုဖြစ်ပြီး ပြစ်ဒဏ်ပေးခံရမည်ကို စိုးရွံ့ခြင်း။

နစ်နာသူများအား နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မျက်မြင်သက်သေကို အကာအကွယ်ပေးရမည့်အပြင် စတင် သတင်းပေးဖော်ထုတ်သူ (whistle-blower)ကို အကာအကွယ်ပေးရန်အတွက် ထိုအချက်များနှင့် အခြားသောအခက်အခဲများကို ကျော်လွှားရေးသည်လည်း လက်တွေ့တွင် ကျင့်သုံးရမည့် အရာတစ်ခုပင် ဖြစ်သည်။[13] ထိုပြဋ္ဌာန်းချက်များထဲတွင် နစ်နာသူများ၏ တစ်ဦးချင်းအလိုက် လိုအပ်ချက်များနှင့် ပိုမိုလိုလားချက်တို့နှင့်အညီ အကာအကွယ်ပေးရန်နှင့် ထောက်ပံ့ကူညီရန်အတွက် နစ်နာသူ-ဗဟိုပြုချဉ်းကပ်နည်းများ လိုအပ်ကြောင်းကိုလည်း ထောက်ပြလျက်ရှိပါသည်။ အဆိုပါ စိုးရိမ်ဖွယ်ရာအချက်များသည် နစ်နာသူများ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကာ လူကုန်ကူးသူများနှင့် ကြီးလေးသောပြစ်မှုများကို ကျူးလွန်ထားသည့် ရာဇဝတ်သားများကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ရန်အတွက်၊ နစ်နာသူများကို အကာအကွယ်ပေးရန်အတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု ကျင့်သုံးရေး၏ အရေးပါပုံကိုလည်း ပြသလျက်ရှိပါသည်။

**စာကွက် - ဥပမာ (တောင်းစားခြင်း)**

A ဟုခေါ်သော သင်ယူနိုင်စွမ်းဆိုင်ရာ မသန်စွမ်းသူအမျိုးသားတစ်ဦးကို ဆွေမျိုးခပ်ဝေးဝေးတော်စပ်သူတစ်ဦးမှ မြို့သို့ခေါ်လာသည်။ သူ၏မိသားစုကိုမူ A ကို မြို့ပေါ်တွင် အလုပ်ကောင်းကောင်းပေး၍ သူ့ကို ကူညီပေးနိုင်မည့် ဆရာများရှိသော အထူးပညာသင်ကျောင်း တက်နိုင်ရန်အတွက် အချိန်ရှိလာမည် ဖြစ်ကြောင်းလည်းပြောသည်။ အမှန်တကယ်တွင် သူ့အား လမ်းဘေးတွင်ထိုင်၍ သူဖုန်းစားလုပ်ခိုင်းလေသည်။ သူမြို့ပေါ်ရောက်ချိန်မှစ၍ သူ့မိသားစုနှင့်လည်း ဆက်သွယ်ခွင့်မရပေ။ တနေ့တွင် ရဲရောက်လာ၍ သူ့ကိုဖမ်းကာ ထွက်ခွါ၍မရနိုင်သောနေရာတွင် ထားလိုက်လေသည်။ သူ့ကို အကာအကွယ်ပေးရန်အတွက် ထားရသည်ဟု ပြောသော်လည်း သူသည် မိသားစုဆီသို့သာ ပြန်ချင်နေလေသည်။

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု လက်တွေ့ကျင့်သုံးခြင်း</u>* - A ကို ထားသော လူကုန်ကူးခံရသူများကို ထားရှိသော ခိုလှုံစခန်းတွင် တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းအနေနှင့် A သည် ဤခိုလှုံစခန်းတွင် မနေချင်သကဲ့သို့ သူ့အနေနှင့် အဘယ်ကြောင့် ထိုခိုလှုံစခန်းတွင်းသို့ ရောက်ရှိနေရမှန်းလည်း နားမလည်ပါ။ သူတို့ကရှင်းပြသည်မှာ ရဲဘက်မှ သူ့ကို ဤနိုင်ငံအတွင်းခေါ်ဆောင်လာပြီး လမ်းဘေးတွင် သူဖုန်းစားလုပ်ခိုင်းသောသူများကို စုံစမ်းစစ်ဆေးနေပြီး သူ့အနေနှင့် တရားရုံးတွင် သူမည်ကဲ့သို့ ဖြစ်ပျက်တွေ့ကြုံခဲ့ရသည်တို့ကို ပြောပြရန်အတွက် ဤနိုင်ငံအတွင်းတွင် နေရဦးမည်ဟူ၍ ဖြစ်သည်။ A သည် စိတ်ညစ်နေပြီး သူ့မိသားစုရှိရာအိမ်သို့ ပြန်ချင်ကြောင်း ထပ်ကာထပ်ကာ ပြောနေသည်။ A ၏ အကျိုးစီးပွါးကို ကိုယ်စားပြုပေးရသော လူမှုဝန်ထမ်းလုပ်သားမှ စုံစမ်းစစ်ဆေးရေးအရာရှိများနှင့် စကားပြောပြီး A ကို တတ်နိုင်သမျှ စောစောအိမ်ပြန်၍ ရနိုင်စေရန်အတွက် တရားရုံးတွင် လျှောက်လဲချက်ပေးရန်မလိုပဲ

[13] မျက်မြင်သက်သေ အကာအကွယ်ပေးရေးနှင့်သက်ဆိုင်သော UNTOC အပိုဒ် ၂၄ နှင့် *အခြားသောအချက်အလက်များ* ကိုရှုပါ။

တရားခွင်အကြို ဖြောင့်ချက်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလိုက်သည်။

## လူကုန်ကူးသူများကို တရားစွဲဆိုခြင်း

နိုင်ငံများအနေနှင့် နိုင်ငံတကာဥပဒေအရ လူကုန်ကူးမှုကို တားဆီးတိုက်ဖျက်ရန်နှင့် ကျူးလွန်သူများကို တရားစွဲဆိုရန် အတွက် တာဝန်ရှိပါသည်။ လူကုန်ကူးမှု တိုက်ဖျက်ရေးစွမ်းရည်နဲပါးသော နိုင်ငံများသည် တရားဥပဒေအရ အရေးယူခံရရန် ကြောက်ရွံ့စရာမလိုဘဲ လုပ်၍ရနိုင်သော အခြေအနေများကို အားကောင်းစေသောကြောင့် အုပ်စုဖွဲ့ကျူးလွန်သော ရာဇဝတ်သားများအတွက် မျက်စိကျစရာ ဖြစ်နိုင်သည်။ လူကုန်ကူးသူများအနေနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် လုပ်ဆောင်သော တာဝန်ရှိသူများကို လူပင်ပန်း အချည်းနှီးဖြစ်စေရန်အတွက် တမင်တကာ ရည်ရွယ်ချက်ရှိရှိဖြင့် ၎င်းတို့ကျူးလွန်သော အမှုများ၏ ပြစ်ဒဏ်များကို နစ်နာသူများထံလွှဲချခြင်းဖြင့် ၎င်းတို့ကြောင့် နစ်နာရသောသူကို ပြစ်ဒဏ်ခံစားရမည့် ဘေးသင့်စေလေ့ရှိသည်။ ထို့ကြောင့်ပင် နိုင်ငံများအနေနှင့် လူကုန်ကူးမှုကြောင့် နစ်နာရသောသူများကို ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ မကျင့်သုံးပေးနိုင်သောအခါ ၎င်းတို့အနေနှင့် လူကုန်ကူးသူများကို ၎င်းတို့၏ ရာဇဝတ်မှု လုပ်ငန်းများလုပ်နိုင်စေရန်အတွက် အကူအညီပေးသကဲ့သို့ ဖြစ်သွားနိုင်သော အန္တရာယ်ရှိသည်။ လူကုန်ကူးသူများ အဓိကသုံးသောနည်းလမ်းမှာ အာဏာပိုင်များသည် နစ်နာသူတို့ကို ဖမ်းဆီး၊ ထိန်းသိမ်း၊ ပြည်နှင်၍ ၎င်းတို့ ပါဝင်ပတ်သက် ခဲ့သော လုပ်ရပ်များအတွက် တရားစွဲဆိုခြင်းမျိုးပင်လုပ်လိမ့်မည်ဟု နစ်နာသူများကို ခြိမ်းခြောက်ထားခြင်းပင်ဖြစ်သည်။ နိုင်ငံတော်မှ တာဝန်ရှိသူများအနေနှင့် လူကုန်ကူးသူများ၏ လှည့်ကွက်အတွင်းကျရောက်ပြီး ထိုကဲ့သို့သော လုပ်ရပ်များ လုပ်သောအခါ လူကုန်ကူးသူတို့ မှန်ကန်ကြောင်း သက်သေပြသကဲ့သို့ဖြစ်သွားပြီး အာဏာပိုင်များ၏ အာရုံစိုက်သော အရေးသည်လည်း လူကုန်ကူးသူများကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်အစား နစ်နာသူကို အပြစ်ပေးခြင်းဘက် ရောက်သွားလေသည်။ ထိုအစား နိုင်ငံများအနေနှင့် လူကုန်ကူးခံရသူများကို တရားစွဲဆိုခြင်း သို့မဟုတ် ပြစ်ဒဏ်ပေး ခြင်းသည် လူကုန်ကူးမှုကို ထိထိရောက်ရောက် စုံစမ်း၊ တရားစွဲဆို၍ နှိမ်နင်းခြင်းမဟုတ်ဘဲ လူကုန်ကူးသူများနှင့် အခြားသော ရာဇဝတ်သားများကို ပြစ်ဒဏ်မခံရစေဘဲ ရာဇဝတ်မှုကျူးလွန်ရန်အတွက် အကူအညီ ပေးနေခြင်းဖြစ်သည်။

နိုင်ငံများအနေနှင့် နစ်နာသူများနှင့် ၎င်းတို့ကြုံတွေ့ရသည့် လူကုန်ကူးမှုအမျိုးအစား (လိင်အလုပ်ဖြစ်စေ၊ IUU ငါးဖမ်း သင်္ဘောပေါ်တွင်ဖြစ်စေ သို့မဟုတ် အွန်လိုင်းငွေကြေးလိမ်လည်မှု အိမ်ရာဝင်းတွင်ဖြစ်စေ ဆေးခြောက်စက်ရုံတွင် ဖြစ်စေ)နှင့် ထိုနစ်နာသူတို့ကို ခေါင်းပုံဖြတ်နေသူများအကြား ရှိနေသော ဆက်စပ်မှုများကို ဖော်ထုတ်ရန်အတွက် တာဝန် ရှိသည်။ ထိုဆက်နွယ်မှုများကို မဖော်ထုတ်နိုင်ပါက နိုင်ငံများအနေနှင့် ထိုကဲ့သို့သော ကြီးလေးသည့်ရာဇဝတ်မှုများကို ကျူးလွန်သူများအား စုံစမ်းစစ်ဆေးပြီး တရားဥပဒေအရ တရားစွဲဆိုရန်တာဝန်ကိုမလုပ်နိုင်ဟု ဆိုရမည်ဖြစ်သည်။

အထူးသဖြင့် အာဏာပိုင်များသည် လူကုန်ကူးမှုအား လက်ဦးမှုရယူ၍ စုံစမ်းစစ်ဆေးခြင်းမပြုနိုင်သောအခါတွင် နစ်နာသူ၏ သက်သေခံထွက်ဆိုချက်သည် လူကုန်ကူးမှုများတွင် မကြာခဏဆိုသလို အရေးကြီးသော အထောက်အထားဖြစ်လေ့ ရှိသည်။ လူကုန်ကူးခံရသူများကို ပြစ်ဒဏ်ချမှတ်ခြင်းမှ အကာအကွယ်မပေးပါက ၎င်းတို့အနေနှင့် လူကုန်ကူးသူများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် ကြိုးပမ်းရာတွင် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိနိုင်ပေ။ ထို့ကြောင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လိုက်နာကျင့်သုံးခြင်း မရှိပါက လူကုန်ကူးမှုနှင့် အခြားသော ကြီးလေးသော ရာဇဝတ်မှု များကို ကျူးလွန်သူများအား နစ်နာသူမှ သက်သေအဖြစ်ထွက်ဆိုရန် အခွင့်အလမ်းများ လက်လွတ်သွားနိုင်သည်။

## *ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် မည်သည်တို့မှ အစပြုသနည်း။*

### နိုင်ငံတကာ ဥပဒေ

အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ် (လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်) တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းမရှိပါ။ သို့သော်လည်း ယင်းပရိုတိုကောလ် အပိုဒ် ၁၅ သည် နိုင်ငံများသည် နိုင်ငံတကာ လူ့အခွင့်အရေး ဆိုင်ရာ တာဝန်ဝတ္တရားများနှင့်အညီ အဆိုပါပရိုတိုကောလ်ကိုလိုက်နာရန် တိုက်တွန်းထားပြီး UNTOC အပိုဒ် ၂၅ က အဖွဲ့ဝင်နိုင်ငံများကို ဂိုဏ်းဖွဲ့ရာဇဝတ်မှုကျူးလွန်ခြင်းကိုခံရသော နစ်နာသူများ၏ အခွင့်အရေးတို့ကို ကာကွယ်ပေးရန် အတွက် တောင်းဆိုထားသည်။ ထိုအချက်ကို နိုင်ငံတကာ တရားစီရင်ရေးနှင့် ဥပဒေအရချည်နှောင်မှု မရှိသော စာချုပ်များ တွင်လည်း ပို၍အသိအမှတ်ပြုလာကာ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် လူ့အခွင့်အရေး အခြေပြု၊ နစ်နာသူဗဟိုပြုနှင့် ကိုက်ညီသော နည်းလမ်းများဖြင့် ထိုသဘောတူစာချုပ်များကို ထိထိရောက်ရောက် လက်တွေ့လုပ်ဆောင်ရန်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူသည် ၂၀၁၄ အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ သဘောတူစာချုပ်၏ လုပ်ထုံးလုပ်နည်း နံပါတ် ၂၉၊ အပိုဒ် ၄(၂)ထဲတွင် ရှင်းလင်းစွာဖော်ပြထားသည်။

> အဖွဲ့ဝင်နိုင်ငံတိုင်းအနေနှင့် ၎င်းတို့၏ ဥပဒေစနစ်များထဲတွင်ပါဝင်သော အခြေခံစည်းမျဉ်းများနှင့်အညီ အဓမ္မ စေခိုင်းခံရသောကြောင့် တိုက်ရိုက် အကျိုးဆက်အနေနှင့် ဖြစ်လာသော မိမိအလိုဆန္ဒမပါဘဲ တရားမဝင် လုပ်ရပ် များတွင် ပါဝင်ပတ်သက်မိမှုအတွက်၊ နစ်နာသူများကို အဓမ္မစေခိုင်းခံရမှုအတွက် တရားဥပဒေအရ တရားစွဲဆိုခြင်း သို့မဟုတ် ပြစ်ဒဏ်များချမှတ်ခြင်းတို့ကို တာဝန်ရှိအာဏာပိုင်များအနေနှင့် မပြုလုပ်ရန်အတွက် လိုအပ်သော လုပ်ဆောင်ဖွယ်ရှိသည့်အရာတို့ကို လုပ်ပေးရမည်။

ILO သဘောတူညီချက်စာချုပ် အမှတ် ၂၉ ထဲတွင် ဖော်ပြထားချက်အရ အဓမ္မလုပ်အားခိုင်းစေမှု သို့မဟုတ် ဝန်ဆောင်မှု များဟု ခေါ်ဆို၍ရနိုင်သော အလုပ်များသည် စည်းမျဉ်းစည်းကမ်း ကြပ်မတ်မထားသော သို့မဟုတ် တရားမဝင်သော လုပ်ငန်းကဏ္ဍများထဲတွင်ပင် ရှိနေနိုင်သည်။ ထို့ကြောင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို အဓမ္မခိုင်းစေသော လုပ်အား အတွက် သက်ရောက်စေရေးသည် ပြည်တွင်းဥပဒေ သက်ရောက်သောနေရာများတွင် အဓမ္မခိုင်းစေသော လုပ်အားအတွက် လူကုန်ကူးမှုကို အဓမ္မကျူးလွန်သော ရာဇဝတ်မှုလုပ်ငန်းများအနေနှင့် ကိုင်တွယ်မည့် နိုင်ငံများအတွက် အထူးသင့်လျော်မှု ရှိပါသည်။

*ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ လူ့အခွင့်အရေးနှင့် လူကုန်ကူးမှုဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်ချက်များ* အပါအဝင် အခြားသော နိုင်ငံတကာသဘောတူစာချုပ် အများအပြားသည်လည်း ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ထောက်ခံလျက်ရှိပါသည်။

> လူကုန်ကူးခံရသူများအနေနှင့် နိုင်ငံတစ်နိုင်ငံအတွင်းသို့ ကြားခံဖြတ်သန်းခြင်းနှင့် ဦးတည် ဝင်ရောက်ခြင်းကြောင့် ၎င်းတို့၏ တရားမဝင် ဝင်ရောက်မှုအတွက် သို့မဟုတ် နေထိုင်မှုအတွက် သို့မဟုတ် လူကုန်ကူးခံရသော အခြေအနေကြောင့် တိုက်ရိုက်အကျိုးဆက်အနေနှင့် တရားမဝင်သော လုပ်ရပ်များတွင် ပါဝင်ပတ်သက်ရသော အခြေအနေမျိုးအထိတို့အတွက် ၎င်းတို့ကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ အရေးယူခြင်း သို့မဟုတ် တရားစွဲဆိုခြင်း မပြုစေရပါ။

လမ်းညွှန်ချက် ၄(၅)က သတ်မှတ်ထားသည်မှာ နိုင်ငံများအနေနှင့် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်ဟူ၍ဖြစ်သည်-

> လူကုန်ကူးခံရသော အခြေအနေကြောင့် ဖြစ်လာသည့် တိုက်ရိုက်အကျိုးဆက်အနေနှင့် ၎င်းတို့ ပါဝင်ပတ်သက်ရသည့် လုပ်ရပ်များအတွက် ၎င်းတို့၏ တရားမဝင် ဝင်ရောက်မှု သို့မဟုတ် နေထိုင်မှုတို့အတွက် တရားစွဲဆိုခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းတို့ကို မပြုလုပ်ရန် တရားဥပဒေပြဋ္ဌာန်းချက်များက လူကုန်ကူးခံရသူတို့အပေါ် အကာအကွယ်ပေးရမည်။

ကလေးသူငယ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက် ၈(၃) က ချမှတ်ထားသည်မှာ နိုင်ငံများအနေနှင့် သင့်လျော်သော အခြေအနေများတွင် အစိုးရပေါင်းစုံ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ထည့်သွင်းစဉ်းစားသင့်သည်မှာ-

> ကလေးသူငယ်များအနေနှင့် ၎င်းတို့ လူကုန်ကူးခံရသောအခြေအနေနှင့် ပတ်သက်နေသော ချိုးဖောက် ကျူးလွန်မှုများကြောင့် ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆို အရေးယူခံရခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခံရခြင်းတို့ မဖြစ်စေရန်အတွက် တာဝန်ယူဆောင်ရွက်ရမည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာတွင် ထပ်မံအားပေး ဖော်ပြထားပြီး[14] လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များထဲတွင်လည်း နိုင်ငံများကို လူကုန်ကူးခံရသူများအား ပြစ်ဒဏ် မပေးရန်အတွက် တောင်းဆိုထားသည်။[15] ထိုအချက်များနှင့် အခြားသော သက်ဆိုင်ရာ သဘောတူစာချုပ်များသည်လည်း နောက်ဆက်တွဲ ၄ ထဲတွင် ပါဝင်ပြီး အာဆီယံလမ်းညွှန်ချက် တစ်လျှောက်တွင်လည်း ဖော်ပြပြီးဖြစ်သည်။

**ဒေသဆိုင်ရာ ဥပဒေ**

အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် (ACTIP) သည် အပိုဒ် ၁၄(၇) တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူများကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသော တိုးတက်သည့် သဏ္ဌာန်ဆောင်သည့် သဘောတူစာချုပ်ဖြစ်သည်။

> အဖွဲ့ဝင်နိုင်ငံတိုင်းအနေနှင့် ၎င်းတို့၏ပြည်တွင်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်

[14] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Maria GraziaGiammarinaro ၏ ဧပြီလ ၆ရက် ၂၀၂၀ အစီရင်ခံစာ၊ UN Doc A/HRC/44/45၊ အပိုဒ် ၃၆။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ လက်တွေ့အကောင်အထည်ဖော်ခြင်း - အမျိုးသမီးများနှင့် ကလေးသူငယ်များကို အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullaly ၏ အစီရင်ခံစာ၊ UN Doc. A/HRC/47/34 (မေလ ၁၇ ရက် ၂၀၂၁)

[15] လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၂၃၃၁(၂၀၁၆)၊ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၃၈၈(၂၀၁၇)

စဉ်တွင် အကြောင်းအကျိုးတိုက်ဆိုင်မှုရှိသော အမှုအခင်းများ၌ လူကုန်ကူးမှုနှင့် တိုက်ရိုက်ပတ်သက်နေသော တရားဥပဒေနှင့်မညီသည့် လုပ်ရပ်များကို လူကုန်ကူးခံရသူများမှ ကျူးလွန်ခဲ့သည်ရှိသော် ထိုလူကုန်ကူးခံရသော နစ်နာသူများကို ရာဇဝတ်ကြောင်းအရ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြစ်ဒဏ်ပေးခြင်း မပြုရန် ထည့်သွင်းစဉ်းစားရမည်။

ဤပြဌာန်းချက်အနေနှင့်လည်း ရှင်းရှင်းလင်းလင်း ဖွင့်ဆိုထားသည်မှာ အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေနှင့် အတိုင်းအတာ တစ်ခုထိ မိမိအနေအထားနှင့် လိုက်လျောညီထွေရှိစွာ အဆိုပါအချက်ကို လိုက်နာကာ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးရန်အတွက် ထည့်သွင်းစဉ်းစားရမည်ဟူ၍ ဖြစ်သည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံးသည် ACTIP အဖွဲ့ဝင်များ ဖြစ်ကြသောကြောင့် ထိုနိုင်ငံများအားလုံးအပေါ် အပိုဒ် ၁၄(၇)က ဥပဒေအရ ချည်နှောင်မှုရှိသည်။

အာဆီယံသဘောတူစာချုပ် ပြဋ္ဌာန်းခြင်းမပြုမီ ဆယ်နှစ်အလိုက ၂၀၀၅ ခုနှစ်တွင် ဥရောပကောင်စီ၏ လူကုန်ကူးမှု တားဆီး ဆန့်ကျင်ရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၆ (ဥရောပကောင်စီစာချုပ်အတွဲ အမှတ် ၁၉၇)တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အောက်ပါအတိုင်းဖော်ပြထားသည်-

အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီအနေနှင့် ၎င်းတို့၏ ဥပဒေစနစ် အခြေခံစည်းမျဉ်းတို့နှင့်အညီ အဓမ္မ စေခိုင်းခံရ သောကြောင့် လုပ်ရသော တရားမဝင်လုပ်ရပ်များတွင် ပါဝင်ပတ်သက်မိသောကြောင့် နစ်နာသူများအပေါ်ကို ပြစ်ဒဏ်ချမှတ်ခြင်း မပြုမိရန်အတွက် ဆောင်ရွက်ပေးနိုင်သော အခြေအနေများ ဖန်တီးပေးရန်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနှင့် ဥရောပကောင်စီ သဘောတူစာချုပ်၏ ချည်နှောင်ခြင်းကို မခံရသော်လည်း ၎င်းတို့ အနေနှင့် အခြားနိုင်ငံများ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးပုံကို လေ့လာနိုင်ပြီး ၎င်းတို့ လုပ်ဆောင်ရာတွင်လည်း လမ်းညွှန်တစ်ခုသဖွယ် အသုံးချနိုင်ပါသည်။

## ပြည်တွင်းဥပဒေ

အာဆီယံတွင်းရှိ နိုင်ငံအများစုတွင် ၎င်းတို့၏ ပြည်တွင်းဥပဒေများ၌ ရှင်းရှင်းလင်းလင်း ဖော်ပြထားသော ပြစ်ဒဏ် ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်(နောက်ဆက်တွဲ ၁ တွင် ကြည့်ပါ)။ ကမ္ဘောဒီယားနှင့် စင်္ကာပူတို့တွင် ခြွင်းချက် အနေနှင့် ၎င်းတို့၏ ပြည်တွင်းဥပဒေအတွင်းတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်း မရှိပါ။ ဗီယက်နမ်အနေနှင့် ၎င်း၏ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည် ပြင်ဆင်ပြီးနောက်တွင် ပြစ်ဒဏ် ကင်းလွတ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထည့်သွင်းခဲ့သည်။ ထိုဥပဒေသည် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်၍ အသက်ဝင်မည်ဖြစ်သည်။

ပြည်တွင်းရှိ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များသည်လည်း နစ်နာသူ၏ တရားမဝင်သော လုပ်ရပ်များနှင့် သူ၏ လူကုန်ကူးခံရသောဖြစ်ရပ်တို့အကြား ဆက်စပ်မှုကို ဖော်ထုတ်ရန်အတွက် မတူညီသော နည်းလမ်းအမျိုးအပြားကို အသုံးပြုသည်။

- နိုင်ငံတစ်နိုင်ငံ(အင်ဒိုနီးရှား)သည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု သက်ရောက်မှု ရှိစေရန်အတွက် တရားမဝင်သော

လုပ်ရပ်ထဲတွင် နစ်နာသူအနေနှင့် အတင်းအဓမ္မစေခိုင်းခံခဲ့ရခြင်း ရှိရမည်ဟု ပြဋ္ဌာန်းထားသည်။

- အခြားသောနိုင်ငံများ(ဘရူနိုင်း ဒါရူဆလမ်၊ လာအို PDR၊ မလေးရှားနှင့် ဗီယက်နမ်) တို့တွင် ထိုနစ်နာသူတို့ ကျူးလွန်ခဲ့သော တရားဥပဒေနှင့်မညီသော လုပ်ရပ်များသည် လူကုန်ကူးမှုနှင့် တိုက်ရိုက် ဆက်စပ်နေရမည်ဟု ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းထားသော ဥပဒေအရ ထိုတရားမဝင်သော လုပ်ရပ်သည် လူကုန်ကူးမှု၏ "တိုက်ရိုက်အကျိုးဆက်" ဖြစ်ရမည်ဟူ၍ ၂၀၀၅ ခုနှစ် ဥပဒေတွင်ပါသော်လည်း ယခင် ဥပဒေအဟောင်းကို ပယ်ဖျက်ပြီး ၂၀၂၂ ခုနှစ်တွင် ပြဋ္ဌာန်းသောဥပဒေထဲတွင် လိုအပ်သော ဆက်စပ်မှုတို့ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းမရှိပါ။
- ဖိလစ်ပိုင် ပြည်တွင်းဥပဒေတွင် တရားမဝင်သောလုပ်ရပ်ဟူသော လုပ်ရပ်များသည် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်ရလဒ် သို့မဟုတ် ထိုဖြစ်ရပ် သို့မဟုတ် ဆက်စပ်မှုတို့ကြောင့် သို့မဟုတ် ထိုလူကုန်ကူးသူမှ အမိန့်ပေးသောကြောင့် နာခံ၍ဆောင်ရွက်ရသော လုပ်ရပ်မျိုးတို့ကို ဆိုလိုခြင်းဖြစ်သည်။
- အချို့သော ပြဋ္ဌာန်းချက်များအနေနှင့် အချို့သော ကြိုတင်သတ်မှတ်ထားသော ချိုးဖောက်မှုများအတွက်သာ အကာအကွယ်ပေးမည့် အတိုင်းအတာကို သတ်မှတ်ထားသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် စာရွက်စာတမ်းဆိုင်ရာ ချိုးဖောက်မှုများ (ဘရူနိုင်း ဒါရူဆလမ်၊ မလေးရှား)၊ တရားမဝင် လူဝင်မှုနှင့် ပြည့်တန်ဆာမှု (လာအို PDR)နှင့် လူကုန်ကူးမှုနှင့် တရားမဝင် ဝင်ရောက်မှု၊ ထွက်ခွါမှု၊ နေထိုင်မှုနှင့် အလုပ် လုပ်ကိုင်မှုအပြင် စာရွက်စာတမ်းနှင့် သက်ဆိုင်သော ချိုးဖောက်မှုများ (မြန်မာ)တို့ ဖြစ်ကြသည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့တွင်မူ ပြစ်ဒဏ် အကာအကွယ်ကို မည်သည့်ပြစ်မှုများအတွက်သာဟူ၍ ကန့်သတ်မထားပါ။
- ထိုင်းနိုင်ငံအနေနှင့် နစ်နာသူကို လူကုန်ကူးမှု၊ လူဝင်မှုကြီးကြပ်ရေးအမှု၊ ပြည့်တန်ဆာမှု၊ စာရွက်စာတမ်း သို့မဟုတ် အလုပ်နှင့်သက်ဆိုင်သော ချိုးဖောက်မှုများအတွက် တရားစွဲဆို အရေးယူမည်ဆိုပါက တရားစီရင်ရေးဆိုင်ရာ ဝန်ကြီးထံမှ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်လိုအပ်ပါသည်။[16] အလားတူပင် ၂၀၂၂ တွင် မြန်မာနိုင်ငံဥပဒေအရ လူကုန်ကူးခံရသူများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဗဟိုအဖွဲ့မှ ခွင့်ပြုချက်လိုပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖော်ပြထားသော အချက်များကို နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားပါသည်။

ပြည်တွင်းဥပဒေတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် ပြဋ္ဌာန်းချက်များကို ရှင်းလင်းသော ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ပြဋ္ဌာန်းခြင်းသည်။ အလေ့အထကောင်းတစ်ရပ် ဖြစ်ပါသည်။[17] သို့သော်လည်း နိုင်ငံများအနေနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ပွင့်ပွင့်လင်းလင်းဖော်ပြသော ပြည်တွင်းဥပဒေ မရှိသည့်အခါ သို့မဟုတ် ၎င်းတို့၏ ပြည်တွင်းဥပဒေသည် နစ်နာသူကြုံတွေ့နေရသော အနေအထားနှင့် ကိုက်ညီ သက်ရောက်မှု မရှိသည့်အခါတွင် ဖိအားခြိမ်းခြောက်မှုကဲ့သို့သော ရန်ဘေးမှ ယေဘုယျ အကာအကွယ်ပေးခြင်းအပါအဝင် နစ်နာသူများကို ပြစ်ဒဏ်ပေးမခံရစေရန် ကာကွယ်ပေးနိုင်ရန်အတွက် အခြားသော အခွင့်အလမ်းများ ဥပဒေအတွင်းတွင်

[16] လူကုန်ကူးမှုတားဆီးဆန့်ကျင်ရေးဆိုင်ရာ အက်ဥပဒေ သက္ကရာဇ် ၂၅၅၁(၂၀၀၈)၊ ၂၀၁၅ ပြင်ဆင်ချက်(၂၅၅၈) နှင့် ၂၀၁၇ ပြင်ဆင်ချက် (သက္ကရာဇ် ၂၅၆၀) မှ ပုဒ်မ ၄၁။ ASEAN-ACT ၂၀၂၂ ၏ တွေ့ရှိချက်အရ စာဖြင့်ရေးသား၍ ခွင့်ပြုချက်တောင်းခံမှု မရှိခဲ့ပါ။

[17] လူကုန်ကူးခံရသောကြောင့် ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံရသော နစ်နာသူများအတွက် သင့်တော်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုံ့ပြန်ချက်များ ဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက် - ဗီယင်နာမြို့ရှိ လူကုန်ကူးမှုအရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးရုံးမှ နောက်ခံအချက်အလက်ဆိုင်ရာ စာရွက်စာတမ်းများကို ၂၀၂၀ စက်တင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြင်ဆင်ပေးထားခြင်းဖြစ်သည်။ UN Doc. CTOC/COP/WG.4/2020/2 (15 June 2020) အပိုဒ် ၄၆

ရှိနေနိုင်သေးပြီး ပြည်တွင်းဥပဒေအတွင်းတွင် ထည့်သွင်းရေးဆွဲနိုင်ပါသေးသည်။ တာဝန်ရှိသူများအနေနှင့်လည်း UNTOC ၊ လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်နှင့် ACTIP တွင် ပါဝင်သော ဖွင့်ဆိုချက်များအရ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ပြဋ္ဌာန်းချက်များအတိုင်း၊ လိုက်နာဖွယ်ရှိသည်တို့အတိုင်း လိုက်လံ ဆောင်ရွက်ခြင်းဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးနိုင်ပါသည်။

## *ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုသည် မည်သည့်အချိန်တွင် သက်ရောက်မှုရှိမည်နည်း။*

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုသည် လူတစ်ဦးသည် လူကုန်ကူးခံရသူဖြစ်သည်ဟူသော အချက်ဖြင့် သမားရိုးကျ ဆန်ဆန် ဆုံးဖြတ်ချက်ချမှုအပေါ်တွင် မှီတည်ခြင်း ရှိမနေသင့်ပါ။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု သက်ရောက်မည့် အခွင့်အလမ်း များသည် နစ်နာသူဟု ကြိုတင်ယူဆထားသောသူတစ်ဦးအနေနှင့် အာဏာပိုင်နှင့် စတင်ထိတွေ့ချိန်မှစ၍ ပေါ်ပေါက် လာမည်ဖြစ်ပြီး ၎င်းတို့အချင်းချင်း ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်အတွင်းတွင် နစ်နာသူအနေနှင့်ရော၊ အချို့အခြေအနေ များတွင် ပြစ်မှုကျူးလွန်သူ အနေနှင့်ရော ထိတွေ့ရခိုက်တွင် ထိုအခွင့်အလမ်းရှိနေမည်ဖြစ်သည်။

### **လူကုန်ကူးခံရသူကို စိစစ်ခြင်းနှင့် ဖော်ထုတ်သတ်မှတ်ခြင်း** (အပိုင်း ၂)

မည်သို့သော ပြစ်ဒဏ်မှမပေးရသေးမီ လူတစ်ဦးအနေနှင့် လူကုန်ကူးခံရသောသူ ဖြစ်နိုင်သည်ဟူသော ခိုင်လုံသော သံသယသည် အာဏာပိုင်များထံတွင် ပေါ်ပေါက်လာချိန်တွင် နစ်နာသူများကို ဖော်ထုတ်မိလေ့ရှိကြသည်။ လူကုန်ကူး ခံရသူများကို ချက်ချင်းမထုတ်ဖော်နိုင်ပါက ၎င်းတို့ကို အကာအကွယ်ပေးရေး လမ်းကြောင်းများထဲကို ပြန်လည် ပြောင်းရွှေ့ပေးရန် ခက်ခဲပါသည်။ သို့သော်လည်း အာဏာပိုင်များအနေနှင့် လူကုန်ကူးခံရသူများနှင့် ကြုံတွေ့ရသော အခါတိုင်းတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုများကို လက်တွေ့ကျင့်သုံးရန်အတွက် အခွင့်အလမ်းများ ပေါ်ပေါက် လာလေ့ရှိပါသည်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း နစ်နာသူနှင့်ကျူးလွန်သူဟူသည်မှာ တစ်ခုဖြစ်လျှင် တစ်ခုမဖြစ်သော အဖြူ-အမည်း ဆန်ဆန် ကွဲပြားသောအရာမဟုတ်ပါ။ လူတစ်ဦးအနေနှင့် အချို့သော တရားဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ်မခံရစေရန် အကာအကွယ်ရရန် လိုအပ်သော်လည်း အချို့သော လုပ်ရပ်များအတွက် မရသင့်ပါ။ တာဝန်ရှိသူများ အနေနှင့်လည်း နစ်နာသူကျူးလွန်သော မည်သည့် တရားမဝင် လုပ်ရပ်များသည် ၎င်းတို့ လူကုန်ကူးခံရမှုနှင့်ပတ်သက်နေပြီး အချို့သော တရားမဝင် လုပ်ရပ်များသည် ၎င်းတို့ လူကုန်ကူးခံရမှုနှင့်မပတ်သက်ဘဲ မည်သို့သော အခြေအနေမျိုးတွင် နစ်နာသူတို့ကို ကျူးလွန်သူအနေနှင့် ချဉ်းကပ်ရမည်နည်းဟူသောအချက်ကို စဉ်းစားရသည်မှာ ခက်ခဲနိုင်ပါသည်။ ထိုကဲ့သို့ ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် စောစီးစွာနှင့် ထိရောက်စွာ လူကုန်ကူးခံရသူဟု ဖော်ထုတ်သတ်မှတ်နိုင်ရန် အရေးကြီး ပါသည်။

တရားမဝင်လုပ်ရပ်များတွင် ပါဝင်လုပ်ဆောင်ရသည့် လူကုန်ကူးခံရသူ ဖြစ်နိုင်ခြေရှိသောသူများကို ပထမဆုံး ထိတွေ့ခွင့် ရခဲ့သည့် အလုပ်သမားရေးရာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အခြားသော အရာရှိများသည် ထိုသူများကို ထိထိရောက်ရောက်ပင် စစ်ဆေး၍ လူကုန်ကူးခံရသောနစ်နာသူဖြစ်နိုင်ခြေရှိသူဟု ဖော်ထုတ်နိုင်ပြီး ထိုသူတို့ကို ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ် လုပ်ငန်းစဉ်မှ ပြောင်းရွှေ့ဖယ်ထုတ်ကာ အကာအကွယ်ပေးရေး လမ်းကြောင်းပေါ်သို့

ချပေးနိုင်ပါသည်။

ဥပမာအားဖြင့် အလုပ်သမားရေးရာ ကြီးကြပ်စစ်ဆေးရေးမှူးတို့သည် အလုပ်သမားနှင့်ပတ်သက်သော ကိစ္စရပ်များ စစ်ဆေး နေစဉ်အတွင်းတွင် အချို့သော အလုပ်အမျိုးအစားများ လုပ်ဆောင်ရန်အတွက် လူကုန်ကူးခံထားရခြင်းမျိုး ဖြစ်နိုင်သည်ဟု ၎င်းတို့ သံသယဖြစ်မိသော လူမျိုးကို တွေ့ကြုံရခြင်းမျိုး ရှိနိုင်ပါသည်။ လူဝင်မှုကြီးကြပ်ရေးအရာရှိများအနေနှင့် ပုံမှန် မဟုတ်သော ရွှေ့ပြောင်းနေထိုင်မှုတို့ကို စုံစမ်းစစ်ဆေးရာတွင် လူကုန်ကူးခံရခြင်းဖြစ်နိုင်သော လူများကို တွေ့ကောင်းတွေ့ရ နိုင်ပါသည်။ ရဲအရာရှိများအနေနှင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု၊ တားမြစ်ကုန်စည်းခိုးဝှက်သယ်ယူမှု သို့မဟုတ် ဆိုင်ဘာ လိမ်လည်မှုကဲ့သို့သော ဆိုင်ဘာနယ်ပယ်ကြောင့်ဖြစ်ရသော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးနေချိန်တွင် ထိုအခင်းဖြစ်ရာ အခြေအနေသို့ လူများကို တရားမဝင်ကုန်ကူးခဲ့သော အနေအထားမျိုးကို ကြုံတွေ့ရခြင်းမျိုးလည်းဖြစ်နိုင်သည်။ ထိုအခြေအနေ အားလုံးတို့ထဲတွင် အာဏာပိုင်များအနေနှင့် ၎င်းတို့ကြုံတွေ့ခဲ့ရသော နစ်နာသူများကို မှန်မှန်ကန်ကန် ဖော်ထုတ်နိုင်ပါက ၎င်းတို့ကို တရားခွင်အကြိုစစ်ဆေးမှု သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဖမ်းဆီးထိန်းသိမ်းမှုတို့မှ ချက်ချင်းလွှတ်ပေးပြီး ထိုသူတို့ကို အကာအကွယ်ပေးရေး လမ်းကြောင်းများဆီသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ပါသည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ ကျင့်သုံးနိုင်စေရန် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အခြားသော ဝန်ဆောင်မှုပေးသူများဘက်မှလည်း လုပ်ဆောင်နိုင်သော အခန်းကဏ္ဍများရှိပါသည်။ ၎င်းတို့နှင့် ထိတွေ့ရသောသူများ အနက်မှ လူကုန်ကူးခံရသူများကို သတိထားမိသောအခါ ၎င်းတို့အနေနှင့် လူတစ်ဦး၏နစ်နာမှုကို အသိအမှတ်ပြုမှုရရန် အတွက်နှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ထိထိရောက်ရောက် ကျင့်သုံးနိုင်ရန်အတွက် အလုပ်သမားရေး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အခြားသော အရာရှိများကို ကူညီပေးနိုင်သည်။

ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော လူကုန်ကူးခံရသူများနှင့်ထိတွေ့ရသော အရာရှိများအနေနှင့် နစ်နာသူဖြစ်နေ နိုင်ခြေရှိသော လူအမျိုးမျိုးတို့ကို သိရှိခွဲခြားနိုင်စွမ်း ရှိရပါမည်။ ထိုအမျိုးမျိုးသော နစ်နာသူများထဲတွင် ဒုက္ခသည်ဖြစ်ခြင်း ကြောင့် ထိခိုက်လွယ်မှုရှိနေသူများ၊ ပဋိပက္ခမှ ထွက်ပြေးလာသူများ၊ LGBTQI+ အသိုင်းအဝိုင်းမှသူများ၊ မသန်စွမ်းများ၊ အကူအညီကင်းမဲ့ ထိခိုက်လွယ်သော ရွှေ့ပြောင်းနေထိုင်သူများနှင့် အခြားသော အထူးအကာအကွယ် လိုအပ်နိုင်သော သူများတို့ပါ အပါအဝင်ဖြစ်သည်။[18] လူငယ်များအပါအဝင် ၎င်းတို့ကြားထဲတွင် ဥပဒေနှင့်မညီညွတ်သောအနေအထားသို့ ရောက်နေသော သူများသည် ၎င်းတို့အတွက် အကာအကွယ်နှင့် အထောက်အကူများ မရရှိမည့်ဘေးကို ရင်ဆိုင်နေရသည်။ ထို့ကြောင့်ပင် အရာရှိများအနေနှင့် ၎င်းတို့မသိစိတ်ထဲတွင်ရှိသော ဘက်လိုက်အမြင်အပါအဝင် အချို့သော အတားအဆီး များကို ကျော်လွှားမှသာလျှင် လူကုန်ကူးခံရသောသူများကို ထိထိရောက်ရောက် ဖော်ထုတ်နိုင်မည်ဖြစ်ပြီး ၎င်းတို့ကို ပြစ်ဒဏ်မခံရစေရန်အတွက် အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။

ထိုအချက်များနှင့် အောက်ပါ အပိုင်း ၂ တွင် ဆွေးနွေးထားသော အခြား ဖော်ထုတ်သတ်မှတ်ရေးနှင့်ဆိုင်သော ကိစ္စရပ် များလည်း ပါဝင်သည်။

[18] ၂၀၁၉ ဇန်နဝါရီလ ၁၁ ရက်တွင် ထုတ်ပြန်ထားသည် လုံခြုံပြီး စည်းကမ်းပြည့်ဝသည့် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် UN Doc A/RES/73/195 တွင်ပါသော ရွှေ့ပြောင်းနေထိုင်ရာတွင် ကြုံတွေ့ရနိုင်သော ဘေးအန္တရာယ်များကို လျှော့ချနိုင်ရန် ချမှတ်ထားသော ရည်ရွယ်ချက် အမှတ် ၇ အပြင် *အခြားအချက်များကို* ကြည့်ပါ။

## **နစ်နာသူများ တရားရင်ဆိုင်ရသောအခါ** (အပိုင်း ၄)

ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများအနေနှင့် နစ်နာသူများကို အကာအကွယ်ပေးသည့် လမ်းကြောင်းဘက်သို့ ပြန်လည်ရောက်ရှိနိုင်ရန်အတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးရန်တာဝန်ကို ပျက်ကွက်သောအခါ နစ်နာသူများအနေနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်မရဘဲ ပြည်နှင်ဒဏ်ပေးခံရခြင်းမျိုး ဖြစ်သွားနိုင်ပါသည်။ နစ်နာသူများကို ဖမ်းဆီးပြီး စွဲချက်များတင်သောအခါ နစ်နာသူများကို မှားယွင်းပြီး နောက်ထပ်ပြစ်ဒဏ်များ မပေးမိစေရန်အတွက် နောက်တစ်ထပ် ကာရံထားသော အကာအကွယ်မှာ ပြစ်မှုဆိုင်ရာတရားစီရင်ရေး တာဝန်ရှိသူများပင်ဖြစ်သည်။

လူကုန်ကူးခံရသူအပေါ် တရားစီရင်ရေးဆိုင်ရာဖြစ်စဉ်များ ဆက်လက်လုပ်ဆောင်ပါက လူကုန်ကူးခံရသူဘက်မှ ခုခံချေပပေးရသောရှေ့နေက ထိုနစ်နာသူကို အပြစ်ရှိကြောင်း စွဲဆိုမခံရစေရန်အတွက် ကာကွယ်ပေးရမည်။ လူတစ်ဦးအနေနှင့် ပြစ်ဒဏ်မခံရစေရန်အတွက် ထိုသူ၏ နစ်နာသူဖြစ်ကြောင်းအခြေအနေကို အသုံးချ၍ရနိုင်မည့် အခွင့်အလမ်းများကိုလည်း တာဝန်ရှိသူများဘက်မှ စဉ်းစားသင့်သည်။

တရားရုံးတွင် တရားစီရင်ရေးမဏ္ဍိုင် တာဝန်ရှိသူများအနေနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးနိုင်ရန်အတွက် အခြားသော အခွင့်အလမ်းများလည်း ရှိပါသေးသည်။ အမှု၏ အခြေအနေပေါ်တွင် မူတည်၍ တရားရုံးများအနေနှင့် နစ်နာသူကို တရားစီရင်မှုလုပ်ဆောင်နေခြင်းတို့ကို ရပ်တန့်နိုင်သည့် သို့မဟုတ် ဆက်လက်တရားစီရင်ရန် ရွေးချယ်လိုက်ပါက ၎င်းတို့အနေနှင့် ထိုသူကိုအပြစ်ရှိကြောင်း စွဲချက်မချရန် သို့မဟုတ် စွဲချက်ချပါကလည်း ထိုသူတို့အပေါ်ချသော ပြစ်ဒဏ်ကို လျှော့ချပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်သည်။

## **နစ်နာသူများ အပြစ်ရှိကြောင်း စွဲချက်ချမှတ်ခံရသောအခါ** (Section 5)

နောက်ဆုံးအဆင့်အနေနှင့် နစ်နာသူကို ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူနှင့်ဆန့်ကျင်၍ မှားယွင်းစွာ အပြစ်ရှိကြောင်း စွဲချက်ချခံရပါက နိုင်ငံများအနေနှင့် စွဲချက်များကို ဖျက်သိမ်း သို့မဟုတ် ပယ်ဖျက်ပေးရန်နှင့် နစ်နာသူများကို မှားယွင်းစွာ ပြစ်ဒဏ်ပေးမှုအတွက် ပြန်လည်ကုစားပြင်ဆင်မှုများ ဆောင်ရွက်ပေးရန်အတွက် အခွင့်အလမ်းများကို ရှာဖွေနိုင်ပါသည်။

| ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် အခွင့်အလမ်းများ | |
|---|---|
| လူကုန်ကူးခံရသူများကို ရှေ့တန်းတာဝန်ထမ်းဆောင်သော အရာရှိများက ကြုံတွေ့သောအခါ | • ရှေ့တန်းတွင် တာဝန်ထမ်းဆောင်ရသော အရာရှိများအနေနှင့် လူကုန်ကူးခံရသူများကို စိစစ်ရာတွင် ၎င်းတို့၏ ဖော်ထုတ်သတ်မှတ်ရေး မူဝါဒများနှင့်အညီ လူတစ်ယောက်သည် နစ်နာသူ ဟုတ်/မဟုတ်ကို ကြိုတင်ခန့်မှန်း ယူဆရမည်။<br>• ရှေ့တန်းတွင် တာဝန်ထမ်းဆောင်ရသော အရာရှိများအနေနှင့် လူကုန်ကူးခံရသူဟု ကြိုတင်ယူဆထားသူကို လူဝင်မှုကြီးကြပ်ရေး နှင့်/သို့မဟုတ် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်များမှ ဖယ်ခွါ၍ အကာအကွယ်ပေးရေး လမ်းကြောင်းဘက်သို့ ပို့ဆောင်ပေးခြင်း။<br>• တရားဥပဒေ စိုးမိုးရေး လုပ်ဆောင်ရသူများအနေနှင့် လူကုန်ကူးခံရသူများ တရားမဝင်လုပ်ရပ်များတွင် ပါဝင်ပတ်သက်မှုကြောင့် ၎င်းတို့ကို မဖမ်းဆီးရန် သို့မဟုတ် အရေးမယူရန်အတွက် စဉ်းစားဆုံးဖြတ်ခြင်း။ |
| ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုနှင့် ဆန့်ကျင်၍ လူကုန်ကူးခံရသူတို့ ဖမ်းဆီးထိန်းသိမ်းခံရမှု၊ မူလနိုင်ငံသို့ ပြန်ပို့ခံရမှု သို့မဟုတ် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်ဒဏ်များ ခံရသောအခါ | • လူဝင်မှုကြီးကြပ်ရေးအရာရှိများဘက်မှ ဖမ်းဆီးထိန်းသိမ်း ခံထားရသောသူသည် လူကုန်ကူးခံရသူဟု ကြိုတင်ယူဆ သတ်မှတ်ခြင်း ခံရသောအခါ ထိုသူတို့ကို လူဝင်မှုကြီးကြပ်ရေးဌာနတို့မှ ပြန်လွှတ်ပေးပြီး အကာအကွယ်ပေးရန်အတွက် လွှဲပြောင်းပေးခြင်း။<br>• ထိုနစ်နာသူတို့ကို ယာယီခေတ္တ နေထိုင်နိုင်ရန်အတွက် တိုင်းပြည်တွင်းသို့ စည်းမျဉ်းစည်းကမ်းနှင့်မညီဘဲ ဝင်ရောက်လာသော နစ်နာသူနိုင်ငံခြားသားများကို အကာအကွယ်ဗီဇာပေးခြင်း။ |
| လူကုန်ကူးခံရသောကြောင့် တရားဥပဒေနှင့်မညီသော လုပ်ရပ်များလုပ်မိသည့်အတွက် လူကုန်ကူးခံရသူများ တရားခွင်တွင် စစ်ဆေးခံရခြင်း | • နစ်နာသူများကို တရားမစွဲဆိုရန်အတွက် သို့မဟုတ် တရားစီရင်မှုကို ရပ်တန့်ဖို့ တောင်းဆိုရန်အတွက် တရားစီရင်ရေးဆိုင်ရာ အရာရှိများမှ ဆင်ခြင်ဆုံးဖြတ်ခြင်း။<br>• နစ်နာသူများ လူကုန်ကူးခံရသောကြောင့် ၎င်းတို့ ကျူးလွန်မိသော တရားဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် တရားရုံးတွင် ရင်ဆိုင်နေရသော နစ်နာသူကို ကာကွယ်ရန်အတွက် ပြည်တွင်းဥပဒေတွင်ရှိသော အချက်အလက်များကို သုံး၍ ခုခံချေပရန်အတွက် တရားခံရှေ့နေမှ အသုံးချခြင်း။<br>• တရားရုံးမှ လူကုန်ကူးခံရသူကို အပြစ်ရှိကြောင်း စွဲချက် မချခြင်း။<br>• လူကုန်ကူးခံရသူအပေါ် ချမှတ်သော ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခြင်း။ |
| လူကုန်ကူးခံရသူများကို ပြစ်ဒဏ်ရှိကြောင်း မှားယွင်းစွာ စွဲချက်ချခံရသောအခါ | • ပြစ်မှုမှတ်တမ်းများကို ဖျက်သိမ်း၊ ပယ်ဖျက် သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းခြင်း။<br>• မှားယွင်းစွာ အပြစ်ရှိကြောင်း စွဲချက်ချမိသည့်အတွက် လူကုန်ကူးခံရသူများ အတွက် ပြန်လည်ကုစားပြင်ဆင်မှု ရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း။ |

လုပ်ဆောင်မှုအဆင့်များအားလုံးတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အသုံးချမှုနှင့် လက်တွေ့တွင် ထိုအခြေခံမှုကို

လွဲမှား အသုံးချသူ သို့မဟုတ် အသုံးချရန် ပျက်ကွက်သူတို့၏ တာဝန်ယူမှုကို စောင့်ကြည့်ရန်အတွက် နိုင်ငံများဘက်မှ ယန္တရားများကို ချမှတ်ထားခြင်း(အပိုင်း ၆)

### အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်

နိုင်ငံများအနေနှင့် အောက်ပါတို့တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးနိုင်ရန်လိုအပ်သည် -
(က) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်၊ လုပ်အားအမြတ်ထုတ်ရန်နှင့် ရာဇဝတ်မှု အဓမ္မကျူးလွန်စေရန် အပါအဝင် လူကုန်ကူးမှုပုံစံအားလုံးအပြင် နိုင်ငံတကာ လူကုန်ကူးမှုနှင့် ပြည်တွင်း လူကုန်ကူးမှု နှစ်မျိုးစလုံးတို့တွင်
(ခ) ကျူးလွန်ခဲ့သော ပြစ်မှု၏ ကြီးလေးမှု သို့မဟုတ် ပြင်းထန်မှု မည်မျှပင်ဖြစ်သည်ဖြစ်စေ လူကုန်ကူးခံရသော အခြေအနေကြောင့် တိုက်ရိုက်အကျိုးဆက်အနေနှင့် လူကုန်ကူးခံရသူမှကျူးလွန်သော မည်သည့် တရားမဝင်သည့် လုပ်ရပ်မဆို
(ဂ) ပြစ်မှုဆိုင်ရာ၊ တရားမမှုဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ချိုးဖောက်မှုများအပြင် အခြားသော အပြစ်ပေးသည် ပုံစံများဖြစ်သည့် နိုင်ငံသားဖြစ်မှုကို တစ်ဘက်သတ်ပယ်ဖျက်ခြင်း၊ ကောင်စစ်ဝန်ရုံး အထောက်အပံ့ တောင်းခံမှုကို ငြင်းပယ်ခြင်း သို့မဟုတ် မူလနိုင်ငံသို့ ပြန်ပို့ခံရခြင်း၊ ဒုက္ခသည်အဖြစ် ခိုလှုံခွင့်မပေးခြင်း သို့မဟုတ် အခြားသော နိုင်ငံတကာ အကာအကွယ်များ မပေးခြင်းနှင့် မိသားစုနှင့် ခွဲခွါစေခြင်း
(ဃ) လွတ်လပ်မှုဆုံးရှုံးစေသော မည်သည့်အခြေအနေတို့မဆို အပါအဝင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အမှုကိစ္စများဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းမှုကို ဆိုင်းငံ့ရန်ဖယ်ရှားခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် တရားစီရင်ကြားနာမှုတို့ကို ပြန်လည်လုပ်ဆောင်ခြင်း[19]

## *ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လက်တွေ့အကောင်အထည်ဖော်ရန် မည်သူ့ထံတွင် တာဝန်ရှိသနည်း။*

နိုင်ငံများသည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာဥပဒေတို့၏ အဖွဲ့ဝင်များဖြစ်သောကြောင့် လူကုန်ကူးခံရသော နစ်နာသူများကို အကာအကွယ်ပေးရန်၊ လူကုန်ကူးသူများကို တရားဥပဒေအရ တရားစွဲဆိုရန်နှင့် ထိုအတိုင်း ဖြစ်လာစေရန်အတွက် ပူးပေါင်း ဆောင်ရွက်ရန် လိုက်နာရမည့် တာဝန်ရှိသူများဖြစ်ကြသည်။ ထို့ကြောင့်ပင် နိုင်ငံတော်အရာရှိများသည် အာဆီယံအဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံချင်းစီ၏ ပြည်တွင်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အလေ့အထများနှင့်အညီ နိုင်ငံတကာနှင့် ဒေသ ဆိုင်ရာ လိုက်နာရန်ရှိသော ပြဋ္ဌာန်းချက်များနှင့် လျော်ညီစွာ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် တာဝန်ရှိသည်။

အာဆီယံ ကဏ္ဍအလိုက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOများ)၊ အစိုးရမဟုတ်သော

[19] ရင်းမြစ် - အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullally ရေးသားသော ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု လက်တွေ့အကောင်အထည်ဖော်ခြင်းဆိုင်ရာ အစီရင်ခံစာ UN Doc. A/HRC/47/34၊ ၂၀၂၁ မေလ ၁၇ ရက် [57]

အဖွဲ့အစည်းများ (NGOများ) နှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေနှင့် ထိုလိုက်နာရမည့်အချက်များကို နိုင်ငံများဘက်မှ လိုက်နာနိုင်စေရန် အတွက် အကူအညီပေးနိုင်မည်မှန်သော်လည်း အမှန်စင်စစ်တွင် နောက်ဆုံးတာဝန်ယူရသည်မှာ နိုင်ငံများသာလျှင် ဖြစ်သည်။

## နိုင်ငံတော် အရာရှိများ

ဥပဒေတာဝန်များနှင့် ရဲဝန်ထမ်းများ၊ တရားစွဲဆိုရေးဆိုင်ရာ ဥပဒေအရာရှိများနှင့် တရားရုံးတို့၏ လုပ်ပိုင်ခွင့်နှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များဘက်မှ ကိုင်စွဲထားသော တန်ဖိုးများနှင့် ဓလေ့များသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို မည်ကဲ့သို့အနက်အဓိပ္ပာယ်ပြန်ဆိုပြီး နိုင်ငံများတွင် ကျင့်သုံးမည်ဟူသောအချက်အပေါ် ထိုအရာများအားလုံးတို့မှ လွှမ်းမိုးမှု ရှိသည်။ မည်သို့ပင် မျိုးစုံကွဲပြားသည်ဖြစ်စေ လူကုန်ကူးခံရသူများနှင့် ထိတွေ့ဆက်ဆံရသော လူဝင်မှုကြီးကြပ်ရေးနှင့် ကောင်စစ်ဝန်အရာရှိများ၊ အလုပ်သမားရေးရာ စစ်ဆေးကြီးကြပ်ရေးမှူးများနှင့် ရဲအရာရှိများအနေနှင့် ထိုအချက်များ လိုက်နာရန် တာဝန်ရှိသည်။ စုံစမ်းစစ်ဆေးသူများ၊ အမှုလိုက်ဥပဒေအရာရှိများ၊ တရားခံရှေ့နေများနှင့် တရားစီရင်ရေး စနစ်ဆိုင်ရာ အဖွဲ့ဝင်များအားလုံးတို့သည် နစ်နာသူ ပြစ်ဒဏ် မခံရစေရန်အတွက် ကာကွယ်ပေးရန် တာဝန်ရှိသူများ ဖြစ်ကြပြီး ထို့ကြောင့်ပင် ၎င်းတို့အနေနှင့် ၎င်းတို့အသီးသီး ထမ်းဆောင်ရမည့် တာဝန်ကဏ္ဍများကို ဖြည့်ဆည်းနိုင်ရန် အတွက် ကြိုတင်လိုအပ်သော ကျွမ်းကျင်မှုများ၊ ရင်းမြစ်များနှင့် စွမ်းဆောင်ရည်များ ရှိနေသင့်သည်။

## လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများ

ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာအပိုင်းတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်များကိုယူထားရသော ဌာနဆိုင်ရာ အချင်းချင်း ချိတ်ဆက်လုပ်ဆောင်ရသည့် နိုင်ငံတော်ဌာနများသည်လည်း အဓိကကျသော အခန်းကဏ္ဍမှပါဝင်သည်။ ထိုအဖွဲ့အစည်းများအနေနှင့် တာဝန်ထမ်းဆောင်နေစဉ်တွင် နစ်နာသူဖြစ်နိုင်ခြေရှိသူများနှင့် ထိတွေ့ရသော ကဏ္ဍ အသီးသီးမှ တာဝန်ရှိသူတို့အနေနှင့် လူကုန်ကူးမှုဟူသည်မှာ အဘယ်ဖြစ်ပြီး လူကုန်ကူးခံရသူများအား ညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တရားများမှတဆင့် နစ်နာသူ ဖြစ်နိုင်ခြေရှိသူတို့ကို မည်သို့လွှဲပြောင်းပေးရမည်တို့ကို သိရှိအောင် ဆောင်ရွက်ပေးရန်အတွက် ဥပဒေမှ တာဝန်ချမှတ်ပေးထားသည်။ ထိရောက်သော ညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တရားများ မရှိလျှင် သတ်မှတ်ဖော်ထုတ်ခံထားရသော လူကုန်ကူးခံရသူကို တားဆီးကာကွယ်ရာတွင် ပံ့ပိုးရန် မည်သူ့ကို ဆက်သွယ်ရမည်ဟူသောအချက်မှာ ရှင်းရှင်းလင်းလင်းရှိသင့်သည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးရန်အတွက် မိမိနိုင်ငံ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် အဓိကကျသော အခန်းကဏ္ဍတွင် လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့အစည်းများ ပါဝင်သည်။ ထိုကဲ့သို့ မြှင့်တင်ရေး လုပ်ဆောင်ရာတွင် လူကုန်ကူးမှုကို ပိုမိုကောင်းမွန်စွာ နားလည်စေရန်၊ နစ်နာသူများကို သတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုများကို ကျင့်သုံးနိုင်ရန်အတွက် အထူးပြုနှင့် ယေဘုယျတာဝန်ထမ်းဆောင်ရသော

တာဝန်ရှိသူ နှစ်မျိုးစလုံးတို့၏ စွမ်းဆောင်ရည်တို့ကို မြှင့်တင်ရန်အတွက် လမ်းညွှန်ခြင်း၊ သင်တန်းပေးခြင်းနှင့် နည်းပေးလမ်းပြ ဆောင်ရွက်ခြင်းတို့ ပါဝင်နိုင်သည်။

**စာကွက် - နိုင်ငံတော်အဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများ**

| | |
|---|---|
| ဘရူနိုင်း ဒါရူဆလမ် | National Working Committee on Trafficking in Persons<br>လူကုန်ကူးမှု တားဆီးဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတော်လုပ်ငန်းကော်မတီ |
| ကမ္ဘောဒီးယား | National Committee for Counter-Trafficking (NCCT)<br>လူကုန်ကူးမှု တိုက်ဖျက်ရေး နိုင်ငံတော်ကော်မတီ |
| အင်ဒိုနီးရှား | Task Force for the Prevention and Handling of Criminal Act of Human Trafficking *(Gugus Tugas TPPO)*<br>လူကုန်ကူးမှုဆိုင်ရာ ရာဇဝတ်လုပ်ရပ်များ တားဆီးရေးနှင့် နှိမ်နင်းရေးအထူးတပ်ဖွဲ့ |
| လာအို PDR | National Steering Committee on Human Trafficking (NSC)<br>လူကုန်ကူးမှု တားဆီးဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် ဦးဆောင်ကော်မတီ |
| မလေးရှား | Council for Anti-Trafficking in Persons and Anti-Smuggling of Migrants (NSO MAPO)<br>လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းနေထိုင်သူများ တရားမဝင်ခိုးသွင်းမှု တားဆီးဆန့်ကျင်ရေး ကောင်စီ |
| မြန်မာ | Central Body for the Suppression of Trafficking in Persons (CBTIP)<br>လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ |
| ဖိလစ်ပိုင် | Inter-Agency Council against Trafficking (IACAT)<br>လူကုန်ကူးမှု တားဆီးဆန့်ကျင်ရေးဆိုင်ရာ ဌာနပေါင်းစုံစုဖွဲ့ကောင်စီ |
| စင်္ကာပူ | Interagency Trafficking in Persons Task Force (TIP-TF)<br>လူကုန်ကူးမှု တားဆီးဆန့်ကျင်ရေးဆိုင်ရာ ဌာနပေါင်းစုံတပ်ဖွဲ့ |
| ထိုင်း | Anti-Trafficking in Persons Committee (ATP Committee)<br>လူကုန်ကူးမှု တားဆီးဆန့်ကျင်ရေးဆိုင်ရာ ကော်မတီ |
| ဗီယက်နမ် | National Steering Committee on Crime Prevention and Suppression (NSC)<br>ရာဇဝတ်မှု တားဆီးရေးနှင့် နှိမ်နင်းရေးဆိုင်ရာ နိုင်ငံတော် ဦးဆောင်ကော်မတီ |

## အမျိုးသား လူ့အခွင့်ရေးအဖွဲ့အစည်းများ

အမျိုးသား လူ့အခွင့်ရေးအဖွဲ့အစည်းများသည် လူကုန်ကူးမှုဆိုင်ရာအရေးကိစ္စများနှင့် ပတ်သက်လာလျှင် လူ့အခွင့်အရေး ဆိုင်ရာ လိုက်နာရမည့် ပြဋ္ဌာန်းချက်များကို နိုင်ငံများအနေနှင့် ဖြည့်ဆည်းထမ်းဆောင် ပေးနိုင်ရန်အတွက် ဆောင်ရွက် ပေးရန်ဟူသော အဓိကတာဝန်ကို ထမ်းဆောင်ထားရသော အဖွဲ့အစည်းများဖြစ်သည်။ ထိုလုပ်ငန်းတာဝန်ထဲတွင် လူကုန်ကူးခံရသူများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို မည်သို့ အကောင်အထည်ဖော်သည်ကို စောင့်ကြည့်ခြင်း

နှင့် အစီရင်ခံခြင်းအပြင် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့်အညီ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူတို့ကို မည်သို့ကျင့်သုံးရမည်ကို နိုင်ငံတော်အဆင့် တာဝန်ရှိသူများအား အကြံပေးခြင်းပါဝင်သည်။

အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအနေနှင့် နိုင်ငံတကာမှ အသိအမှတ်ပြုမှုရရှိရန်အတွက် ၎င်းတို့အနေနှင့် ၁၉၉၃ ခုနှစ်တွင် အထွေထွေညီလာခံမှ လက်ခံအသိအမှတ်ပြုထားသော အမျိုးသားအဆင့် အဖွဲ့အစည်းဆိုင်ရာ သတ်မှတ်ခံအခြေအနေ(ပါရီအခြေခံမူများ)နှင့်သက်ဆိုင်သော ပါရီအခြေခံမူများထဲတွင် ပြဋ္ဌာန်းထားသည့် စံနှုန်းများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်သည်။[20] အာရှ-ပစိဖိတ်ဒေသတွင် အမျိုးသားအဆင့် လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ မဟာမိတ်အဖွဲ့မှ ထောက်ခံထားသော အမျိုးသားအဆင့် လူ့အခွင့်အရေး အဖွဲ့အစည်းများစွာရှိပါသည်။ အာဆီယံဒေသထဲတွင် ဒီဇင်ဘာလ ၂၀၂၄ အထိ နောက်ဆုံးရ အချက်အလက်များအရ ထိုအဖွဲ့အစည်းများမှာ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားအဆင့် လူ့အခွင့်အရေး ကော်မရှင်၊ မလေးရှားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်၊ ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်နှင့် ထိုင်း အမျိုးသားအဆင့် လူ့အခွင့်အရေးကော်မရှင်တို့ ဖြစ်ကြပါသည်။[21] ဤအဖွဲ့အစည်းများကို တီမောလက်စ်တီ၏ Provedor de Direitos Humanos e Justiça နှင့်အတူ AICHR ၏ မိတ်ဖက်များအဖြစ် အသိအမှတ်ပြုထားပြီး AICHR ၏ ဒေသတွင်း လူ့အခွင့်အရေး မြှင့်တင်ရေးလုပ်ဆောင်မှုအမျိုးမျိုးတွင် ဆွေးနွေးတိုင်ပင်လျက်ရှိပါသည်။

## နိုင်ငံတော်ကိုယ်စားပြုမဟုတ်သည့် တာဝန်ထမ်းဆောင်ရသူများ၏ အခန်းကဏ္ဍ

အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO များ)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO များ) နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ (IO များ) အနေနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးရန်နှင့် လူကုန်ကူးခံရသူတို့ကို ဖော်ထုတ်သတ်မှတ်ရန်တာဝန်များကို နိုင်ငံများဘက်မှ ဖြည့်ဆည်းရေးကို ထောက်ပံ့ကူညီပေးနိုင်ပါလိမ့်မည်။ ၎င်းတို့အနေနှင့် ၎င်းတို့ရရှိထားသော သုတေသနတွေ့ရှိချက်များအပြင် ၎င်းတို့၏ အတွေ့အကြုံများနှင့် ရာဇဝတ်သားအဖြစ် သတ်မှတ်ခံရသော လူကုန်ကူးခံရသူများနှင့် လက်တွဲဆောင်ရွက်ရာတွင် သိရှိလာရသောအချက်များကို မျှဝေနိုင်မည်ဖြစ်ပါသည်။ ၎င်းတို့အနေနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ဆောင်ရသော တာဝန်ရှိသူများကို ၎င်းတို့ တာဝန်ထမ်းဆောင်ရာ ကဏ္ဍအလိုက်တွင် လူကုန်ကူးခံရသူဖြစ်နိုင်ခြေရှိသူတို့ကို ဖော်ထုတ်သတ်မှတ်နိုင်ရေးတွင် အထောက်အကူဖြစ်စေနိုင်သည့်၊ ပြစ်ဒဏ်ခံရမည့်အရေးကို လျှော့ချရေးနှင့်သက်ဆိုင်သည့် လူကုန်ကူးမှုနှင့်ပတ်သက်သည့် အသစ်အသစ်သော ပြောင်းလဲလျက်ရှိသည့် အခင်းအကျင်းအနေအထားများနှင့် ပတ်သက်သည့် သိရှိထားသည့် အချက်အလက်များကိုလည်း မျှဝေနိုင်ပါသည်။

လက်တွေ့တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို တာဝန်ရှိသူတို့အနေနှင့် ကျင့်သုံးနိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးကို ထောက်ပံ့ကူညီရန်အတွက် နိုင်ငံတော်ကိုယ်စားပြုမဟုတ်သည့် တာဝန် ထမ်းဆောင်ရသူများအနေနှင့် ကူညီနိုင်ပါသည်။ ၎င်းတို့အနေနှင့် လူကုန်ကူးခံရသူများ လူဝင်မှုကြီးကြပ်ရေးနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တို့နှင့်

[20] ပါရီအခြေခံမူကို ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်: https://www.ohchr.org/en/instruments-mechanisms/instruments/principles-relating-status-national-institutions-paris

[21] နိုင်ငံတော်အဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာမဟာမိတ်အဖွဲ့မှ အသိအမှတ်ပြုထားသော နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၏ သတ်မှတ်ခံအခြေအနေဆိုင်ရာ ဇယား၊ ၂၀၂၄၊ ဒီဇင်ဘာလ ၃၁ အထိ နောက်ဆုံး သတ်မှတ်ခံအနေအထားကို ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။ https://www.ohchr.org/en/documents/tools-and-resources/current-chart-accreditation-nhris

ထိတွေ့ဆက်ဆံရသည့် ကာလတစ်လျှောက်တွင် နစ်နာသူဆက်ဆံခံရပုံနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးမှုရှိစေရေး စောင့်ကြည့်လေ့လာရေးကဏ္ဍတွင် လုပ်ဆောင်နိုင်ပါသည်။

# အပိုင်း ၂

# ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးနိုင်ရန်အတွက် ဥပဒေကို ခိုင်မာစေရန် ဆောင်ရွက်ခြင်း

## အပိုင်း ၂။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးနိုင်ရန်အတွက် ဥပဒေကို ခိုင်မာစေရန် ဆောင်ရွက်ခြင်း

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးနိုင်ရန်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် အခြားသော ဥပဒေများကို ပိုမိုအားကောင်းစေရန် နိုင်ငံများအနေနှင့်လည်း အခွင့်အလမ်းများစွာရှိပါသည်။

နိုင်ငံများအနေနှင့် လူကုန်ကူးမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲတွင် ရာဇဝတ်လုပ်ရပ်များအတွက် ခေါင်းပုံဖြတ်မှုကို ပေါ်ပေါ်တင်တင် လူကုန်ကူးမှုအဖြစ် ထည့်သွင်းရန်အတွက် ပြင်ဆင်ဖွင့်ဆိုသင့်သည်။ ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ကို လူကုန်ကူးမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း ထည့်သွင်းခြင်းသည် လူကုန်ကူးခံရသူများကို စိစစ်ရမည့် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများအတွက် ဒွိဟဖြစ်စရာမလိုတော့သလို ၎င်းတို့တွေ့ဆုံရသော ပြစ်မှုကျူးလွန်သူများသည် လူကုန်ကူးခံရသူများ ဖြစ်နိုင်သည်ဟူသော ဖြစ်နိုင်ခြေကိုပါ ထည့်သွင်းစဉ်းစားရန် ဖြစ်လာနိုင်သည်။ ရာဇဝတ်မှုများကို အဓမ္မကျူးလွန်စေခြင်းကို ခေါင်းပုံဖြတ်ခြင်းအဖြစ် ထည့်သွင်းဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်သည်လည်း တရားစွဲဆိုရေးဆောင်ရွက်ရသော ဥပဒေအရာရှိများအနေနှင့် ရာဇဝတ်လုပ်ရပ်များတွင် လူကုန်ကူးခံရသူများ အမြတ်ထုတ်ခံရသောအခြေအနေများ၌ မည်သို့သော ခေါင်းပုံဖြတ်မှုပုံစံအမျိုးအစား (ဥပမာအားဖြင့် အဓမ္မလုပ်အား သို့မဟုတ် ဝန်ဆောင်မှု၊ ကျွန်ပြုမှု၊ ကျွန်ပြုမှုနှင့်သဏ္ဌာန်တူသည့် လုပ်ရပ်များ သို့မဟုတ် "အခြား")ဟု သီးခြားခေါင်းစဉ် မဖြစ်မနေသတ်မှတ်ပေးရန် လိုတော့မည်မဟုတ်ချေ။

နိုင်ငံများအနေနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများတွင် အချို့သော ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ထည့်သွင်းရန်စဉ်းစားသင့်သည်။ ထိုပြဋ္ဌာန်းချက်များအနေနှင့် လူကုန်ကူးမှုနှင့်စပ်ဆိုင်နေသော ရှိရှိသမျှသော တရားဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် လူကုန်ကူးခံရသူများ ပြစ်ဒဏ်မခံရအောင် အကာအကွယ်ပေးထားသင့်သည်။ ထိုကဲ့သို့သော ပြဋ္ဌာန်းချက်များအနေနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရသောသူများသည် ဖမ်းဆီးခြင်းမပြုရန် ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်း၊ အမှုလိုက်ဥပဒေအရာရှိများသည် စွဲချက်များမတင်ရန်အတွက် ဆင်ခြင်သုံးသပ်မှုပြုနိုင်ခြင်းနှင့် တရားခံရှေ့နေများသည် ၎င်းတို့ကိုယ်စားပြုပေးရသော နစ်နာသူတစ်ဖြစ်လဲ ပြစ်မှုကျူးလွန်သူများကို ခုခံကာကွယ်ပေးနိုင်အတွက် အားပေးရာရောက်သည်။

နစ်နာသူများကို ပြစ်ဒဏ်ပေးမှုပုံစံအားလုံးတို့မှ ကာကွယ်ပေးရန်အတွက် လူကုန်ကူးမှုအတွက် သီးသန့် ပြဋ္ဌာန်းထားသော ဥပဒေမဟုတ်သည့် အခြားသောဥပဒေများကို ပိုမိုအားကောင်းအောင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများလည်း ရှိပါသည်။ ထိုအခွင့်အလမ်းများသည် လူကုန်ကူးခံရသူများ အပြစ်ပေးခံရလေ့ရှိသည့် ချိုးဖောက်မှုများ၊ ပြစ်မှုအတွက် ပြစ်ဒဏ်ခံရန် အနိမ့်ဆုံးရှိရမည့် အသက်အရွယ်နှင့် နစ်နာသူ၏ ပြစ်မှုမှတ်တမ်းကို ဖျက်သိမ်း၊ ပယ်ဖျက်၊ လျှို့ဝှက်ထိန်းသိမ်းပေးနိုင်သည့် ဥပဒေများနှင့် ဆက်စပ်မှုရှိနေပါသည်။

*[၁] လူကုန်ကူးခံရသူများ ပြစ်ဒဏ်ပေးခံရခြင်းမှ ကာကွယ်ပေးရန်အတွက် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများကို အားကောင်းစေရန် ဆောင်ရွက်ခြင်း*

နိုင်ငံများအနေနှင့် ဥပဒေတွင်းတွင်ရှိသော အကာအကွယ်များကို အထောက်အကူဖြစ်စေရန်အတွက် ၎င်းတို့၏ ပြည်တွင်းဥပဒေတွင်းသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို ထည့်သွင်းပြဋ္ဌာန်းရန်အတွက် တိုက်တွန်းလိုပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို မည်သည့်အတိုင်းအတာထိသာ သက်ရောက်ရမည်ဟူ၍ အကန့်အသတ်မရှိပါ။ ၎င်းအနေနှင့် နစ်နာသူများ မည်သည့်လူကုန်ကူးမှုအမျိုးအစား ခံခဲ့ရသည်ဖြစ်စေ၊ ထိုကဲ့သို့ လူကုန်ကူးခံရသောကြောင့် မည်ကဲ့သို့သော တရားမဝင် လုပ်ရပ်များတွင် ၎င်းတို့ပါဝင်ပတ်သက်ခဲ့ရသည်ဖြစ်စေ ခွဲခြားဆက်ဆံမှု မရှိခြင်းဆိုင်ရာမူပေါ်တွင် အခြေခံ၍ လူကုန်ကူးခံရသူများအားလုံးအပေါ်တွင် သက်ရောက်မှုရှိသင့်သည်။

## လူကုန်ကူးမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုမှုကို ပြင်ဆင်ရာတွင် ရာဇဝတ်မှုဆိုင်ရာ လုပ်ရပ်များတွင် ခေါင်းပုံဖြတ်ခံရခြင်းကိုပါ ထည့်သွင်းရန် လေ့လာခြင်း

နိုင်ငံတကာနှင့် အာဆီယံဒေသဆိုင်ရာ ဥပဒေတွင် လူကုန်ကူးခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲတွင် ခေါင်းပုံဖြတ်မှုပုံစံအများအပြားကို ထည့်သွင်းထားပြီး ထိုထဲတွင် အခြားသူများကို ပြည့်တန်ဆာအဖြစ် စေခိုင်း ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် အခြားသော လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ အဓမ္မစေခိုင်းမှု သို့မဟုတ် ဝန်ဆောင်မှုများ စေခိုင်းမှု၊ ကျွန်ပြုမှု သို့မဟုတ် ကျွန်ပြုမှုနှင့်ဆင်တူသော လုပ်ရပ်များပြုမူမှု၊ အစေခံပြုမှု သို့မဟုတ် ကိုယ်တွင်းအင်္ဂါထုတ်ယူမှုတို့ပင် ဖြစ်ကြသည်။ ထိုအချက်များသည် အနိမ့်ဆုံးအဆင့် သတ်မှတ်ချက်များဖြစ်ကြပြီး နိုင်ငံများအနေနှင့် အခြားသောပုံစံများကိုလည်း ထည့်သွင်းနိုင်သလို အခြားသော ပုံစံများကိုလည်း ဖွင့်ဆိုသတ်မှတ်ရန်အတွက် ၎င်းတို့၏ ဥပဒေကို ပြင်ဆင်နိုင်သည်။ ဥပမာအားဖြင့် မလေးရှားနိုင်ငံတွင် ရာဇဝတ်လုပ်ရပ်များတွင် နစ်နာသူများ ခေါင်းပုံဖြတ်ခံရမှု အခြေအနေကို ထည့်သွင်း သတ်မှတ်ရန်အတွက် "မည်သည့်တရားမဝင် လုပ်ရပ်မဆို"ကို ခေါင်းပုံဖြတ်မှုပုံစံတစ်မျိုးအဖြစ် ထည့်သွင်းပြဋ္ဌာန်း ထားသည်။ ဗီယက်နမ်နိုင်ငံရှိ လူကုန်ကူးမှု တားဆီးဆန့်ကျင်ရေးဆိုင်ရာ ဥပဒေ (၂၀၂၄ နိုဝင်ဘာလတွင် ကြေညာ၍ ၂၀၂၅ ဇူလိုင်လ ၁ရက်နေ့တွင် စတင်အသက်ဝင်သည်) တွင် လူကုန်ကူးခြင်း၏ ရည်ရွယ်ချက်ဖြစ်သော "ရာဇဝတ်မှု ကျူးလွန်ရန် နစ်နာသူများကို အဓမ္မစေခိုင်းခြင်း" ဟူသော အချက်ကိုပါ ထည့်သွင်းခဲ့သည်။

အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနှင့်လည်း လူကုန်ကူးမှု၏အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲတွင် ရာဇဝတ် လုပ်ရပ်များကိုလည်း ခေါင်းပုံဖြတ်မှုပုံစံတစ်မျိုးအနေနှင့် ရှင်းရှင်းလင်းလင်း ထည့်သွင်းဖော်ပြရန်အတွက် ၎င်းတို့နိုင်ငံရှိ လူကုန်ကူးမှု တားဆီးဆန့်ကျင်ရေး ဥပဒေကို ပြင်ဆင်နိုင်သည်။ တရားဥပဒေနှင့်မညီသော လုပ်ရပ်များကို အချို့သော ခေါင်းပုံဖြတ်မှု ပုံစံများအဖြစ် သတ်မှတ်ခြင်းဖြင့် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများနှင့် တရားဥပဒေစိုးမိုးရေး လုပ်ဆောင်နေသော အရာရှိများကို လူကုန်ကူးမှုများကို ထိထိရောက်ရောက် ဖော်ထုတ် သတ်မှတ်နိုင်ရန်အတွက် အထောက်အကူဖြစ်စေမည် ဖြစ်သည်။ ထို့အပြင် လူအများကို အဓမ္မရာဇဝတ်မှုကျူးလွန်စေရန် လူကုန်ကူးခဲ့သောသူများ ကိုလည်း လိုက်လံဖမ်းဆီးနိုင်ရန်အတွက် ဥပဒေအရာရှိများကိုလည်း အထောက်အကူဖြစ်စေမည်။

လူကုန်ကူးမှု အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပြဋ္ဌာန်းဖွင့်ဆိုထားသော ရှင်းလင်းသည့် ခေါင်းပုံဖြတ်သည့် ပုံစံဖြစ်သည့် ရာဇဝတ် လုပ်ရပ်များဖြင့်ခေါင်းပုံဖြတ်မှု သို့မဟုတ် အဓမ္မ ရာဇဝတ်မှုကျူးလွန်စေမှုတို့ မရှိသည့်အခါမျိုးတွင် ပြစ်မှုဆိုင်ရာ

တရားစီရင်ရေးကဏ္ဍတို့တွင် လုပ်ဆောင်သော တာဝန်ရှိသူတို့အနေနှင့် အဓမ္မစေခိုင်းသော လုပ်အား သို့မဟုတ် ဝန်ဆောင်မှုများ၊ ကျွန်ပြုမှု သို့မဟုတ် ကျွန်ပြုမှုနှင့် ဆင်တူသောလုပ်ရပ်များ သို့မဟုတ် "အခြားသော" လုပ်ရပ်များ တစ်ခုခုထံတွင် ထိုအခြေအနေများသည် မည်သို့သော ခေါင်းပုံဖြတ်မှုပုံစံမျိုးအောက် ကျရောက်နေမှန်း နားလည်သဘောပေါက်ရန်လိုပါသည်။ တရားဥပဒေဘက်မှ ထိုပြဋ္ဌာန်းချက်နှင့်သက်ဆိုင်သော ချိုးဖောက်မှုများကို စာရင်းပြုစုတင်ပြထားသော်လည်း ထိုစာရင်းသည် အကုန်မဟုတ်ဘဲ အခြားသောအချက်များလည်း ပါနိုင်သေးကြောင်း ဖော်ပြထားသင့်သည်။[22]

**စာကွက် - ဥပမာ (သြစတြေးလျ)**

သြစတြေးလျအနေနှင့် ၎င်းနိုင်ငံ၏ လူကုန်ကူးမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲတွင် ရာဇဝတ်ဆိုင်ရာ လုပ်ရပ်များအတွက် ခေါင်းပုံဖြတ်ခြင်းကို ခေါင်းပုံဖြတ်မှုပုံစံတစ်မျိုးအဖြစ် ထည့်သွင်းအသိအမှတ် မပြုထားပါ။ ၎င်း၏ ဥပဒေကို သုံးသပ်ကြည့်ရာတွင် တွေ့ရှိရသည်မှာ "သြစတြေးလျနိုင်ငံ၏ ခေါင်းပုံဖြတ်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်သည် 'ရာဇဝတ်ဆိုင်ရာ လုပ်ရပ်များအတွက် ခေါင်းပုံဖြတ်ခြင်း' ကို ထည့်သွင်းပြီးသော ပုံပေါ်ပါသည် အဘယ်ကြောင့်ဆိုသော် ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်သက်ဆိုင်သော လုပ်အားခေါင်းပုံဖြတ်မှု ပုံစံများထဲတွင် တရားဝင်၊ တရားမဝင် သို့မဟုတ် စည်းမျဉ်းဥပဒေနှင့်မညီသော လုပ်အားနှင့် ဝန်ဆောင်မှုများပါ ပါဝင်နိုင်သောကြောင့်ဖြစ်သည်။" သို့သော်လည်း ခေါင်းပုံဖြတ်မှုပုံစံ အမျိုးအစားများကိုပါ ထည့်သွင်းပေးထားသော စာကြောင်းတစ်ကြောင်း ရှင်းရှင်းလင်းလင်း ထည့်သွင်းဖော်ပြထားခြင်းဖြင့် ခေါင်းပုံဖြတ်သည့် လုပ်ရပ်များကိုပါ ထည့်သွင်းနိုင်ပြီး ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ပိုမိုကောင်းမွန်စွာ သက်ရောက်စေနိုင်မည်ဖြစ်သည်။[23]

အခြားသောဒေသများတွင် လုပ်ဆောင်ခဲ့သည့် နည်းလမ်းများမှတဆင့်လည်း သင်ခန်းစာများကို ရယူနိုင်ပါသည်။ ဥရောပသမဂ္ဂအတွင်းရှိ နိုင်ငံများတွင် တွေ့ရှိခဲ့ရသည်မှာ ရာဇဝတ်လုပ်ရပ်များကို ခေါင်းပုံဖြတ်သည့် ပုံစံတစ်မျိုးအနေနှင့် ရှင်းရှင်းလင်းလင်း ထည့်သွင်းတင်ပြထားပါက တာဝန်ရှိသူများအနေနှင့် လူကုန်ကူးခံရသူတို့ကို ထိထိရောက်ရောက် ဖော်ထုတ်သတ်မှတ်ရာတွင် အထောက်အကူဖြစ်စေသည် ဟူ၍ဖြစ်သည်။[24] ဥရောပသမဂ္ဂတွင် EU ညွှန်ကြားချက် 2011/36/EU9 က လူကုန်ကူးမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲတွင် လူကုန်ကူးသူများအနေနှင့် လူကုန်ကူးခံရသူများကို ရာဇဝတ်မှု အဓမ္မကျူးလွန်ခိုင်းသောဖြစ်ရပ်ကို ခေါင်းပုံဖြတ်သောနည်းလမ်းများအနက်မှ တစ်ခုအဖြစ် အသိအမှတ်ပြုထားသည်။[25] ထို EU လမ်းညွှန်ချက်အနေနှင့် "ပြစ်ဒဏ်ခံရရန်နှင့် ငွေကြေးအရ အမြတ်ထုတ်ရန်အတွက် ခါးပိုက်နှိုက်စေခြင်း၊ အလစ်သုတ်စေခြင်း၊ မူးယစ်ဆေးကုန်ကူးခြင်းနှင့် လုပ်ရပ်များအပါအဝင် အခြားသော အလားတူလုပ်ရပ်များကိုပါ ကျူးလွန်စေကာ လူတစ်ဦးတစ်ယောက်ကို ခေါင်းပုံဖြတ်ခြင်း" ကိုပါ "ရာဇဝတ်

[22] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullaly ၏ အစီရင်ခံစာ - ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လက်တွေ့အကောင်အထည်ဖော်ခြင်း၊ UN Doc A/HRC/47/34 (၂၀၂၁၊ မေလ ၁၇ရက်) အပိုဒ် ၃၇ နှင့် ၃၈

[23] *၁၉၉၅ ပြစ်မှုဆိုင်ရာ အက်ဥပဒေ* (Cth) ၏ အပိုဒ်ခွဲ ၂၇၀ နှင့် ၂၇၁ တို့ထဲတွင် ပါဝင်သော ခေတ်သစ်ကျွန်စနစ်ဆိုင်ရာ ပြစ်မှုများအပေါ် ဦးတည်ဆန်းစစ်ချက် - တွေ့ရှိချက်အစီရင်ခံစာ(သြစတြေးလျ ဓနသဟာယနိုင်ငံ၊ ၂၀၂၃)၊ စာမျက်နှာ ၆၈

[24] နောက်ဆက်တွဲ 2 ကို ကြည့်ရန်

[25] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Maria Grazia Giammarinaro ရေးသားသော ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေး၏ အရေးပါပုံ - နစ်နာသူများကို ကာကွယ်ပေးရန် တာဝန်၊ ဂျီနီဗာ၊ ကုလသမဂ္ဂ၊ ၂၀၂၀ ဇူလိုင်လ ၃၀၊ 2 at [3] ၌ ကြည့်ရန်

လုပ်ရပ်များဖြင့် ခေါင်းပုံဖြတ်ခြင်း" ထဲတွင် ထည့်သွင်းထားသည်။"[26] ထိုလမ်းညွှန်ချက်မှ အဖွဲ့ဝင်နိုင်ငံများကို ထပ်မံညွှန်ကြားထားသည်မှာ နစ်နာသူတို့အနေနှင့် လူကုန်ကူးခံရသောကြောင့် တိုက်ရိုက် အကျိုးဆက်အနေနှင့် မဖြစ်မနေကျူးလွန်ရသော ရာဇဝတ်မှုလုပ်ရပ်များဖြစ်သည့် အထောက်အထား စာရွက်စာတမ်း အတုပြုလုပ်ခြင်း သို့မဟုတ် ပြည့်တန်ဆာဥပဒေ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ ချိုးဖောက်မိသောပြစ်မှုကဲ့သို့သော ပြစ်မှုများအတွက် တရားစွဲဆိုခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းတို့ မပြုသင့် ကြောင်းလည်း ထပ်မံရှင်းပြထားသည်။[27]

၎င်း၂၀၁၁ ညွှန်ကြားချက်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် စတင်အသက်ဝင်သော EU ညွှန်ကြားချက် 2024/1712 ဖြင့် ပြင်ဆင်လိုက်သည်။ လမ်းညွှန်ချက်အသစ်သည် ခေါင်းပုံဖြတ်မှုဟူသော သတ်မှတ်ချက်ကို ထပ်မံချဲ့ထွင်လိုက်ပြီး (အငှားကိုယ်ဝန်ဆောင်၊ အဓမ္မလက်ထပ်ယူခြင်းနှင့် တရားမဝင် မွေးစားခြင်း) 'ရာဇဝတ်လုပ်ရပ်များဖြင့် ခေါင်းပုံဖြတ်ခြင်း' ဟူသော ယခင်အချက်အလက်များကို ဆက်လက်ပါဝင်စေသည်။ ၂၀၂၄ လမ်းညွှန်ချက်သည် ကလေးသူငယ်များကို ရာဇဝတ်လုပ်ရပ်များ ကျူးလွန်စေရန်အတွက် အုပ်စုဖွဲ့ရာဇဝတ်ဂိုဏ်းများမှ ပစ်မှတ်ထားခြင်းကို အထူးပူပန်မှုကိုလည်း ဖော်ပြထားသည်။[28]

ထိုကဲ့သို့သော EU ၏ နားလည်မှုသည် လူကုန်ကူးမှုနှင့်ပတ်သက်သော ပြည်တွင်းအခြေအနေနှင့် ဒေသတွင်းအခြေအနေကို နားလည်ကြောင်း ဖော်ပြလျက်ရှိသည်။ ဥရောပရဲတပ်ဖွဲ့အနေနှင့် "လူကုန်ကူးခြင်းသည် ခါးပိုက်နှိုက်ခြင်း၊ အလစ်သုတ်ခြင်း နှင့် မူးယစ်ဆေးကုန်ကူးခြင်းကဲ့သို့သော အဓမ္မစေခိုင်းသည့် ရာဇဝတ်မှုများ ကျူးလွန်ခိုင်းစေရန် ရည်ရွယ်ချက်ဖြင့် ခေါင်းပုံဖြတ်မှု အသွင်ယူ" နိုင်ကြောင်း သတိပြုမိသည်။[29] ထိုနားလည်ထားမှုကြောင်း သိရှိပြီး လူကုန်ကူးမှုကို ဆန့်ကျင်ရန် အတွက် တရားဥပဒေစိုးမိုးရေးလုပ်ဆောင်သော ဌာနများအချင်းချင်း လက်တွဲလုပ်ဆောင်ခြင်းဖြင့် ခေါင်းပုံဖြတ်မှု ပုံစံများစွာ ရှိသည့်အနက် အဓမ္မရာဇဝတ်မှုပြုလုပ်စေရန် ရည်ရွယ်ချက်ဖြင့်လူကုန်ကူးမှုကို ဖြေရှင်းပြီးဖြစ်သည်။[30]

## ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးသော ပြဋ္ဌာန်းချက်များကို တိကျရှင်းလင်းစွာဖွင့်ဆိုရန် မူကြမ်းရေးဆွဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်း

အခက်အခဲများနှင့် လိုအပ်ချက်များရှိနေသည်ဟူသော ခုခံချက်များသည် ပြည်တွင်းဥပဒေထဲတွင် ပါဝင်ကောင်းပါဝင်နိုင်ပြီး ၎င်းတို့အနေနှင့် လူကုန်ကူးခံရသူများကို ပြစ်ဒဏ်ပေးခံရခြင်းမှ ကာကွယ်ရာတွင် အသုံးဝင်နိုင်ပါသည်။ သို့သော်လည်း ထိုအချက်သည် နစ်နာသူများကို အစောပိုင်းကတည်းက စွဲဆိုခံရပြီး တရားခွင်တင် စစ်ဆေးမေးမြန်းခံရခြင်းကို အကာအကွယ် မပေးနိုင်ပါ။ ရှင်းလင်းပြီး ပွင့်ပွင့်လင်းလင်း ရေးသားဖော်ပြထားသော ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့်ဆိုင်သော အချက်အလက်များသည် နစ်နာသူကို တရားခွင်တင် စစ်ဆေးမှုမပြုလုပ်မီတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို

[26] ဥရောပလွှတ်တော်နှင့်ကောင်စီမှ ၂၀၁၁ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ထုတ်ပြန်သော လူကုန်ကူးမှုတားဆီးဆန့်ကျင်ရေးနှင့် လူကုန်ကူးခံရသော နစ်နာသူများကို အကာအကွယ်ပေးရေးဆိုင်ရာ ညွှန်ကြားချက် 2011/36/EU (၂၀၁၁ ဧပြီလ ၅ ရက်) (၂၀၁၁ ဧပြီလ ၁၅ ရက်နေ့တွင် စတင် အသက်ဝင်သည်) စာပိုဒ် (၁၁) နှင့် အပိုဒ် ၂(၃)

[27] ဥရောပလွှတ်တော်နှင့်ကောင်စီမှ ၂၀၁၁ ဧပြီလ ၅ ရက်နေ့တွင် ထုတ်ပြန်သော လူကုန်ကူးမှုတားဆီးဆန့်ကျင်ရေးနှင့် လူကုန်ကူးခံရသော နစ်နာသူများကို အကာအကွယ်ပေးရေးဆိုင်ရာ ညွှန်ကြားချက် 2011/36/EU (၂၀၁၁ ဧပြီလ ၅ ရက်)(၂၀၁၁၊ ဧပြီလ ၁၅ ရက်နေ့တွင် စတင် အသက်ဝင်သည်) စာပိုဒ် ၁၄

[28] ဥရောပလွှတ်တော်နှင့်ကောင်စီမှ လူကုန်ကူးမှုတားဆီးဆန့်ကျင်ရေးနှင့် လူကုန်ကူးခံရသော နစ်နာသူများကို အကာအကွယ်ပေးရေးဆိုင်ရာ ညွှန်ကြားချက် 2011/36/EU ကို ပြင်ဆင်သော ၂၀၂၄ ဇွန်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်သည့် ညွှန်ကြားချက် (EU) 2024/1712၊ စာပိုဒ် ၂၃

[29] https://www.europol.europa.eu/crime-areas/trafficking-in-human-beings


[30] https://www.europol.europa.eu/media-press/newsroom/news/human-trafficking-action-week-219-criminals-arrested-and-1-374-victims-identified

ကျင့်သုံးနိုင်သော စနစ်ကောင်း တစ်ခုဖြစ်သည်။[31] ထို့အပြင် ယေဘုယျဆန်ဆန် ခုခံချေပချက်များသည် မမျှမတ ဖမ်းဆီးခံ၊ စွဲဆိုခံ၊ စစ်ဆေးကြားနာခံရသော စွတ်စွဲခံရသည့်သူအတွက် ကွင်းလုံးကျွတ်လွတ်ခြင်းထက် ပြစ်ဒဏ်စီရင်မိန့်ကို လျှော့ပေါ့ ပေးခြင်းလောက်သာ ဖြစ်နိုင်ပြီး ထိုကဲ့သို့သော မမျှမတခံစားရမှုများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူနှင့် ဆန့်ကျင်ကာ ထိုအချက်များသည်ပင်လျှင် ပြစ်ဒဏ်ခံစားရသကဲ့သို့ ဖြစ်နိုင်သည်။

တရားဥပဒေပြု လွှတ်တော်အမတ်များအနေနှင့်လည်း လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို တရားဝင်ရေးသွင်းရန်အတွက် ရှင်းလင်းသော ပြဋ္ဌာန်းချက်များကို မူကြမ်းရေးဆွဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ ပြုလုပ်ရန်အတွက် စဉ်းစားသင့်သည်။ မဖြစ်မနေ တရားစွဲဆိုမှု ပြုလုပ်ရန်လိုအပ်သော တရားစီရင်ရေး စနစ်တွင် တရားဥပဒေများအနေနှင့် လူကုန်ကူးခံရသူကို တရားစွဲဆိုခြင်းမပြုလုပ်ရန် သို့မဟုတ် တရားစွဲဆိုခြင်းကို စောစီးစွာ ပိတ်သိမ်းရန် ပြဋ္ဌာန်းထားသင့်သည်။ တာဝန်ရှိသူ၏ ဆင်ခြင်ဆုံးဖြတ်ချက်အရ လုပ်ပိုင်ခွင့်ရှိသော တရားစီရင်ရေး စနစ်များတွင် ဥပဒေများအနေနှင့် တရားစွဲဆိုရေးအရာရှိများမှ စွဲဆိုခြင်းမပြုလုပ်ရန် သို့မဟုတ် လူကုန်ကူးခံရသောကြောင့် လူတစ်ဦးအနေနှင့် ပြစ်မှုကျူးလွန်ရကြောင်း ပေါ်လွင်လာသောအခါ စတင်မိသော စွဲဆိုမှုကို ချက်ချင်းရပ်ဆိုင်းရန် လုပ်ဆောင်သင့်သည်။

လူကုန်ကူးခံရသူများအနေနှင့် မည်သည့်ပုံစံမျိုးနှင့် လူကုန်ကူးခံရသည်ဖြစ်စေ၊ သို့မဟုတ် ထိုသို့ လူကုန်ကူး ခံရသောကြောင့် တိုက်ရိုက်အကျိုးဆက်အနေနှင့် မည်သို့သော ပြစ်မှုမျိုးကို ကျူးလွန်မိသည်ဖြစ်စေ ပြစ်ဒဏ်ကင်းလွတ်ခွင့်မူကို အခြေခံ၍ နစ်နာသူများအားလုံးအပေါ် သက်ရောက်မှုရှိစေရန်အတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ ပြဋ္ဌာန်းချက်များကို မူကြမ်းရေးဆွဲထားသင့်သည်။ ထို့ကြောင့်ပင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေနှင့် လူကုန်ကူးခံရသူများ လူကုန်ကူးခံရ သောကြောင့် တိုက်ရိုက်အကျိုးဆက်အနေနှင့် ကျူးလွန်ရသော တရားဥပဒေနှင့်မညီသည့် လုပ်ရပ်များအားလုံးကို အကျုံးဝင်ထည့်တွက်နိုင်ရန်အတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ပြဋ္ဌာန်းရန် သို့မဟုတ် ပြင်ဆင်ရန်အတွက် စဉ်းစား သင့်သည်။[32] ပြဋ္ဌာန်းဖွင့်ဆိုချက်များသည်လည်း အရေအတွက်အားဖြင့် အကန့်အသတ်မရှိသော တရားမ၊ စီမံအုပ်ချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ရာဇဝတ်ဆိုင်ရာ ပြစ်မှုကျူးလွန်မှုများအားလုံးအတွက် သက်ရောက်မှုရှိသင့်ပြီး နစ်နာသူများ အနေနှင့် မည်သည့်ပုံနှင့် လူကုန်ကူးခံခဲ့ရသည်ဖြစ်စေ၊ သူတို့ကျူးလွန်ခဲ့သော ပြစ်မှုများ မည်မျှပင်ကြီးမားသည်ဖြစ်စေ၊ ခွဲခြားမှုမရှိဘဲ နစ်နာသူများအားလုံးအတွက် သက်ရောက်မှုရှိသင့်သည်။[33]

*ပုံ - ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ သက်ရောက်မှု အတိုင်းအတာ*




31 လူကုန်ကူးခံရသောကြောင့် ပြစ်မှုများကို မဖြစ်မနေကျူးလွန်ရသော နစ်နာသူများအတွက် သင့်တော်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုံ့ပြန်ဆောင်ရွက်ပေးရန် လမ်းညွှန်ချက် - ဗီယင်နာရှိ လူကုန်ကူးမှုအရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အတွင်းရေးမှူးရုံးမှ ပြင်ဆင်သော နောက်ခံစာတမ်း၊ ၂၀၂၀ စက်တင်ဘာလ ၁၀ နှင့် ၁၁ တွင် ထုတ်ဝေသည်။ UN Doc. CTOC/COP/WG.4/2020/2 (၂၀၂၀၊ ဇွန်လ ၁၅ ရက်)၊ စာပိုဒ် ၄၆

32 *အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullally ရေးသားသော ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ လက်တွေ့လုပ်ဆောင်မှု အစီရင်ခံစာ* UN Doc. A/HRC/47/34 ၊ ၂၀၂၁ မေလ ၁၇ ရက်၊ [၅၁]

33 *အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullally ရေးသားသော ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ လက်တွေ့လုပ်ဆောင်မှု အစီရင်ခံစာ* UN Doc. A/HRC/47/34 ၊ ၂၀၂၁ မေလ ၁၇ ရက်၊ [၅၇]

တရားမဝင်သော လုပ်ရပ်အမျိုးအစားနှင့် ပြင်းထန်မှုတို့သည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို သုံးသင့်သည်/မသုံးသင့်ကို ဆုံးဖြတ်ပေးသော အရာမဟုတ်ပါ။ ထိုအခြေခံမှုကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းသည် နစ်နာသူတို့ကိုတရားစွဲဆိုမှု အပေါ် ယေဘုယျဆန်ဆန် ပိတ်ပင်မှုမျိုးဖြစ်စေမည် မဟုတ်ဘဲ စုံစမ်းစစ်မေးရာ၌ ရှိသင့်ရှိထိုက်သောစံနှုန်းများကိုသာ ဖော်ပြခြင်းဖြစ်သည်။[34] ထိုအခြေခံမှုသည် နစ်နာသူ၏ တရားဥပဒေနှင့်မညီသောလုပ်ရပ်နှင့် သူ့အားလူကုန်ကူးမှုဖြစ်ရပ်တို့ အကြားတွင် ချိတ်ဆက်မှု ပေါ်ပေါက်လာသောအခါ အာဏာပိုင်တို့အနေနှင့် ပြစ်ဒဏ်မပေးရန်အတွက် စဉ်းစားပေးရန် သတ်မှတ်ပေးထားသည်။[35]

အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ ယခင် အထူးအစီရင်ခံစာ တင်သွင်းသူမှ ရှင်းပြထားသည်မှာ

> ချိုးဖောက်မှု ပိုမိုကြီးမားလေလေ၊ ထို ချိုးဖောက်မှုဖြစ်ပေါ်သော အခြေအနေ အခင်းအကျင်းကို လေ့လာရန်နှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို သတ်မှတ်ချက်နှင့်အညီ ကျင့်သုံးပိုင်ခွင့်ရှိ/မရှိကို ပို၍ နက်နက်နဲနဲ စုံစမ်းစစ်ဆေးရမည် ဖြစ်သည်။ "အလုံးစုံ ပြစ်ဒဏ်ကင်းလွတ်ခွင့်" ပေးသည်မျိုး လားလားမျှမဟုတ်ဘဲ ဤ အကာအကွယ်၏ ဆောင်ရွက်ပုံမှာ (၁) ပြစ်မှုကျူးလွန်မှုဖြစ်သော အမှန်တကယ် ဖြစ်ရပ်အခင်းအကျင်းကို ဖော်ထုတ်ရန် လိုအပ်ချက် (၂) နစ်နာသူတို့ကို ၎င်းတို့ ရသင့်ရထိုက်သော အကာအကွယ်နှင့် အထောက်အကူဆိုင်ရာ လုပ်ဆောင်ချက်များထံသို့ လွှဲပြောင်းပေးနိုင်ရန် (၃) လူကုန်ကူးမှုရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် လူကုန်ကူးသူများကို တရားစွဲဆို အရေးယူမှုများ ရလဒ်အနေနှင့် ပိုမိုဖြစ်ပေါ်လာစေရန်နှင့် နစ်နာသူများအနေနှင့် အခြားသူများ၏ လွှမ်းမိုး သြဇာအောက် သို့မဟုတ် ခေါင်းပုံဖြတ်မှုအောက်တွင် ရှိနေခိုက်တွင် ၎င်းတို့ ကျူးလွန်မိသော ပြစ်မှုများအတွက် တရားစွဲဆိုခြင်းကို လျှော့ချခြင်း။ ထို့အပြင် နိုင်ငံတော်ဥပဒေတွင် မည်သည့်ခုခံချေပချက်အတွက်မဆို ခွဲခြားဆက်ဆံမှုမရှိဘဲ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လည်ပတ်လုပ်ဆောင်နိုင်စေရန်။[36]

အရေးကြီးသောအချက်မှာ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို သက်ရောက်စေမှုသည် စွပ်စွဲခံရသော လူကုန်ကူးသူအပေါ် တရားစွဲဆိုခြင်း ရှိ/မရှိ ဟူသောအချက် သို့မဟုတ် ပြစ်မှုဆိုင်ရာ ကြားနာမှုတွင် နစ်နာသူအနေနှင့် ပူးပေါင်းပါဝင်ခြင်း ရှိ/မရှိ ဟူသော အချက်တို့အပေါ်တွင် မူတည်စေခြင်းမရှိရပါ။[37]

---

[34] အထက်ပါ စာကွက် - *ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အလွဲသုံးခြင်းမရှိစေရန် ကာကွယ်ခြင်း* ကိုရှု

[35] *Case of V.C.L and A.N. v The United Kingdom,* (Applications nos. 77587/12 and 74603/12) Judgment Strasbourg, 16 February 2021, para. 158

[36] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Maria Grazia Giammarinaro ရေးသားသော ပြစ်ဒဏ်ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရေး အရေးပါပုံ - နစ်နာသူတို့ကိုကာကွယ်ရန်အတွက် တာဝန်၊ ကုလသမဂ္ဂ၊ ဂျီနီဗာ၊ ၂၀၂၀ ဇူလိုင်လ ၃၀ရက်၊ 11 at [41]

[37] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullaly ရေးသားသော ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ အခြေခံမှု လက်တွေ့လုပ်ဆောင်ခြင်းဆိုင်ရာ အစီရင်ခံစာ UN Doc. A/HRC/47/34 (၂၀၂၁ မေလ ၁၇ ရက်နေ့)၊ စာပိုဒ် ၅၈

**အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်**

နိုင်ငံများအနေနှင့် ILO ၏ ၁၉၃၀ အဓမ္မလုပ်အားဆိုင်ရာ သဘောတူညီချက် လုပ်ထုံးလုပ်နည်း (အမှတ် ၂၉) အပါအဝင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးရန်နှင့် လူကုန်ကူးမှုတားဆီးရန်အတွက် သက်ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်များ အားလုံးကို အတည်ပြုလက်မှတ်ရေးထိုးပြီးနောက်တွင် အကောင်အထည် ဖော်ရမည်ဖြစ်သည်။

နိုင်ငံများအနေနှင့် လူကုန်ကူးခံရသူများအတွက် ထိရောက်သော ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးနိုင် စေရန်အတွက် သင့်တော်သော တရားဥပဒေပြုရေး၊ မူဝါဒရေးရာ၊ စီမံအုပ်ချုပ်မှုဆိုင်ရာနှင့် အခြားသော နည်းလမ်းများကို လုပ်ဆောင်ပေးရမည်ဖြစ်ပြီး အောက်ပါတို့ကိုလည်း ဆောင်ရွက်ပေးရမည်။
(က) လူကုန်ကူးခံရသူအအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဆောင်ရွက်ပေးရန် ပြည်တွင်းဥပဒေအတွင်းသို့ အချို့သောပြဋ္ဌာန်းချက်များ ထည့်သွင်းပေးခြင်း၊
(ခ) လူကုန်ကူးခံရသော ဖြစ်ရပ်များအားလုံးတို့တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ရှေ့နောက်ညီညွတ်စွာနှင့် စနစ်ကျစွာ ကျင့်သုံးနိုင်စေရန်အတွက် တရားစွဲဆိုရေးဆိုင်ရာ လမ်းညွှန်ချက်များကို ချမှတ်ကျင့်သုံးရန်၊
(ဂ) လူကုန်ကူးမှုနှင့် ပတ်သက်လေ့ရှိသော ပြစ်မှုစာရင်းကို ထပ်မံဖြည့်စွက်ခွင့်ပေးထားပြီး ဖော်ပြထားသော ပြစ်မှုများသာ မဟုတ်ဘဲ အခြားသောအရာများပါ အကျုံးဝင်နိုင်သေးသည်ဟူသော ပုံစံမျိုး ချမှတ်ကျင့်သုံးရန်နှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်သော အာဏာပိုင်များအားလုံးထံသို့နှင့် လူကုန်ကူးခံရသူတို့နှင့် ထိတွေ့ဆက်ဆံရသော သူများအားလုံးထံသို့ ဖြန့်ဝေပေးပြီးနောက် ၎င်းတို့ကို သင်တန်းပေးရာတွင်နှင့် ၎င်းတို့အတွက် လမ်းညွှန်ချက်များထုတ်ဝေရာတွင် ထည့်သွင်းပေးရန်။[38]

## လူကုန်ကူးမှုနှင့် နစ်နာသူ၏ တရားဥပဒေနှင့်မညီသောလုပ်ရပ်များအကြား ဆက်နွယ်မှုရှိရန် လိုအပ်ကြောင်းကို ဥပဒေအရ ရှင်းလင်းဖော်ပြခြင်း

နိုင်ငံများသည် လူကုန်ကူးခံရသူများ တရားဥပဒေနှင့်မညီသော လုပ်ရပ်များတွင် ပါဝင်လာသော အခြေအနေမျိုးတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးမည်/မသုံးမည်ကို ဆုံးဖြတ်ရာတွင် ချဉ်းကပ်ပုံ မတူကြချေ။ အသုံးများလေ့ အရှိဆုံးသော ပုံစံနှစ်မျိုးမှာ သိမ်းသွင်းခံရခြင်းကြောင့် (သို့မဟုတ် ဖိအား)ကြောင့် လုပ်ဆောင်ရခြင်းနှင့် အကျိုးဆက်အဖြစ်

[38] ရင်းမြစ် - အမျိုးသမီးများနှင့်ကလေးသူငယ်များကို အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullally ရေးသားသော ပြစ်ဒဏ်ကင်းလွတ်ခွင့်အခြေခံမှု လက်တွေ့လုပ်ဆောင်ခြင်းဆိုင်ရာ အစီရင်ခံစာ UN Doc. A/HRC/47/34၊ ၂၀၂၁ မေလ ၁၇ ရက်၊ [၅၃-၅၄]

လုပ်ဆောင်ရခြင်းဟူသော ပုံစံနှစ်မျိုးတို့ဖြင့် ဆန်းစစ်ခြင်းဖြစ်သည်။

- **သိမ်းသွင်းခံရ၍ (သို့မဟုတ် ဖိအားကြောင့်) လုပ်ဆောင်ရသောပုံစံ (compulsion (or duress) model)** သည် သက်ဆိုင်ရာ တရားဥပဒေနှင့်မညီသော လုပ်ရပ်တွင် ပါဝင်လုပ်ဆောင်ရန်အတွက် လူကုန်ကူးသူဘက်မှ မဖြစ်မနေ ဖိအားပေးသောကြောင့် လူကုန်ကူးခံရသူမှ လုပ်ဆောင်ရကြောင်း ပြနိုင်သော အခြေအနေတို့တွင် ပြစ်ဒဏ် ကင်းလွတ်ခွင့် အခြေခံမူကို သက်ရောက်စေခြင်းဖြစ်သည်။

- **အကျိုးဆက်အဖြစ် လုပ်ဆောင်ရသောပုံစံ (causation model)** သည် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက် အနေနှင့် နစ်နာသူသည် တရားဥပဒေနှင့်မညီသောလုပ်ရပ်များ လုပ်ဆောင်ရကြောင်း ပြနိုင်သော အခြေအနေတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို သက်ရောက်စေခြင်းဖြစ်သည်။

ထိုပုံစံများသည် လူကုန်ကူးမှုကိုတိုက်ဖျက်သော ပြည်တွင်းဥပဒေထဲတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖော်ပြထားသော ပုံစံများပင်ဖြစ်သည်။ ထိုကဲ့သို့သော ပြဋ္ဌာန်းချက်များသည် လူကုန်ကူးခံရသူများကို ၎င်းတို့ကျူးလွန်သော တရားဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ဖမ်းဆီးမှု ပြု/မပြုကို တရားဥပဒေစိုးမိုးရေး လုပ်ဆောင်ရသောသူများ အနေနှင့် ဆုံးဖြတ်သောအခါ၊ တရားစွဲဆိုသော ဥပဒေအရာရှိများအနေနှင့် လူကုန်ကူးခံရသူကို တရားဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် တရားစွဲဆိုမှု ပြု/မပြုကို ဆင်ခြင်သုံးသပ်သောအခါနှင့် တရားဥပဒေနှင့်မညီသောလုပ်ရပ်များကြောင့် တရားခွင်တွင် စစ်ဆေးခံနေရသော လူကုန်ကူးခံရသူတို့ကို ခုခံကာကွယ်ပေးနေရသော ရှေ့နေများအတွက် အရေးပါ ပါသည်။

## ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးရန်အတွက် ချဉ်းကပ်ပုံနည်းလမ်းများ

| သိမ်းသွင်းခံရခြင်း (သို့မဟုတ် ဖိအားကြောင့်) ရသောပုံစံ | အကျိုးဆက်အဖြစ် လုပ်ဆောင်ရသောပုံစံ |
|---|---|
| နစ်နာသူကျူးလွန်သော တရားဥပဒေနှင့် မညီသော လုပ်ရပ်များကို လူကုန်ကူးသူဘက်မှ မဖြစ်မနေ ကျူးလွန်ခိုင်းခြင်းဖြစ်ပြီး ဆိုလိုသည်မှာ ကျူးလွန်သောသူအနေနှင့် အဓမ္မစေခိုင်းခံရခြင်း သို့မဟုတ် ဖိအားပေး ခံရခြင်းကြောင့် ပြုလုပ်ခြင်းဖြစ်သည်ဟူသော သဘောပင်ဖြစ်သည်။ | နစ်နာသူကျူးလွန်သော တရားဥပဒေနှင့်မညီသော လုပ်ရပ်များသည် လူကုန်ကူးခံရသော တိုက်ရိုက် အကျိုးဆက်အနေနှင့် လုပ်ဆောင်ရခြင်းဖြစ်သည်။ |

### ဥပမာများ

| | |
|---|---|
| **လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဥရောပကောင်စီ ကွန်ဗန်းရှင်း(၂၀၀၅)**<br><br>အဖွဲ့ဝင်နိုင်ငံများအနေနှင့် နစ်နာသူများ အဓမ္မစေခိုင်းသောကြောင့် ပြုလုပ်ရသော တရားဥပဒေနှင့်မညီသော လုပ်ရပ်များတွင် ၎င်းတို့ ပါဝင်ပတ်သက်မှုကြောင့် ပြစ်ဒဏ်ကျခံရမှု မရှိစေနိုင်မည့် အခွင့်အလမ်းကို ၎င်းတို့၏ ဥပဒေစနစ်များ၏ အခြေခံမှုနှင့်အညီပေးရမည်။<br><br>*လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ဥရောပကောင်စီ ကွန်ဗန်းရှင်း (အပိုဒ် ၂၆)* | **အမျိုးသမီးများနှင့် ကလေးသူငယ်များကို အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ် (*2015*)**<br><br>အဖွဲ့ဝင်နိုင်ငံတိုင်းအနေနှင့် ၎င်းတို့၏ ပြည်တွင်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်ရာတွင် အကြောင်းအကျိုး တိုက်ဆိုင်မှုရှိသော အမှုအခင်းများ၌ လူကုန်ကူးမှုနှင့် တိုက်ရိုက်ပတ်သက်နေသော တရားဥပဒေနှင့်မညီသည့် လုပ်ရပ်များကို လူကုန်ကူးခံရသူများမှ ကျူးလွန်ခဲ့သည်ရှိသော် ထိုလူကုန်ကူးခံရသော နစ်နာသူများကို ရာဇဝတ်ကြောင်းအရ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြစ်ဒဏ်ပေးခြင်းမပြုရန် ထည့်သွင်းစဉ်းစား ပေးရန်။ |
| **အင်ဒိုနီးရှား**<br><br>**ဖိလစ်ပိုင်** | **ဘရူနိုင်း ဒါရူဆလမ်**<br>(လူဝင်မှုကြီးကြပ်ရေးနှင့် စာရွက်စာတမ်းနှင့် သက်ဆိုင်သော ပြစ်မှုများအတွက်သာ)<br><br>**လာအို PDR**<br>(တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုနှင့် ပြည့်တန်ဆာမှုအတွက်သာ)<br><br>**မလေးရှား**<br>(လူဝင်မှုကြီးကြပ်ရေးနှင့် စာရွက်စာတမ်းနှင့် သက်ဆိုင်သော ပြစ်မှုများအတွက်သာ)<br><br>**မြန်မာ**[39]<br>(လူကုန်ကူးမှုပြစ်မှုများ၊ လူဝင်မှုကြီးကြပ်ရေးပြစ်မှု၊ အလုပ်နှင့် စာရွက်စာတမ်းနှင့် သက်ဆိုင်သော ပြစ်မှုများအတွက်သာ) |

**ဖိလစ်ပိုင်**

**ဗီယက်နမ်**

[39] မြန်မာနိုင်ငံရှိ ၂၀၀၅ ခုနှစ်ဥပဒေက ပြဋ္ဌာန်းထားသည်မှာ  တရားမဝင်သောလုပ်ရပ်သည် လူကုန်ကူးမှု၏ "တိုက်ရိုက်အကျိုးဆက်" ဖြစ်သည်ဟု ဆိုထားသော်လည်း ထို ဥပဒေမူဟောင်းကို ပယ်ဖျက်လိုက်သော ၂၀၂၂ ဥပဒေသည် လိုအပ်သောဆက်စပ်မှုကို ရှင်းရှင်းလင်းလင်း ဖွင့်ဆိုထားခြင်း မရှိပါ။

နိုင်ငံများအနေနှင့် မည်သည့်ပုံစံကို ၎င်းတို့အနေနှင့် ချမှတ်ကျင့်သုံးသည်ဖြစ်စေ လက်တွေ့ကျသော ကောက်ချက်ရလဒ်နှင့် ထိုပုံစံတစ်မျိုးချင်းစီကိုကျင့်သုံးပါက ရှိလာနိုင်သည့် အကန့်အသတ်များနှင့် အခက်အခဲများကိုပါ ထည့်သွင်းစဉ်းစား သင့်သည်။

လူကုန်ကူးခံရသောသူများ ပါဝင်သောအမှုများကို တရားစွဲဆိုနေသော သို့မဟုတ် ကာကွယ်ပေးနေသော တာဝန်ရှိသူများ အတွက် ပြစ်မှုကျူးလွန်သူနှင့် လူကုန်ကူးမှုတို့၏ဆက်စပ်မှုကို မည်သို့မည်ပုံ ချိတ်ဆက်ပြရမည်ဆိုသည်ကို ဥပဒေအနေနှင့် ရှင်းရှင်းလင်းလင်း ဖော်ပြထားသင့်သည်။

## *"သိမ်းသွင်းခံရခြင်း" ပုံစံအပေါ် သက်ရောက်မှုရှိသော တရားစီရင်မှုပုံစံ...*

နစ်နာသူ၏ လွတ်လပ်စွာရွေးချယ်နိုင်ခွင့်ကို လူကုန်ကူးသူတို့ဘက်မှ ထိခိုက်နိုင်သော နည်းလမ်းပေါင်းစုံကို တာဝန်ရှိသူတို့ အနေနှင့် နားလည်ရန်အတွက် အလွန်အရေးကြီးပါသည်။ သိမ်းသွင်းခံရခြင်းပုံစံကို ကျင့်သုံးသော နိုင်ငံများအနေနှင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူကုန်ကူးမှု အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ အရွယ်ရောက်ပြီးသော နစ်နာသူကို လူကုန်ကူးသူတို့အနေနှင့် မလုပ်မနေရ အဓမ္မစေခိုင်းနိုင်သော "နည်းလမ်းများ" အားလုံးတို့ကို အကျုံးဝင်မှုရှိစေရန်အတွက် သိမ်းသွင်းခံရခြင်းပုံစံကို ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားသင့်သည်။ သိမ်းသွင်းခံရခြင်းပုံစံကို ကျင့်သုံးသော တရားစီရင်ရေးစနစ်တွင် စံနှုန်းများအနေနှင့် ဖိအားပေးခြင်းနှင့်ပတ်သက်သော အစဉ်အလာအရ ခုခံချေပနိုင်ရန်အတွက် လိုအပ်သော စံနှုန်းပုံစံများအတိုင်း မဖြစ်သင့်သကဲ့သို့ ထိုကဲ့သို့သော အစဉ်အလာအရ ခုခံချေပသော ဖိအားပေးခြင်း မြောက်ရန် လိုအပ်သောအချက်များထဲတွင် ချက်ချင်းလက်ငင်း အသတ်ခံရရန် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပြုရန် ခြိမ်းခြောက်ကြောင်းရှိရန် လိုအပ်သောကြောင့်ဖြစ်သည်။ ထိုအစား စံနှုန်းများအနေနှင့် လူကုန်ကူးခံရသူများ "သိမ်းသွင်းခံရနိုင်" သော ပို၍သိမ်မွေ့သောနည်းလမ်းများကို အာရုံစိုက်သင့်သည်။ အခြားတစ်နည်းဖြင့်ဆိုလျှင် နစ်နာသူ အနေနှင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားသုံးခြင်း သို့မဟုတ် အတင်းအကြပ်စေခိုင်းသော အခြားပုံစံများအသုံးပြုခြင်း၊ ပြန်ပေးဆွဲခြင်း၊ လိမ်ညာခြင်း၊ လှည့်ဖြားခြင်း၊ အာဏာသို့မဟုတ် ထိခိုက်လွယ်မှု အလွဲသုံးစားပြုခြင်း၊ လူတစ်ဦးအနေနှင့် အခြားသူတစ်ဦးအပေါ်ကို လွှမ်းမိုးနိုင်ရန်အလိုတူမှုကိုရယူရန်အတွက် ငွေ သို့မဟုတ် အကျိုးစီးပွါးတစ်ခုခုရယူမှု သို့မဟုတ် ပေးကမ်းမှုရှိသော နည်းလမ်းများဖြင့်လည်း တရားမဝင်သော လုပ်ရပ်များတွင် ပါဝင်ရန်အတွက် "သိမ်းသွင်းခြင်း" ခံရနိုင်သည်။[40]

"အဓမ္မ ရာဇဝတ်ကျူးလွန်စေမှု" ဟူသော စကားရပ်ကိုသုံးရာတွင်လည်း ထိုအတိုင်းပင်ဖြစ်ပြီး နစ်နာသူအနေနှင့် ရာဇဝတ် လုပ်ရပ်များတွင် ပါဝင်လုပ်ဆောင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာ အတင်းအဓမ္မ တွန်းအားပေးစေခိုင်းခြင်းကို ခံရမည်ဟု နားလည်ထားရမည် မဟုတ်ဘဲ လူကုန်ကူးသူအနေနှင့် နစ်နာသူ၏ ထိခိုက်လွယ်သော အခြေအနေကို အခွင့်ကောင်းယူခြင်း အပါအဝင် လူတစ်ဦးတစ်ယောက်ကို ခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးသူဘက်မှသုံးနိုင်သော ပို၍သိမ်မွေ့သော နည်းလမ်းများကို အကျုံးဝင်စေသော နည်းလမ်းဖြင့် နားလည်ထားရမည်။[41] ထိခိုက်လွယ်မှုကို အလွဲသုံးစားပြုရန်

[40]ထိုနည်းလမ်းများကို ACTIP ၏ အပိုဒ် ၂ နှင့် လူကုန်ကူးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၃ နှစ်မျိုးစလုံးထဲတွင် ဖော်ပြထားပါသည်။

[41] ဖတ်ရှုရန် - *Abuse of a position of vulnerability and other 'means' within the definition of trafficking in persons* (UNODC, 2013) နှင့် ကုလသမဂ္ဂ *Guidance Note on 'abuse of a position of vulnerability' as a means of trafficking in persons* အပြင် အင်ဒိုနီးရှား၊ ဗမာ၊ ခမာ၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ် ဘာသာစကားတို့ဖြင့် ဤနေရာတွင် *available* ရရှိနိုင်ပါသည်။

ဟူသည်မှာ နစ်နာသူ၏ ထိခိုက်လွယ်မှုအခြေအနေ ရှိရန်သာမဟုတ်ဘဲ လူကုန်ကူးသူဘက်မှ အလွဲသုံးစားပြုခြင်းလည်း ရှိရန် လိုအပ်သည်။ အောက်ပါ ကုလသမဂ္ဂလမ်းညွှန်ချက်သည် လူကုန်ကူးရန်အတွက် "ထိခိုက်လွယ်သော အခြေအနေကို အလွဲသုံးစားပြုခြင်း" ကို နားလည်လွယ်နိုင်ရန်အတွက် အသုံးဝင်နိုင်ပါသည်။

ထိခိုက်လွယ်မှုရှိ ရှိ/မရှိဟူသော အခြေအနေသည် နစ်နာသူဟုဆိုသောသူ၏ ပုဂ္ဂိုလ်ရေး၊ လက်ရှိအခြေအနေ သို့မဟုတ် ရောက်ရှိသွားသော အနေအထားတို့ကိုပါ ထည့်သွင်းစဉ်းစားပြီးနောက်တွင် ဖြစ်ရပ်တစ်ခုချင်းစီအလိုက် ဆန်းစစ်မှုပြုပါက အကောင်းဆုံးဖြစ်သည်။ ပုဂ္ဂိုလ်ရေးအရ ထိခိုက်လွယ်မှုမှာ ဥပမာအနေဖြင့် လူတစ်ယောက်၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုနှင့် ဆက်စပ်နေနိုင်သည်။ လက်ရှိအခြေအနေအရ ထိခိုက်လွယ်မှုသည် လူတစ်ယောက်အနေနှင့် လူမှုရေး သို့မဟုတ် ဘာသာစကားပိုင်းဆိုင်ရာအရ အထီးကျန်မှု ရှိသော နိုင်ငံခြားတိုင်းပြည်တစ်ပြည်တွင် တရားဥပဒေနှင့်အညီမဟုတ်ဘဲ ရောက်ရှိနေခြင်းနှင့် သက်ဆိုင်နေနိုင်သည်။ ရောက်ရှိသွားသော အခြေအနေအရ ထိခိုက်လွယ်မှုသည် လူတစ်ဦးတစ်ယောက်၏ အလုပ်အကိုင် မရှိမှု သို့မဟုတ် စီးပွါးရေးအရ ကြပ်တည်းခက်ခဲမှုတို့နှင့် သက်ဆိုင်နေနိုင်သည်။ ထိုကဲ့သို့သော ထိခိုက်လွယ်မှုများသည် အရင်ကတည်းက ရှိနှင့်ပြီးသောအရာများလည်း ဖြစ်နိုင်သလို လူကုန်ကူးသူဘက်မှ ဖန်တီးသော အခြေအနေ မျိုးလည်း ဖြစ်နိုင်သည်။ ကြိုတင်ရှိပြီးသော ထိခိုက်လွယ်မှုသည် ဆင်းရဲမွဲတေမှု၊ စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု၊ ငယ်ရွယ်ခြင်း သို့မဟုတ် အိုမင်းခြင်း၊ ဂျန်ဒါ၊ ကိုယ်ဝန်ရှိခြင်း၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ယုံကြည်မှု၊ မိသားစုအခြေအနေ သို့မဟုတ် တရားဥပဒေနှင့်မညီသော အနေအထား (တို့အပြင် အခြားသောအရာများ)တို့နှင့် ဆက်စပ်နေနိုင်သည်။ ဖန်တီးထားသော ထိခိုက်လွယ်မှုသည် လူမှုရေး၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာစကားအရ အထီးကျန်မှု၊ တရားမဝင်သော အခြေအနေ သို့မဟုတ် မူးယစ်ဆေးစွဲသောကြောင့် သို့မဟုတ် မေတ္တာသက်ဝင် သို့မဟုတ် ခံစားချက်ပိုင်းဆိုင်ရာ တွယ်ငြိမှုကြောင့် သို့မဟုတ် ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေး ဓလေ့ထုံးတမ်း ဆိုင်ရာ အလေ့အထတို့မှတဆင့် မွေးမြူထားသော မှီခိုအားထားမှု (တို့အပြင် အခြားသောအရာများ) တို့နှင့် ဆက်စပ် နေနိုင်သည်။

အရေးကြီးသောအချက်မှာ နစ်နာသူ၏ ထိခိုက်လွယ်သော အခြေအနေသည် [ထိခိုက်လွယ်သော အနေအထားကို အလွဲသုံးသော] အညွှန်းလက္ခဏာတစ်ရပ် ဖြစ်နိုင်သော်လည်း ထို ထိခိုက်လွယ်မှုကို အလွဲသုံး၍ နစ်နာသူ၏ အလိုတူမှုကို ငြင်းဖျက်သည့် အဆင့်အခြေအနေအထိ မရောက်ပါက လူကုန်ကူးရာတွင် ထည့်သုံးသော နည်းလမ်းများထဲတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေး၊ လက်ရှိအခြေအနေ သို့မဟုတ် ရောက်ရှိသွားသော အနေအထားတို့ကြောင့် ဖြစ်ပေါ်နေသော ထိခိုက်လွယ်မှုကို တမင်တကာ အသုံးချခြင်း သို့မဟုတ် အခွင့်အကောင်းယူကာ ထို ထိခိုက် လွယ်သော အနေအထားကို ရောက်နေသောသူအနေနှင့် ၎င်းကို အလွဲသုံးစားမှုပြုသူ၏အလိုကို လိုက်လျောခြင်း သည်သာလျှင် သူ့အတွက် လက်ခံနိုင်ဖွယ်ရာရှိသော သို့မဟုတ် အမှန်တကယ်အလုပ်ဖြစ်သော နည်းလမ်းဟု မြင်စေပြီး ထိုကဲ့သို့ ယုံကြည်မှုသည်လည်း နစ်နာသူအနေနှင့် လက်ရှိ ရှိနေသော အနေအထားတွင် ကျိုးကြောင်း ဆီလျော်သည်ဟု မြင်စေရန်အတွက် ထိုသူအား ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ဖြင့် သိမ်းသွင်း စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံထားခြင်းတို့ကို ပြုလုပ်သောအခါတွင်

ထိခိုက်လွယ်မှုရှိသော အနေအထားကို အလွဲသုံးစားလုပ်မှု ဖြစ်ပေါ်ပါသည်။ နစ်နာသူအနေနှင့် သူ့အခြေအနေတွင် အခြား စစ်မှန်သော သို့မဟုတ် လက်ခံနိုင်ဖွယ်ရာရှိသော ရွေးချယ်စရာနည်းလမ်း ကျိုးကြောင်းဆီလျော်စွာ ရှိ၊မရှိဟူသောအချက်ကို ဆုံးဖြတ်ရာတွင် နစ်နာသူ၏အကျင့်စရိုက် သို့မဟုတ် ရောက်ရှိသွားသော အနေအထားကိုပါ ထည့်သွင်းစဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။[42]

နစ်နာသူတို့ကို တရားဥပဒေနှင့်မညီသော ကိစ္စရပ်များတွင် ခေါင်းပုံဖြတ်ရန်အတွက် အသုံးပြုနိုင်သော နည်းလမ်းများကို ကန့်သတ်ပိတ်ပင်ထားသော နိုင်ငံများတွင် နစ်နာသူတို့၏ လူ့အခွင့်အရေးများနှင့်အညီ နစ်နာသူတို့ကို ပြစ်ဒဏ်ပေးမှုမှ အကာအကွယ်ပေးရန်အတွက် ဥပဒေအရ ပြင်ဆင်ချက်များကို မည်သို့ လုပ်နိုင်သည် သို့မဟုတ် ဥပဒေအရ လမ်းညွှန်မှုကို မည်သို့လုပ်နိုင်သည်ဟူသောအချက်ကို ထည့်သွင်း စဉ်းစားသင့်သည်။[43]

ဤပုံစံသည် ဖိအားပေးမှုအပေါ် လုပ်ရိုးလုပ်စဉ်အရ ခုခံချေပသောစနစ်ထက် ပို၍ကျယ်ပြန့်ပြီး ဤပုံစံ၏ စံနှုန်းသက်ရောက် မှုသည် နစ်နာသူအပေါ် အခြေခံမှု၏ အကာအကွယ်ပေးမှုကို ငြင်းဆန်ရာ ရောက်သွားမည်စိုးသောကြောင့် ဤပုံစံကို အသုံးပြုရာတွင် သက်သေတောင်းခံရာ၌ လုပ်ရိုးလုပ်စဉ်စနစ်နှင့် တန်းတူမထားသင့်ပါ။[44] အမျိုးသမီးများနှင့် ကလေးသူငယ် များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူက ပြစ်ဒဏ်ချိုးဖောက်မှုဟု စွဲချက်တင်ရန် အတွက် အနိမ့်ဆုံးရှိသင့်သည့်လိုအပ်ချက်မှာ "ရှင်းလင်းသော သက်သေအထောက်အထား မဟုတ်ဘဲ လူကုန်ကူးမှု ဖြစ်နေကြောင်း ခိုင်မာသော အကြောင်းပြချက်ဖြစ်သည်" ဟူ၍ဖြစ်သည်။[45]

ရာဇဝတ်လုပ်ရပ်များတွင် ခေါင်းပုံဖြတ်ရန်အတွက် မည်သည့်နည်းမျိုးကိုသုံးသည်ဖြစ်စေ ပြည်တွင်း ဥပဒေတွင်ရှိသော ခုခံချေပချက်များအနေနှင့် မည်သည့်အခြေအနေမျိုးတွင်မဆို ကလေးသူငယ်များအပေါ် သက်ရောက်မှုရှိသင့်သည်။ ဆိုလိုသည်မှာ ကလေးသူငယ်များအနေနှင့် လူကုန်ကူးခံခဲ့ရခြင်းဖြစ်ပါကြောင်း သက်သေပြရန်မလိုပါ။ ထို့ကြောင့်ပင် ၎င်းတို့၏ လက်ရှိအခြေအနေဖြစ်သော လူကုန်ကူးခံရသူဖြစ်ခြင်းနှင့် ရလဒ်အနေနှင့် ရာဇဝတ်လုပ်ရပ်များတွင် ပါဝင်ရသည် ဟူသော ဆက်စပ်မှုတစ်ခုတည်းသည်ပင်လျှင် ခုခံချေပမှုလုပ်ရန်အတွက် လုံလောက်သင့်ပါသည်။

## *"အကျိုးဆက်အဖြစ် လုပ်ဆောင်ရသော" ပုံစံအပေါ်တွင် သက်ရောက်မှုရှိသော တရားစီရင်မှုပုံစံ...*

[42] နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ ကျူးလွန်သည့် မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ *နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် အပိုဒ် ၃ တွင် ပါဝင်သော လူကုန်ကူးမှုဆိုင်ရာ နည်းလမ်းများအဖြစ် "ထိခိုက်လွယ်မှုအခြေအနေကို အလွဲသုံးစားပြုမှု" နှင့် သက်ဆိုင်သော လမ်းညွှန်မှတ်စု (၂၀၁၂ UNODC) စာပိုဒ် ၂.၃ မှ ၂.၅ ထိ*

[43] ဥပမာအားဖြင့် အင်ဒိုနီးရှားဥပဒေတွင် ဖော်ပြထားသည်မှာ "လူကုန်ကူးသော ရာဇဝတ်မှုကျူးလွန်သူ၏ မလုပ်မနေရ ဖိအားပေးသောကြောင့် ရာဇဝတ်မှု ကျူးလွန်သော နစ်နာသူကို ပြစ်မှုဆိုင်ရာ တရားစွဲဆိုချက်များ မပြုလုပ်ရ" (၂၀၀၇ ခုနှစ် *လူကုန်ကူးရာဇဝတ်မှု တိုက်ဖျက်ရေး အက်ဥပဒေ၊* ပုဒ်မ ၁၈) ဟူ၍ပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် တာဝန်ရှိသူများအနေနှင့် နစ်နာသူသည် နည်းလမ်းများစွာတို့ဖြင့် "ဖိအားပေးခံရ" ကြောင်း နားလည်သဘောပေါက် စေရန်အတွက် လမ်းညွှန်ချက်များပေးထားသင့်သည်။

[44] လူကုန်ကူးခံရသောကြောင့် ရာဇဝတ်ပြစ်မှုချိုးဖောက်မှုများကို မဖြစ်မနေချိုးဖောက်မိသော နစ်နာသူများအတွက် သင့်တော်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုံ့ပြန်ချက်ပေးရန်အတွက် လမ်းညွှန်ထုတ်ပြန်ချက် - ဗီယင်နာရှိ လူကုန်ကူးမှုအရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူးရုံးမှ ပြင်ဆင်ပေးထားသော နောက်ခံအချက်အလက်စာတမ်း ၂၀၂၀ စက်တင်ဘာလ ၁၀ နှင့် ၁၁။ UN Doc. CTOC/COP/WG.4/2020/2 ( ၂၀၂၀ ဇွန်လ ၁၅ ရက်)၊ စာပိုဒ် ၆၀။

[45] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အမျိုးသမီးများနှင့် ကလေးသူငယ်များကို အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ UN Doc. A/HRC/44/45 ( ၂၀၂၀ ဧပြီလ ၆ ရက်) [36]

အကျိုးဆက်အဖြစ်လုပ်ဆောင်ရသောပုံစံတွင် လူကုန်ကူးသူအနေနှင့် အဓမ္မအတင်းအကြပ် သို့မဟုတ် ဖိအား သို့မဟုတ် အခြား နည်းလမ်းများကိုသုံး၍ လူကုန်ကူးခံရသူများကို "မဖြစ်မနေလုပ်ဆောင်ရန်" ခိုင်းစေခြင်းကြောင့်သာ တရားဥပဒေနှင့်မညီသောလုပ်ရပ်များ လုပ်ရသည်ဟူ၍ ဖြစ်စရာမလိုပါ။ ထိုအစား ၎င်းတို့ကျူးလွန်ရသော တရားဥပဒေနှင့်မညီသော လုပ်ရပ်များသည် ၎င်းတို့ကိုယ်တိုင် လူကုန်ကူးခံရခြင်းကို တွေ့ကြုံမှုကြောင့် တိုက်ရိုက်ရလဒ်ဖြစ်ခြင်းဟု သတ်မှတ်ခြင်းဖြစ်သည်။

ဥပဒေရေးဆွဲရသော တာဝန်ရှိသူများအနေနှင့် "တိုက်ရိုက်အကျိုးဆက်" သို့မဟုတ် "တိုက်ရိုက်ရလဒ်" နှင့် "ဆက်စပ်နေသော" ဟူသော စကားတို့ကို ကျယ်ပြန့်သောအမြင်ဖြင့် နားလည်ထားရန်လိုအပ်သည်။ အချိန်နှင့်ပတ်သက်သော ဖော်ပြချက်များ သို့မဟုတ် လက်ရှိရောက်နေသော အခြေအနေတို့ ပြောင်းလဲသွားသောအခါ အချိန်ကာလနှင့် ပတ်သက်သောအချက်များ မေးခွန်းထုတ်ခံရခြင်းမျိုး ဖြစ်လာနိုင်ပြီး စွဲဆိုထားသော ရာဇဝတ်လုပ်ရပ်နှင့် လူတစ်ဦး၏ လူကုန်ကူးခံရမှုတို့အကြား ဆက်စပ်မှုတို့ ထိုမေးခွန်းများကြောင့် ပြတ်တောက်သွားနိုင်သည်။ ကျယ်ပြန့်သော နားလည်ပုံအရဆိုလျှင် "တိုက်ရိုက်နှင့် ချက်ချင်းအကျိုးခံစားရနိုင်သော" ဆက်နွယ်မှုရှိရန်မလိုပါ၊ လူကုန်ကူးမှုနှင့် စွဲဆိုထားသောပြစ်မှုတို့ အကြားတွင် ဆက်စပ်မှုရှိနိုင်နေသေးသည်ဟူသော အချက်ကို လက်ခံထားရန်သာ လိုအပ်ပါသည်။ ဥပမာအားဖြင့် ဆက်လက်၍ ကြောက်ရွံ့နေရခြင်းနှင့် အတင်းအကြပ်စေခိုင်းသော ကိစ္စရပ်မျိုး ဆက်လက်ဖြစ်ပေါ်နေသေးသော ကိစ္စရပ်မျိုးဖြစ်သည်။[46] အခြားတစ်ဖက်မှကြည့်လျှင်လည်း လူကုန်ကူးခံရသော အနေအထားတွင်ပင် ရှိနေသေးသော နစ်နာသူအနေနှင့် လူကုန်ကူးမှုနှင့်မသက်ဆိုင်သော ပြစ်မှုချိုးဖောက်မှုများ ရှိနေနိုင်သေးသောကြောင့် ထိုကဲ့သို့သောလုပ်ရပ်များသည် ပြစ်ဒဏ်မခံရစေရန် အကာအကွယ်ပေးသော ဘောင်အတွင်းအကျုံးမဝင်ပါ။

ACTIP အနေနှင့် အကျိုးဆက်အဖြစ်လုပ်ဆောင်ရသော ပုံစံကို လက်ခံကျင့်သုံးပါသည်။ ဤပုံစံသည် သိမ်းသွင်းခံရသော ပုံစံနှင့် ယှဉ်လိုက်ပါက ပိုမိုကျယ်ပြန့်ပြီး သက်သေပြရန်လည်း ပိုမိုလွယ်ကူသောကြောင့် လူကုန်ကူးမှုဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အခြားသော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ပညာရှင်များက ပိုမိုနှစ်သက်ကြပါသည်။[47] အကျိုးဆက်ကြောင့်ဖြစ်ရသော ပုံစံသည် တရားမဝင်သော လုပ်ရပ်များသည် နစ်နာသူအနေနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် လွတ်လပ်မှုမရှိခြင်းကြောင့် ဖြစ်သည်ဟူသောအချက်ကို လက်ခံပေးသည့် အားသာချက်ရှိသည်။ ထို့ကြောင့်ပင် နစ်နာသူအနေနှင့် မူးယစ်ဆေးစိုက်ပျိုးမှု သို့မဟုတ် တရားမဝင်ကုန်ကူးမှု၊ အွန်လိုင်းငွေလိမ်လည်မှု သို့မဟုတ် ခါးပိုက်နှိုက်မှုတို့ကဲ့သို့သော ရာဇဝတ်မှုများလုပ်ဆောင်ရန်အတွက် လူကုန်ကူးခံရသောအခါ နစ်နာသူဘက်မှ ကျူးလွန်သော ပြစ်မှုနှင့် သူ၏လူကုန်ကူးခံရမှုတို့အကြားတွင်ရှိသော ဆက်စပ်မှုတို့ ပို၍ပေါ်လွင်ထင်ရှားလာမည်ဖြစ်သည်။

## သက်သေပြရန် တာဝန်နှင့် လိုအပ်သောသက်သေ၏ စံနှုန်းအဆင့်အတန်းကို ရှင်းလင်းဖော်ပြခြင်း

46 Ryszard Piotrowicz, *How far can we extend the non-punishment principle?* La Strada, ၂၀၂၁ ဧပြီလ ၂၁

47 အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Maria Grazia Giammarinaro ရေးသားသော အစီရင်ခံစာ ၂၀၂၀ ဧပြီလ ၆ ရက်၊ UN Doc A/HRC/44/45 စာပိုဒ် ၃၆ ။ အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Siobhán Mullaly ရေးသားသော အစီရင်ခံစာ - ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ လက်တွေ့လုပ်ဆောင်ခြင်း UN Doc. A/HRC/47/34 (၂၀၂၁ မေလ ၁၇ရက်) စာပိုဒ် ၅၂

လူကုန်ကူးမှုနှင့် နစ်နာသူ၏ တရားဥပဒေနှင့်မညီသောလုပ်ရပ်များအကြား ဆက်စပ်မှုကို သက်သေပြရန် တာဝန်မှာ နိုင်ငံတော်အပေါ်တွင် တာဝန်ရှိပါသည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များအနေနှင့် နစ်နာသူတစ်ဖြစ်လဲ ခုခံချေပရသူကို သူ့အနေနှင့် လူကုန်ကူးခံရသူဖြစ်ကြောင်း သက်သေအထောက်အထား ပြရန်အတွက် သက်သေပြရန် တာဝန်ကို ၎င်းအပေါ်တွင် ထားသောပုံစံမျိုးဖြင့် ရေးဆွဲပြဋ္ဌာန်းထားခြင်းမျိုး ဖြစ်နိုင်ပါသည်။ လက်တွေ့တွင် နစ်နာသူ အနေနှင့် ၎င်းတို့ နစ်နာသူဖြစ်ကြောင်း သက်သေပြရသည်မှာ ခက်ခဲနိုင်ပါသည်၊ အထူးသဖြင့် ရာဇဝတ်လုပ်ရပ်များအတွက် ခေါင်းပုံဖြတ်ခြင်းကို လူကုန်ကူးမှုပုံစံတစ်မျိုးအနေနှင့် ပြည်တွင်းဥပဒေအတွင်းတွင် ထည့်သွင်းအသိအမှတ် မပြုထားသော တရားစီရင်ရေးစနစ်အတွင်းတွင် ပို၍ ခက်ခဲနိုင်ပါသည်။[48] နစ်နာသူကို နိုင်ငံတော်ဘက်မှစ၍ သတ်မှတ် ဖော်ထုတ်ရန်နှင့် ကာကွယ်ရန်ဟူသော တာဝန်နှင့်အညီ သက်သေပြရန်တာဝန်ကို နိုင်ငံတော်အပေါ်တွင်ထားခြင်းသည် အကောင်းဆုံးသော လုပ်ထုံးလုပ်နည်းဖြစ်ပြီး နစ်နာသူအပေါ်ထံတွင် သက်သေပြရန်တာဝန်ကိုထားခြင်းသည် ထိုအချက်နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်သည်။ ထို့ကြောင့်ပင် နစ်နာသူအနေနှင့် ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ရှိပြီး ထိုရည်ရွယ်ချက်ကို လူကုန်ကူးသူ ဘက်မှ လုပ်ဆောင်သောနည်းလမ်းများက သက်ရောက်ထိခိုက်စေမှု မရှိပါဟူသောအချက်ကို သက်သေပြရန် တာဝန်မှာ နိုင်ငံတော်အပေါ်တွင်သာ အမြဲရှိပြီး ခုခံချေပရသောဘက်ကို မသက်ရောက်ပါ။[49]

လိုအပ်သော သက်သေအဆင့်အတန်းနှင့်ပတ်သက်သော နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ ကျူးလွန်သည့် မှုခင်းဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံအောက်တွင်ရှိသော လူကုန်ကူးမှုဆိုင်ရာ လုပ်ငန်းအဖွဲ့မှ လမ်းညွှန်ထုတ်ပြန်ထားပါသည်၊ ၎င်းလမ်းညွှန်အရ ပြစ်မှုကျူးလွန်ပါသည်ဟု စွပ်စွဲခံရသောသူအနေနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် အတိုင်းအတာထက် ကျော်လွန်၍ ခုခံချေပရန်တာဝန် မရှိဟုဆိုပါသည်။ ထိုအစား စွဲဆိုသောဘက်ကသာလျှင် ခုခံချေပသောအချက်သည် မဟုတ်မမှန်ကြောင်း သက်သေပြရန် တာဝန်ရှိသည်-

> စွပ်စွဲခံရသူတစ်ဦးအနေနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် အတိုင်းအတာထက်ကျော်လွန်၍ ခုခံချေပရန်မလိုသည့်အပြင် ဖြစ်နိုင်ခြေရှိသော အချက်အလက်များပေါ်တွင် မူတည်၍ ချေပခြင်းပင် လုပ်စရာမလိုပါ၊ ထိုကဲ့သို့လုပ်ခြင်းဖြင့် လူတစ်ဦးတစ်ယောက်အနေနှင့် အပြစ်ရှိကြောင်း သက်သေမပြနိုင်ခင်အချိန်အထိ အပြစ်ကင်းစင်သည်ဟု ယူဆထားချက်ကို ကျိုးပေါက်သွားစေနိုင်သည်။ တရားခွင်တွင် ခုခံချေပချက် တင်ပြလိုက်သည်နှင့် စွဲဆိုသောဘက်မှ ထိုအချက်သည်မဟုတ်ကြောင်းကို ခိုင်လုံ ရှင်းလင်းစွာ တင်ပြရမည်ဖြစ်သည်။[50]

ပြစ်မှုဆိုင်ရာ ဥပဒေနှင့်ပတ်သက်သော တာဝန်ရှိသူများအတွက် ရှင်းလင်းမှုရှိစေရန် ဥပဒေကို အသစ်ပြဋ္ဌာန်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ ပြုလုပ်ရန်လိုအပ်နိုင်ပြီး ထိုမှသာ ခုခံချေပမှုလုပ်သောအခါ နိုင်ငံတော်(တရားစွဲဆိုသူ)ဘက်မှ ထိုကြောင့် သက်ရောက်ခြင်းမရှိပါဟု ပြနိုင်မည်ဖြစ်သည်။

48 ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခံရသော အမျိုးသမီးနစ်နာသူတို့ဘက်မှ ခုခံချေပခြင်း - စီရင်ထုံးဆန်းစစ်ခြင်း(၂၀၂၀ ဗီယန်နာ၊ ကုလသမဂ္ဂ) ၆၊ ၇၆-၉၃

49 ယူနိုက်တက်ကင်းဒမ်း အယူခံတရားရုံးဘက်မှ ၂၀၁၈တွင် ချမှတ်လိုက်သော ဆုံးဖြတ်ချက်ဖြစ်ပြီး ထိုဆုံးဖြတ်ချက်အရ အစိုးရဘက်တွင် သက်သေပြရန် တာဝန်ရှိပြီး တရားစွဲဆိုသူအနေနှင့် ပြဋ္ဌာန်းထားသော ခုခံကာကွယ်မှုသည် ဤဖြစ်ရပ်အတွက် အကျုံးမဝင်ကြောင်းကို ခိုင်လုံစွာ ပြရမည်ဖြစ်သည်။ ခေတ်သစ်ကျွန်စနစ်ဆိုင်ရာ အက်ဥပဒေအပေါ်လွတ်လပ်သော ဆန်းစစ်လေ့လာချက် - နောက်ဆုံးအစီရင်ခံစာ (ပြည်ထဲရေး ဌာနဝန်ကြီးရုံး ၂၀၁၉) ၁၈၊ MK v R [2018] EWCA Crim 667 ကိုးကားချက်

50 လူကုန်ကူးခံရသောကြောင့် ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံရသော နစ်နာသူများအတွက် သင့်တော်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး ဆောင်ရွက်ရန် လမ်းညွှန် - ဗီယန်နာမြို့ရှိ လူကုန်ကူးမှုအရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အတွင်းမှုရုံးမှ ပြင်ဆင်သော နောက်ခံအချက်အလက်စာတမ်း ၂၀၂၀ စက်တင်ဘာလ ၁၀နှင့် ၁၁၊ UN Doc. CTOC/COP/WG.4/2020/2 (၂၀၂၀၊ ဇွန်လ ၁၅ရက်)၊ စာပိုဒ် ၆၅။

## ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုနှင့် ပတ်သက်သော ဥပဒေလမ်းညွှန်ချက်များ ရေးဆွဲဖြန့်ဝေခြင်း

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို သက်ရောက်စေရန်အတွက် နစ်နာသူ၏ကျူးလွန်သောပြစ်မှုနှင့် သူ၏လူကုန်ကူးခံရမှုတို့အကြားတွင်ရှိသော ဆက်စပ်မှုကို မည်သို့ပြုရမည်ဟူသောအချက်သည် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် တာဝန်ထမ်းဆောင်သူတို့အတွက် အမြဲတစေ ရှင်းလင်းမှု မရှိနိုင်ပါ။ နိုင်ငံများအနေနှင့် သိမ်းသွင်းမှုပုံစံဖြစ်စေ၊ အကျိုးဆက်အဖြစ်လုပ်ဆောင်သောပုံစံကို အသုံးပြုသည်ဖြစ်စေ၊ ပုံစံနှစ်မျိုးကို ရောစွဲ အသုံးပြုသည်ဖြစ်စေ၊ သို့မဟုတ် လုံးလုံးကွဲပြားသောပုံစံကို အသုံးပြုသည်ဖြစ်စေ တာဝန်ရှိသူတို့အနေနှင့် ထိုအချက်ကို နားလည်ရန်အရေးကြီးပါသည်။

အဖွဲ့အစည်းချင်း ချိတ်ဆက်လုပ်ဆောင်သော လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေနှင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိသူများနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ပြစ်ဒဏ် ကင်းလွတ်ခွင့်နှင့်သက်ဆိုင်သောပြဋ္ဌာန်းချက်များနှင့် အခြားသော ဥပဒေများနှင့်သက်ဆိုင်သော လမ်းညွှန်ချက်များရေးဆွဲရန် စဉ်းစားသင့်ကာထိုပြဋ္ဌာန်းချက် များကို ရှိမှန်းမသိခြင်းမျိုးဖြစ်နိုင်သော သို့မဟုတ် လက်တွေ့တွင် မည်သို့အသုံးပြုရမှန်းမသိခြင်းမျိုးဖြစ်နိုင်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတာဝန်ရှိသူများထံ ဖြန့်ဝေပေးသင့်သည်။ ထိုကဲ့သို့သောလမ်းညွှန်ချက်များသည် တရားစီရင်ရေးစနစ်တစ်ခုလုံးတွင်ရှိသော တရားစွဲဆိုရသည့် ဥပဒေအရာရှိများ၊ တရားခံရှေ့နေများနှင့် တရားစီရင်ရေးဌာန အဖွဲ့များအားလုံး ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ရှေ့နောက်ညီညီနှင့် စနစ်တကျအသုံးပြုနိုင်စေရန်အတွက် အရေးကြီးသောအရာများဖြစ်သည်။

တာဝန်ရှိသူများကိုပေးထားသော လမ်းညွှန်ချက်များသည် ရှင်းလင်းပြီး နားလည်နိုင်သောဘာသာစကား အသုံးအနှုန်းများဖြင့် ရှင်းပြထားရန်လိုပါသည်။

- နစ်နာသူ၏ တရားဥပဒေနှင့်မညီသောလုပ်ရပ်နှင့် သူ၏ လူကုန်ကူးခံရသောဖြစ်ရပ်တို့အကြား ဆက်စပ်မှုသည် သိမ်းသွင်းမှု သို့မဟုတ် အကျိုးဆက်အနေနှင့်ဖြစ်ပေါ်မှုတို့ကြောင့် ဖြစ်ရခြင်း ဟုတ်/မဟုတ်
- အမှုလိုက်ဥပဒေအရာရှိ သို့မဟုတ် တရားခံရှေ့နေများအနေနှင့် နစ်နာသူ၏ ပြစ်မှုကျူးလွန်မှုသည် သူ၏ လူကုန်ကူးခံရသောဖြစ်ရပ်နှင့် ချိတ်ဆက်ခြင်း ရှိ/မရှိကို ပြသရန်အတွက် သက်သေ အထောက်အထားများ ယူဆောင်လာနိုင်ပါသည်
- ပြည်တွင်းတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု ပြဋ္ဌာန်းချက်များ မရှိသောအခါ နှင့်/သို့မဟုတ် အကာအကွယ်ပေးထားသော အတိုင်းအတာပမာဏကို ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်က ကန့်သတ်ထားသောအခါများတွင် ဖြည့်စွက်ကူညီရန်အတွက် လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်နှင့် ACTIP တို့ကို ကိုးကားအသုံးပြုနိုင်ပါသည်။
- လူတစ်ဦးအနေနှင့် လူကုန်ကူးခံရသောအခြေအနေတွင် ပြစ်မှုကျူးလွန်မိသောအခါတွင် ဖိအားနှင့် လိုအပ်ချက်ကြောင့်လုပ်ရခြင်းဟူသော အကြောင်းပြချက်ဖြင့် ချေပခြင်းကို အနက်အဓိပ္ပာယ်ပြန်ဆိုရာတွင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာလူကုန်ကူးမှုတားဆီးဆန့်ကျင်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များသည် အရေးကြီးပါသည်။

ထို လမ်းညွှန်စာရွက်စာတမ်းများသည် လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်သော တာဝန်ရှိသူများထံသို့သာမကဘဲ

လူကုန်ကူးခံရသူများ ကျူးလွန်မိနိုင်သော ပြစ်မှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုရေး သို့မဟုတ် ခုခံချေပရေးဆောင်ရွက်ပေးရသော အထွေထွေကဏ္ဍ တာဝန်ရှိသူများထံသို့ပါ ပေးထားရန်အရေးကြီးပါသည်။ ထို့ကြောင့်ပင် လမ်းညွှန်ချက်များအနေနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေထဲတွင်ပါဝင်သော ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များအတွက်သာမက နစ်နာသူများကို ပြစ်ဒဏ်မခံရစေရန်အတွက် ကာကွယ်ပေးရာတွင် အရေးပါနိုင်သော အခြားသော ဥပဒေများထဲတွင်ရှိသော ပြဋ္ဌာန်းချက်များကိုပါ ထည့်သွင်းဖော်ပြထားသင့်သည်။

*[၂] လူကုန်ကူးခံရသူများ ပြစ်ဒဏ်ပေးခံရခြင်းမှ ကာကွယ်ပေးရန်အတွက် အခြားသော (လူကုန်ကူးမှုနှင့်မသက်ဆိုင်သည့်) ဥပဒေများကို ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း*

လူကုန်ကူးမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသောဥပဒေများအပြင်(အထက်ပါ [၁] တွင် ဆွေးနွေးထားသည့်အတိုင်း) နိုင်ငံများအနေနှင့် လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရသောအကျိုးဆက်ကြောင့် ကျူးလွန်ရသော ပြစ်မှုများအတွက် တရားစွဲဆိုခြင်း မလျော်ကန်စွာခံရခြင်းမျိုး ဖြစ်နိုင်ခြေတို့ကို လျှော့ချရန်အတွက် အခြားသော ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ကို ပြုလုပ်ရန်အတွက် ထည့်သွင်းစဉ်းစားသင့်သည်။ ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာဥပဒေများနှင့် အခြားသော နယ်စပ်အုပ်ချုပ်ရေး နည်းစနစ်များအနေနှင့် လူကုန်ကူး ခံရသူများအပေါ်ကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုချိုးဖောက်မှုတို့ဖြင့် ရာဇဝတ်မှုဆိုင်ရာ နှင့်/သို့မဟုတ် စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြစ်ဒဏ်များ မပေးသင့်ဘဲပေးမိသည်တို့ ဖြစ်နိုင်ခြေကို လျှော့ချရန်အတွက် ဥပဒေ ပြင်ဆင်မှုများကို ထည့်သွင်းစဉ်းစားသင့်သည်။ တာဝန်ရှိသူများအနေနှင့်လည်း ပြည်တွင်းဥပဒေတွင် ရှိကောင်း ရှိနိုင်သော မည်သည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်စေ၊ ဖြည့်စွက်ထောက်ကူချက်အနေနှင့်ဖြစ်စေ အသုံးပြုမည့်အစား လက်တွေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထိထိရောက်ရောက် လက်တွေ့အသုံးချရာတွင် အထောက်အကူဖြစ်စေနိုင်မည့် အချို့သော ပြဋ္ဌာန်းချက်များကို ရှာခြင်းမျိုးလည်း ပြုလုပ်နိုင်ပါသည်။ ဤအပိုင်းသည် နိုင်ငံများအနေနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသုံးချသည်ဟူသောအဆင့်ကို ကျော်လွန်၍ ၎င်းတို့၏ ပြည်တွင်းဥပဒေထဲရှိ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဆိုင်ရာ အကာအကွယ်များကို ပိုမိုအားကောင်း စေရန်အတွက် ထိုအချက်ကို အသုံးချနိုင်ပါသည်။

## လူကုန်ကူးခံရသူများ တရားစွဲဆိုခံရနိုင်ခြေကို လျှော့ချရန်အတွက် ပြစ်မှုဆိုင်ရာနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်အတွက် စူးစမ်းလေ့လာခြင်း

နိုင်ငံများအနေနှင့် နစ်နာသူများ တရားစွဲဆိုခံရနိုင်ခြေ အလွန်မြင့်မြင့်မားမား ဖြစ်စေနိုင်သော ဥပဒေများကို ပြင်ဆင်ရန် အတွက် ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာအားဖြင့် နစ်နာသူများကို ပြစ်ဒဏ်ချိုးဖောက်မှုများအတွက် တင်းကြပ်လှသော အရေးယူမှုများမှ အကာအကွယ်ပေးရန်အတွက် ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာအားဖြင့် လူကုန်ကူးခံရသော လက်ရှိအနေအထားအရ တရားဥပဒေနှင့်မညီသော ရွှေ့ပြောင်းနေထိုင်သူများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှု ချိုးဖောက်မှုတို့ဖြင့် ရာဇဝတ် သို့မဟုတ် စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ သက်ရောက်စေခြင်းသည် ပြစ်ဒဏ် ကင်းလွတ်ခွင့် အခြေခံမှုကို ချိုးဖောက်ခြင်းမျိုးဖြစ်နိုင်သည်။ မူးယစ်ဆေးနှင့်ပတ်သက်သော ပြစ်မှုချိုးဖောက်မှုများကြောင့် ထိုကဲ့သို့သော မူးယစ်ဆေးနှင့်ပတ်သက်သည့် လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေသော လူကုန်ကူးခံရသူများ ပေါ်ပေါက် လာခြင်းမျိုးဖြစ်နိုင်ပြီး ထိုသူများအနေနှင့် တရားစွဲဆိုခြင်းခံရနိုင်ကာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ပြင်းထန်သော ပြစ်ဒဏ် ပေးမှုမျိုးခံရနိုင်သည်။ လူကုန်ကူးခံရသူများနှင့် အခြားသော ထိခိုက်လွယ်သော၊ အခွင့်အရေးတန်းတူ မရသောသူများ အတွက် လိင်အလုပ်လုပ်ခွင့်ကို ပိတ်ပင်ထားသော ဥပဒေများကိုလည်း ပြင်ဆင်ရန်အတွက် စဉ်းစားသင့်သည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် ပတ်သက်သောကိစ္စရပ်များတွင် လိင်လုပ်ငန်းအတွက် ရေးဆွဲထားသောဥပဒေနှင့် ချိုးဖောက်မှု များသည် အရွယ်ရောက်ပြီးသူများအတွက် ရေးဆွဲထားသော ဥပဒေများဖြစ်နေသောကြောင့် (ထိုသူများအထဲတွင် ပါသော လူကုန်ကူးခံရသူများအပါအဝင်) ကလေးသူငယ်များ ထိုအထဲတွင် ပါဝင်ပတ်သက်မိသောကြောင့် ဥပဒေအရ တရားစွဲဆိုရန် မဖြစ်နိုင်ပါ။[51]

[51] Dressember နှင့် Karana Rising ရှိ ရှင်သန်လွတ်မြောက်လာသူများအတွက် တရားမျှတမှုရရှိရေး စကားဝိုင်းဆွေးနွေးပွဲ ည ၇ နာရီ ET ၊ ၂၀၂၁ ခုနှစ် ဧပြီလ ၃၀ရက်နေ့တွင် John Cotton Richmond ပြောသော Ambassador-at-large ဆွေးနွေးချက်

**စာကွက် - ဥပမာ**

အာဂျင်တီးနားနိုင်ငံတွင် လူကုန်ကူးမှုနှင့်ပတ်သက်သော ကိစ္စများတွင် “အဓမ္မရာဇဝတ်မှုကျူးလွန်ရန်” ဟူသော အချက်ကို ရည်ရွယ်ချက်တစ်ခုအနေနှင့် ထည့်သွင်းထားခြင်းမရှိသောကြောင့် လူကုန်ကူးခံရသူတို့အနေနှင့် မူးယစ်ဆေးသယ်ယူရန်အတွက် ခေါင်းပုံဖြတ်အခိုင်းခံရသောကိစ္စများတွင် နစ်နာသူအဖြစ် ထိထိရောက်ရောက် သတ်မှတ်ခြင်းမခံရသောကြောင့် မူးယစ်ဆေးဝါးအမှုများဖြင့် တရားစွဲဆိုခြင်းခံရသည်။ ထိုကိစ္စနှင့်ဆက်စပ်ပြီး ဆိုရလျှင် ဖက်ဒရယ်အဆင့် ခုခံချေပရေးဆောင်ရွက်ပေးသော ရှေ့နေတစ်ဦးမှ သတိပြုမိသည်မှာ အကျဉ်းထောင်များသည် “…အာဏာပိုင်များကို အာရုံလွှဲရန်အတွက် မူးယစ်ဆေးကုန်ကူးသော အဖွဲ့အစည်းများ၏ အောက်ဆုံးအဆင့် အချိတ်အဆက်များဖြစ်သော ချို့တဲ့သော အမျိုးသမီးများ၊ မသန်စွမ်းများနှင့်၊ ဖြစ်ရပ် အတော်များများတွင် စာမတတ်သောသူများဖြင့် ပြည့်နှက်လျက်ရှိသည်” ကို သတိပြုမိသည်ဟုဆိုသည်။[52]

ထိုအခက်အခဲကို ရင်ဆိုင်ရန်အတွက် ပြည်သူ့ကာကွယ်ရေး ဝန်ကြီးဌာနအနေနှင့် မူးယစ်ဆေး သယ်ဆောင်သူ အဖြစ်သက်သက် တစ်နေရာမှတစ်နေရာသို့ သယ်ယူပေးရန်အတွက် လူကုန်ကူးခံရသူများကို ပြစ်မှုဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ်ပေးခြင်းမပြုရန်အတွက် ရှင်းရှင်းလင်းလင်း ကင်းလွတ်ခွင့်ပေးရန်အတွက် မူးယစ်ဆေး ဥပဒေကို ပြင်ဆင်ရန်အတွက် တောင်းဆိုမှုပြုထားသည်။

## ရာဇဝတ်ကြောင်းအရ တာဝန်ခံမှုရှိစေရမည့် အနိမ့်ဆုံးရှိရန်လိုအပ်သော သင့်တော်သည့် အသက်အရွယ်ကို သတ်မှတ်ခြင်း

လူကုန်ကူးခံရသူများကို ဖော်ထုတ်သတ်မှတ်ရန်နှင့် အကာအကွယ်ပေးရန်အတွက် သတ်မှတ်ချက်အရ ကလေးသူငယ်ဟူသည်မှာ အသက် ၁၈ နှစ်အောက်ရှိသော မည်သူ့ကိုမဆို ခေါ်ခြင်းဖြစ်သည်။[53]

နစ်နာသူကလေးသူငယ်များအား အကာအကွယ်ပေးရန်အတွက် မည်သည့်ဘက်တွင်ရှိသည်ဖြစ်စေ၊ ထိုအသက်အရွယ် အပိုင်းအခြားရှိ ကလေးသူငယ်များအနေနှင့် သင့်တင့်လျောက်ပတ်သော ဆက်ဆံမှုရရှိရန်အတွက် ပြစ်မှုအရ ပြစ်ဒဏ်ကျခံရန် အနိမ့်ဆုံးရှိရန်လိုအပ်သော သင့်တော်သော အသက်အရွယ်တစ်ခုကို သတ်မှတ်ပေးရမည်ဖြစ်သည်။[54] ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၄၀ သည် ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်ကျခံရန်အတွက် အနိမ့်ဆုံး ရှိရမည့်အသက်အရွယ်ကို ဖွင့်ဆိုထားခြင်း မရှိပါ။ သို့သော်လည်း ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီမှ နိုင်ငံများကိုတိုက်တွန်းသည်မှာ သိပ္ပံနည်းကျအထောက်အထားများကို မှတ်သား၍ ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်ကျခံရမည့် အသက်အရွယ်ကို ၁၄နှစ်အထိ တိုးမြှင့်ရန်အတွက် ပြောဆိုထားပြီး ကလေးသူငယ်၏အသက်ကို

[52] Jean-Pierre Gauci နှင့် Noemi Magugliani တို့ရေးသားသော *လူကုန်ကူးခြင်းနှင့် လူကုန်ကူးခံရသူများ၏အခွင့်အရေး -ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လက်တွေ့ကျင့်သုံးခြင်းဆိုင်ရာ စူးစမ်းလေ့လာသုံးသပ်ချက် (၂၀၂၃* BIICL နှင့် IBA) Ministerio Público de la Defensa ကို ရည်ညွှန်းသော p. 34 *‘El MPD planteó ante el Senado la necesidad de la reforma de la Ley de drogas’* (၂၀၂၀)

[53] လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ် အပိုဒ် ၃(ဃ)။ ACTIP၊ အပိုဒ် ၂(ဃ)

[54] ကလေးသူငယ်ဆိုင်ရာတရားစီရင်ရေးစနစ်တွင်ရှိသော ကလေးသူငယ်များ၏ အခွင့်အရေး အထွေထွေမှတ်ချက် အမှတ် ၂၄(၂၀၁၉) UN Doc. CRC/C/GC/24, ၂၀၁၉ စက်တင်ဘာလ ၁၈ ရက် (၆)

သက်သေမပြနိုင်ပါက ကလေးများကို သံသယအကျိုးခံစားခွင့်ပြုရန် တိုက်တွန်းပြောဆိုထားပါသည်။[55]

## နစ်နာသူတို့၏ ပြစ်မှုမှတ်တမ်းများကို ဖျက်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းခြင်းတို့အတွက် ဥပဒေကိုပြင်ဆင်ရန် စူးစမ်းလေ့လာခြင်း သို့မဟုတ် အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း

နိုင်ငံများအနေနှင့် လူကုန်ကူးခံရသူများ၏ ပြစ်မှုမှတ်တမ်းများနှင့် စွဲချက်များကို ဖျက်သိမ်း (စွဲချက်ချမှု ရုတ်သိမ်း)၊ ပယ်ဖျက် (စွဲချက်ချမှု ရှိသေးသော်လည်း နစ်နာသူ၏ ပြစ်မှုမှတ်တမ်းထဲမှ ပယ်ဖျက်ပြီး) သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်း (စွဲချက်ချမှု ရှိသေးသော်လည်း ထိုမှတ်တမ်းကိုကြည့်လိုပါက တရားရုံး အမိန့်စာလိုခြင်း) ခွင့်ပေးရန်အတွက် ဥပဒေများကို ပြင်ဆင်ရန် စူးစမ်းလေ့လာခြင်း သို့မဟုတ် ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်းတို့ကို လုပ်ဆောင်သင့်သည်။

ထိုကဲ့သို့သော ဥပဒေများသည် လူကုန်ကူးခံရသူများ ဘဝရှေ့ဆက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော ကုစားပြင်ဆင်မှု ဖြစ်သည်။ ၎င်းတို့အနေနှင့် ဖမ်းဆီးခံ၊ တရားစွဲဆိုခံ၊ စွဲချက်ချခံရမှုမှတဆင့် ပြစ်ဒဏ် ခံစားရပြီးဖြစ်နိုင်သော်လည်း ချမှတ်ထားသော စွဲချက်များကို ပယ်ဖျက်ပေးခြင်းသည် နစ်နာသူတို့ကို ရာဇဝတ်သားကဲ့သို့ ဆက်ဆံခဲ့သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်အပေါ် နစ်နာသူတို့အနေနှင့် ပြန်လည်ယုံကြည်နိုင်စေရေးအတွက် အတိုင်းအတာတစ်ခုထိ ထိရောက်နိုင်သည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့အနေနှင့် မနှစ်မြို့မုန်းတီးခံရခြင်းမှ ကင်းလွတ်နိုင်ပြီး အခွင့်အလမ်းများအတွက် ပိတ်ဆို့နေသော အတားအဆီးများကို ဖယ်ရှားပေးနိုင်သည်။[56]

[55] ကလေးသူငယ်ဆိုင်ရာ တရားစီရင်ရေးစနစ်တွင်ရှိသော ကလေးသူငယ်များ၏ အခွင့်အရေး အထွေထွေမှတ်ချက် အမှတ် ၂၄(၂၀၁၉)၊ UN Doc. CRC/C/GC/24, ၂၀၁၉ စက်တင်ဘာလ ၁၈ ရက် (၂၂-၂၄)

[56] လမ်းညွှန်ချက် ၁၃ ကို ကြည့်ပါ။

# အပိုင်း ၃

# လူကုန်ကူးခံရသူများကို ပဏာမစိစစ်ခြင်းနှင့် ဖော်ထုတ်အတည်ပြုခြင်းတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား ကျင့်သုံးခြင်း

# အပိုင်း ၃။  လူကုန်ကူးခံရသူများကို ပဏာမစိစစ်ခြင်းနှင့် ဖော်ထုတ်အတည်ပြုခြင်းတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား ကျင့်သုံးခြင်း

နိုင်ငံများမှ လူကုန်ကူးခံရခြင်းအား တားဆီးနှိမ်နှင်းရန်နှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရန်အတွက် နိုင်ငံတကာ ဥပဒေနှင့် ဒေသတွင်းဥပဒေများအား ဘက်စုံချဉ်းကပ်နည်းများ ကျယ်ကျယ်ပြန့်ပြန့်ချမှတ်ရန် လိုအပ်သည်။ ဤတာဝန် ဝတ္တရားများအား ဖြစ်မြောက်အောင်ဆောင်ရွက်ရန်အတွက် ကျူးလွန်သူများ၊ နစ်နာသူများနှင့် လူကုန်ကူး ခံရသည့် အခြေအနေအား ဖော်ထုတ်အတည်ပြုရန် တရားဥပဒေစိုးမိုးရေး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် သက်ဆိုင်ရာ အာဏာပိုင်များ၏ စွမ်းရည်ကို တိုးမြှင့်တည်ဆောက်ရန်လိုအပ်နိုင်သည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ပဏာမစိစစ်ခြင်း လုပ်ငန်းစဉ်အပြင် နစ်နာသူများကို ဖော်ထုတ်အတည်ပြုခြင်းတို့အား ပေးအပ်ထားသည့် ကာကွယ်စောင့်ရှောက်မှုနှင့်ကူညီထောက်ပံ့မှု လုပ်ငန်းစဉ်များတွင်လည်း အသုံးချရမည်ဖြစ်သည်။ ပဏာမစိစစ်ခြင်းဆိုသည်မှာ  သူ (သို့) သူမနှင့် ပြောဆိုဆက်ဆံခြင်း၊ စောင့်ကြည့်လေ့လာခြင်းမှ ထွက်ပေါ်လာသော အချက်ပြမှု သို့မဟုတ် ညွှန်ပြမှုများအပေါ်အခြေခံ၍ အဆိုပါပုဂ္ဂိုလ်အား လူကုန်ကူးခံရသူဟု သတ်မှတ်ယူဆခြင်းဖြစ်သည်။ ဖော်ထုတ်အတည်ပြုခြင်းဆိုသည်မှာ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သည် လူကုန်ကူးခံရသူဖြစ်ကြောင်း အရည်အချင်း ပြည့်မီသည့် အာဏာပိုင်အဖွဲ့အစည်းတစ်ခုမှ တရားဝင်ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်ဖြစ်ပြီး၊ ထိုဆုံးဖြတ်ချက်ပေါ် အခြေခံ၍ နစ်နာသူများသည် အခွင့်အရေးများနှင့်ခံစားခွင့်များစွာကို ရပိုင်ခွင့်ရှိသည်။[57] အရည်အချင်းပြည့်မီသည့် အာဏာပိုင်မှ တရားမဝင်လုပ်ရပ်များနှင့် လူကုန်ကူးခံရသည့်နစ်နာသူဟု အတည်ပြုဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် နစ်နာသူဟု ယူဆ/ ဖြစ်နိုင်ချေရှိသူကြား လုံလောက်သောချိတ်ဆက်မှုရှိသည်ဟု ဆုံးဖြတ်ပါကလည်း ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးသင့်သည်။

နစ်နာသူများကို စောစီးစွာနှင့်ထိရောက်စွာ စိစစ်ခြင်းနှင့် ဖော်ထုတ်အတည်ပြုခြင်းသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အသုံးချခြင်း၏ အစဖြစ်သည်။ အကယ်၍ လူကုန်ကူးခံရသူများအား နစ်နာသူဖြစ်နိုင်ချေရှိသူအဖြစ် စိစစ်ထားခြင်းမရှိပါက ၎င်းတို့အားပြစ်ဒဏ်ပေးခြင်းမှ ကာကွယ်၍မရနိုင်ပါ။ လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်အား ရာဇဝတ်သားအဖြစ် ဆက်ဆံခံရ သည်နှင့်တစ်ပြိုင်နက် နောက်ပိုင်းတွင်  အကာကွယ်ပေးရေးလမ်းကြောင်းများထံ ပြန်လည်လွှဲပြောင်းပေးရန် ခက်ခဲပါသည်။ ထို့ကြောင့် အာဏာပိုင်များမှ လူကုန်ကူးခံရသည့်နစ်နာသူဟု ယူဆရသူတစ်ဦးနှင့် တွေ့ကြုံသည်နှင့်တစ်ပြိုင်နက် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်များ မစတင်မီကပင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးသင့်သည်။ လူကုန်ကူးခံရခြင်းနှင့်ပတ်သက်သော ညွှန်းကိန်းများရှိနေပါက ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော အရာရှိများသည် လူကုန်ကူးခံရသူဟု ယူဆရသူများကို ညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တရားများသို့ လွှဲပြောင်းပေးသင့်သည်။ ကလေးသူငယ်များ သို့မဟုတ် ကလေးသူငယ်များဖြစ်သည်ဟု သံသယရှိသူများ၏ အမှုတွင် အကောင်းဆုံး အကဲဖြတ်မှု များနှင့် ဆုံးဖြတ်ချက်များကို ဦးစားပေးကိစ္စရပ်အဖြစ် ဆောင်ရွက်သင့်ပြီး ကလေးသူငယ်ကာကွယ်ရေး ဝန်ဆောင်မှုများကို ဆက်သွယ်သင့်သည်။

[57] ဥပမာအနေဖြင့် Surtees, Rebecca နှင့် Laura S. Johnson ကို ရှု - *Trafficking Victim Identification: A Practitioner Guide* (ဘန်ကောက်၊ ဘာလီလုပ်ငန်းစဉ်အတွက် ဒေသတွင်းအကူအညီပေးရေးရုံး (RSO) နှင့် ဝါရှင်တန်ဒီစီ - Nexus Institute၊ ၂၀၂၁ ခုနှစ်) စာမျက်နှာ၂

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးခြင်းသည် နစ်နာသူအဖြစ် တရားဝင်သတ်မှတ်ခံရခြင်း သို့မဟုတ် လူကုန်ကူးသူဟု စွပ်စွဲခံရသူကို တရားစွဲဆိုခြင်းအပေါ်မူတည်၍ မရပါ။ ထို့အပြင် နစ်နာသူမှ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ပြုမပြု အပေါ်တွင်လည်း မူတည်ခြင်းမပြုသင့်ပါ။ လက်တွေ့ဆောင်ရွက်နေသူများသည် နစ်နာသူများကို လူကုန်ကူးခံရသူများအဖြစ် ဖော်ထုတ်အတည်ပြုပေးခြင်းသည် ၎င်းတို့အား ကျေးဇူးပြုနေခြင်း မဟုတ်ပါ။ ယင်းအစား ၎င်းတို့သည် ၎င်းတို့၏ တရားဝင်တာဝန်များနှင့်ဝတ္တရားများကို ဖြည့်ဆည်းနေခြင်းဖြစ်ပြီး ၎င်းတို့၏အခန်းကဏ္ဍများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် နစ်နာသူများ၏ ပံ့ပိုးကူညီမှုကို လိုအပ်ပါသည်။

လူကုန်ကူးမှုကို တိုက်ဖျက်ရန်လုပ်ဆောင်မှုများတွင် နစ်နာသူများသည် ထိန်းသိမ်းခံရခြင်း၊ နေရပ်ပြန်ပို့ခံရခြင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် အပြစ်ပေးခံရမည်ကို စိုးရိမ်စရာမလိုဘဲ တရားမျှတမှုရရှိရန်နှင့် တာဝန်ရှိသူများထံ ဘေးကင်းစွာ သတင်းပို့နိုင်ရေးအတွက် အာမခံချက်ပေးမည့် ယန္တရားများထားရှိရန် လိုအပ်ပါသည်။ ကံမကောင်းစွာပင် များပြားလှသော နိုင်ငံများသည် လူကုန်ကူးမှုအား တက်ကြွစွာ စုံစမ်းစစ်ဆေးရမည့်အစား နစ်နာသူများကိုယ်တိုင် ၎င်းတို့သည်နစ်နာသူဖြစ်ကြောင်း ဖော်ထုတ်အတည်ပြုခြင်းကိုသာ မှီခိုနေရသည့် ချဉ်းကပ်မှုများကိုသာ ကျင့်သုံးလေ့ရှိကြသည်။[58] သို့သော် လက်တွေ့တွင်မူ လူကုန်ကူးခံရသည့်နစ်နာသူအများစုသည် မိမိကိုယ်ကိုနစ်နာသူဖြစ်ကြောင်း ဖော်ထုတ်အတည်ပြုခြင်း မပြုကြပါ။ အချို့သောနစ်နာသူများသည် ဖော်ထုတ်အတည်ပြုခံရပြီးသည့်တိုင် မိမိတို့သည် လူကုန်ကူးခံထားရသည့် နစ်နာသူများဖြစ်ကြောင်း လက်မခံသည်များလည်းရှိနိုင်သည်။ နစ်နာသူများအနေဖြင့် ၎င်းတို့အား နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုမည်ကို မလိုလားနိုင်သည့် အကြောင်းအရင်းများစွာထဲတွင် လူကုန်ကူးသူများ၏လက်တုံ့ပြန်မှုကို ကြောက်ရွံ့ခြင်း သို့မဟုတ် သစ္စာမဖောက်လိုခြင်းတို့အပြင် နိုင်ငံအာဏာပိုင်များ၏ အပြစ်ပေးခံရမည်ကို ကြောက်ရွံ့ခြင်း တို့လည်းပါဝင်သည်။ နစ်နာသူများအဖြစ် မိမိကိုယ်ကိုဖော်ထုတ်အတည်ပြုရန် နစ်နာသူများတွင် တာဝန်မရှိပါ။ လူကုန်ကူးမှု၏ နစ်နာသူများအဖြစ် အတည်ပြုဖော်ထုတ်ပြီး နစ်နာသူများအား အကာအကွယ်ပေးရေးနှင့် ကူညီထောက်ပံ့ပေးရေးတို့မှာ နိုင်ငံအာဏာပိုင်များ၏ တာဝန်သာဖြစ်သည်။ ၎င်းတို့နှင့် မြေပြင်တွင် ထိတွေ့ဆက်ဆံနေရသည့် လူများ၏ စိတ်အခြေအနေကို နားလည်နိုင်သော ရှေ့တန်းအရာရှိများသည် ပိုမိုထိရောက်သော စစ်ဆေးမှုများကိုလုပ်ဆောင်နိုင်ပါသည်။

ထို့ကြောင့် နိုင်ငံအာဏာပိုင်များသည် လူ့အခွင့်အရေးကို အခြေခံသော၊ ကျား-မ ကွဲပြားမှုကို အထူးဂရုပြုသော၊ နစ်နာသူဗဟိုပြု၍ စိတ်ဒဏ်ရာများအား သိရှိနားလည်ပြီးဖြစ်သော စိစစ်မှုနှင့် အတည်ပြုဖော်ထုတ် ချဉ်းကပ်နည်းများကို ကျင့်သုံးသင့်ပြီး၊ ထိုသို့ကျင့်သုံးခြင်းဖြင့် ပိုမိုတိကျမှန်ကန်သော စစ်ဆေးမှုရလဒ်များကို ရရှိနိုင်မည်ဖြစ်သည်။[59]

[58] စီရင်ဆုံးဖြတ်ခံရသည့်အမှုများမှ နစ်နာသူအများစုမှာ 'မိမိကိုယ်ကို ကယ်ဆယ်ခဲ့ကြရ' ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့မလွတ်မြောက်လာမီ ကြိုတင်ဖော်ထုတ်အတည်ပြုခြင်းမှာ အကန့်အသတ်ရှိနေဆဲဖြစ်ကြောင်း *လူကုန်ကူးခံရသူများနှင့်စပ်လျဉ်းသည့် တစ်ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ* ၊ ၂၀၂၂ (UNODC၊ ၂၀၂၃) တွင် ဖော်ပြထားသည်။

[59] ဥပမာအနေဖြင့် *လူကုန်ကူးမှုတားဆီးရေးကို ရှေ့တန်းမှဆောင်ရွက်ရသည့်အရာရှိများအတွက် လူ့အခွင့်အရေး၊ ကျား-မကွဲပြားမှုကို အထူးဂရုပြုခြင်းနှင့် ကလေးသူငယ်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိသော ချဉ်းကပ်နည်းများ - သင်တန်းလမ်းညွှန်* (အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်၊ ၂၀၂၃) စာမျက်နှာ ၃၆ နှင့် *ရှေ့တန်းမှတုံ့ပြန်ဆောင်ရွက်သူများအတွက် ထိခိုက်နစ်နာမှုမရှိစေရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်* (အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် နှင့် ASEAN - ACWC) စာမျက်နှာ ၇၁ - ၇၂။

အောက်ဖော်ပြပါ လမ်းညွှန်ချက်များသည် နိုင်ငံအာဏာပိုင်များအနေဖြင့် ဥပဒေမဲ့လုပ်ငန်းများအပါအဝင် ခေါင်းပုံဖြတ်မှု ပုံစံအမျိုးမျိုးတွင် ပါဝင်ပတ်သက်နေသည့် နစ်နာသူများကို ထိရောက်စွာ ဖော်ထုတ်အတည်ပြုနိုင်ရေးအတွက် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော အရာရှိများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ရေး လမ်းကြောင်းများထံသို့ လွှဲပြောင်းပေးရာတွင် အထောက်အကူဖြစ်စေရန် ဖြစ်ပါသည်။

### *[၃] ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများသည် ၎င်းတို့ကြုံတွေ့ရသော ပြစ်မှုကျူးလွန်သူများထဲတွင် လူကုန်ကူးခြင်းခံရနိုင်ချေရှိသော နစ်နာသူများကို ဖော်ထုတ်နိုင်ရန်အတွက် စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း*

ရဲများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားရေးရာ အာဏာပိုင်များသည် မိမိတို့ ကြုံတွေ့ဆက်ဆံနေရသူများ ဖြစ်သည့် ပြည့်တန်ဆာများ၊ စိုက်ပျိုးရေး အလုပ်သမားများကဲ့သို့သော ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းနေထိုင်သူများ သို့မဟုတ် ရာဇဝတ်မှုများဖြစ်သော မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ IUU ငါးဖမ်းခြင်း သို့မဟုတ် ဆိုက်ဘာ လိမ်လည် ခြင်းများ သို့မဟုတ် အခြားကိစ္စရပ်များတွင် ပါဝင်သူများထဲမှ လူကုန်ကူးခြင်းခံနိုင်ရခြေရှိသော နစ်နာသူများအား အကဲခတ်ကာ ဖော်ထုတ်အတည်ပြုနိုင်စွမ်းရှိသင့်သည်။ မည်သူသည် 'အစစ်အမှန်' သို့မဟုတ် 'ကူညီထောက်ပံ့ရန် ထိုက်တန်သော' နစ်နာသူဖြစ်သနည်းဟူသည့် အယူအဆမှားများနှင့် ပုံသေကားကျ သတ်မှတ်ထားသည့်အမြင်များက ရှေ့တန်းမှ အာဏာပိုင်များအတွက် ဥပဒေမဲ့လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများထဲမှ နစ်နာသူများကို ရှာဖွေဖော်ထုတ်ရာတွင် အခက်အခဲတစ်ခုဖြစ်နေသည်။

## **လူကုန်ကူးမှုနှင့်ပတ်သက်သည့် အခြေခံအစိတ်အပိုင်းများအား နားလည်နိုင်မှုကို အားကောင်းစေခြင်း**

မိမိတို့ တွေ့ကြုံဆက်ဆံနေရသည့် တရားဝင်နှင့် တရားမဝင်လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသည့် လူများထဲမှ လူကုန်ကူးခံရသူဖြစ်နိုင်ချေရှိသူများအား ခွဲခြားသိရှိစေရန်အတွက် လက်တွေ့ဆောင်ရွက်နေသူများသည် လူကုန်ကူးမှု၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ကို နားလည်သဘောပေါက်ရမည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် အချို့သောကွဲပြားမှုများ ရှိသော်လည်း နိုင်ငံတကာနှင့် ဒေသတွင်း လူကုန်ကူးမှု အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သော လုပ်ဆောင်ချက်၊ နည်းလမ်းများနှင့် အရွယ်ရောက်ပြီးသူများကို အမြတ်ထုတ်ရန် ရည်ရွယ်ချက်ကို နိုင်ငံအားလုံးက သဘောတူညီပြီးသားဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် နစ်နာသူအဖြစ် အကာအကွယ်ပေးခံထားရသူများကို အခြားနိုင်ငံတွင် အကာအကွယ်ပေးခြင်းမှ ဖယ်ချန်မထားခဲ့စေရန်အတွက် အာဆီယံဒေသတစ်ဝန်းတွင် နစ်နာသူ ဖြစ်ရခြင်းအကြောင်းကို တညီတညွတ်တည်း နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။

လက်တွေ့လုပ်ဆောင်သူများအနေနှင့် လူကုန်ကူးသူများမှ အရွယ်ရောက်ပြီးသူများ[60] အပေါ် အသုံးပြုသည့်

[60] အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာ သို့မဟုတ် ဘဝရပ်တည်ရန်ခက်ခဲသောအခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစားပြုခြင်း၊ လူတစ်ဦးအနေနှင့် အခြားသူတစ်ဦးအပေါ်ကို လွှမ်းမိုးနိုင်ရန် အလိုတူမှုကို ရယူရန်အတွက် ငွေ သို့မဟုတ် အကျိုးစီးပွါးတစ်ခုခု ရယူမှု သို့မဟုတ် ပေးကမ်းမှုတို့ကို လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ် အပိုဒ် ၃(က) နှင့် ACTIP အပိုဒ် ၂(က) တို့တွင် '(လူကုန်ကူးမှု) နည်းလမ်းများ' ဟု သတ်မှတ်ဖော်ပြထားသည်။

'နည်းလမ်းများ' ကို နားလည်သဘောပေါက်ရမည်ဖြစ်ပြီး နစ်နာသူများမှ ပေးကောင်းပေးခဲ့နိုင်သည့် သဘောတူညီမှုသည် လူကုန်ကူးခံရခြင်း ရှိမရှိ အတည်ပြုခြင်းနှင့်မသက်ဆိုင်ပဲ ကလေးသူငယ်များ၏ သဘောတူညီမှုသည်လည်း အမြဲတမ်း မသက်ဆိုင်ကြောင်း၊ လူကုန်ကူးသူများ၏ နည်းလမ်းကို ဖော်ပြရန်မလိုကြောင်းတို့ဖြစ်ပါသည်။[61]

လူကုန်ကူးခံရသည့် နစ်နာသူက ကနဦးမှပင် စာချုပ်တွင် လက်မှတ်ရေးထိုးပြီးသားဖြစ်သည့်တိုင် ထိုစာချုပ်သည် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်းဟူသော အချက်ကို ချေပနိုင်ခြင်းမရှိပါ။ အချို့သော ကိစ္စရပ်များတွင် လူကုန်ကူးသူများနှင့် နစ်နာသူများအကြား လိမ်လည်မှုများနှင့် အခြားတရားမဝင် လုပ်ငန်းများတွင် လုပ်ကိုင်ရန် ချုပ်ဆိုထားသောစာချုပ်သည် ရာဇဝတ်မှုလုပ်ငန်းများအတွက် အသုံးဝင်သော သက်သေအထောက်အထားတစ်ခု ဖြစ်နိုင်သည်။ ဥပဒေမဲ့လုပ်ငန်းများတွင် အမြတ်ထုတ်ခံနေရသည့် နစ်နာသူများနှင့် ဆက်ဆံကြုံတွေ့ရသော အာဏာပိုင်များအနေဖြင့် လူတစ်ဦးသည် ရာဇဝတ်မှု ကျူးလွန်ရန် စာချုပ် ချုပ်ဆို၍မရကြောင်း နားလည်သဘောပေါက်ရမည်။ ထိုကဲ့သို့ ချုပ်ဆိုထားသည့် မည်သည့်စာချုပ်မဆို ပျက်ပြယ်မည်ဖြစ်ပြီး လူကုန်ကူးသူများ၏အမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်အပြင် အခြားသော ရာဇဝတ်မှုများကို ကျူးလွန်လိုသည့် ၎င်းတို့၏ရည်ရွယ်ချက်ကို သက်သေပြရာတွင် အသုံးဝင်သော အထောက်အထားဖြစ်နိုင်သည်။

**စာကွက် - ဥပမာ (စာရွက်စာတမ်းဆိုင်ရာ ပြစ်မှု)**

IUU ငါးဖမ်းမှုကို စုံစမ်းဖော်ထုတ်နေသော ရေကြောင်းအာဏာပိုင်များသည် သင်္ဘောစစ်ဆေးမှုတစ်ခုအတွင်း သင်္ဘောပေါ်တွင် လပေါင်းများစွာကြာအောင် ထိန်းသိမ်းခံထားရသည့် A နှင့် အခြားသူများ၏ မည်သူမည်ဝါ ဖြစ်ကြောင်း အတည်ပြုချက်နှင့် သင်္ဘောသားစာအုပ်များကို စစ်ဆေးခဲ့သည်။ A နှင့် အခြားသူများသည် စာရွက်စာတမ်းဆိုင်ရာ ချိုးဖောက်မှုများအတွက် ဒဏ်ငွေချမှတ်ခံရပြီး ၎င်းတို့အား ပြည်နှင်ဒဏ်ပေးရန် ဆိုင်းငံ့ထားပြီး လူဝင်မှုကြီးကြပ်ရေးတွင် ထိန်းသိမ်းခံထားရသည်။ ကံကောင်း၍ IUU ငါးဖမ်းမှုအဖြစ် တရားစွဲမခံရကြောင်း အာဏာပိုင်များက A ကိုပြောပြခဲ့သည်။

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အသုံးချခြင်း</u>* - လူဝင်မှုကြီးကြပ်ရေးဌာန ထိန်းသိမ်းရေးစခန်းတွင် သေချာ လေ့ကျင့်သင်ကြားထားသော လူဝင်မှုကြီးကြပ်ရေးအရာရှိတစ်ဦးသည် A နှင့် တွေ့ဆုံမေးမြန်း နေရင်းမှ A သည် လူကုန်ကူးခံရသည့်နစ်နာသူဖြစ်ကြောင်း သံသယဝင်လာခဲ့သည်။ A အား လူဝင်မှုကြီးကြပ်ထိန်းသိမ်းရေးစခန်းမှ ခေါ်ထုတ်ပြီး ညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တရားမှတစ်ဆင့် လွှဲပြောင်းပေးခဲ့သည်။ A ၏ ပုံမှန်မဟုတ်သော အနေအထားကြောင့် သူ၏အနာဂတ်အား မည်သို့ရှေ့ဆက်မည်ကို ဆုံးဖြတ်ခြင်းမပြုလုပ်ရသေးမီအတွင်း နိုင်ငံအတွင်း နေထိုင်ပြီး ကာကွယ်စောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများရရှိစေရန်အတွက် ၎င်းအား ပြန်လည် ဆင်ခြင်သုံးသပ်ရန် ကာလတစ်ခုပေးခဲ့သည်။ တရားမဝင် ထိန်းသိမ်းခံရမှုအတွက် လျော်ကြေးတောင်းခံပိုင်ခွင့် ရှိကြောင်းကိုလည်း A အား အသိပေးခဲ့ပါသည်။

61 "ကလေးသူငယ်" ဆိုသည်မှာ အသက်ဆယ့်ရှစ်နှစ်အောက် မည်သည့်လူပုဂ္ဂိုလ်ကိုမဆို ဆိုလိုသည်။ လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ် အပိုဒ် ၃(ဃ)

## လူကုန်ကူးမှုနှင့် ဆက်နွှယ်နေသော ဝိသေသစုံရောယှက်နေသည့် ရှုထောင့်များအကြောင်း နားလည် သဘောပေါက်မှုကို ခိုင်မာအားကောင်းစေခြင်း

ရှေ့တန်းတွင်တာဝန်ထမ်းဆောင်နေသော အရာရှိများသည် နစ်နာသူများ၏ အသက်အရွယ်၊ လိင်၊ လူမျိုး၊ နိုင်ငံသားနှင့် ရွှေ့ပြောင်းနေထိုင်မှု အခြေအနေ၊ လူမှုရေးစီးပွားရေးအခြေအနေ၊ ဘဝအတွေ့အကြုံများ၊ ရင့်ကျက်မှု အခြေအနေ၊ မသန်စွမ်းမှုနှင့် အခြားသော အချက်အလက်များသည် ၎င်းတို့ မည်ကဲ့သို့ လူကုန်ကူး ခံထားရကြောင်းကို ပိုင်းခြား သတ်မှတ်နိုင်ကြောင်း သိရှိသဘောပေါက်ထားရန် လိုအပ်သည်။ ထိုအချက်အလက်များသည် နစ်နာသူများ ပါဝင်ပတ်သက် နေနိုင်သည့် တရားမဝင်လုပ်ငန်းများ၊ လူကုန်ကူးခံရမှုကြောင့် ၎င်းတို့အပေါ်သက်ရောက်မှုများ၊ ၎င်းတို့နှင့် တွေ့ကြုံ ဆက်ဆံနေရသော ရှေ့တန်းမှဆောင်ရွက်ရသည့် အရာရှိများအပါအဝင် အခြားသူများ၏ ၎င်းတို့အပေါ် မြင်သော အမြင်များကို လွှမ်းမိုးမှုရှိနိုင်သည်။[62] ဥပမာအားဖြင့် တစ်စုံတစ်ယောက်သည် အဘယ်ကြောင့် တရားမဝင်လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေရသည်ကို စုံစမ်းစစ်ဆေးသူက အချိန်ယူလေ့လာလျှင် ထိုသူသည် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ကြောင်း ပိုမိုထိရောက်စွာ ဖော်ထုတ်အတည်ပြုနိုင်မည်ဖြစ်သည်။ စိတ်ဒဏ်ရာများ၊ လူကုန်ကူးသူများကို ကြောက်ရွံ့ခြင်း သို့မဟုတ် အပြန်အလှန်အားဖြင့် ၎င်းတို့အပေါ်သစ္စာရှိခြင်းနှင့် အာဏာပိုင်များအပေါ် ကြောက်လန့်ခြင်းနှင့် ရန်လိုမှုဖြစ်စေနိုင်သည့် လူကုန်ကူးသူများနှင့် နစ်နာသူများအကြားရှိ ရှုပ်ထွေးသောပတ်သက်မှုကို လက်တွေ့ဆောင်ရွက် နေသူများသည် သိရှိခံစားမိရမည် ဖြစ်ပါသည်။

တရားစွဲဆို အရေးယူခံရမည်ကို ကြောက်ရွံ့ကြသော နစ်နာသူများသည် ၎င်းတို့အား လူကုန်ကူးခဲ့သူများကို တရားဥပဒေ စိုးမိုးရေးအဖွဲ့များထံ သတင်းပို့လေ့ မရှိကြပါ။ လူကုန်ကူးသူများသည် ထိန်းချုပ်ချယ်လှယ်ရ လွယ်ကူစေရန် တရားဥပဒေနှင့် မလွတ်ကင်းသူများ သို့မဟုတ် အာဏာပိုင်များနှင့် ရှုပ်ထွေးသော ဆက်ဆံရေးရှိသူများအား ပစ်မှတ်ထားကြသည်။ လူကုန်ကူးသူများက နစ်နာသူများအား အာဏာပိုင်များသည် ၎င်းတို့အား ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ရာဇဝတ်ကောင်များအဖြစ် ရှုမြင်မည်ဖြစ်ပြီး ၎င်းတို့အပေါ် ယုံကြည်မှုရှိမည်မဟုတ်ကြောင်း ပြောဆိုတတ်ကြသည်။ အာဏာပိုင်များမှ နစ်နာသူများအား ရာဇဝတ်မှုကျူးလွန်သူများအဖြစ် သဘောထားဆက်ဆံသည့်အခါ လူကုန်ကူးသူများ၏ စကားသည် မှန်ကန်ကြောင်း သက်သေပြလိုက်သည့်သဘော သက်ရောက်သွားပြီး အာဏာပိုင်များအပေါ် ထားရှိသည့် နစ်နာသူများ၏ယုံကြည်မှုသည် ထိခိုက်သွားတော့သည်။

ရှေ့တန်းမှတာဝန်ရှိသူများအနေဖြင့် လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်အား နစ်နာသူအဖြစ် ဖော်ထုတ် အတည်ပြုခြင်းသည် ထိုသူ၏ ရဲများနှင့်ပူးပေါင်းဆောင်ရွက်လိုစိတ် ရှိခြင်း၊မရှိခြင်း သို့မဟုတ် ၎င်းကိုယ်တိုင်၏ မိမိသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း နားလည်သဘောပေါက်မှု ရှိ၊မရှိနှင့် သက်ဆိုင်မှုမရှိကြောင်း နားလည်သဘောပေါက်ရန် အလွန် အရေးကြီးသည်။ နစ်နာသူများကို အတည်ပြုဖော်ထုတ်ရန်မှာ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများ၏

[62] လူကုန်ကူးမှုအရေးဆိုင်ရာ 'ဝိသေသပေါင်းစုံ ရောယှက်သက်ရောက်မှုရှိသော' ချဉ်းကပ်နည်းသည် အမျိုးသားများ၊ အမျိုးသမီးများ၊ ဂျဲန်ဒါ ကွဲပြားစုံလင်သူများ၏ အတွေ့အကြုံသည် ၎င်းတို့၏ အဆင့်အတန်း၊ လူမျိုးရေးရာ၊ အသက်၊ တိုင်းရင်းသားဖြစ်မှု၊ လိင်ဝိသေသ လက္ခဏာများ သို့မဟုတ် အခြား ဝိသေသ လက္ခဏာ များကို ၎င်းတို့၏လူမှုအဖွဲ့အစည်းအတွင်း သိရှိသဘောပေါက်ထားပုံနှင့်ပတ်သက်၍ အပြန်အလှန် ချိတ်ဆက်တုံ့ပြန်ပုံ နည်းလမ်းများကို ထည့်သွင်းစဉ်းစား ထားသည်။ ဥပမာအနေဖြင့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ ကျူးလွန်သည့် မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို *အကောင်အထည်ဖော်ဆောင်မှုတွင် ဂျဲန်ဒါနှင့် လူ့အခွင့်အရေးများကို အလေးပေးဆောင်ရွက်ခြင်းဆိုင်ရာ နည်းကိရိယာ* (UNODC၊ ၂၀၂၃) စာမျက်နှာ ၉ - ၁၇ နှင့် *ရှေ့တန်းမှဆောင်ရွက်သူများအတွက် ကျား-မ ကွဲပြားမှုကို အထူးဂရုပြုသော၊ နစ်နာသူဗဟိုပြုသည့် ချဉ်းကပ်နည်းများ - လူကုန်ကူးခံရသည့်နစ်နာသူများနှင့် လုပ်ငန်းဆောင်ရွက်ရေး ချဉ်းကပ်နည်းများ* (ASEAN ACWC နှင့် ASEAN-ACT၊ ၂၀၂၃) စာမျက်နှာ ၁၃ တွင် ကြည့်ရှုပါ။

တာဝန်ဖြစ်ပြီး နစ်နာသူများအနေဖြင့် မိမိကိုယ်မိမိ မဖြစ်မနေဖော်ထုတ်အတည်ပြုရန် တာဝန်မရှိပါ။

**စာကွက် - ဥပမာ (အလုပ်သမားဆိုင်ရာ ပြစ်မှု)**

အလုပ်သမားဆိုင်ရာ စစ်ဆေးရေးအဖွဲ့များသည် A နှင့်အခြား အလုပ်သမားများအား နာရီပေါင်းများစွာကြာအောင် အလုပ်လုပ်ရန်စေခိုင်းခံရသည့် လယ်ကွင်းတစ်ခုကို ဝင်ရောက်စီးနင်းခဲ့ကြသည်။ A သည် ဆန္ဒရှိသလို ဝင်ထွက်သွားလာနိုင်သော်လည်း သူထွက်သွားပါက သူ့ရွာအိမ်တွင်ရှိနေသော အမေဖြစ်သူသည် အန္တရာယ်ပြုခံရမည်ဟု ခြိမ်းခြောက်ခံထားရသည်။ စီးနင်းစစ်ဆေးမှုကို လုပ်ဆောင်ခဲ့သော အလုပ်သမားဘက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များသည် A အား မေးခွန်းတစ်ခုမှ မေးမြန်းခဲ့ခြင်းမရှိဘဲ သူ၏ စာရွက်စာတမ်းများကိုသာ စစ်ဆေးခဲ့ကြသည်။ သူတို့သည် A အား သည်နိုင်ငံတွင် A သည် တရားမဝင် လာရောက်အလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်းနှင့် မိမိဘာသာ မိမိဆန္ဒဖြင့် မိခင်နိုင်ငံသို့ ပြန်လည်ထွက်ခွာရန်သဘောတူလျှင် သူ့အား မည်သည့်တရားစွဲဆိုမှုမှ လုပ်မည် မဟုတ်ကြောင်းပြောခဲ့သည်။

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးခြင်း</u>* - ၎င်း၏ နိုင်ငံသို့ ပြန်ရောက်သွားသောအခါတွင် အာဏာပိုင်များသည် A သည် သင်္ဘောပေါ်တွင် ကျွန်အဖြစ် လူကုန်ကူးခံရသူတစ်ယောက်ဖြစ်နေကြောင်း ထောက်ပြနေသည့် လက္ခဏာများကို သတိပြုမိကြသည်။ သူတို့သည် A ကို ပြန်ပို့လိုက်သော ရောက်လာသောနိုင်ငံမှ အာဏာပိုင်များထံ ဆက်သွယ်၍ ထိုအကြောင်းအရာများကို ပြောကြားခဲ့ကြသည်။ ငါးဖမ်းသင်္ဘောများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် သင်္ဘောပေါ်တွင် ကျွန်အဖြစ် လူကုန်ကူးခံထားရသည့် လူပေါင်းများစွာရှိနေသေးကြောင်း တွေ့ရှိခဲ့ရသည်။ အာဏာပိုင်များသည် ၎င်းတို့၏ စုံစမ်းဖော်ထုတ်မှု တစိတ်တပိုင်းအဖြစ် A ၏ မိခင်နိုင်ငံကို ဆက်သွယ်ပြီး A အား လူကုန်ကူးခံရသူအဖြစ် အတည်ပြုသတ်မှတ်လိုက်ကြသည်။ မှားယွင်းထိန်းသိမ်းခံရမှုအတွက် လျော်ကြေးတောင်းခံပိုင်ခွင့် ရှိကြောင်းကိုလည်း A အား အသိပေးခဲ့ပါသည်။

## နစ်နာသူ သို့မဟုတ် အသက်မပြည့်သေးသူဖြစ်ကြောင်း ကြိုတင်ယူဆခြင်းကို လက်တွေ့ကျင့်သုံးနိုင်ရန် တာဝန်ရှိသူများအား စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း

ရာဇဝတ်မှုခင်းတစ်ခုဖြစ်ပြီး စနစ်တကျလည်ပတ်နေကြောင်း တရားဥပဒေစိုးမိုးရေးအရာရှိများအနေဖြင့် သဘောပေါက်နားလည်ထားရန်လိုအပ်ပါသည်။ နစ်နာသူများအား အမြတ်ထုတ်မခံရခင် ဖော်ထုတ်နိုင်ပါက အကောင်းဆုံးဖြစ်သော်လည်း နစ်နာသူများအား အမြတ်ထုတ်မခံရသေးခင်တွင် လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်အတည်ပြုရာမှာ ခက်ခဲနိုင်ပါသည်။ ဥပမာအားဖြင့် အွန်လိုင်းမှ လိမ်လည်နေသည့် စခန်းများ၊ ပြည့်တန်ဆာခန်းများ သို့မဟုတ် မူးယစ်ဆေးဝါး စိုက်ပျိုးသည့်နေရာများတွင် အမြတ်ထုတ်ခံနေရသောလူတစ်ဦးကို လူကုန်ကူးခံရသူအဖြစ် ပိုမိုလွယ်ကူစွာ အတည်ပြု ဖော်ထုတ်နိုင်သော်လည်း ထိုနေရာများသို့သွားရောက်နေသည့် လူတစ်ယောက်အား လမ်းပေါ်တွင် စစ်ဆေးတွေ့ရှိမိပါက ၎င်းသည် ပုံမှန်မဟုတ်သော သို့မဟုတ် တရားမဝင်သောလုပ်ငန်းများ လုပ်ကိုင်ရန် သွားရောက်နေသည့် ရွှေ့ပြောင်း အလုပ်သမားအဖြစ် မှားယွင်းအတည်ပြုသတ်မှတ်မိနိုင်သည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အသုံးချနိုင်ရန်အတွက် လူကုန်ကူးခံရသူဖြစ်နိုင်ခြေရှိသူများအား နစ်နာသူများကဲ့သို့ ပြုမူဆက်ဆံပေးစေရန်အလို့ငှာ လူကုန်ကူးခံရသူဖြစ်နိုင်ခြေရှိသူများနှင့် တွေ့ကြုံနေရသည့် လက်တွေ့ဆောင်ရွက်နေသူများအား နစ်နာသူဖြစ်နိုင်ခြေဆိုသည့် ယူဆချက်ကို အသုံးချနိုင်သည့်စွမ်းရည်ကို မြှင့်တင်ပေးသင့်သည်။ နစ်နာသူများကို ဖော်ထုတ်အတည်ပြုရန် ရည်ရွယ်ချက်ဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်နှင့် ACTIP အရ အသက်၁၈နှစ်အောက် လူငယ်အားလုံးကို ကလေးသူငယ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည့်

ဖွင့်ဆိုချက်ကို အသုံးပြု သတ်မှတ်သင့်ပါသည်။[63]

လက်တွေ့ဆောင်ရွက်နေသူတစ်ဦးအနေဖြင့် လူကုန်ကူးခံရသည့်နစ်နာသူသည် ကလေးသူငယ်တစ်ဦး ဖြစ်နိုင်သည်ဟု ယုံကြည်စရာအကြောင်းပြချက်တွေ့ရှိပါက ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို အသုံးချရန်ရည်ရွယ်ချက်ဖြင့် ၎င်းအား ကလေးသူငယ်တစ်ဦးအဖြစ် ဆက်ဆံနိုင်ရန် စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်အတွင်း ကလေးသူငယ်ဖြစ်နိုင်သည်ဟူသော ယူဆချက်ကို အသုံးချသင့်သည်။ အကယ်၍ လူကုန်ကူးမှုနှင့်ဆက်နွှယ်နေသော တရားမဝင်လုပ်ငန်းများအတွက် ၎င်းတို့အား အရေးယူမည်ဆိုပါက ၎င်းတို့အား ပြစ်ဒဏ်ပေးခြင်း လုံးဝမပြုသင့်ပါ။ အကယ်၍ အဆိုပါတရားမဝင် လုပ်ရပ်များသည် ၎င်း၏ လူကုန်ကူးခံမှုနှင့် သက်ဆိုင်မှုမရှိပါက စီရင်ချက်ချသည့်အဆင့်တွင် ရရှိကောင်းရရှိနိုင်သည့် ခုခံချေပရေး သို့မဟုတ် ပြစ်ဒဏ်လျှော့ပါးစေရေးအတွက် ၎င်းနစ်နာသူတစ်ဖြစ်လဲ ကျူးလွန်သူ၏ အသက်အရွယ်ကို ထည့်သွင်းစဉ်းစားသင့်သည်။

### အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်

နိုင်ငံများသည် နစ်နာသူကလေးသူငယ်များကို ၎င်းတို့လူကုန်ကူးခံရခြင်းနှင့်ပတ်သက်နေသော တရားမဝင် လုပ်ရပ်များအတွက် အပြစ်ပေးခံရခြင်းမရှိစေရန် သေချာစေရမည်။ နစ်နာသူ၏ အသက်အရွယ်ကို အတိအကျ မသိရှိနိုင်သောအခြေအနေတွင် နစ်နာသူသည် ကလေးသူငယ်တစ်ဦးဖြစ်နိုင်သည်ဟု ယုံကြည်လောက်စရာ အကြောင်းပြချက်များရှိပါက ကလေးသူငယ်တစ်ဦးအဖြစ်သတ်မှတ်ပြီး ၎င်း၏ အသက်အရွယ်ကို အတည်ပြုပြီးသည့်အထိ အထူးကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရမည်။ ကျူးလွန်ခဲ့သည့်ပြစ်မှုနှင့် နစ်နာသူ ကလေးသူငယ်အဖြစ် ယူဆချက် သို့မဟုတ် ဖော်ထုတ်အတည်ပြုမှုကြား ဆက်နွှယ်မှုကို ခိုင်မာစွာ သက်သေပြပြီးသည်နှင့်တစ်ပြိုင်နက် ထိုပတ်သက်မှုအား စစ်ဆေးဆဲပြစ်မှုကို ရပ်တန့်ရန် သို့မဟုတ် ထုတ်ပြန်ပြီး ဖြစ်သောစီရင်ချက်အား ပယ်ဖျက်ရန်နှင့် ထိုနစ်နာသူ ကလေးသူငယ်အား ထိန်းသိမ်းထားသည့်နေရာမှ ချက်ချင်း လွှတ်ပေးရန်အတွက် လိုအပ်သော၊ လုံလောက်သော အကြောင်းပြချက်အဖြစ် လက်ခံရမည်ဖြစ်သည်။ ကလေးသူငယ်များနှင့် ပတ်သက်လျှင် ၎င်းတို့အား နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုရန် မည့်သည့်နည်းလမ်းမှ မလိုအပ်ပါ၊ ထို့အတူ မည်သည့် အတင်းအကျပ်ဖိအားပေး စမ်းသပ်မှုမျိုးမှုလည်း မလိုအပ်ပါ။[64]

## လူကုန်ကူးမှုနှင့် နစ်နာသူဖြစ်မှုအပေါ် အထင်အမြင်လွဲမှားမှုနှင့် ဘက်လိုက်မှုတို့ကို စိန်ခေါ်ခြင်း

နစ်နာသူများကို ထိရောက်စွာအတည်ပြုဖော်ထုတ်နိုင်ရေးအတွက် လက်တွေ့ဆောင်ရွက်နေသူများသည် လူကုန်ကူး ခံရသည့်နစ်နာသူ မည်သူဖြစ်နိုင်သနည်း၊ မည်သူက ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအရ အကျိုးခံစားပိုင်ခွင့်ရှိသည်ဆိုသည့် အချက်များနှင့် ပတ်သက်သည့် မှားယွင်းယူဆချက်များနှင့် ဘက်လိုက်မှုများကို ကျော်လွှားနိုင်ရန်လိုအပ်သည်။ တာဝန်ရှိသူများအနေဖြင့် မည်သူက ကောင်းသည်၊ ဆိုးသည် သို့မဟုတ် အမှန်တကယ် နစ်နာသူ ဖြစ်သည်၊ မဖြစ်သည်ကို ကြိုတင်ခန့်မှန်းယူဆခြင်းများ မပြုလုပ်သင့်ပါ။ သိက္ခာချခြင်းနှင့် လူတစ်စုအပေါ်

[63] လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်မှ အပိုဒ် ၃(ဃ)၊ ACTIP အပိုဒ် ၂(ဃ)။

[64] ရင်းမြစ် - *အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally*၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁ [၆၂]

ခွဲခြားဘက်လိုက်ခြင်းသည် မည်သူကဖြင့် အခြားသူများထက် ပိုအရေးပါသည်ဟူသော သဘောကို သက်ရောက်စေပြီး အချို့သူများအား အကာအကွယ်ပေး ခံရခြင်းထက် အပြစ်ပေးခံရခြင်း ပိုမိုဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် ပုံမှန်မဟုတ်သော အခြေအနေတစ်ခုတွင် ရွှေ့ပြောင်း သွားလာရသူများ၊ ဥပဒေနှင့် ပြိုင်ဆိုင်ခံရသူများ၊ ဥပဒေနှင့် ငြိစွန်းဖူးသူများ သို့မဟုတ် အရက်၊ မူးယစ်ဆေးဝါး သုံးစွဲသူများ၊ မသန်စွမ်းသူများ သို့မဟုတ် အချို့သောနိုင်ငံများမှ နိုင်ငံသားများ သို့မဟုတ် အချို့သော လူမျိုးစုများ သို့မဟုတ် လိင်၊ လိင်တိမ်းညွတ်မှု စသည်တို့အပေါ် အခြေခံ၍ နစ်နာသူများအား ခွဲခြားဆက်ဆံမှု မရှိစေရဆိုသည့် အခြေခံ လူ့အခွင့်အရေးသဘောတရားကို ချိုးဖောက်သည့် နည်းလမ်းများဖြင့် ခွဲခြားဆက်ဆံခံနိုင်ရပြီး ၎င်းတို့အားဖော်ထုတ်ပေးမည့် တရားဥပဒေစိုးမိုးရေး၏ စွမ်းဆောင်ရည်ကို ထိခိုက်စေပါသည်။

လက်တွေ့ဆောင်ရွက်နေသူများအနေဖြင့်လည်း လိင်လုပ်ငန်း သို့မဟုတ် လိမ်လည်မှုများကဲ့သို့သော ကဏ္ဍများတွင် ပါဝင် ပတ်သက်နေသူများအပေါ် မိမိကိုယ်တိုင် သတိမမူမိဘဲ ခွဲခြားဘက်လိုက်မှုများ ရှိနေနိုင်ပါသည်။ ဥပမာအားဖြင့် တရားဥပဒေ စိုးမိုးရေးအရာရှိများနှင့် ၎င်းတို့၏ မိသားစုများသည်လည်း လိမ်လည်လှည့်ဖျားသူများကြောင့် နစ်နာခဲ့ရ၍ ထိုကဲ့သို့သောကိစ္စရပ်များတွင် ပါဝင်ပတ်သက်နေသူများအား မိမိကိုယ်တိုင်သတိမပြုမိဘဲ ဘက်လိုက်ခြင်းများ ပြုလုပ်နိုင်ပြီး ထိုလူများထဲမှ လူကုန်ကူးခံရသည့်နစ်နာသူကို ရှာဖွေနိုင်သည့် စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်ပါသည်။

## စိစစ်ခြင်းနှင့်ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်များတွင် ခွဲခြားဆက်ဆံမှုမရှိစေရေးကို တိုးမြှင့်လုပ်ဆောင်ခြင်း

လူကုန်ကူးခံရသူများကို ဖော်ထုတ်အတည်ပြုနိုင်သည့် အနေအထားရှိသူများတွင် ခွဲခြားဆက်ဆံမှု မရှိစေရေး တိုးမြှင့် လုပ်ဆောင်ရန် ၎င်းတို့၏စွမ်းဆောင်ရည်ကို တိုးတက်စေရေးအတွက် အလွန်အရေးကြီးပါသည်။ ရာဇဝတ်မှုဆိုင်ရာ တရားမျှတရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသူများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ခွဲခြားဆက်ဆံခြင်း မရှိပဲ အသုံးပြုသင့်သည်။ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး ပညာရှင်များသည် တရားမဝင်လုပ်ဆောင်မှုများနှင့် လူကုန်ကူး ခံရမှုတို့အကြား ဆက်နွယ်မှုရှိသော လူကုန်ကူးခံရသူအားလုံးကို ခွဲခြားခြင်းမရှိပဲ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးရမည်ဖြစ်ကြောင်း နားလည်နိုင်စွမ်းရှိသင့်သည်။ ပြစ်ဒဏ်မှကင်းလွတ်ခွင့် အခြေခံ သဘောတရားကို ခွဲခြားခြင်း မရှိဘဲ ကျင့်သုံးရာတွင် လက်တွေ့ဆောင်ရွက်သူများအနေဖြင့် လူတစ်ဦး၏ ရွှေ့ပြောင်းနေထိုင်မှုအခြေအနေသည် ၎င်းတို့အား ခွဲခြားဆက်ဆံခံနိုင်ရစေသည့် လူမျိုး၊ အသားအရောင်၊ လိင်၊ လိင်ခံယူမှု၊ လိင်စိတ်ဖော်ထုတ်မှု၊ ဘာသာစကား၊ မသန်စွမ်းမှု၊ ဘာသာရေး၊ နိုင်ငံရေး သို့မဟုတ် အခြားအမြင်များဖြစ်သော နိုင်ငံသားဖြစ်မှု သို့မဟုတ် လူမှုရေးဇစ်မြစ်၊ လူမှုစီးပွားအဆင့်အတန်း၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု သို့မဟုတ် အခြားအခြေအနေများနှင့် ချိတ်ဆက်နေနိုင်ကြောင်း နားလည်ထားသင့်ပါသည်။[65]

နိုင်ငံများသည် မသန်စွမ်းသူများအား ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်အပါအဝင် လူကုန်ကူးမှုဆန့်ကျင်ရေးဆိုင်ရာ လုပ်ငန်းစဉ် အားလုံးတွင် အကျုံးဝင်စေရန် သေချာစွာဆောင်ရွက်ရမည်။ မသန်စွမ်းသူများအား အတင်းအကျပ် ရာဇဝတ်မှုကျူးလွန်ရန် ဖိအားပေးခြင်းအပါအဝင် အမြတ်ထုတ်ခံရနိုင်ခြေ မြင့်တက်နေသည့်နေရာများတွင် အဆိုပါအချက်သည် အရေးတကြီး

[65] *နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်* မှ အပိုဒ် ၂၆နှင့် *အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်း* မှ အပိုဒ် ၂ကို ရှု။ *ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်* မှ အပိုဒ် ၂၊ *အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေး သဘောတူစာချုပ်* မှ အပိုဒ် ၁ နှင့် *မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်* မှ အပိုဒ် ၅ ကိုလည်း ရှု။ ဝိသေသပေါင်းစုံ ရောယှက်သက်ရောက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့နှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက - *Guidance Note on Intersectionality, Racial Discrimination and Protection of Minorities* (UN၊ ၂၀၂၂) နှင့် *Principles and Guidelines, supported by practical guidance, on the human rights protection of migrants in vulnerable situations* (UN၊ ၂၀၁၈) ကို ကြည့်ပါ။

လိုအပ်ပါသည်။[66] စိတ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်နေသည့် နစ်နာသူဟု ယူဆရသူသည် အခြားသူများနှင့် တန်းတူညီမျှစွာ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးခြင်းနှင့်သက်ဆိုင်သည့် နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြုခြင်း၊ အကာအကွယ် ရရှိရေးလုပ်ငန်းစဉ်များအား ခံစားခွင့်ရရှိရေးအတွက် အဆင်ပြေ သင့်လျော်သော ပတ်ဝန်းကျင်ဖြစ်စေရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမှု (reasonable accommodation) လိုအပ်ပါသည်။[67]

### အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်

နိုင်ငံများသည် လူကုန်ကူးခံရသည့် မသန်စွမ်းသူများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းအပါအဝင် လူကုန်ကူးမှု ဆန့်ကျင်ရေးဆိုင်ရာ လုပ်ငန်းစဉ်အားလုံးတွင် ဥပဒေ၏ တန်းတူညီမျှ အကာကွယ်ပေးရေးနှင့် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှရေးကို အာမခံသင့်သည်။ နိုင်ငံများသည် မသန်စွမ်းမှုအပေါ်အကြောင်းပြု၍ ခွဲခြားဆက်ဆံမှု မရှိကြောင်း သေချာစေရန်၊ လုပ်ထုံးလုပ်နည်းနှင့် အသက်အရွယ်အလိုက် သင့်လျော်သော ပတ်ဝန်းကျင်ဖြစ်စေရန် ပံ့ပိုးပေးမှုအပါအဝင် အဆင်ပြေ သင့်လျော်သော ပတ်ဝန်းကျင်ဖြစ်စေရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမှုများအပြင် ထိရောက်သော တရားမျှတမှုရရှိရေးနှင့် ဖော်ထုတ်အတည်ပြုလုပ်ငန်းစဉ်၊ စုံစမ်းစစ်ဆေးစဉ်နှင့် အခြားပဏာမအဆင့်များတွင် လူကုန်ကူးခံရသည့် မသန်စွမ်းသူများအနေနှင့် တရားရေးဆိုင်ရာကဏ္ဍတွင် ပူးပေါင်းပါဝင်မှုကို လွယ်ကူချောမွေ့စေရန်အတွက် သင့်လျော်သောအဆင့်များ အားလုံးကိုဆောင်ရွက်ရမည်။[68]

## ကလေးသူငယ်များနှင့်သင့်လျော်သော၊ ကျား-မကွဲပြားမှုကိုအထူးဂရုပြုသော၊ စိတ်ဒဏ်ရာအကြောင်း ကောင်းစွာနားလည်ထားသော ကျွမ်းကျင်မှုရှိသည့် စိစစ်မှုနှင့် ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း

လူကုန်ကူးခံရသည့်နစ်နာသူများကို ဖော်ထုတ်အတည်ပြုရန် တာဝန်ရှိသူများသည် ၎င်းတို့၏တာဝန်ကို ထိရောက်စွာ စွမ်းဆောင်နိုင်ရန် လူများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် လုံလောက်သည့်ကျွမ်းကျင်မှုများ ရှိရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ရာဇဝတ်မှုကျူးလွန်ခဲ့သူများအပါအဝင် နစ်နာသူဖြစ်နိုင်ချေရှိသူများသည် နစ်နာသူများကို ဖော်ထုတ်အတည်ပြုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နိုင်ငံတကာနှင့် ဒေသတွင်း အခြေခံမူများနှင့်အညီ လေးစားသမှုဖြင့် ဆက်ဆံခံရရန်လိုအပ်သည်။ လူတစ်ဦးသည် မိမိအား လူကုန်ကူးခံရသည့် နစ်နာသူအဖြစ် အတည်ပြုသတ်မှတ်ခံရရန်

66 *အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally*၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁ [၂၇]

67 *မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်* မှ အပိုဒ် ၂

68 *ရင်းမြစ် - အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသောသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally*၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁ [၆၁]

အတွက် ၎င်းကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ရှင်းလင်းစွာပြောနိုင်သည့် လူရည်လည်သူဖြစ်ရန်သော်လည်းကောင်း၊ ဒေသခံ ဘာသာစကားကို ပြောဆိုတတ်ရန်သော်လည်းကောင်း မလိုအပ်ပါ။ နိုင်ငံအာဏာပိုင်များကသာလျှင် နစ်နာသူ ဖြစ်နိုင်ခြေရှိသည့် ပုဂ္ဂိုလ်ကို ထိရောက်စွာ ဖော်ထုတ်အတည်ပြုနိုင်ရန်အတွက် ၎င်းတို့၏ ကျွမ်းကျင်မှုကို အသုံးချရန် တာဝန်ရှိသည်။

## လူကုန်ကူးခံရသူများအား ပြစ်ဒဏ်ပေးခြင်းကို မြင့်တက်စေနိုင်သည့် နိုင်ငံ့မူဝါဒများကို မေးခွန်းထုတ်ခြင်း

နစ်နာသူများအား ကနဦးပိုင်းတွင် ပြစ်မှုကျူးလွန်သူများအဖြစ် တွေ့ကြုံရခြင်းသည် နစ်နာသူအဖြစ် ဖော်ထုတ်အတည်ပြု ရာ၌ အထူးစိန်ခေါ်မှု ဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် လိင်လုပ်ငန်းများလုပ်ကိုင်သည့် နေရာများ သို့မဟုတ် အွန်လိုင်း လိမ်လည်မှုများ လုပ်ကိုင်သောနေရာများ အပါအဝင် လူကုန်ကူးခံရသည့် နစ်နာသူများ နေထိုင်၊ အလုပ်လုပ်ကိုင်သည့် နေရာများကို ဝင်ရောက်စီးနင်းရာတွင် လူကုန်ကူးခံရသည့် နစ်နာသူများဟု ဖော်ထုတ်အတည်ပြုခံရမည့်အစား ရာဇဝတ်မှုကျူးလွန်သူများအဖြစ် မှတ်ယူခံရခြင်းတို့ ဖြစ်စေနိုင်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်များတွင် အာဏာပိုင်များသည် လူကုန်ကူးခံရသည့် နစ်နာသူများအား လူဝင်မှုကြီးကြပ်ရေး၊ စာရွက်စာတမ်းများနှင့် သက်ဆိုင်သော တရားစွဲဆိုခြင်းများ ဖြစ်ပွားတတ်သည်။ အဆိုပါ အန္တရာယ်သည် လူကုန်ကူးခံရသူများအား ပုံမှန်မဟုတ်သော ရွှေ့ပြောင်းနေထိုင်သူများနှင့် မှားယွင်းရောထွေး သတ်မှတ်ပါ ကလည်း ပိုမို ဆိုးရွားလာနိုင်သည်။ ထို့အပြင် နိုင်ငံများတွင် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းနေထိုင်သူများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းနှင့် မဖြစ်မနေ ထိန်းသိမ်းခြင်းများအပါအဝင် အထောက်အထားမရှိသော ရွှေ့ပြောင်း နေထိုင်သူများအပေါ် ရန်လိုသော မူဝါဒများရှိပါကလည်း လူကုန်ကူးခံရသည့် နစ်နာသူများကို ဖော်ထုတ်အတည်ပြုရန် ပျက်ကွက်ခြင်းများ ပိုမို မြင့်တက်လာနိုင်သည်။

"မူးယစ်ဆေးဝါး တိုက်ဖျက်ရေး" ကဲ့သို့သော ဦးစားပေးကိစ္စရပ်များသည်လည်း လူကုန်ကူးခံရသူများကို ဖော်ထုတ်အတည် ပြုရန် ဆိုးကျိုးဖြစ်စေသည့် သက်ရောက်မှုများဖြစ်စေတတ်ပြီး နစ်နာသူများအဖြစ် ဖော်ထုတ်အတည်ပြုပြီး လွှဲပြောင်းပေး ရမည့်အစား လူကုန်ကူးခံရသူအား မူးယစ်ဆေးဝါးမှု ကျူးလွန်သူအဖြစ် သတ်မှတ်ခြင်းများ ဖြစ်စေတတ်သည်။ လူကုန်ကူးမှုကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိသည့် နိုင်ငံတော် လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ မူဝါဒများအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ရည်မှန်းချက်များနှင့်တာဝန်များကို မည်ကဲ့သို့ထိခိုက်စေ သည်ကို ရင်ဆိုင်ဖြေရှင်းရန်နှင့် အသိပညာပေးရန် အဓိကကျသောအခန်းကဏ္ဍတွင် ပါဝင်နေသည်။

### အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို အောက်ပါအတိုင်း ကျင့်သုံးသင့်သည်။
(က) ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေး၊ နယ်စပ်အာဏာပိုင်များ၊ အလုပ်သမား စစ်ဆေးဖော်ထုတ်ရေး အရာရှိများနှင့် အခြားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ သို့မဟုတ် အာဏာပိုင်များအပါအဝင် သက်ဆိုင်ရာ ပြည်တွင်းအာဏာပိုင် အားလုံးသည် လူကုန်ကူးခံရသူ ဖြစ်နိုင်ခြေရှိသူများအား ဖော်ထုတ်အတည်ပြုရန် လေ့ကျင့်သင်ကြားထားသင့်ပြီး လိုအပ်သည့်အရည်အချင်းများ ရှိထားသင့်သည်။

(ခ) လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ကြောင်း ယုံကြည်လောက်စရာ အထောက်အထားများရှိသည်နှင့်တစ်ပြိုင်နက် သို့မဟုတ် လူကုန်ကူးခံရသူ သို့မဟုတ် ၎င်း၏ တရားဝင်ကိုယ်စားလှယ်များက လူကုန်ကူးခံရသူကို ထိရောက်ပြီး အပြည့်အဝအကာအကွယ်ပေးနိုင်ရန် လူကုန်ကူးမှု ကာကွယ်ရေးကို မြှင့်တင်သင့်သည်။

နိုင်ငံများသည် လူကုန်ကူးခံရသူများကို မဆိုင်းမတွနှင့် အထိရောက်ဆုံး ဖော်ထုတ်အတည်ပြုရေး အာမခံချက်ပေးရန် လိုအပ်သည်။ လူကုန်ကူးခံရသည့်နစ်နာသူများကို စောစီးစွာ ဖော်ထုတ်အတည်ပြုနိုင်ရေး၊ အကူအညီနှင့် အကာအကွယ်ပေးရန် လွှဲပြောင်းပေးရေးနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေးစသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် တရားဝင် ကူညီပံ့ပိုးမှုများ ထောက်ပံ့ပေးသင့်သည်။[69]

*[၄] နစ်နာသူများကို စိစစ်ရန်နှင့် ဖော်ထုတ်အတည်ပြုရန် အညွှန်းလက္ခဏာများကို ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများကို ဖြည့်ဆည်းပေးခြင်း*

ညွှန်းကိန်းများ - လူကုန်ကူးမှုဖြစ်ပွားခဲ့ကြောင်း လက္ခဏာများသည် လူကုန်ကူးခံရသည့် နစ်နာသူတစ်ဦးဖြစ်ကြောင်း ခိုင်မာစွာသက်သေထူနိုင်မည် မဟုတ်သော်လည်း နောက်ထပ်စုံစမ်းမှုများ ပြုလုပ်ရန် စမှတ်ဖြစ်သည်။ ပုံမှန် မဟုတ်သော ရွှေ့ပြောင်းနေထိုင်သူများအား ဖော်ထုတ်အတည်ပြုခြင်း သို့မဟုတ် အလုပ်သမားဥပဒေ ချိုးဖောက် နေသော လုပ်ငန်းခွင်များကို စစ်ဆေးထောက်လှမ်းခြင်း သို့မဟုတ် အသေးအဖွဲ့ သို့မဟုတ် ပြစ်မှုကြီးများကိုပင် ကျူးလွန်နေသောသူများကို စစ်ဆေးဖော်ထုတ်ခြင်းများကို လုပ်ဆောင်နေသည့် လက်တွေ့ဆောင်ရွက်နေသူများသည် ၎င်းတို့ တွေ့ဆုံဆက်ဆံနေရသော ပြစ်မှုကျူးလွန်သူဖြစ်နိုင်ချေရှိသည့်လူများထဲမှ လူကုန်ကူးခံရသူများကို ခွဲခြား သိရှိနိုင်ရန် အဆိုပါညွှန်းကိန်းများကို အသုံးပြုနိုင်ရန် ပေးအပ်ထားရမည်။

## တည်ရှိပြီးဖြစ်သော ညွှန်းကိန်းများကို စုဆောင်း၊ သုံးသပ်ပြီး အခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန် ပြုပြင်ခြင်း

ညွှန်းကိန်းများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ လွတ်လပ်စွာ ရရှိ၊ အသုံးပြုနိုင်ရန်အတွက် အချိန်ယူ၍ အရင်းအမြစ်များနှင့် ကျွမ်းကျင်သူများကို အသုံးပြု၍ တည်ဆောက်ဖန်တီးထားသည်။ အချို့သော ညွှန်းကိန်းများကို အချို့သော အမြတ်ထုတ်မှု အခြေအနေ သို့မဟုတ် လူကုန်ကူးမှုဖြစ်ပွားသော နေရာကဏ္ဍများအပေါ်မူတည်၍ သီးသန့်ဖန်တီးထားသည်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)သည် ဆိုက်ဘာမှုခင်းများကျူးလွန်ရန် အတင်းအကျပ်စေခိုင်းခြင်းခံရသည့် လူကုန်ကူးမှု (အွန်လိုင်းမှုလိမ်လည်သည့်စခန်းများသို့ လူကုန်ကူးခြင်း)အတွက် သီးသန့်ညွှန်းကိန်းများကို ဖန်တီးထားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ တာဝန်ရှိသောအာဏာပိုင်များသည် လက်ရှိတည်ရှိပြီးဖြစ်သော ညွှန်းကိန်းများကို စုစည်း၊

[69] ရင်းမြစ် - *အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသောသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally*၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁ [၅၅ - ၅၆]

သုံးသပ်ကာ ၎င်းတို့ရည်ရွယ်ထားသည့်ကိစ္စရပ်များနှင့် လိုက်လျောညီထွေအောင် ပြုပြင်ပြောင်းလဲသင့်ပါသည်။

**စာကွက် - အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ရရှိနိုင်သော အရင်းအမြစ်ညွှန်းကိန်း ဥပမာများ**

(COMMIT Process) မှ အတည်ပြုထားသော လက်တွေ့ဆောင်ရွက်သူများအတွက် ဘုံ ညွှန်းကိန်းများ၊ ကွာလာလမ်ပူ၊ ဒီဇင်ဘာ ၁၅-၁၆၊ produced in *Regional Review on Laws, Policies and Practices within ASEAN relating to the Identification, Management and Treatment of Victims of Trafficking, especially Women and Children* (ASEAN, 2016), pp.32-33

Generic UNODC Human Trafficking Indicators

ILO Operational Indicators of trafficking in human beings

ဘာလီလုပ်ငန်းစဉ်၏ ညွှန်းကိန်းအစုံအပါအဝင် လူကုန်ကူးခံရသူများကို ဖော်ထုတ်ရေး မူဝါဒလမ်းညွှန်ကို Burmese, English, Filipino, Khmer, Malay, Vietnamese နှင့် Thai ဘာသာများ ရယူနိုင်ပါသည်။

နယ်စပ်သို့ရောက်ရှိလာသော ထိခိုက်လွယ်သော ပုဂ္ဂိုလ်များကို စိစစ်ရန်နှင့် ညွှန်းပို့ရန်အတွက် Screening နှင့် Referral Toolkit မိုဘိုင်းအက်ပလီကေးရှင်းကို အင်္ဂလိပ်၊ မလေး၊ အင်ဒိုနီးရှားနှင့် ထိုင်းဘာသာတို့ကို download ရယူနိုင်ပါသည်။

အာဆီယံဒေသရှိ အွန်လိုင်းလိမ်လည်မှုစင်တာများတွင် လူကုန်ကူးခံရသူများ ဖော်ထုတ်အတည်ပြုခြင်းကို ပံ့ပိုးရန် သတ်မှတ်ထားသောညွှန်းကိန်းများ-

*Key Indicators of Trafficking in Persons for Forced Criminality to Commit Cyber-Enabled Crimes* (UNODC, 2023).

Key Indicators of Trafficking in Persons for the Purpose of Organ Removal, Tool 3 of Toolkit on the Investigation and Prosecution of Trafficking in Persons for Organ Removal (UNODC, 2022)

## ညွှန်းကိန်းများသည် နစ်နာသူ ဖြစ်နိုင်ခြေရှိသူများကို ချန်လှပ်ထားခြင်းမရှိစေရန် သေချာစေခြင်း

လူကုန်ကူးခံရသူ၏ ကိုယ်ရေးအချက်အလက်သည် ၎င်းတို့အား လူကုန်ကူးခံရသည့်နစ်နာသူအဖြစ် အသိအမှတ်ပြုခံရခြင်း ရှိမရှိကို အဆုံးဖြတ်ပေးမည့်အချက်အလက်များ မဖြစ်သင့်ပါ။ အာဆီယံနိုင်ငံများသည် ဒေသတွင်းနှင့် အခြားပြင်ပနိုင်ငံများမှ လူကုန်ကူးခံရသူများအတွက် ဦးတည်ရာနိုင်ငံများဖြစ်သည်။ ညွှန်းကိန်းများသည် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်သည့် လူပုဂ္ဂိုလ်များကို ကောင်းမွန်စွာတုံ့ပြန်နိုင်ရမည်။ (ဥပမာအားဖြင့် အချို့သော နောက်ခံအခြေအနေရှိသူများနှင့် အချို့သောလိင်များသည် အချို့သော သီးသန့်အခန်းကဏ္ဍများတွင် အမြတ်ထုတ်ခြင်းခံရနိုင်ခြေ ပိုများသည်) သို့သော်လည်း တစ်ချိန်ထဲမှာပင် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်ခြေရှိသူနှင့်ပတ်သက်၍ (နိုင်ငံသား၊ လူမျိုး၊ အသားအရောင်၊ အသက်အရွယ်၊ လိင်စိတ်ခံယူမှု၊ ရွှေ့ပြောင်းနေထိုင်မှု၊ လူမှုစီးပွားရေးဆိုင်ရာ အခြေအနေ သို့မဟုတ် အခြားအခြေအနေများ) အပေါ်အခြေခံ၍ ဘက်လိုက်မှုများ၊ ယူဆချက်များကို ရှောင်ရှားရမည်။

လူပုဂ္ဂိုလ်တစ်စုံတစ်ဦး ပါဝင်ပတ်သက်နေသည့် ဥပဒေမဲ့လုပ်ငန်း အမျိုးအစားသည် ၎င်းအား နစ်နာသူအဖြစ်

သိမှတ်ပြုခြင်း၊ မပြုခြင်းကို အဆုံးအဖြတ်ပေးသည့် အချက်မဖြစ်သင့်ပါ။ နစ်နာသူများသည် ၎င်းတို့လူကုန်ကူးခံရခြင်းကြောင့် လူ့ဝင်မှု ကြီးကြပ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြစ်မှုများမှစ၍ သေးငယ်သော သို့မဟုတ် ကြီးလေးသော ရာဇဝတ်မှုများထိ ပါဝင် ပတ်သက်နေတတ်သည်။ ၎င်းတို့သည် ပြစ်မှုများကို ပေါင်းစပ်ကျူးလွန်နေတတ်သည်။ ညွှန်းကိန်းများသည် အဆိုပါ အခြေအနေများကိုပါ ထင်ဟပ်စေရမည်ဖြစ်ပြီး သို့မှသာ ဖော်ထုတ်အတည်မပြုရသေးသော နစ်နာသူများကိုပါ အပြစ်ပေး ခံရခြင်းမှ လျှော့ချနိုင်မည်ဖြစ်သည်။

## ညွှန်းကိန်းများကို ပုံမှန် မွမ်းမံခြင်း

ညွှန်းကိန်းများသည် တရားမဝင်လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသည့် နစ်နာသူများနှင့် ချိတ်ဆက်နေစေရန် လူကုန်ကူးမှုကို တိုက်ဖျက်နေသည့် အဖွဲ့အစည်းများ အချင်းချင်းကြားတွင် လူကုန်ကူးသည့် နည်းလမ်းများနှင့် လူကုန်ကူးသူများ၏ လှုပ်ရှားလည်ပတ်ပုံများကို အမြဲပြုပြင်မွမ်းမံနေရမည် ဖြစ်သည်။[70] အမြတ်ထုတ်ခံရမှုအမျိုးမျိုး (လိင်ပိုင်ဆိုင်ရာ အမြတ်ထုတ်ခံရခြင်း၊ အဓမ္မလုပ်အား စေခိုင်းခံရခြင်း၊ ကိုယ်တွင်းအင်္ဂါ ထုတ်ယူခံရခြင်း သို့မဟုတ် ရာဇဝတ်မှုများတွင် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရခြင်း)အတွက် လူကုန်ကူးခံရသူများကို ဖော်ထုတ်အတည်ပြုရန် မတူညီသော ကျွမ်းကျင်မှုများနှင့် အထူးသီးသန့် တွက်ချက်ထားသော ညွှန်းကိန်းများကို လိုအပ်ပါသည်။

ညွှန်းကိန်းများသည် ၎င်းတို့၏ရည်ရွယ်ချက်အတိုင်း အံဝင်ခွင်ကျဖြစ်နေစေရန် သုတေသနပုံမှန်ပြုလုပ်ခြင်း၊ အချက်အလက် များ စုဆောင်းခြင်းနှင့် လူကုန်ကူးမှုများ၏ အသွင်ပြောင်းလဲတတ်ပုံ၊ နစ်နာသူများ ခေါင်းပုံဖြတ်ခံရတတ်သည့် နည်းလမ်း များ၊ လူကုန်ကူးခံရသူများ ပါဝင်ပတ်သက်နေတတ်သည့် တရားမဝင်လုပ်ရပ်များနှင့် အကျွမ်းတဝင်ရှိသော လက်တွေ့ ဆောင်ရွက်နေသူများနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ လိုအပ်ပါသည်။ နိုင်ငံများ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့အစည်းများ အနေဖြင့် ညွှန်းကိန်းများသည် ပြောင်းလဲတိုးတက်နေသော လူကုန်ကူးသည့်နည်းလမ်းများနှင့် နစ်နာသူများ ပါဝင်ပတ်သက် နေနိုင်သော ဥပဒေမဲ့လုပ်ရပ်များကို ကောင်းမွန်စွာ တုံ့ပြန်နိုင်ကြောင်း သေချာစေရေးအတွက် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး ပညာရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (IOs)နှင့် အခြားသူများထံမှ အကူညီတောင်းခံရန် စဉ်းစားသင့်သည်။

## နစ်နာသူများနှင့် ကြုံတွေ့ရနိုင်သော ကဏ္ဍအသီးသီးမှသက်ဆိုင်သူများထံသို့ အညွှန်းလက္ခဏာများကို ဖြန့်ဝေခြင်း

လူကုန်ကူးမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများသည် ပတ်သက်ဆက်နွှယ်နေသည့် အဖွဲ့အစည်းများအား ၎င်းတို့၏လုပ်ငန်းများနှင့် သက်ဆိုင်သောညွှန်းကိန်းများကို ရရှိစေနိုင်ရန် သေချာစွာလုပ်ဆောင်ရမည်။ တရားဥပဒေစိုးမိုးရေး အရာရှိများ၊ အလုပ်သမားဆိုင်ရာ စုံစမ်းဖော်ထုတ်ရေး အရာရှိများနှင့် လူ့ဝင်မှုကြီးကြပ်ရေး အာဏာပိုင်များနှင့် လူကုန်ကူးခံရသူများ ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရနိုင်သည့် မူးယစ်ဆေးဝါး ကုန်သွယ်မှု သို့မဟုတ် အွန်လိုင်းလိမ်လည်မှုများကဲ့သို့သော

[70] ဥပမာအားဖြင့် ယခင်က လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုအတွက် လူကုန်ကူးခံရသည့် နစ်နာသူများမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များသာ ဖြစ်သည်ဟု နိုင်ငံအချို့တွင် ယူဆထားကြသည်။ သို့သော် ယခုအခါ၌ အသက်အရွယ်မရွေး၊ ကျား-မ မရွေး ခေါင်းပုံဖြတ်မှုပုံစံမျိုးစုံအတွက် လူကုန်ကူးခံကြရသည်ဟု နားလည် သဘောပေါက်လာကြပြီဖြစ်သည်။ အလားတူပင် ယခင်က ပညာရေးအဆင့်အတန်း အားနည်းသည့် လူမှု-စီးပွား နိမ့်ကျသည့်အုပ်စုများမှ လူများသာ လူကုန်ကူး ခံရသည်ဟု သိရှိနားလည်ခဲ့ကြသော်လည်း ဆိုက်ဘာနည်းပညာကို အသုံးပြုခြင်းဖြင့် ပိုမိုအကျိုးအမြတ်ရစေနိုင်သည့် ရာဇဝတ်မှုများတွင် ဖိအားပေး၍ ရာဇဝတ်မှု ကျူးလွန်စေသည့် လူကုန်ကူးမှုများကို လေ့လာချက်များက ပညာတတ်ပုဂ္ဂိုလ်များသည်လည်း လူကုန်ကူးသူများ၏ ပစ်မှတ်ဖြစ်နိုင်ကြောင်း ပြသနေသည်။

ကြီးမားသည့် ရာဇဝတ်မှုများကိုတုံ့ပြန်ရန် ဖွဲ့စည်းထားသည့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ပေါင်းစုံမှ အဖွဲ့ဝင်များသည်လည်း ညွှန်းကိန်းများကို အသုံးချနိုင်စွမ်းရှိသင့်သည်။ လူကုန်ကူးခံရသူများနှင့် တွေ့ကြုံဆက်ဆံနေရသော လုပ်ဆောင်သူများစွာသည် လူကုန်ကူးမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများ သို့မဟုတ် ကွန်ရက်များတွင် ပါဝင်ခြင်း မရှိသောကြောင့် ၎င်းတို့၏ စံ လုပ်ငန်းလမ်းညွှန်များအလိုက် ညွှန်းကိန်းများနှင့်ပေါင်းစပ်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

လူကုန်ကူးခံရသူများသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများထံမှ အကူအညီများ တောင်းခံနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ ကလေးသူငယ် ကာကွယ်ရေးဝန်ထမ်းများ၊ အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်သည်။ အဆိုပါ အစုအဖွဲ့များသည် လူကုန်ကူးခံရသူများအား ဖော်ထုတ်အတည်ပြုရမည့် တရားဝင်အာဏာပိုင်များ မဟုတ်သော်လည်း ၎င်းတို့သည် အစောပိုင်း ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ကူညီနိုင်သည့်အတွက် ထိုတာဝန်ကို ထိရောက်စွာထမ်းဆောင်နိုင်ရန် တိကျသော နောက်ဆုံးပေါ်ညွှန်းကိန်းများကို ပေးအပ်ထားသင့်သည်။ အဆိုပါ အစုအဖွဲ့များသည် ညွှန်းကိန်းများကိုမွမ်းမံရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။

## ညွှန်းကိန်းများကို လက်တွေ့တွင်မည်သို့အသုံးချရမည်ကို လက်တွေ့ဆောင်ရွက်နေသူများအား အသိပညာပေးခြင်း

လက်တွေ့ဆောင်ရွက်နေသူများအား လူကုန်ကူးခံရသူများသည် မည်သည့်လုပ်ငန်းအတွက် လူကုန်ကူးခံရပြီး အမြတ်ထုတ်ခေါင်းပုံဖြတ်ခံရသည်ဖြစ်စေ လူကုန်ကူးခံရသည့် နောက်ဆက်တွဲ အကျိုးဆက်အနေဖြင့် တရားမဝင်လုပ်ငန်းများတွင် ပါဝင်နေတတ်သည်ကို အသိပညာပေးသင့်သည်။ ဥပမာအားဖြင့် တရားမဝင် လိင်လုပ်ငန်းတွင် လုပ်ကိုင်နေသူသည် လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း ချိုးဖောက်နေနိုင်သည်။ စိုက်ပျိုးရေး လုပ်ငန်းများထံ လူကုန်ကူးခံရသူသည် အသက်ရှင်ရပ်တည်ရေးအတွက် ရာဇဝတ်မှုအသေးစားများကို ကျူးလွန်တတ်သည်။ အခြေအနေ တစ်ခုချင်းစီတိုင်းသည် ထူးခြား၍ကွဲပြားသောကြောင့် လက်တွေ့ဆောင်ရွက်သူများသည် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်၊မဖြစ်နိုင်ကို ဆုံးဖြတ်ရာတွင် တစ်ဦးချင်းစီ၏အခြေအနေအား အနီးကပ်လေ့လာရန် အစပျိုးလုပ်ဆောင်ရမည်ဖြစ်ပြီး ကျွမ်းကျင်မှုများလည်း ရှိရမည်ဖြစ်သည်။

## အာဆီယံဒေသတဝှမ်း ညွှန်းကိန်းများကို ညီညွတ်မှုရှိစေရန် ပံ့ပိုးခြင်း

လူကုန်ကူးသူများသည် အာဆီယံဒေသတဝှမ်းတွင် လူများကို ခပ်ဆင်ဆင်တူသော နည်းလမ်းများနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်လေ့ရှိကြသောကြောင့် ထိရောက်သောတုံ့ပြန်မှုများ ဆောင်ရွက်နိုင်စေရန်အတွက် ၎င်းတို့သည် သင်ယူရန်နှင့် မျှဝေရန်လိုအပ်သော တန်ဖိုးရှိသည့် သင်ခန်းစာများဖြစ်ပါသည်။ ပြည်တွင်းဥပဒေများတွင် လူကုန်ကူးမှု၏ အခြေခံဖြစ်စဉ်များ မည်သို့ပင်ရှိစေကာမူ နစ်နာသူအား ဖော်ထုတ်အတည်ပြုခြင်းနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အသုံးချရေးတို့ကို ထောက်ပံ့ပေးနိုင်ရန်အတွက် နစ်နာသူများအား ဖော်ထုတ်ပေးနိုင်သည့် ညွှန်းကိန်းများကို ပိုမိုအားကောင်းစေရန် ဖန်တီးသင့်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံခြင်းစီရှိ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့များသည် လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဒေသတွင်း နားလည်မှုတည်ဆောက်ရန်နှင့် တရားမဝင် လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသည့်

လူကုန်ကူးခံရသူများအား ဖော်ထုတ်အတည်ပြုရန်အတွက် ခိုင်မာသော ညွှန်းကိန်းများကို တည်ဆောက်ရန်အတွက် ပြောင်းလဲနေသော လူကုန်ကူးသည့် နည်းလမ်းများကို အာဆီယံကဏ္ဍဆိုင်ရာအဖွဲ့အစည်းများထံ အသိပေးနေသင့်သည်။

### *[၅] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးနိုင်ရေးအတွက် ဖမ်းဆီးရေးအရာရှိများကို အခွင့်အာဏာပေးခြင်း*

> နစ်နာသူအား ဖော်ထုတ်အတည်ပြု ပြီးသည်ဖြစ်စေ သို့မဟုတ် လူကုန်ကူးသူအား တရားစွဲဆို ပြီးသည်ဖြစ်စေ၊ လူတစ်ဦးသည် လူကုန်ကူးခံရသူဖြစ်နိုင်သည်ဟုယူဆရန် အကြောင်းပြချက်ရှိသည်နှင့်တစ်ပြိုင်နက် အာဏာပိုင်များသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးသင့်သည်။[71] ရာဇဝတ်မှုကျူးလွန်ရန် အသုံးချခံရသည်ဟု သံသယရှိသော လူတစ်ဦးသည် လူကုန်ကူးခံထားရခြင်းဖြစ်နိုင်ကြောင်း သံသယဖြစ်ဖွယ် အခြေအနေတစ်ခုတွင် ရှိနေပါက ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးသင့်သည်။ နိုင်ငံတကာ၊ ဒေသတွင်း၊ ပြည်တွင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ အဆိုပါ လူပုဂ္ဂိုလ်သည် လူကုန်ကူးခံရသည့်နစ်နာသူ ဟုတ်၊ မဟုတ်အား လေ့ကျင့်သင်ကြားထားပြီး အရည်အချင်းပြည့်မီသည့် တစ်ဦးချင်းစီ၏ အကဲဖြတ်မှုဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ (အပိုင်း ၂ ကို ကြည့်ပါ) သည် ဖမ်းဆီးရေးအရာရှိများအား ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အသုံးချနိုင်ရန်နှင့် မှားယွင်းစွာ ဖမ်းဆီးသည်ဟု ၎င်းတို့အား စွပ်စွဲမှုများ သို့မဟုတ် ဖမ်းဆီးသင့်သည့်အချိန်တွင် ဖမ်းဆီးခြင်း မပြုခဲ့ဟူသော စွပ်စွဲချက်များမှ ကာကွယ်ပေးရန် အခွင့်အာဏာ ပေးအပ်ထားပါသည်။

## ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသောအရာရှိများအား ၎င်းတို့၏ ဆုံးဖြတ်ပိုင်ခွင့်ကိုနားလည်ပြီး မည်ကဲ့သို့ အသုံးချရမည်ကို သိရှိစေခြင်း

လူကုန်ကူးခံရသူများနှင့် တွေ့ကြုံဆက်ဆံနေရသော လက်တွေ့ဆောင်ရွက်သူများသည် ၎င်းတို့၏ ဆုံးဖြတ်ပိုင်ခွင့်များကို နားလည်သင့်ပြီး မည်သို့အသုံးချရမည်ကိုလည်း သိထားသင့်ပါသည်။ စုံစမ်း စစ်ဆေးသူများသည် ရာဇဝတ်မှု၏ ပြစ်မှုမြောက်သော လုပ်ဆောင်ချက် ရုပ်ပိုင်းဆိုင်ရာ (actus reus)နှင့် ပြစ်မှုကျူးလွန်ရန်ရည်ရွယ်သော စိတ်ပိုင်းဆိုင်ရာ (mens rea) အချက်များကို အခြေပြု၍ လူတစ်ဦးအားတရားစွဲဆိုခြင်း သို့မဟုတ် တရားမစွဲဆိုခြင်းကို ဆုံးဖြတ်သင့်ပါသည်။ ကျွမ်းကျင်သော စုံစမ်းစစ်ဆေးသူသည် ကျူးလွန်ရန်မရည်ရွယ်ခဲ့သော မှုခင်းများအတွက်

[71] *ရင်းမြစ် - အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသောသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally ၊* UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁၊ စာပိုဒ်၅၈

တစ်စုံတစ်ဦးအား တရားစွဲဆိုလိမ့်မည် မဟုတ်ပါ။ သို့သော် အဆိုပါတစ်စုံတစ်ဦးကို ဖမ်းဆီးရန်နှင့် တရားစွဲဆိုရန် သင့်၊မသင့် ဆုံးဖြတ်ရာတွင် အဆိုပါပုဂ္ဂိုလ်၏ ရည်ရွယ်ချက်ကို စစ်ဆေးရလိမ့်မည်ဖြစ်သည်။

စုံစမ်းစစ်ဆေးသူများ ဆုံးဖြတ်ပိုင်ခွင့်ရှိသော တရားစီရင်ခွင့်များတွင် ၎င်းတို့သည် တရားစွဲဆိုမှုကို တိုက်ရိုက်ဆောင်ရွက်မည် နှင့်/သို့မဟုတ် တိုင်ကြားရန် အကြံပြုမည်ဆိုသည်ကို ဆုံးဖြတ်ရမည်။ ဖမ်းဆီးခြင်း မပြုရန်နှင့် တရားစွဲဆိုခြင်း မပြုရန် ဆုံးဖြတ်ပိုင်ခွင့်သည် ဥပဒေနှင့် မူဝါဒများတွင်ပါဝင်ပြီး ထိုဆုံးဖြတ်ပိုင်ခွင့်သည် လူတစ်ဦးအား တရားစွဲဆိုခြင်းသည် လူထုအကျိုးစီးပွားနှင့်ကိုက်ညီမှု ရှိခြင်း၊မရှိခြင်း အပါအဝင် ခွင့်ပြုချက်များကို ရှင်းပြထားပါသည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များနှင့် မူဝါဒများတွင်လည်း ဖော်ပြထားနိုင်ပါသည်။ (ပုံးတွဲ ၂ ကို ကြည့်ပါ)

**စာကွက် - ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ဥပဒေသတ်မှတ်ချက်များမရှိသောအခါ၌ ထုတ်ဖော်ကြေညာခြင်းမပြုရန် မူဝါဒ**

ကမ္ဘောဒီးယားနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် ဥပဒေ သတ်မှတ်ချက်များ မပါရှိသော်လည်း နစ်နာသူအဖြစ် တရားဝင် ဖော်ထုတ်အတည်ပြုပြီးသား နိုင်ငံခြားသားများကို "တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် တရားမဝင် လိင်လုပ်ငန်းလုပ်ကိုင်ခြင်း တို့အတွက် ထိန်းသိမ်းခြင်း သို့မဟုတ် တရားစွဲဆိုခြင်း မပြုရ" ဟူသော လမ်းညွှန်ချက်များ ရှိပါသည်။

အလားတူပင် ဩစတြေးလျနိုင်ငံသည်လည်း ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ၎င်း၏ဥပဒေများတွင် ထည့်သွင်း မထားပါ။ သို့သော် ဩစတြေးလျ ဖက်ဒရယ်ရဲတပ်ဖွဲ့နှင့် ဓနသဟာယ ပြည်သူ့ဥပဒေအရာရှိချုပ်တို့သည် ပြည်သူ့အကျိုးစီးပွားနှင့်သက်ဆိုင်မှု ရှိ၊မရှိကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည့် ဓနသဟာယ၏ မူဝါဒများအရ လက်တွေ့အသုံးချလျက်ရှိသည်။[72]

စုံစမ်းစစ်ဆေးသူများတွင် စွဲချက်တင်ရန် သို့မဟုတ် မတင်ရန် ဆုံးဖြတ်ပိုင်ခွင့် ကန့်သတ်ခံထားရခြင်း သို့မဟုတ် လုံးဝမရှိသော နေရာများတွင်၊ အမှုကို တရားစွဲဆိုရန် ဆက်လက်ဆောင်ရွက်မည်လားဆိုသည့် ဆုံးဖြတ်ချက်ကို ဥပဒေအရာရှိများ သို့မဟုတ် တရားရုံးများထံ လွှဲပြောင်းပေးကြသည်။ ထိုသို့သော ကိစ္စများတွင် ဖမ်းဆီးရေးအရာရှိများသည် အမှုများကို ဥပဒေအရာရှိများထံ ပေးပို့သည့်အခါ၌ လူတစ်ဦးသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်သည်ဟု ယုံကြည်ရသည့် မည်သည့် သတင်း အချက်အလက်မဆို သို့မဟုတ် သက်သေ အထောက်အထားများကိုပါ အမြန်ဆုံးတင်ပြသင့်သည်။ မှုခင်းဖိုင်များတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အသုံးချခဲ့ခြင်း ရှိ၊မရှိနှင့် မည်သည့် ဥပဒေအပေါ် အခြေခံ၍ အသုံးချခဲ့သည်ဆိုသည့် အချက်အလက်များကိုဖော်ပြရန် စံအဖြစ် သတ်မှတ်ထားသော အပိုင်းတစ်ခုပါဝင်နိုင်သည်။

[72] သင့်လျော်သောဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရေးအတွက် လူကုန်ကူးခံရသူများအား ဖော်ထုတ်အတည်ပြုမှုအတွက် ပုံစံလွှာများနှင့် လုပ်ထုံးလုပ်နည်း လမ်းညွှန်များ (NCCT, ၂၀၁၅) စာမျက်နှာ ၁၂ မှ အချက် ၂

**စာကွက် - ဥပမာ (ဆိုက်ဘာနည်းပညာကို အသုံးပြုခြင်းဖြင့် ပိုမိုအကျိုးအမြတ်ရစေနိုင်သည့် ရာဇဝတ်မှု)**

A သည် အရောင်းမြှင့်တင်ရေးဘာသာရပ်တွင် ဘွဲ့ရရှိထားသူဖြစ်ပြီး နိုင်ငံခြားရှိ အရောင်းဝန်ထမ်း အလုပ်နေရာအတွက် လျှောက်ထားသည်။ အင်တာဗျူး အကြိမ်ကြိမ်ဝင်ပြီးနောက် သူ အလုပ်ရခဲ့သည်။ အလုပ်ခွင်သို့ ရောက်ရှိပြီးနောက် အလုပ်ရှင်များက သူ၏ပတ်စပို့နှင့် ဖုန်းကို သိမ်းယူလိုက်သည့်အခါတွင် တစ်ခုခုမှားယွင်းနေကြောင်း သဘောပေါက် လာသည်။ ထိုသူများက A အား အွန်လိုင်းတွင် ပရိုဖိုင်အတုများ ဖန်တီး၍ ငွေကြေးတတ်နိုင်သည့်လူများအား လှည့်ဖြား၍ အတုအယောင်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလာစေရန် ဆွဲဆောင်ရမည့်အလုပ် လုပ်ရမည်ဖြစ်ကြောင်း ပြောလာသည်။ A သည် အဆိုပါအလုပ်တွင် ကျွမ်းကျင်သည့်အတွက် ၎င်း၏လုပ်ဖော်ကိုင်ဖက်အချို့ ရိုက်နှက်ခံရ နေချိန်တွင် A မှာ လုံခြုံနေသည်။ တစ်နေ့တွင် သူနှင့် အခြားအလုပ်သမားများအား သူတို့၏လုပ်ငန်းသည် အခြားနေရာသို့ ပြောင်းရွှေ့မည်ဖြစ်ပြီး သူတို့အား အခြားနိုင်ငံတစ်နိုင်ငံသို့ ပြောင်းရွှေ့ပေးမည်ဟုပြောကြားသည်။ ထို့နောက် သူတို့အား အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံသို့ ခေါ်ဆောင်သွားပြီး ထိုနိုင်ငံတွင် လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များ၏ ဖမ်းဆီးခြင်းခံရကာ လူဝင်မှုကြီးကြပ်ရေးဥပဒေများကို ချိုးဖောက်သည်ဟု စွဲချက်တင်ခံရသည်။

**စာကွက် - ဥပမာ (အဆက်)**

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးခြင်း</u>* - B သည် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အထူး ကျွမ်းကျင်သော ရဲအရာရှိတစ်ဦးဖြစ်ပြီး၊ A ၏ အခြေအနေကို သဘောပေါက်လာသည်။ သူသည် မြို့တော်မှ A နှင့် အခြားသူများကို ထိန်းသိမ်းထားသည့် ရဲစခန်းရှိရာ နယ်စပ်ဒေသထိ သွားရောက်ခဲ့သည်။ သူသည် ရဲအုပ်အား ၎င်းထိန်းသိမ်းထားသူများသည် လူကုန်ကူးခံရသည့် နစ်နာသူများဖြစ်နိုင်သည်ဟု သံသယ ရှိကြောင်း သတင်းပေးခဲ့သည်။ အုပ်စုအတွင်းမှ မည်သူများသည် လုပ်ငန်းလည်ပတ်စေရန် အမှန်တကယ် ဆောင်ရွက်နေသူများ ဖြစ်နိုင်ပြီး၊ မည်သူများသည် နစ်နာသူများဖြစ်နိုင်သည်ကို ကနဦး စစ်ဆေးမှု ပြုလုပ်ပြီးနောက် သူသည် A အပါအဝင် အုပ်စုတစ်စုကိုခွဲထုတ်ကာ ရဲများထိန်းသိမ်းမှုမှခေါ်ထုတ်ခဲ့၍ အကာအကွယ်နှင့် အကူအညီများပေးရန်အတွက် လွှဲပြောင်းပေးခဲ့သည်။ A ကို လူကုန်ကူးခံရသူများ ခိုလှုံရာစခန်းတွင် နေရာချထားပေးကာ ဥပဒေအရာရှိသည် A ကို တရားမစွဲရန် ဆုံးဖြတ်ချက် ချခဲ့သည်။[73]

## လူကုန်ကူးမှုများကို လက်ဦးမှုရယူစုံစမ်းစစ်ဆေးရန် တာဝန်များကို မြှင့်တင်ခြင်း

[73] ခနေသဟာယနိုင်ငံများ၏ တရားစွဲဆိုရေးမူဝါဒ - တရားစွဲဆိုရေးလုပ်ငန်းစဉ်များ၌ ဆုံးဖြတ်ချက်ချမှတ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ (CDPP၊ ၂၀၁၁) စာမျက်နှာ ၄ - ၇။ ရာဇဝတ်ကျင့်ထုံး ကိုဓ အက်ဥပဒေ (၁၉၉၅) ရှိ အပိုင်း ၂၇၀ - ၂၇၁ ပါ ခေတ်သစ်ကျွန်ပြုမှု မှုခင်းများကို ဦးတည်အုပ်စုအလိုက် ပြန်လည်ဆန်းစစ်ခြင်း (Cth) - တွေ့ရှိချက် အစီရင်ခံစာ (Commonwealth of Australian ၊ ၂၀၂၃) စာမျက်နှာ ၁၁၈

စုံစမ်းစစ်ဆေးသူများတွင် ဆုံးဖြတ်ပိုင်ခွင့် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြစ်မှုကျူးလွန်သူသည် လူကုန်ကူးခံရသူဖြစ်နိုင်သည်ဆိုသည့်အချက်ကို ညွှန်ပြနိုင်သည့် ပတ်ဝန်းကျင်အခြေအနေများအပါအဝင် ၎င်းတို့အား စွဲချက်တင်ထားသော အမှုနှင့်ပတ်သက်သည့် ရနိုင်သမျှသော သက်သေ အထောက်အထားအားလုံးကို စုဆောင်းရမည့်တာဝန်ကို ထမ်းဆောင်ရန် အရေးကြီးပါသည်။ ထိုကဲ့သို့သော သက်သေ အထောက်အထားများသည် တရားစွဲဆိုခံနေရသောနစ်နာသူများအတွက် ခိုင်လုံသောခုခံချက်အဖြစ် အသုံးချနိုင်သည်။[74] ဤ သက်သေ အထောက်အထားများသည်လည်း အခြားနစ်နာသူများကို ဖော်ထုတ်ရန်နှင့် ကယ်ဆယ်ရန်အတွက်လည်းကောင်း၊ လူကုန်ကူးသူများကို ဖမ်းဆီးရန်အတွက်လည်းကောင်း အလွန် အရေးပါ နိုင်ပါသည်။

နစ်နာသူများ၏ တရားမဝင်လုပ်ရပ်များနှင့် လူကုန်ကူးသူကြားရှိဆက်နွှယ်မှုအပေါ် အာရုံစိုက်ကာ စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်ရမည့်အစား နစ်နာသူ၏ တရားမဝင်လုပ်ရပ်များအပေါ် အာရုံစိုက် စုံစမ်းဖော်ထုတ်နေပါက လူကုန်ကူးမှုအပေါ် ကိုယ်တွယ်ရမည့် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးသည် လျော့ရဲလာမည်ဖြစ်သည်။ လူကုန်ကူးသူများသည် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး၏ အာရုံစိုက်မှုကို သူတို့ထံမှ နစ်နာသူများထံသို့ ပြောင်းလဲအာရုံစိုက်စေရေးအတွက် ၎င်းတို့ လုပ်နည်းလုပ်ဟန်၏ တစ်စိတ်တစ်ပိုင်းအဖြစ် နစ်နာသူများအား ရာဇဝတ်မှုများကျူးလွန်ရာတွင် တဆင့်ခံများအဖြစ် အသုံးပြုနိုင်သည်။[75]

ရာဇဝတ်မှုကြီးများတွင် ပါဝင်ပတ်သက်နေသည့် ဂိုဏ်းဖွဲ့ရာဇဝတ်မှုကျူးလွန်သူများအပါအဝင် လူကုန်ကူးသူများအား တန်ပြန်နိုင်မည့် သက်သေ အထောက်အထားများသည် လက်ဦးမှုရယူစုံစမ်းစစ်ဆေးမှုများ ပြုလုပ်မှသာလျှင် စုဆောင်းနိုင်မည်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေး အရာရှိများသည် နစ်နာသူများ၏ ပြစ်မှုကျူးလွန်ပုံများကို နားလည်ရန်နှင့် လူကုန်ကူးခံရသူများ၊ ပိုင်ဆိုင်မှု သို့မဟုတ် လူကုန်ကူးခံရသူများအား ရှာဖွေတွေ့ရှိရသည့် အဆောက်အအုံများအား ထိန်းချုပ်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းတွင်ပါဝင်နိုင်သည့် အဖွဲ့များကို လက်ဦးမှုရယူစုံစမ်းစစ်ဆေး၍ မည်သူက လူကုန်ကူးသူများဖြစ်၍ မည်သူက နစ်နာသူများဖြစ်ကြောင်း ဖော်ထုတ်အတည်ပြုရန်လိုအပ်သည်။[76]

ရဲတပ်ဖွဲ့အနေဖြင့် လူကုန်ကူးခံရသည့်နစ်နာသူဖြစ်နိုင်သည့် အဆင့်နိမ့် ပြစ်မှုကျူးလွန်သူများကို အလွယ်တကူ လိုက်လံဖမ်းဆီးခြင်းထက် စုံစမ်းစစ်ဆေးရေး အရာရှိများအား ၎င်းတို့၏ အချိန်၊ ကျွမ်းကျင်မှု၊ အားထုတ်မှုနှင့် အရင်းအမြစ်များကို အသုံးချ၍ ကြီးမားရှုပ်ထွေးသောအမှုများကို စုံစမ်းဖော်ထုတ်ရန် မည်သို့ ပံ့ပိုးအားပေးရမည်ကို ပြန်လည်သုံးသပ်သင့်သည်။ ဤအချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးသူများသည် ဖြစ်နိုင်ခြေရှိသောလူကုန်ကူးမှုများကို စုံစမ်းစစ်ဆေးရန် နိုင်ငံများ၏ အပြုသဘောဆောင်သော တာဝန်များကို နားလည်သိရှိသင့်သည်။

[74] လူကုန်ကူးခံရသည့်ရလဒ်အဖြစ် ပြစ်မှုများကျူးလွန်ခဲ့သည့် အတင်းအကျပ်ဖိအားပေးခံရသော နစ်နာသူများအတွက် ရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ ဆီလျော်သောဆောင်ရွက်ချက်များပံ့ပိုးပေးရေး လမ်းညွှန် - လူကုန်ကူးမှုအရေးဆိုင်ရာ လုပ်ငန်းအုပ်စုအတွက် အတွင်းရေးမှူးရုံးမှ ပြင်ဆင်ခဲ့သည့် နောက်ခံစာတမ်း၊ ဗီယင်နာ၊ ၁၀ နှင့် ၁၁ စက်တင်ဘာ ၂၀၂၀၊ UN Doc. CTOC/COP/WG.4/2020/2 (15 June 2020), paragraph 40-42.

[75] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာ၊ Maria Grazia Giammarinaro ၊ ၆ မေပြီ ၂၀၂၀၊ UN Doc A/HRC/44/45 ၊ စာပိုဒ် ၂၉

[76] Marcelo Colombo၊ တရားစွဲဆိုရေးအကြီးအကဲ၊ ပြန်ပေးဆွဲခြင်းနှင့်လူကုန်ကူးခြင်းအမှုများ စုံစမ်းစစ်ဆေးရေး အထူးပြုအရာရှိ (PROTEX)၊ အာဂျင်တီးနား၏ လူကုန်ကူးခံရသူများ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူများနှင့်ပတ်သက်သည့် ပြောဆိုချက်၊ လူ့အခွင့်အရေးကောင်စီ၏ ၄၇ ကြိမ်မြောက် အစည်းအဝေး၏ တွဲဖက်အခမ်းအနား ၊ ၃၀ ဇွန် ၂၀၂၁၊ ၁၃:၀၀ - ၁၄:၃၀ CET

**စာကွက် - ဥပမာ (စာရွက်စာတမ်းဆိုင်ရာ ပြစ်မှု)**

A အား အေဂျင်စီတစ်ခုမှ အခြားနိုင်ငံတစ်နိုင်ငံတွင် အိမ်အကူအဖြစ်အလုပ်လုပ်ကိုင်ရန် အလုပ်ခန့်ခဲ့သည်။ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီက သူမအတွက်လိုအပ်သော ခရီးသွားစာရွက်စာတမ်းများနှင့် ကိုယ်ပိုင်အထောက်အထားများကို ပေးအပ်ခဲ့သည်။ သူမ အလုပ်လုပ်သောအိမ်တွင် သူမသည် အနိုင်ကျင့် ဆက်ဆံခံခဲ့ရပြီး အစားရေစာလုံလောက်စွာ မရရှိခဲ့ပါ၊ သူမသည် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီသို့ သွား၍ အကူအညီ တောင်းခဲ့သော်လည်း အေဂျင်စီဝန်ထမ်းများမှ သူမအား သူမ၏အလုပ်ရှင်ထံ ပြန်မသွားပါက စာရွက်စာတမ်းအတုများကို အသုံးပြုသည်ဟုဆိုကာ ရဲများက သူမကိုဖမ်းဆီးလိမ့်မည်ဟု ပြောကြားခဲ့သည်။ A သည် မိမိအနေဖြင့် သည်နိုင်ငံတွင် တရားဝင်နေထိုင်နေသည်ဟုထင်မှတ်ထားပြီး ရဲစခန်းသို့သွားရောက်ကာ အကူအညီတောင်းခဲ့သည်။ ရဲများထံ သူမ၏စာရွက်စာတမ်းများကို ပေးအပ်သောအခါ ရဲများက သူမအားစာရွက်စာတမ်းအတုများကို အသုံးပြုသည်ဟု စွဲချက်တင်ကာ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းတွင် ထိန်းသိမ်းထားခဲ့သည်။

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးခြင်း</u>* - နိုင်ငံတွင်းရှိ NGO တစ်ခုသည် A ၏ အခြေအနေကို သိရှိသွားသည်။ NGO သည် A ၏ ရှေ့နေနှင့်အတူ A ကို စွဲဆိုထားသောစွဲချက်များ ရုတ်သိမ်းစေရန် ဥပဒေကြောင်းအရ အကူအညီကို စီစဉ်ပေးခဲ့သည်။ A သည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ကြောင်း သက်သေဖြစ်သည့် A ၏ ခရီးသွားမှတ်တမ်းနှင့် စာရွက်စာတမ်း အထောက်အထားများကို စုစည်းကာ ရဲများအား စုံစမ်းဖော်ထုတ်ရန် ပံ့ပိုးကူညီခဲ့ကြသည်။

## နစ်နာသူများကို စိစစ်ခြင်းနှင့်ဖော်ထုတ်အတည်ပြုခြင်းအား ပံ့ပိုးရန် လက်တွေ့ဆောင်ရွက်နေသူများ၏ ကွန်ရက်များကို တည်ဆောက်ခြင်း

လူမှုဝန်ဆောင်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အမျိုးသား လူ့အခွင့်အရေး အင်စတီကျူးရှင်းများနှင့် အခြား နိုင်ငံတော်နှင့် နိုင်ငံတော်မဟုတ်သော လုပ်ဆောင်သူများသည် နစ်နာသူများအားပံ့ပိုးရန် အခန်းကဏ္ဍများတွင်ပါဝင်သည်။ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့များသည် ကျွမ်းကျင်သူများနှင့် ခိုင်မာသော ကွန်ရက်များ ကို တည်ဆောက်သင့်သည်။ သို့မှသာ လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်သည့်သူများနှင့် ထိတွေ့ဆက်ဆံနေရသော တရားဥပဒေစိုးမိုးရေး အရာရှိများသည် အကူအညီနှင့် အကြံဉာဏ်များရရှိရန် မည်သူနှင့်ဆက်သွယ်ရမည်ကို သိရှိပြီး လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ချေကို ဖော်ထုတ်သည့်ဖြစ်စဉ်တွင် တိကျသော ဆက်သွယ်ရန်အချက်အလက်များ ရှိနေမည်ဖြစ်သည်။ စုံစမ်းစစ်ဆေးခြင်းနှင့် အတည်ပြုဖော်ထုတ်ခြင်း လုပ်ငန်းစဉ်များကို ပံ့ပိုးရန်အတွက် စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များကို အသုံးပြုခြင်းသည် နစ်နာသူ ဟုတ်၊မဟုတ် ဖော်ထုတ်အတည်ပြုရေး လုပ်ငန်းစဉ်များတလျှောက် လူကုန်ကူးခံရသူဟု ယူဆရသူများအား ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးကြောင်း သေချာစေမည့် ထိရောက်သော နည်းလမ်းဖြစ်သည်။ လူကုန်ကူးခံရသူများအား ၎င်းတို့ ရင်ဆိုင်ရနိုင်သည့် အန္တရာယ်များမှ ကာကွယ်ရန်၊ အထူးသဖြင့် ၎င်းတို့သည် ဂိုဏ်းဖွဲ့ကျူးလွန်သော ရာဇဝတ်မှုများကြောင့် နစ်နာသူဖြစ်ခဲ့ရပါက လက်တွေ့ဆောင်ရွက် နေသူများအကြား ကျယ်ပြန့်သော ကွန်ရက်တစ်ခုလိုအပ်နိုင်သည်။

အရေးကြီးသည်မှာ အွန်လိုင်းလိမ်လည်မှု စခန်းများ သို့မဟုတ် စိုက်ပျိုးရေး၊ ပင်လယ်စာလုပ်ငန်း သို့မဟုတ် လိင်လုပ်ငန်း ကဲ့သို့သော လူကုန်ကူးခံရနိုင်သည့် နေရာများ၌ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင်

မည်သူသည် ကြုံတွေ့လာနိုင်ရသည့် နစ်နာသူများကိုဖော်ထုတ်ရန် တာဝန်ရှိသည်၊ မည်သူသည် ထိုနစ်နာသူများကို ကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိသည်ကို ဆုံးဖြတ်နိုင်ရန် အဆင့်မြင့်သောအစီအစဉ်များကို အသေးစိတ်ပြင်ဆင်သင့်သည်။ လူကုန်ကူးခံရသူများကို ဖော်ထုတ်အတည်ပြုရာတွင် နစ်နာသူများကိုဖော်ထုတ်အတည်ပြုရန် လေ့ကျင့်သင်ကြား ထားသော အာဏာပိုင်များ၏ အမြင်များကို အခြားသူများ၏အမြင်များထက် ဦးစားပေးသင့်သည်။

## ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် အဟန့်အတားများကိုဖယ်ရှားပြီး အားပေးသောအရာများကို ဖန်တီးခြင်း

ရဲတပ်ဖွဲ့၏စွမ်းဆောင်ရည်ကို ဖမ်းဆီးမှုနှင့် စွဲချက်တင်မှုအရေအတွက်ဖြင့် တိုင်းတာပါက ရဲများသည် လူကုန်ကူးခံရနိုင်သည့် နစ်နာသူများကို ပြစ်မှုကျူးလွန်သူများအဖြစ် ကြုံတွေ့ပါက ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အသုံးချရန် အားနည်းနေ နိုင်သည်။ ထို့ကြောင့် ရဲများအား ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အသုံးချရန်နှင့် လက်တွေ့တွင် ထိုအခြေခံမှုကို သင့်လျော်စွာအသုံးချမှုကို ထင်ဟပ်သည့် စွမ်းဆောင်ရည်အား တိုင်းတာခြင်းများအပါအဝင် မည်သို့ မက်လုံးပေးရမည်ကို ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာအားဖြင့် လူကုန်ကူးခံရသူများဟု အတည်ပြုခံရသူများကို နောက်ဆက်တွဲအနေဖြင့် စိစစ်အတည်ပြုရန် လွှဲပြောင်းပေးနိုင်ခြင်းအား ရဲတပ်ဖွဲ့၏စွမ်းဆောင်ရည်ကို အပြုသဘောဆန်သော အတိုင်းအတာ တစ်ခုအဖြစ် သုံးနိုင်ပါသည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအရ လူကုန်ကူးခံရသူများကို ဖမ်းဆီး အရေးယူခြင်းမပြုသော ဥပဒေစိုးမိုးရေးအရာရှိများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ပျက်ကွက်သည်ဟု စွပ်စွဲခံရမည့်အစား ပြစ်ဒဏ် ကင်းလွတ်ခွင့် အခြေခံမှုကို လိုက်နာကျင့်သုံးမှုအတွက် ချီးမွမ်းခံရကြောင်း သေချာစေရန် ဆောင်ရွက်ခြင်းဖြင့်လည်း တိုင်းတာနိုင်သည်။

အဆိုပါအစီအမံများသည် ရာဇဝတ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ရန်နှင့် ဖမ်းဆီးရန် တာဝန်ရှိသည့် ပိုမိုကျယ်ပြန့်သော တရားဥပဒေစိုးမိုးရေး တာဝန်ဝတ္တရားကို အနှောင့်အယှက်မဖြစ်စေရန် ဖန်တီးရမည်ဖြစ်သည်။ ထိုသုံးသပ်ချက်များသည် တရားဥပဒေစိုးမိုးရေး၏ ကျယ်ပြန့်သော တာဝန်များဖြစ်သည့် ရာဇဝတ်မှုများကို စုံစမ်းထောက်လှမ်းခြင်းနှင့် ဖမ်းဆီးအရေးယူခြင်းတို့ကို အားနည်းစေမည့် အခြေအနေများ မဖြစ်ပေါ်စေရန် စီမံထုတ်ထားရမည်။ လူကုန်ကူးခံရသည့် နစ်နာသူဖြစ်နိုင်ချေရှိသူများ၊ လူကုန်ကူးမှုနှင့် အခြားကြီးလေးသော ဂိုဏ်းဖွဲ့ရာဇဝတ်မှုများ၏ မျက်မြင်သက်သေများအား ကျွမ်းကျင်စွာ ချဉ်းကပ်ခြင်းအပါအဝင် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရန် သက်သေတည်ဆောက်ပေးသည့် ရဲများအား ဆုချီးမြှင့်ရန်ကို ထည့်သွင်းစဉ်းစားသင့်သည်။

## နစ်နာသူများကို ကာကွယ်ရေးလမ်းကြောင်းများသို့ မည်သို့လွှဲပြောင်းပေးရမည်ကို အရာရှိများအား သေချာစွာ သိရှိစေခြင်း

နိုင်ငံများသည် ACTIP အပိုဒ်၁၄(၁)နှင့်အညီ လူကုန်ကူးခံရသူများနှင့် ကြုံတွေ့ဆက်ဆံရသော ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဆိုင်ရာအရာရှိများအား နစ်နာသူဖြစ်နိုင်ချေရှိသူများ ညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့်

ယန္တရားသို့ ချက်ချင်းလွှဲပြောင်းပေးနိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့် ယန္တရားများကို ပြဋ္ဌာန်းထားရန် လိုအပ်ပါသည်။[77] အဆိုပါ ကာကွယ်ရေးလမ်းကြောင်းများသည် အသက်အရွယ်၊ ကျား၊မကွဲပြားမှုကို အထူးဂရုပြုခြင်းနှင့် စိတ်ဒဏ်ရာ-အသိအမြင်ရှိခြင်းနှင့် ခွဲခြားဆက်ဆံမှု မရှိရေးတို့အပါအဝင် နစ်နာသူ၏ လူ့အခွင့်အရေးကို ကာကွယ်ရန်အတွက် သင့်လျော်သော နည်းလမ်းများဖြစ်ရမည်။

ညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တရားများကို ထိရောက်စွာ အသုံးမပြုရသေးခြင်းနှင့် နစ်နာသူအား ပြစ်ဒဏ်ချမှတ်ခြင်းမှ ရှောင်ရှားခြင်းတို့ကို ကျင့်သုံးနိုင်ခြင်းမရှိသေးသော အခြေအနေများတွင် အကာအကွယ်ပေးရန်အတွက် တားဆီးနေသော အနှောင့်အယှက်များကို သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ကျွမ်းကျင်မှု သင်တန်းများ စီစဉ်ပေးခြင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဖော်ထုတ်အတည်ပြုပြီး ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါသည်။ လူကုန်ကူးခံရသူများနှင့် ထိတွေ့ဆက်ဆံသူများအား လူကုန်ကူးခံရသူများနှင့် ကြုံတွေ့ရပါက သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များကို ဆက်သွယ်နိုင်ရန် ဆက်သွယ်၍ရနိုင်မည့် အချက်အလက်များ ပေးအပ်ထားရမည်။ ထို့အပြင် နစ်နာသူများသည် အရွယ်မရောက်သေးသူများဖြစ်ပါက ကလေးသူငယ် ကာကွယ်ရေး အာဏာပိုင်များကိုလည်း ဆက်သွယ်ရန်လိုအပ်ပါသည်။

ကလေးသူငယ် ပြစ်မှုကျူးလွန်သူများသည် လူကုန်ကူးခံရသည့် နစ်နာသူများဖြစ်နေနိုင်ပါ ရှေ့တန်းမှ ဆောင်ရွက်ရသည့် အရာရှိများသည် ကလေးသူငယ် ကာကွယ်ရေး အာဏာပိုင်များနှင့် တတ်နိုင်သမျှ အစောဆုံး ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ အသက်အရွယ်နှင့်ပတ်သက်၍ ခိုင်မာသည့် အထောက်အထား မရှိသော၊ ကလေးသူငယ်ဖြစ်နိုင်ခြေရှိသူများကို ဆက်ဆံရာတွင် အရွယ်မရောက်သေးသူဟူသော ယူဆချက်ကို အသုံးပြုသင့်သည်။ လက်နက်ကိုင် သို့မဟုတ် အကြမ်းဖက် အုပ်စုများနှင့်ဆက်စပ်သော ကြီးလေးသည့် ရာဇဝတ်မှုများအပါအဝင် ဥပဒေနှင့်မညီသော ကလေးသူငယ်များသည် ပြစ်ဒဏ် ကင်းလွတ်ခွင့် အခြေခံမှုကို အကျိုးခံစားခွင့်ရှိပြီး လူကုန်ကူးမှုကျူးလွန်ခံရသူများ၊ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှု ဥပဒေကို ပြင်းထန်စွာချိုးဖောက်ခံရသူများအဖြစ် အသိအမှတ်ပြု ခံရသင့်သည်။ ၎င်းတို့ကို ပြန်လည်ထူထောင်ရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် မိသားစု ပြန်လည်စုစည်းရေးတို့ကို ဦးစားပေးဆောင်ရွက် သင့်သည်။[78] ဥပဒေမဲ့လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေသည့် ကလေးသူငယ်များအရေးကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူ၊တာဝန်ခံနိုင်သည့် အသက်အရွယ်ကလည်း သက်ဆိုင်မှုရှိသဖြင့် ထိုအသက်အရွယ် သတ်မှတ်ချက်များကို တိုးမြှင့်သတ်မှတ်ခြင်းမျိုးလည်း လုပ်ရကောင်းလုပ်ရနိုင်သည်။[79]

[77] ACTIP အပိုဒ် ၁၄(၁) တွင် "စာချုပ်ဝင်နိုင်ငံတိုင်းသည် လူကုန်ကူးခံရသူများကို သင့်လျော်စွာ ဖော်ထုတ်အတည်ပြုရေးအတွက် နိုင်ငံအဆင့် လမ်းညွှန်ချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ချမှတ်ထားရမည်ဖြစ်ပြီး ဖြစ်နိုင်သည့်အခြေအနေတိုင်း၌ နစ်နာသူအား အကူအညီပေးသည့် သက်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်" ဟု ဖော်ပြထားသည်။

[78] လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၃၈၈၊ ၂၀၁၇ ခုနှစ်ကို ရှု

[79] လမ်းညွှန်ချက် ၂ ကို ရှု

**အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်**

လူကုန်ကူးမှုသည် လူ့အခွင့်အရေးကို ပြင်းထန်စွာချိုးဖောက်မှုတစ်ခုဖြစ်ကြောင်း သိရှိနားလည်လျက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးရာတွင် နစ်နာသူအဖြစ် တရားဝင် ဖော်ထုတ်အတည်ပြုမှုမျိုး သို့မဟုတ် လူကုန်ကူးသူဟု စွပ်စွဲခံရသူအား တရားစွဲဆိုမှုတို့အပေါ်တွင် မူတည်ပြောင်းလဲခြင်းမျိုး မရှိသင့်ပါ။ ပြစ်ဒဏ်ကင်းလွတ်ခွင့်အခြေခံမူကို ကျင့်သုံးခြင်းသည် ပြစ်မှုဆိုင်ရာတရားစွဲဆိုမှုတွင် နစ်နာသူ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်ပြောင်းလဲခြင်း မရှိစေရပါ။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လိုက်နာစေရန်အတွက် အတည်ပြုဖော်ထုတ်ပြီး သို့မဟုတ် လူကုန်ကူးခံရသူဟု ယူဆထားသူအားလုံးအား ထိန်းသိမ်းထားခြင်းမှ သို့မဟုတ် လွတ်လပ်ခွင့် ဆုံးရှုံးနေရသည့် မည်သည့်အခြေအနေမှမဆို ဖယ်ရှားပေးရမည်ဖြစ်ပြီး အကူအညီနှင့်ကာကွယ်မှုများကို ပေးအပ်ရမည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ခိုလှုံခွင့် သို့မဟုတ် အခြားနိုင်ငံတကာ ကာကွယ်မှုများကို တောင်းခံနေရသော လူကုန်ကူးခံသူများအပါအဝင် လူကုန်ကူးခံရသည့် နစ်နာသူအားလုံးအား ခွဲခြားဆက်ဆံမှုမရှိဘဲ ကျင့်သုံးရမည် ဖြစ်သည်။[80]

*[၆] ဖမ်းဆီးရေး အရာရှိများအနေနှင့် ဖမ်းဆီးခံရသူများအတွက် မိမိ၏ တာဝန်ဝတ္တရားများကို ပြည့်စုံစွာ သေချာထမ်းဆောင်ရန် လိုအပ်ခြင်း*

လူကုန်ကူးခံရသည့် နစ်နာမှုနှင့် တိုက်ရိုက်မသက်ဆိုင်သည့် ဥပဒေမဲ့လုပ်ရပ်များတွင် ပါဝင်ကျူးလွန်နေသည့် နစ်နာသူများကို ဖမ်းဆီးရန်မှာ သင့်လျော်နိုင်ပါသည်။ ဖမ်းဆီးရေးအရာရှိများသည် လူကုန်ကူးခံရသည့် နစ်နာသူ ဖြစ်နိုင်သူများကို ဖမ်းဆီးသောအခါတွင် ၎င်းနစ်နာသူတို့အား နောင်တွင် ထိခိုက် နစ်နာစေမည့်အန္တရာယ်ကို လျှော့ချရန်အတွက် ၎င်းတို့၏ အခြေခံလူ့အခွင့်ရေးကို မချိုးဖောက်ပဲ တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ရန် အရေးကြီးပါသည်။

**လူကုန်ကူးခံရသူများကို ဖမ်းဆီးခြင်းကြောင့် ဖြစ်လာနိုင်သော သက်ရောက်မှုများကို ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများအား အသိပေးခြင်း**

ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော အရာရှိများသည် လူကုန်ကူးခံရသူများကို ဖမ်းဆီးရာတွင် နိုင်ငံတော်မှ

[80] *ရင်းမြစ် - အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally*၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁၊ စာပိုဒ် [၅၈-၆၀]

နောက်ထပ် နစ်နာသူဖြစ်စေခြင်း၊ ဖမ်းဆီးခံရခြင်း၊ ဓါတ်ပုံရိုက်ခံရခြင်း၊ လက်ဗွေနှိပ်ရခြင်း၊ လက်ထိပ်ခတ်ခံရခြင်းအပြင် တခါတရံ ကြိုတင်အသိပေး သဘောတူညီချက်ယူထားခြင်း မရှိပဲ ဆေးစစ်ခံရခြင်းတို့ကြောင့် ရှက်ရွံ့ရခြင်းတို့အပါအဝင် လူကုန်ကူးခံရသူများအပေါ် သက်ရောက်စေမှုကို သဘောပေါက်နားလည်ထားရမည်။ ၎င်းတို့အနေဖြင့် ဖမ်းဆီးခံရခြင်းသည် နစ်နာသူများအား မည်သို့အမဲစက်ထင်စေကြောင်း၊ လူကုန်ကူးခံရမှုအပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် ပေါင်းစည်းရေးကို အနှောင့်အယှက်ဖြစ်စေကြောင်း နားလည်ထားရမည်။

ထို့အပြင် ရှေ့တန်းတွင်တာဝန်ထမ်းဆောင်နေသော အရာရှိများအနေဖြင့် နစ်နာသူများအား ဖမ်းဆီးခြင်းသည် လူကုန်ကူးမှု အပေါ် တုံ့ပြန်ရမည့် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးကို မည်ကဲ့သို့ထိခိုက်စေကြောင်းကိုလည်း သတိပြုမိရမည်။ စုံစမ်းစစ်ဆေးသူများသည် လူကုန်ကူးမှုကို လက်ဦးမှုရယူစုံစမ်းဖော်ထုတ်ခြင်း မရှိပါက နစ်နာသူသည် လူကုန်ကူးမှုနှင့် ပတ်သက်သည့် အဓိက သို့မဟုတ် တခုတည်းသော သက်သေ အထောက်အထား ဖြစ်သွားနိုင်သည်။ အာဏာပိုင်များအပေါ် ထားရှိသည့် နစ်နာသူ၏ ယုံကြည်မှု ဆုံးရှုံးသွားပါက ၎င်းတို့သည် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်တော့မည် မဟုတ်ပါ။

## ဖမ်းဆီးခံရသောပုဂ္ဂိုလ်များအနေနှင့် သတင်းအချက်အလက်ရယူပိုင်ခွင့်အတွက် ဖမ်းဆီးရေးအရာရှိများမှ သေချာစေခြင်း

နိုင်ငံများသည် ၎င်းတို့ဖမ်းဆီးထားသော သူများအတွက် တာဝန်များရှိသည်။ ထိုတာဝန်များကို ပြည့်မြောက်အောင် ဆောင်ရွက်ခြင်းဖြင့် ဖမ်းဆီးခံထားရသည့် လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရမှု၏ နောက်ဆက်တွဲအဖြစ် နစ်နာသူများ ကျူးလွန်ခဲ့သောပြစ်မှုများအတွက် အပြစ်ပေးခံရခြင်းကို ရှောင်လွှဲနိုင်ရန် သင့်လျော်သောအကြံဉာဏ်များနှင့် ထောက်ပံ့မှုများကို အာဏာပိုင်များထံမှ လက်ခံရယူနိုင်စေရန် သေချာစေရမည်။ အရာရှိများအနေဖြင့် ဖမ်းဆီးခံရသူများ အတွက် ၎င်းတို့၏ လူ့အခွင့်အရေးတာဝန်များကို ပြည့်မြောက်အောင်ဆောင်ရွက်နိုင်စေမည့် လုံလောက်သော စွမ်းဆောင်ရည်ရှိကြောင်း သေချာစေရန် နိုင်ငံများကဆောင်ရွက်ပေးရမည်။ ၎င်းတို့ကို တရားသူကြီး အာဏာပိုင်တစ်ဦးဆီ အမြန်ဆုံးပို့ဆောင်ရန် အခွင့်အရေးရှိပါသည်။ တရားသူကြီး သို့မဟုတ် အခြားအရာရှိများထံ စောစီးစွာတင်ပြရမည့် ဖမ်းဆီးခံရသည့် အကြောင်းအရင်းများ၊ တရားစွဲဆိုထားသော စွဲချက်များကို လူကုန်ကူးခံရသူများအပါအဝင် ဖမ်းဆီးခံရ သူများသည် သိရှိပိုင်ခွင့်ရှိသည်။[81]

ကောင်စစ်ဝန်ဆိုင်ရာ ပတ်သက်မှုနှင့်ဆက်စပ်၍ ဗီယာနာ ကွန်ဗင်းရှင်း အပိုဒ် ၃၆ အရ ဖမ်းဆီးခံ သို့မဟုတ် ထိန်းသိမ်းခံထား ရသော နိုင်ငံခြားသားများအား ၎င်းတို့အနေဖြင့် ကောင်စစ်ဝန်၏ အကြံဉာဏ်နှင့် ထောက်ပံ့မှုများရရှိနိုင်ရန်အတွက် ၎င်းတို့၏သံရုံးအား အကြောင်းကြားခွင့်ရှိကြောင်း အသိပေးရမည်။ ဒုက္ခသည်များ သို့မဟုတ် ခိုလှုံခွင့်တောင်းခံသူများသည် ၎င်းတို့နိုင်ငံ၏ ကိုယ်စားလှယ်များနှင့်ဆက်သွယ်ရန် သို့မဟုတ် အချက်အလက်များမျှဝေရန် မလိုလားအကြောင်းကို သိရှိထားရမည်။ ဤချဉ်းကပ်မှုသည် ACTIP အပိုဒ် ၁၄(၃) တွင် သတ်မှတ်ထားသည့် "လူကုန်ကူးခံရသူမှ သတင်းမပေးပါက" ဖော်ထုတ်အတည်ပြုမှုအား မူရင်းနိုင်ငံများထံ ကျိုးကြောင်းမခိုင်လုံသည့် နှောင့်နှေးခြင်းမျိုးမရှိပဲ အကြောင်းကြားရမည် ဟူသည့်အတိုင်း ကိုက်ညီပါသည်။

[81] *နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အပိုဒ် ၉(၂)*

*[၇] အခြားသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် ဖော်ထုတ်အတည်ပြုထားသော နစ်နာသူများ၏ အခြေအနေကို*

အာဆီယံအဖွဲ့ဝင် နိုင်ငံများတွင် လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်အတည်ပြုခံထားရသော နစ်နာသူများသည် ACTIP၏ ပုဒ်မ ၁၄(၂) နှင့်အညီ အခြားဒေသများတွင်လည်း ၎င်းတို့၏ အခြေအနေကို အသိအမှတ်ပြုသင့်သည်။

နိုင်ငံတစ်နိုင်ငံထက်ပို၍ ဖြစ်ပွားထားသော လူကုန်ကူးမှုတွင် နိုင်ငံတိုင်းသည် လက်ခံနိုင်ငံ၏ အာဏာပိုင်များမှ လူကုန်ကူးခံရသူဖြစ်ကြောင်း ဖော်ထုတ်အတည်ပြု အတည်ပြုမှုကို လေးစား၍ အသိအမှတ်ပြုရမည်။

လူကုန်ကူးခံရသူအဖြစ် အသိအမှတ်ပြုခံထားရခြင်း မရှိသော အခြားနိုင်ငံများတွင် အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတစ်နိုင်ငံ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရပြီး အခြားနိုင်ငံတွင် ပြစ်ဒဏ်ကျခံရနိုင်သည့် အန္တရာယ်ရှိပါသည်။

*အသိအမှတ်ပြုခြင်း*

## ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု လက်တွေ့ကျင့်သုံးမှု အားကောင်းစေရန်အတွက် လက်ရှိ အပြန်အလှန် သဘောတူညီချက်များကို ပြင်ဆင်ရန် စူးစမ်းလေ့လာခြင်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လူကုန်ကူးခံရသူများအား ပြစ်ဒဏ်မချမှတ်ရေး အတိအလင်း ပြဋ္ဌာန်းချက်များ ထည့်သွင်းဖော်ပြထားသည့် အချို့သော အပြန်အလှန် သဘောတူညီချက်များနှင့် နားလည်မှု စာချွန်လွှာများ (MOUs) ရှိပါသည်။ (ပူးတွဲပါ ၃ ကို ကြည့်ပါ) သို့သော်လည်း အချို့သော ပြဋ္ဌာန်းချက်များသည် အချို့သောမှုခင်းများအတွက်သာ အသုံးချရန် ကန့်သတ်ထားသည်။ (ဥပမာ - လူဝင်မှုကြီးကြပ်ရေးနှင့် ပြည့်တန်ဆာလုပ်ငန်းနှင့်ဆက်နွှယ်သော မှုခင်းများ) အချို့သောပြဋ္ဌာန်းချက်များသည် အချို့သောနစ်နာသူများအတွက်သာ သီးသန့်အသုံးချရန် ခွဲခြားထားသည်။ ဥပမာ အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက်သာ အသုံးချပြီး အမျိုးသားများအပေါ် အသုံးမပြုခြင်းတို့ ဖြစ်သည်။

နိုင်ငံများအနေဖြင့် အောက်ပါအကြောင်းအရာတို့ကို အာမခံ သေချာနိုင်စေရန်အလို့ငှာ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ ထည့်သွင်းနိုင်ရန် အပြန်အလှန် သဘောတူညီချက်များကို ပြင်ဆင်ရေးအား စဉ်းစားသင့်သည်။

(က) လူကုန်ကူးမှုအား အပြန်အလှန် သဘောတူညီနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်ဆိုထားသော နိုင်ငံတကာနှင့် ဒေသတွင်း ဖွင့်ဆိုချက်များအတိုင်း နားလည်သဘောပေါက်ရန်နှင့် သို့မှသာ နစ်နာသူများအား ဖော်ထုတ်အတည်ပြုရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းဥပဒေများအရ မည်သည့်အဓိပ္ပာယ်ဖွင့်ဆိုမှု ကွာခြားချက်မဆို ညှိယူနိုင်မည်ဖြစ်သည်။

(ခ) ပြစ်ဒဏ်ကင်းလွတ်ရေး ပြဋ္ဌာန်းချက်များသည် နစ်နာသူအားလုံးအား ၎င်းတို့၏ သက်အရွယ်၊ လိင်၊ နိုင်ငံသားနှင့် အခြားအဆင့်အတန်းများအလိုက် ခွဲခြားဆက်ဆံမှုမရှိပဲ အသုံးချရန် ဖြစ်သည်။

(ဂ) ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးသည့် အတိုင်းအတာအား ကန့်သတ်ထားခြင်း မရှိသော်လည်း လူကုန်ကူးခံရသည့် တိုက်ရိုက်ရလဒ်အနေဖြင့် နစ်နာသူများ ပါဝင်ပတ်သက်နေနိုင်သော အမှုအခင်းများ၊ ဥပဒေမဲ့လုပ်ရပ်များနှင့် အခြား မည်သည့်နေရာ၌မဆို အသုံးချရန်ဖြစ်သည်။

လုံလောက်သော အပြန်အလှန်သဘောတူညီချက်များ မရှိပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် နစ်နာသူ၏ အခြေအနေကို အပြန်အလှန်အသိအမှတ်ပြုရန် အခြေခံအဖြစ် ACTIP သို့မဟုတ် လူကုန်ကူးခြင်းနှင့် ဆက်နွှယ်နေသော မူရင်းနိုင်ငံ၊ ဖြတ်သန်းသွားရသည့် ကြားခံနိုင်ငံ နှင့်/ သို့မဟုတ် ခရီးဆုံးနိုင်ငံသည် အာဆီယံဒေသ၏ အပြင်ဘက်တွင်ရှိနေပါက UNTOC နှင့် လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်ကို ကျင့်သုံးရန် စဉ်းစားသင့်ပါသည်။

## ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူနှင့်သက်ဆိုင်သော လက်ရှိသဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ လူကုန်ကူးမှုတိုက်ဖျက်ရေး အာဏာပိုင်များသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ (ပူးတွဲ ၃ တွင် ဖော်ပြထားသည်များ အပါအဝင်)နှင့် ပတ်သက်သော အပြန်အလှန် သဘောတူညီချက်များအား လက်တွေ့ဆောင်ရွက်နေသူများ သိရှိသဘောပေါက်အောင် အသိပေးရမည်ဖြစ်သည်။ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး လက်တွေ့ဆောင်ရွက်နေသူများအနေဖြင့် နစ်နာသူများအပေါ် တရားစွဲဆိုမှုများကို ပယ်ဖျက်ရန်၊ အခြားနိုင်ငံများတွင် ဖော်ထုတ်အတည်ပြုပြီးဖြစ်သော နစ်နာသူတို့၏အနေအထားကို အသိအမှတ်ပြုရန်နှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ပံ့ပိုးပေးမည့် အပြန်အလှန် သဘောတူညီချက်ကိုအသုံးချရန် အဆိုပါ သဘောတူညီချက်များကို အသုံးပြုနိုင်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ လူကုန်ကူးမှုတိုက်ဖျက်ရေး အာဏာပိုင်များအနေဖြင့် ပံ့ပိုးပေးသင့်သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်နေသူများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူနှင့်သက်ဆိုင်သော အပြန်အလှန် သဘောတူညီချက်များသည် လက်တွေ့တွင် အဘယ်ကြောင့် အကောင်အထည်မပေါ်နိုင်သည်ကို နားလည်ရန် စူးစမ်းလေ့လာမှုများပြုလုပ်သင့်ပြီး ဥပဒေ၊ မူဝါဒနှင့် လက်တွေ့လုပ်ဆောင်မှုတွင် ဖော်ထုတ်အတည်ပြုထားသော အတားအဆီးများကို ဖြေရှင်းရန် ဆောင်ရွက်သင့်သည်။



# အပိုင်း ၄

# လူကုန်ကူးခံရသူများ တရားရင်ဆိုင်ရသည့်အခါ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်း

## အပိုင်း ၄။ လူကုန်ကူးခံရသူများ တရားရင်ဆိုင်ရသည့်အခါ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်း

လူကုန်ကူးခံရသူများအား ဖော်ထုတ်ခြင်းမပြုသည့် အခြေအနေမျိုးတွင် လူကုန်ကူးခံရစဉ်တွင် လုပ်ဆောင်ခဲ့သော ကျူးလွန်မှုများကြောင့် တရားစွဲဆိုခံရနိုင်ချေ ရှိပါသည်။ အချို့အခြေအနေများတွင် လူကုန်ကူးခံရသူများအား ဖော်ထုတ်လေ့ရှိသော်လည်း တရားစွဲဆိုရန် ဆုံးဖြတ်နိုင်ချေလည်း ရှိနေဆဲဖြစ်သည်။ မည်သည့် အခြေအနေတွင်ဖြစ်စေ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လိုက်နာရန်မှာ ပြစ်မှုကျူးလွန်သော လူကုန်ကူးခံရများအား တရားစွဲဆိုသော သို့မဟုတ် ခုခံလျှောက်လဲနေသော ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး လက်တွေ့ဆောင်ရွက်သူများ၏ တာဝန်ဖြစ်ပြီး နစ်နာသူများ အတွက် မျှတသော တရားခွင်တွင် တရားရင်ဆိုင်ခွင့် ရရှိစေရပါမည်။[82]

လက်တွေ့ဆောင်ရွက်နေသူများသည် ပြည်တွင်းဥပဒေပြုရေးတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား ထည့်သွင်းပြဋ္ဌာန်းနိုင်စေရန် ကူညီထောက်ပံ့ပေးဖို့ တာဝန်ရှိပါသည်။ ထိုသို့ ကင်းလွတ်ခွင့်ပေးခြင်းသည် အချို့သော ဥပဒေချိုးဖောက်မှုများ အတွက်သာ သတ်မှတ်ထားခြင်း မဟုတ်ပါ။ (လမ်းညွှန်ချက် ၁ တွင် ရှု) မည်သို့ဖြစ်စေ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်းသာမက နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် သက်ဆိုင်ရာအဆင့်အလိုက် လုပ်ဆောင်လျက် ရှိကြပါသည်။ ကြားဖြတ်အခြေအနေများတွင် ပြတ်သားသော ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူမရှိပါက သို့မဟုတ် တည်ဆဲမူများသည် လုံလောက်သည့်ကာကွယ်မှုကို မပေးနိုင်ပါက ACTIP အပိုဒ် ၁၄(၇) နှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသော အခြေခံမူအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။

အမှုလိုက်ဥပဒေအရာရှိများသည် လူကုန်ကူးခံရသူ၏ ဥပဒေမဲ့ကျူးလွန်သည့်လုပ်ရပ်နှင့် လူကုန်ကူးခံရသည့် ဖြစ်စဉ်ကြားရှိ ချိတ်ဆက်ပေါ်မှုတည်ကာ တရားစွဲဆိုရန် သင့်၊မသင့်ဆိုသည့် ဆုံးဖြတ်ချက်ကိုချနိုင်ရန် လုံလောက်သည့် အရည်အချင်း ရှိရပါမည်။ မှန်ကန်သောသုံးသပ်ချက်ဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လိုက်နာလုပ်ဆောင်ရမည့်အပြင် ပြည်တွင်း ဥပဒေနှင့်ကိုက်ညီသည့် ခုခံချေပမှုများကိုလည်း နားလည်အသုံးချတတ်ရပါမည်။ လူကုန်ကူးခံရသူအား တရားစွဲဆိုခံရ ခြင်းကို ကာကွယ်ရန်မချမှတ်နိုင်ပါက တရားခံရှေ့နေများသည် အမှုသည်၏ အကျိုးစီးပွါးကိုကာကွယ်ရန် ထိရောက်စွာ အားထုတ်လုပ်ဆောင် ရမည်ဖြစ်သည်။ တရားစီရင်ရေး ဝန်ထမ်းများသည်လည်း တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား လိုက်နာကျင့်သုံးရမည့်တာဝန်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

အောက်ပါ လမ်းညွှန်ချက်များသည် နိုင်ငံများအနေဖြင့် ဥပဒေအရာရှိများ၊ တရားခံရှေ့နေများနှင့် တရားစီရင်ရေး ဝန်ထမ်းများ၏ အရည်အချင်းကို တိုးမြှင့်နိုင်ရန်၊ လူကုန်ကူးခံရသူများ တရားရင်ဆိုင်ရာတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးနိုင်ရန် ရည်ရွယ်ပါသည်။

[82] မျှတစွာ တရားစွဲဆိုစစ်ဆေးမှုခံပိုင်ခွင့်သည် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၏ အပိုဒ် ၁၄ နှင့် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်းမှ အပိုဒ် ၂၀(၁) တွင် ပါဝင်သည်။

## *[၈] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် ဥပဒေအရာရှိများ၏ စွမ်းဆောင်ရည်ကို*

လူကုန်ကူးခံရသူမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှု၏ အကျိုးကျေးဇူးကိုခံစားနိုင်စေရန် ကျူးလွန်သည့်လုပ်ရပ်နှင့် လူကုန်ကူးခံရခြင်းတို့ကြား ချိတ်ဆက်မှုရှိဖို့လိုအပ်သည်။ လူကုန်ကူးမှုကျူးလွန်ခံရသူသည် လူကုန်ကူးသူများမှ ပြစ်မှုကျူးလွန်ရန် အတင်းအကြပ်စေခိုင်းခံရခြင်း သို့မဟုတ် လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ပြစ်မှုကျူးလွန်မိခြင်းစသည့် ချိတ်ဆက်မှုများကို သိရှိထားရပါမည်။ ကျူးလွန်သောလုပ်ရပ်နှင့် လူကုန်ကူးခံရခြင်းတို့ကြား မည်သည့်ချိတ်ဆက်မှုမျှ မရှိသည်ဆိုစေ နိုင်ငံတော်အနေဖြင့် လူကုန်ကူးခံရသူအား တရားစွဲဆိုခြင်းမပြုရန် ဆုံးဖြတ်ရမည်သာဖြစ်ပြီး နိုင်ငံတော်မှ နစ်နာသူများကိုကာကွယ်ကာ လူကုန်ကူးသူများအား ရှာဖွေဖော်ထုတ်၍ တရားစွဲဆိုရန် တာဝန်ရှိပြီးဖြစ်ပါသည်။ ထိုသို့မဟုတ်ပါက ပြည်သူအများ၏ဆန္ဒကို ဆန့်ကျင်ရာကျမည်ဖြစ်သည်။ နစ်နာသူများအပေါ် တရားစွဲဆိုမည်ဟု ဆုံးဖြတ်လိုက်ပါက ဆုံးဖြတ်ချက်ချရသည့် အကြောင်းအရင်းများကို ရှင်းလင်းစွာ၊ ပွင့်လင်း မြင်သာစွာတင်ပြရမည် ဖြစ်ပါသည်။

လက်တွေ့တွင် ဥပဒေအရာရှိများသည် လူကုန်ကူးမှုဆန့်ကျင်ရေး ဥပဒေလုပ်ထုံးများအပေါ် အခြေခံမည့်အစား ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုလေ့ရှိပါသည်။ ထို့ကြောင့် အမှုလိုက်ဥပဒေအရာရှိများအနေဖြင့် လူကုန်ကူးခံရသူများမှ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်ကြောင့် ကျူးလွန်ခဲ့သောလုပ်ရပ်များကို တရားစွဲဆိုခြင်း မပြုရကြောင်း သို့မဟုတ် တရားစွဲဆိုမှုရပ်တန့်စေမည့် သက်သေ အထောက်အထားများ၊ ပြည်သူလူထု၏ သဘောထားအရ တရားစွဲဆိုမှုကို ရပ်တန့်သင့်ကြောင်းစသည်တို့ကို သိရှိစေရန် လူကုန်ကူးမှုတိုက်ဖျက်ရေး

*အားကောင်းစေခြင်း*

### နစ်နာသူ၏အခြေအနေနှင့် တရားစွဲဆိုမှု မပြုခြင်းတို့ကြား ချိတ်ဆက်မှုကို ရှင်းလင်းခြင်း

အာဆီယံအဖွဲ့ဝင်နိုင်ငံအနေဖြင့် နစ်နာသူ၏အခြေအနေကို သတ်မှတ်ဆုံးဖြတ်ခြင်းသည် မတရားခံရသူအပေါ် တရားစွဲဆိုမှုပြုခြင်း၊ မပြုခြင်းအပေါ် မည်သို့အကျိုး သက်ရောက်မှုရှိကြောင်း အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။[83] နစ်နာသူ၏ အခြေအနေများကို သတ်မှတ်ဆုံးဖြတ်ခြင်းသည် ဥပဒေအရာရှိများ၏ ဆုံးဖြတ်ချက်များအပေါ် သက်ရောက်နေကြောင်း လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ဆောင်သူများမှ ဥပဒေအရာရှိများကို အသိပေးဆွေးနွေးရမည်ဖြစ်ပြီး လူကုန်ကူးခံရသည့် ရာဇဝတ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ မျှဝေကာ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လိုက်နာကျင့်သုံးရန် တိုက်တွန်းသင့်ပါသည်။

ဥပဒေအရာရှိများသည် လူကုန်ကူးခံရခြင်း၏ အဓိပ္ပာယ်၊ လူကုန်ကူးခံရခြင်း၏ လက္ခဏာရပ်များနှင့် လူကုန်ကူးသည့် လုပ်ငန်းလည်ပတ်ပုံတို့ကို သိရှိနားလည်ကျွမ်းဝင်ဖို့ လိုအပ်ပါသည်။ သို့မှသာ လူကုန်ကူးခံထားရခြင်း ဖြစ်နိုင်သူများကို သက်ဆိုင်ရာအာဏာပိုင်များထံသို့ လွှဲပြောင်းပေးပြီး အမည်နာမတို့ကို ဖော်ထုတ်အတည်ပြုကာ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်မှ ဖယ်ထုတ်ထားနိုင်မည်ဖြစ်သည်။ တည်ဆဲဥပဒေများ၊ မူဝါဒများနှင့် လမ်းညွှန်ချက်များတွင်

83 အရေးကြီးသည့်အချက်မှာ နစ်နာသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရေးသည် အစောပိုင်းအဆင့်များကတည်းက ထိုသူသည် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ကြောင်း တရားဝင်ဖော်ထုတ် အတည်ပြုချက်အပေါ် သို့မဟုတ် သူ/သူမအား လူကုန်ကူးသူကို တရားဝင် ဖော်ထုတ်အတည်ပြုနိုင်သေးခြင်း မရှိမှုအပေါ် မူတည်နေခြင်း မဖြစ်သင့်ပါ။ ကနဦးလျှောက်ထားသည့်အဆင့်အတွက် သတ်မှတ်ချက်သည် လူကုန်ကူးမှုဖြစ်ပေါ်ရာဟု ယုံကြည်နိုင်ဖွယ်ရှိသည့်အခြေခံများအပေါ်သာ ကျိုးကြောင်းဆီလျော်စွာ မူတည်သင့်သည်။

ပါဝင်သော ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးခြင်းတို့ကို နားလည်သဘောပေါက်ပြီး အခြားသော တရားစီရင်ရေးလုပ်ငန်းစဉ်တွင် လူကုန်ကူးခံရသည်ဟု သတ်မှတ်ခံထားရသူများအတွက် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအပြင် နှစ်နိုင်ငံ လုပ်ထုံးလုပ်နည်းများကိုလည်း သိရှိထားသင့်ပါသည်။

**ဥပဒေအရာရှိများမှ ၎င်းတို့၏လုပ်ပိုင်ခွင့်ကို နားလည်သဘောပေါက်ကာ လက်တွေ့အသုံးချနိုင်ရန် သိရှိစေခြင်း**

လူကုန်ကူးခံရခြင်းနှင့် ချိတ်ဆက်လျက်ရှိသော ကျူးလွန်မှုများအတွက် နစ်နာသူများအပေါ် တရားစွဲဆိုခြင်းကို ရပ်တန့်ရန် သို့မဟုတ် တရားစွဲဆိုခြင်းမပြုရန်သည် ဥပဒေအရာရှိများ ရှင်းလင်းစွာလိုက်နာရမည့် တာဝန်တစ်ခုဖြစ်ပါသည်။ အချို့သော တရားစီရင်ရေးစနစ်များတွင် ဥပဒေအရာရှိများသည် ပြစ်မှုကျူးလွန်သူအပေါ် မဖြစ်မနေ စတင် တရားစွဲရလေ့ရှိပါသည်။ အချို့စနစ်များတွင်မူ လူကုန်ကူးခံရသူများကို ပြစ်မှုဆိုင်ရာအရေးယူမှုများပြုလုပ်ရန် တရားစွဲဆိုမှုမပြုခြင်း သို့မဟုတ် တရားစွဲဆိုလက်စ ဖြစ်နေပါက တရားစွဲဆိုနေသည့်ကာလအတွင်း တရားခံသည် လူကုန်ကူးခံရခြင်းဖြစ်ကြောင်း ထင်ရှားပါက တရားစွဲဆိုမှုကိုရပ်တန့်ခြင်းတို့ကို လုပ်ဆောင်လေ့ရှိပါသည်။

ဥပဒေအရာရှိများသည် တရားစွဲဆိုခြင်း ပြုမပြု ဆုံးဖြတ်ရာတွင် တရားစွဲဆိုချက်အပေါ် ပြည်သူလူထု၏ သဘောထားနှင့် တင်ပြထားသော ခုခံချေပချက်များကို ထည့်သွင်းစဉ်းစားရမည့်အပြင် မှုခင်းအခြေအနေရှိ အကြောင်းအရာများ (ကျူးလွန်မှု အပေါ် ရည်ရွယ်ချက် ရှိ/မရှိ)အပေါ် အခြေခံကာ တရားစွဲဆိုရန် လုံလောက်သော သက်သေ အထောက်အထားရှိကြောင်း လက်ခံယုံကြည်နိုင်သည်အထိ ဆန်းစစ်သုံးသပ်ရပါမည်။[84]

**စာကွက် - ဥပမာ (လူသတ်မှု)**

A သည် ပင်လယ်ထဲရှိ ရေယာဉ်တစ်စီးပေါ်တွင် လပေါင်းများစွာ ဖမ်းဆီးခံထားရပြီး ကြမ်းတမ်း ရက်စက်သော အလုပ်များကို စေခိုင်းခံခဲ့ရပါသည်။ သူနှင့်အတူတကွ ဖမ်းဆီးခံထားရသူများကို ဖမ်းဆီးထားသူများမှ ရိုက်နှက်လေ့ ရှိပါသည်။ တစ်နေ့တွင် A ၏ မိတ်ဆွေ F သည် ငါးဖမ်းပိုက်ကွန်တွင်ငြိပြီး လက်ပြတ်လုနီးပါး ဖြစ်ခဲ့ပါသည်။ ဆေးဝါး ကုသပေးရန် ဖမ်းဆီးထားသူ များကို တောင်းဆိုသော်လည်း ဒဏ်ရာရလာလျှင် မည်သို့ပြုလုပ်မည်ဖြစ်ကြောင်း သင်ခန်းစာပေးလိုသည့်အနေဖြင့် A အား Fကို ရေထဲသို့ တွန်းချစေခဲ့ပါသည်။

တစ်နေ့တွင် ရေလုပ်ငန်းစစ်ဆေးရေးအရာရှိများမှ ရေလုပ်သားများ၏ အထောက်အထား စာရွက်စာတမ်းများကို စစ်ဆေးရန် လှေကို ကမ်းကပ်စေခဲ့ပါသည်။ A သည် ထွက်ပြေးလွတ်မြောက်ရန် အခွင့်အရေး ရပြီထင်သောကြောင့် အရာရှိများအား လှေပေါ်မှထွက်ခွါလိုကြောင်း ပြောခဲ့ပါသည်။ ထိုသို့ မထွက်ခွါမီ လှေသူကြီးမှ A သည် လုပ်သား တစ်ဦးအား သတ်ဖြတ်ခဲ့ ဖူးကြောင်း အာဏာပိုင်များကို အသိပေးခဲ့ပါသည်။ A သည် F ကို သတ်ခဲ့ကြောင်း ဝန်ခံကာ လူသတ်မှုဖြင့်တရားစွဲဆိုခြင်းကို ခံရပါတော့သည်။

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား ကျင့်သုံးခြင်း</u>* - A အတွက် ခုခံချေပရန် တာဝန်ပေးအပ်ခံရသော ရှေ့နေသည် လူကုန်ကူးမှုနှင့်ပတ်သက်သည့် အမှုများကို ကိုင်တွယ်ဖူးသည့် အတွေ့အကြုံမရှိပါ။ ထို့ကြောင့် A ၏ အခြေအနေသည် လူကုန်ကူးခံရသူဖြစ်နိုင်ချေရှိကြောင်းကို သတိမပြုမိတော့ချေ။ A သည် ဆိုးရွားပြင်းထန်စွာ ထိခိုက်ဒဏ်ရာများ ရှိနေသော

[84] လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အေဂျင်စီပေါင်းစုံ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ - လူကုန်ကူးခံရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် (ICAT ၊ ဖြစ်ရပ် အကျဉ်းချုပ် ၈/၂၀၂၀) ၄။ လူကုန်ကူးခံရသည့်ရလဒ်အဖြစ် ပြစ်မှုများကျူးလွန်ခဲ့သည့် အတင်းအကျပ်ဖိအားပေးခံရသော နစ်နာသူများအတွက် ရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ ဆီလျော်သောဆောင်ရွက်ချက်များပံ့ပိုးပေးရေး လမ်းညွှန် - လူကုန်ကူးမှုအရေးဆိုင်ရာ လုပ်ငန်းအုပ်စုအတွက် အတွင်းရေးမှူးရုံးမှ ပြင်ဆင်ခဲ့သည့် နောက်ခံစာတမ်း၊ ဗီယင်နာ၊ ၁၀ နှင့် ၁၁ စက်တင်ဘာ ၂၀၂၀၊ UN Doc။ CTOC/COP/WG.၄/၂၀၂၀/၂ (၁၅ ဇွန် ၂၀၂၀) စာပိုဒ် ၄၄ - ၄၅။

ကြောင့် နိုပ်စက်ခံရခြင်းအပေါ်အခြေခံကာ A အတွက် ခုခံကာကွယ်ပေးမည်ဖြစ်ကြောင်း ပြောခဲ့ပါသည်။ A အပေါ် တရားစွဲဆိုရန် တာဝန်ပေးခံရသော ဥပဒေအရာရှိသည် လူကုန်ကူးခံရခြင်းများနှင့်ပတ်သက်၍ အတွေ့အကြုံ ရှိသောကြောင့် A သည် လူကုန်ကူးခံရသူဖြစ်နိုင်သည်ဟု ယူဆမိပါသည်။ ထို့ကြောင့် တရားစွဲဆိုခြင်းအားရပ်ဆိုင်းကာ A အား အကာအကွယ်ပေးနိုင်ရန် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးခဲ့ပါသည်။ A အား ထိန်းသိမ်းထားခြင်းမှ ဖယ်ရှားကာ ညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တရားအတိုင်း စိစစ်ဖော်ထုတ်ခြင်းနှင့် အကာအကွယ်ပေးခြင်းတို့ ပြုလုပ်နိုင်ခဲ့ပါသည်။ A ဖမ်းဆီးခံခဲ့ရသော ငါးဖမ်းလှေ၏လုပ်ငန်းများကို စုံစမ်းစစ်ဆေးရန် လုပ်ဆောင်ခဲ့ပါသည်။

### အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးခြင်းဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်

တရားစွဲဆိုရန် ဆုံးဖြတ်ချက်ချရာတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူနှင့် ကိုက်ညီမှုရှိစေရန် နိုင်ငံတော်မှ အောက်ပါအတိုင်း လုပ်ဆောင်သင့်ပါသည်။

(က) လူကုန်ကူးခံရသည့် တိုက်ရိုက်အကျိုးဆက်ကြောင့် ကျူးလွန်ခဲ့ရသော ကျူးလွန်မှုများအားလုံးအတွက် တရားစွဲဆိုခြင်းများကို ရပ်တန့်ရပါမည်။ တရားစွဲဆိုသော အာဏာပိုင်များမှ ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ပါက လုပ်ငန်းစဉ်အတွင်း အနိုင်ကျင့်အကြမ်းဖက်ခံရခြင်း သို့မဟုတ် တရားစွဲဆိုခြင်းသည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးရမည့် လုပ်ထုံးလုပ်နည်းအား ချိုးဖောက်ရာကျခြင်းဖြစ်သောကြောင့် ပြည်တွင်းတရားရုံးများမှ တရားစွဲဆိုခြင်းကို ရပ်တန့်ရပါမည်။

(ခ) တရားဥပဒေစိုးမိုးရေး အာဏာပိုင်များနှင့် ဥပဒေအရာရှိများအားလုံးသည် လူကုန်ကူးခံထားရနိုင်ချေရှိသူများနှင့် လူကုန်ကူးမှုနှင့်ဆက်စပ်လျက်ရှိသော ကျူးလွန်မှုများကို ဖော်ထုတ်နိုင်စွမ်းရှိပြီး လူကုန်ကူးခံရသူများအပေါ် တရားစွဲဆိုခြင်းအား အစောဆုံးအခြေအနေတွင် ရပ်တန့်ရန်အမိန့်ပေးခြင်း သို့မဟုတ် တောင်းဆိုခြင်းတို့ပြုလုပ်နိုင်ရန် အပြည့်အဝ လေ့ကျင့်သင်ယူထားပြီး ဖြစ်ရပါမည်။[85]

## နစ်နာသူအပေါ် စွဲဆိုထားသည့် ကျူးလွန်မှုများ၏ အမှုကျူးလွန်ခြင်းဆိုင်ရာ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဥပဒေအရာရှိများမှ စစ်ဆေးရန်လိုအပ်ခြင်း

ဥပဒေအရာရှိများသည် တရားစွဲဆိုသည့် မည်သည့်ရာဇဝတ်မှုကိုမဆို နောက်ကွယ်မှရည်ရွယ်ချက်ကို စစ်ဆေးကာ နားလည်ဖို့လိုအပ်ပါသည်။ လူကုန်ကူးသူများမှ မည်သည့်နည်းလမ်းဖြင့် ခိုင်းစေခြင်းကြောင့်ဖြစ်စေ (အတင်းအကြပ် ခိုင်းစေခြင်း၊ လှည့်ဖြားခြင်း၊ အကြပ်ကိုင်ခြင်း သို့မဟုတ် လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ် အပိုဒ် ၃(က) နှင့် ACTIP တွင် ပါရှိသော အပိုဒ် ၂ (က) တွင် ပါဝင်သော မည်သည့် နည်းလမ်းများနှင့်ဖြစ်စေ) ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံထားရသော လုပ်ရပ်အရ စွပ်စွဲခံထားရသူ၏ ကျူးလွန်ရခြင်းအပေါ် ရည်ရွယ်ချက် ရှိ၊ မရှိ အကဲဖြတ်နိုင်ရပါမည်။[86] ထိုသို့

[85] ရင်းမြစ် - *အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally*၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁၊ စာပိုဒ်[၆၄]

[86] လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ် မှ အပိုဒ် ၃ နှင့် ACTIP ၏ အပိုဒ် ၂(က) တွင် ဖော်ပြထားချက်အရ 'နည်းလမ်းများ' ဆိုသည်မှာ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အာဏာ သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ လူတစ်ဦးအနေနှင့် အခြားသူတစ်ဦးအပေါ်ကို လွှမ်းမိုးနိုင်ရန် အလိုတူမှုကို ရယူရန်အတွက် ငွေ သို့မဟုတ် အကျိုးစီးပွါးတစ်ခုခု ရယူမှု သို့မဟုတ် ပေးကမ်းမှုတို့ကို ဆိုလိုသည်။

စစ်ဆေးခြင်းဖြင့် လူကုန်ကူးခံရသူများအား တရားရင်ဆိုင်ရစေခြင်းနှင့် ကျူးလွန်ရန်မရည်ရွယ်သော လုပ်ရပ်များအတွက် တရားစွဲဆိုခံရခြင်း တို့ကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

ကလေးသူငယ်များအတွက်မူ မည်သည့်နည်းလမ်းဖြင့် လူကုန်ကူးခံရသည်ဖြစ်စေ ကျူးလွန်ထားသည့်လုပ်ရပ်နှင့် လူကုန်ကူးခံရသည့် နစ်နာသူဖြစ်ခြင်းတို့ ဆက်စပ်နေခြင်းသည်ပင်လျှင် တရားစွဲဆိုခြင်းမပြုရန် သို့မဟုတ် တရားစွဲဆိုရန် ပြုလုပ်နေခြင်းမှန်သမျှအား ရပ်တန့်ရန် လုံလောက်ပြီးဖြစ်ပါသည်။

ဥပဒေအရာရှိများ၏ လုပ်ဆောင်မှုစွမ်းရည်သည် ၎င်းတို့ စွဲဆိုခြင်းမပြုခဲ့သော အမှုများထက် စွဲဆိုခဲ့သောအမှုများပေါ် မူတည်ကာ အကဲဖြတ်တိုင်းတာလေ့ ရှိကြပါမည်။ တရားစွဲဆိုခြင်း မပြုပါက တာဝန် လစ်ဟင်းသည်ဟု သတ်မှတ်ခံရမည်ကို စိုးရိမ်နိုင်ပါသည်။ ဥပဒေအရာရှိများမှ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးဖို့ စည်းရုံးနိုင်ရန် တရားစွဲဆိုခြင်းမပြုမီ စွဲချက်တင်ထားသည့် အမှု၏ ရည်ရွယ်ချက်၊ အကြောင်းပြချက်များကို စစ်ဆေးခြင်း ရှိ၊ မရှိနှင့် တိုင်းတာအကဲဖြတ်နိုင် ပါသည်။ ရာဇဝတ်မှုကျူးလွန်လိုသောဆန္ဒ လုံလောက်စွာမရှိဘဲ တရားစွဲဆိုသည့် အမှုများအတွက် တာဝန်ယူခြင်း၊ တာဝန်ခံခြင်းများ ရှိသင့်ပါသည်။

## လူကုန်ကူးခံရသူများအပေါ် တရားစွဲဆိုခြင်း ပြုမပြု ဆုံးဖြတ်ချက်ချရန် ဥပဒေအရာရှိများအား ဆင်ခြင်သုံးသပ်ရန်အတွက် ပံ့ပိုးကူညီပေးခြင်း

အမှုတိုင်းကိုစစ်ဆေးရာတွင် ဥပဒေအရာရှိများသည် လူကုန်ကူးခြင်းခံရသည်ဟု သတ်မှတ်ခံထားရသူအပေါ် တရားစွဲဆိုခြင်း မပြုမီ ပါဝင်သည့်အချက်အလက်များ၊ အခြေအနေများအားလုံးကို ဂရုပြု ထည့်သွင်း စဉ်းစားသင့်ပါသည်။ ဥပမာ - လူကုန်ကူးခံရသည်ဟု သတ်မှတ်ခံထားရသူအား တရားစွဲဆိုရခြင်းသည် ကျူးလွန်သောလုပ်ရပ်နှင့် လူကုန်ကူးမှုတို့ကြား မည်သည့်အဆက်အစပ်မျှ မရှိဟူသော အကြောင်းပြချက်ပေးကာ ထိုသို့တရားစွဲဆိုခြင်းဖြင့် လူထု၏ စိတ်ဝင်စားမှုကို ရရှိနိုင်သောကြောင့် ဖြစ်သည်။

V.C.L နှင့် A.N နှင့် United Kingdom (နောက်ဆက်တွဲ ၄ တွင် အကျဉ်းချုံးဖော်ပြထားသည်) တို့အမှုတွင် လူကုန်ကူးမှု အပေါ် စစ်ဆေးရာ၌ စနစ်ကျ၍ အရည်အချင်းပြည့်ဝသော အာဏာပိုင်အဖွဲ့အစည်းတစ်ခုမှ စစ်ဆေးခြင်းသည် မည်မျှ အရေးပါကြောင်း ဥရောပ လူ့အခွင့်အရေး တရားရုံးမှ အသုံးဝင်သော အချက်အလက်များအဖြစ် ထောက်ပံ့ပေးခဲ့ပါသည်။ ထိုအမှုတွင် ဆေးခြောက်စိုက်ပျိုးရေး လုပ်ငန်းရှိ လူကုန်ကူးခံရသူများအပေါ် တရားစွဲဆိုရန် United Kingdom ၏ ဆုံးဖြတ် ချက်သည် လူ့အခွင့်အရေးကို ချိုးဖောက်ရာရောက်ကြောင်း ဥရောပ လူ့အခွင့်အရေး တရားရုံးမှ တွေ့ရှိခဲ့ပါသည်။[87]

> . ... တစ်ဦးချင်းစီတိုင်း၏ လူကုန်ကူးခံရသည့် အခြေအနေသည် တရားစွဲဆိုရန် ခိုင်လုံသော သက်သေ အထောက်အထားများ ရှိခြင်းနှင့် ပြည်သူလူထု အကျိုးစီးပွါးအတွက် တရားစွဲဆိုခြင်းတို့အပေါ် သက်ရောက်မှုရှိစေပြီး အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်တစ်ဦးမှ လူကုန်ကူးခြင်းကို စုံစမ်းစစ်ဆေးခြင်း လုပ်ဆောင်ပြီးမှသာလျှင် တရားစွဲဆိုခြင်း ပြုမပြုကို ဆုံးဖြတ်သင့်ပါသည်။ အထူးသဖြင့် ကလေးသူငယ်များ

[87] အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပသဘောတူစာချုပ်၏ အပိုဒ် ၄သည် ကျွန်ပြုမှု သို့မဟုတ် နှင့် အဓမ္မ လုပ်အားပေးမှု သို့မဟုတ် မလုပ်မနေရ လုပ်အားပေးမှုကို တားမြစ်ထားပြီး အပိုဒ် ၆ သည် မျှတစွာ တရားစွဲဆိုစီရင်ခံပိုင်ခွင့်နှင့် သက်ဆိုင်သည်။

> ပါဝင်နေပါက အထူး အရေးကြီးလှပါသည်။[88]

ထိုအမှုတွင် လူကုန်ကူးခံရသူများအား တရားစွဲဆိုခြင်းကို တားမြစ်ထားခြင်းမရှိကြောင်းကို ဥရောပ လူ့အခွင့်အရေး တရားရုံးမှ အလေးပေး ထောက်ပြခဲ့ပါသည်။ တရားစွဲဆိုခံရသူများသည် ဆေးခြောက်စိုက်ပျိုးရေးလုပ်ကိုင်ရန် လူကုန်ကူး ခံခဲ့ရခြင်း ဖြစ်သည်ဟူသော ယုံကြည်ရလောက်သည့် သံသယများရှိနေခဲ့သော်လည်း ထိုသူများအား ဆက်လက်တရားစွဲဆို ရခြင်းအပေါ် လုံလောက်သည့် အကြောင်းပြချက်များကို United Kingdom ဘက်မှ မပေးနိုင်ခဲ့ပါ။ အာဆီယံတွင် တရားစွဲဆိုရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ပတ်သက်၍ အသုံးဝင်သောအချက်များကို ဥရောပ လူ့အခွင့်အရေး တရားရုံးမှ အောက်ပါအတိုင်း ရှင်းလင်း ပြောဆိုခဲ့ပါသည်။

> အရည်အချင်းပြည့်ဝသူမှ လူကုန်ကူးခြင်းအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးပါက တရားစွဲဆိုခြင်းနှင့် သက်ဆိုင်သည့် မည်သည့်နောက်ဆက်တွဲ ဆုံးဖြတ်ချက်မျိုးမဆို စုံစမ်းစစ်ဆေးထားသော အချက်အလက်များကို ထည့်သွင်းစဉ်းစားကာ ချမှတ်ရပါမည်။ ထိုသို့ စုံစမ်းစစ်ဆေးခြင်းကြောင့် ရလာသော တွေ့ရှိချက်များသည် ဥပဒေ အရာရှိများအပေါ် သက်ရောက်မှု မရှိသော်လည်း တရားစွဲဆိုသော ဥပဒေအရာရှိများအနေဖြင့် ထို အချက်အလက် များအား လက်ခံရန်ငြင်းဆိုလိုပါက ပါလာမို လုပ်ထုံးလုပ်နည်းနှင့် လူကုန်ကူးမှု ဆန့်ကျင်ရေး ဆွေးနွေးပွဲတို့မှ သတ်မှတ်ထားသော လူကုန်ကူးမှု အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့်အညီ ရှင်းလင်းသော အကြောင်းပြချက်များ ခိုင်လုံစွာပေးရန် လိုအပ်ပါသည်။[89]

## စာကွက် - ဥပမာ (လူကုန်ကူးမှု)

လိင်အမြတ်ထုတ်ရန် လူကုန်ကူးခြင်းနှင့် သံသယရှိသောကြောင့် A သည် အခြားသူ B နှင့်အတူ အဖမ်းဆီးခံခဲ့ ရပါသည်။ ဇိမ်ခန်းတွင် A သည် အခြားသောအမျိုးသမီးများအား စောင့်ကြည့်ရသော်လည်း မည်သည့် ဖိနှိပ် အကြပ်ကိုင်မှုမျိုးမှ မလုပ်ဆောင်ခဲ့ပါ။ ဇိမ်ခန်းရှိ လူကုန်ကူးခံရသူများ၏ ထွက်ဆိုချက်များနှင့် အသံဖမ်းစုံစမ်းသော မှတ်တမ်းများအရ A သည် ကျူးလွန်သူဖြစ်သူဟု နစ်နာသူများမှမယူဆဘဲ သူသည်လည်း နစ်နာရသူသာဖြစ်သည်ဟု မြင်ကြပါသည်။ A ကိုယ်တိုင်သည်လည်း လိင်လုပ်ငန်းအား ပါဝင်လုပ်ကိုင်ရကာ ကျူးလွန်သူအား လုပ်ခများ ပေးအပ်ခဲ့ရသူဖြစ်ပါသည်။ သူသည် B ၏ ထိန်းချုပ်မှုကို ခံရကာ သူနှင့်အတူ အနာဂတ်တစ်ခု တည်ဆောက်မည်ဟု ကတိပေးခြင်းခံရပြီး B အပေါ် ချစ်ခင်နေမိသူဖြစ်သည်။ B အပေါ် ကြောက်ရွံ့နေရသည့်အပြင် မိမိအား နှိပ်စက်ခြင်း၊ အကြမ်းဖက်ခြိမ်းခြောက်ခြင်း ထပ်မံမပြုစေရန် အခြားအမျိုးသမီးများအား ထိန်းချုပ်ခဲ့ရခြင်းဖြစ်သည်။

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးခြင်း</u>* - တရားရုံး၏ ပဏာမစွဲဆိုမှုတွင် A သည် လူကုန်ကူးသူအဖြစ် ပါဝင်ပြီးဖြစ်သောကြောင့် အမှုကျူးလွန်ချိန်တွင် လူကုန်ကူးခံရသူအနေဖြင့် ကျူးလွန်ခဲ့ခြင်း မဟုတ်ကြောင်း တွေ့ရှိခဲ့ပါသည်။ A ရော B ကိုပါ လူကုန်ကူးသူများအဖြစ် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ အယူခံ ဝင်သောအခါ တရားရုံးမှ အကြမ်းဖက်နှိပ်စက်ခံနေရချိန်တွင် ကျူးလွန်ခဲ့သောရာဇဝတ်မှုများအရ လူကုန်ကူးခံရသူများအား ပြစ်ဒဏ်

[88] *V.C.L and A.N. နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ အမှု* (လျှောက်ထားချက် အမှတ် ၇၇၅၈၇/၁၂ နှင့် ၇၄၆၀၃/၁၂) Judgment Strasbourg၊ ၁၆ ဖေဖော်ဝါရီ ၂၀၂၁၊ အပိုဒ် ၁၆၁

[89] *V.C.L and A.N. နှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ အမှု* (လျှောက်ထားချက် အမှတ် ၇၇၅၈၇/၁၂ နှင့် ၇၄၆၀၃/၁၂) Judgment Strasbourg ၊ ၁၆ ဖေဖော်ဝါရီ ၂၀၂၁၊ အပိုဒ် ၁၆၂

ချမှတ်ခြင်းကိုကာကွယ်နိုင်ရန် ပြစ်ဒဏ်ကင်းလွတ်ခွင့်မူအား ကျင့်သုံးဖို့ချမှတ်ခဲ့ပါသည်။ အသံဖမ်းစုံစမ်းမှုများမှ သက်သေအထောက်အထားများနှင့် အခြား လူကုန်ကူးခံရသူများ၏ ထွက်ဆိုချက်များအရ ဥပဒေအရာရှိသည်လည်း တူညီစွာ ယူဆသင့်သည်ဟု သတ်မှတ်ခဲ့သည်။ တရားရုံးမှ A အား အမှုမှဖယ်ရှားကာ သူ၏ထိခိုက်ဆုံးရှုံးမှုများအတွက် B အား ပေးလျော်စေခဲ့ပါသည်။[90]

## နစ်နာသူများအပေါ် တရားစွဲဆိုရန် ဆုံးဖြတ်ချက်များနှင့်ပတ်သက်သည့် အချက်အလက်များကို ၎င်းတို့ထံ ပေးအပ်ခြင်း

တရားရုံးလုပ်ငန်းစဉ်များနှင့် ချမှတ်သောအမိန့်များကို တရားစွဲဆိုခံထားရသူများထံ ရှင်းလင်းပြောပြပေးရန် လိုအပ်ပါသည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအပါအဝင် အချက်အလက်များကို ရိုးရှင်းစွာ အသက်အရွယ်အလိုက် သင့်တော်အောင် ရေးသားရမည့်အပြင် မသန်စွမ်းများပါ သိရှိနားလည်စေရန် လုပ်ဆောင်ရမည်ဖြစ်ပြီး ဥပဒေရေးရာအသုံးအနှုန်းများ မပါဝင်စေဘဲ ၎င်းတို့နားလည်နိုင်သော ဘာသာစကားဖြင့် ရှင်းလင်းဆွေးနွေးဖို့လိုပါသည်။ သို့မှသာ လူကုန်ကူးမှုနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသော ကျူးလွန်မှုများအတွက် ပြစ်ဒဏ်ခံယူခြင်းမဖြစ်သင့်ကြောင်း နားလည်သဘောပေါက်မည်ဖြစ်ပါသည်။[91]

ဥပမာအနေဖြင့် လာအို PDR တွင် တရားရုံးမှ လူကုန်ကူးမှုများကိုင်တွယ်သည့်အခါ ဥပဒေရေးရာ အသုံးအနှုန်းများ မပါဝင်ဘဲ ရိုးရှင်းစွာ နားလည်လွယ်အောင် ရေးသားထားသည့် အချက်အလက်များကို လူကုန်ကူးခံရသူများအတွက် လိုအပ်သည့် စာရွက်စာတမ်းရေးသားမှုပုံစံမျိုးစုံဖြင့် ပေးအပ်ရမည်ဟူသော အချက်များပါရှိသည့် လက်စွဲစာအုပ်ရှိပါသည်။ ACTIP အပိုဒ် ၁၄(၇) အရ ကျူးလွန်မှုများသည် လူကုန်ကူးမှုနှင့် တိုက်ရိုက်သက်ဆိုင်နေပါက ဥပဒေမဲ့ ကျူးလွန်သော အမှုများအတွက် ရာဇဝတ်မှုအရ ဖြစ်စေ၊ လုပ်ထုံးလုပ်နည်းများအရဖြစ်စေ တာဝန်ယူပြစ်ဒဏ်ကျခံရန် မလိုအပ်ကြောင်း နားလည်စေရန် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအပါအဝင် လူကုန်ကူးခံရသူများသိရှိရန်လိုအပ်သည့် အချက်အလက်များ ပါဝင်ရပါမည်။ လူကုန်ကူးခံရခြင်းကြောင့် ဥပဒေမဲ့လုပ်ရပ်များလုပ်ဆောင်ခဲ့မိသော မတရားခံရသူများ တရားရင်ဆိုင်နေရချိန် တွင်လည်း ဤသို့ပင် အချက်အလက်များ ဝေမျှရှင်းလင်းပေးရပါမည်။

## *[၉] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးရန် တရားခံရှေ့နေများ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း*

ပြတ်သားသည့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းကာ တရားခံများအတွက် ခုခံချေပနိုင်ရန် ရာဇသတ်ကြီးတွင် ထည့်သွင်းရုံနှင့် မလုံလောက်သေးပါ။ မျှတသော တရားခွင်တွင် တရားရင်ဆိုင်ခွင့်အရ တရားစွဲဆိုခံထားရသော လူကုန်ကူးခံရသူများအတွက် ထိုသို့ ပြဋ္ဌာန်းထားချက်များကို တရားဥပဒေဘက်တော်သားများမှ လက်တွေ့ လိုက်နာကျင့်သုံးရပါမည်။ ထို့ကြောင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို ကောင်းစွာနားလည်စေပြီး လက်တွေ့ ယန္တရားလည်ပတ်ပုံကို သိရှိကာ လက်တွေ့အသုံးချနိုင်စေရန် ဥပဒေပညာရှင်များအတွက် အသိပညာပေးသင်တန်းများ ဆက်လက်စီစဉ်လုပ်ဆောင်ပေးဖို့လိုအပ်ပါသည်။

[90] ဤဥပမာသည် ECLI:NL:RBSGR:2009:BK8237 အမှုကို အခြေခံထားသည်။ နယ်သာလန်နိုင်ငံမှ အမှုတစ်မှုဖြစ်ပြီး အဆိုပါအမှုတွင် လူကုန်ကူးမှု တိုက်ဖျက်ရေး လုပ်ဆောင်ချက်ဆိုင်ရာ ဥရောပသဘောတူညီချက်ကောင်စီ၏ အပိုဒ် ၂၆ (ပြစ်ဒဏ်လွတ်ငြိမ်းခွင့်) ကို ကျင့်သုံးခဲ့သည်။

[91] လူကုန်ကူးခံသူများအတွက် အထူးဂရုပြုသော တရားရုံး အညွှန်းကိန်းများ၊ (ASEAN-ACT၊ ၄.၁ (ခ). ASEAN-ACT မှ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ရေးဆွဲထားသည့် *ကျူးလွန်ခံရသူအား အထူးဂရုပြုသော တရားရုံးများ - အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် လက်စွဲစာအုပ်* (ASEAN-ACT၊ ၂၀၂၂)ကိုလည်း ရှု။

## ပြစ်ဒဏ်ရင်ဆိုင်နေရသည့် လူကုန်ကူးခံရသူများအတွက် ဥပဒေရေးရာ အကူအညီရရှိစေရန် သေချာစေခြင်း

ဥပဒေရေးရာ အကူအညီသည် မျှတသောတရားခွင်တွင် တရားရင်ဆိုင်ခွင့်ဟူသော လူ့အခွင့်အရေးတစ်ရပ်အတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။[92] အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် လူကုန်ကူး ခံရသူများအပါအဝင် တရားရင်ဆိုင်နေရသူများအတွက် ဥပဒေရေးရာအကူအညီပေးရန် တာဝန်ရှိပါသည်။ လူကုန်ကူးခံရခြင်းနှင့် ဆက်စပ်လျက်ရှိသော ကျူးလွန်မှုများကြောင့် လူကုန်ကူးခံရသူများအပေါ် ကြီးလေးသောပြစ်ဒဏ်များ ချမှတ်ခြင်းခံရသည့် အခြေအနေမျိုးတွင် အကူအညီပိုမိုလိုအပ်နိုင် ပါသည်။

ဥပဒေရေးရာ အကူအညီပေးခြင်းသည် နိုင်ငံတော်၏တာဝန်ဖြစ်သော်လည်း ဥပဒေပညာရှင်များ၊ CSOများနှင့် NGO များမှလည်း လိုအပ်သည်များကို ပါဝင်ကူညီခြင်းဖြစ်စေ၊ ငွေကြေးထောက်ပံ့ခြင်းဖြစ်စေ လုပ်ဆောင်နိုင်ပါသည်။[93] CSOများနှင့် NGO များသည် နိုင်ငံတော်မှ ဥပဒေရေးရာအကူအညီပေးရာတွင် အားဖြည့်ပေးသော တစ်ထောင့်တစ်နေရာမှ အရေးပါသည့် အဖွဲ့အစည်းများဖြစ်ကြပြီး တရားရင်ဆိုင် နေရသူများအတွက် တရားရုံးလုပ်ငန်းစဉ်များနှင့် အယူခံဝင်ခြင်းတို့၏ သဘောတရားကို နားလည် သဘောပေါက်စေရန် ကူညီနိုင်ပါသည်။ သို့ဖြစ်၍ ဥပဒေရေးရာအကူအညီပေးရာတွင် နိုင်ငံတော်နှင့် CSOများနှင့် NGO များ ပူးပေါင်းကာ အကောင်းဆုံးလုပ်ဆောင်နိုင်ရန် လိုအပ်သည့်အရင်းအမြစ်များနှင့် အချက်အလက်များကို မျှဝေပေးနိုင်မည့် ပူးပေါင်းဆောင်ရွက်နိုင်သော ပလက်ဖောင်းတစ်ခု ဖန်တီးခြင်းဖြင့် လုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ပါသည်။

**စာကွက် - ဥပမာ (အုပ်ချုပ်ရေးဆိုင်ရာ ပြစ်မှု)**

ကိုဗစ် ၁၉ ကာလတွင် A အလုပ်လုပ်နေသည့် ဇိမ်ခန်းသို့ ဖောက်သည်များ မလာနိုင်ကြတော့ပါ။ A ၏ အကြွေးများ ပေးချေနိုင်ရန် A ၏ မန်နေဂျာသည် ဖောက်သည်များ၏ အိမ်သို့သွားရောက်ကာ ဝန်ဆောင်မှုပေးစေခဲ့ပါသည်။ တစ်ညတွင် ဖောက်သည်အိမ်မှ ဇိမ်ခန်းသို့ပြန်လာသည့်လမ်းတွင် ရဲဖမ်းခံရပြီး အပြင်မထွက်ရအမိန့်ကို ချိုးဖောက်ခြင်းဖြင့် တရားစွဲဆိုခြင်းခံရပါသည်။ လိင်လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေခြင်းကြောင့် တရားစွဲဆိုခံရမည်ကို ကြောက်ရွံ့သဖြင့် သူ၏အခြေအနေကို ရဲများအား လုံးဝ မပြောပြခဲ့ပါ။

*__ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးခြင်း__* - A အတွက် ဥပဒေရေးရာအကူအညီပေးရန် ရှေ့နေတစ်ဦးကို တာဝန်ပေးခဲ့ပါသည်။ အချိန်များစွာ ဆွေးနွေးပြီးနောက် A သည် အဖမ်းဆီးခံရသောညတွင် မည်သည့်နေရာကလာပြီး မည်သည့်နေရာကိုသွားခဲ့ကြောင်း ပြောပြခဲ့ပြီး သူ၏ အသေးစိတ်အခြေအနေအချို့ကို ဝေမျှပေးခဲ့ပါသည်။ ရှေ့နေမှ Aသည် လူကုန်ကူးခံရသူဖြစ်နိုင်ကြောင်း သံသယရှိခဲ့ပါသည်။ ညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တရားအတိုင်း A ကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးခဲ့ပြီး စွဲဆိုထားသောအမှုများကို ရုတ်သိမ်းနိုင်ရန် လုပ်ဆောင်ခဲ့ပါသည်။ A ၏ မန်နေဂျာ ပိုင်ဆိုင်သော ဇိမ်ခန်းကိုလည်း လူကုန်ကူးမှုအတွက် ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးခဲ့ပါသည်။

[92] ICCPR, အပိုဒ် ၁၄၊ အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း၊ အပိုဒ် ၂၀(၁)

[93] *အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) - ဥပဒေအကူအညီပေးရေးဆိုင်ရာ အဓိက အကြောင်းအရာ လေ့လာချက်* (ဂျာကာတာ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဇူလိုင် ၂၀၁၉) စာမျက်နှာ ၁၃

## လူကုန်ကူးခံရသူများအတွက် ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်အရ တရားခံရှေ့နေများမှ ခုခံချေပချက်များအား မည်သို့အသုံးပြုနိုင်ရန် သိရှိစေခြင်း

လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေတွင် လူကုန်ကူးခံရသူများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အထူးသီးသန့် ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိသော နိုင်ငံများတွင် ပြစ်မှုဆိုင်ရာတရားမျှတမှု လုပ်ဆောင်နေသည့် ပညာရှင်များသည် ရာဇသတ်ကြီးတွင် ပြဋ္ဌာန်းထားသော ယေဘုယျ ချေပချက်များကို အသုံးပြုရမည်ဖြစ်သည်။ လူကုန်ကူးခံရသူ၏ သက်ဆိုင်ရာ အခြေအနေများအလိုက် ခုခံချေပနိုင်သော အချက်များမှာ နှိပ်စက်ခံထားရခြင်း၊ ချုပ်နှောင်ခံထားရခြင်း၊ လိုအပ်ချက်အရကျူးလွန်ခြင်းနှင့် မိမိကိုယ်ကို ကာကွယ်ခြင်းစသည့် အခြေအနေများဖြစ်သည်။ ဥပမာ ရာဇဝတ်မှုကို ကျူးလွန်ရန် ငြင်းဆန်ပါက လူတစ်ဦးအား တခြားသူတစ်ဦးမှ ၎င်းကိုဖြစ်စေ၊ ၎င်း၏ မိသားစုဝင်တစ်ဦးကိုဖြစ်စေ သတ်ဖြတ်မည် သို့မဟုတ် ပြင်းထန်စွာ ထိခိုက်နာကျင်အောင်လုပ်မည်ဟု ခြိမ်းခြောက်အကြပ်ကိုင်ခံရပါက ထိုသူသည် ရာဇဝတ်မှုကို ကျူးလွန်ရလေ့ရှိပါသည်။

ကျူးလွန်သည့်နှစ်နာသူ တရားရင်ဆိုင်နေရသောအခါ တရားခံရှေ့နေများသည် လူကုန်ကူးခံရသူအား ဖော်ထုတ်ပြီး ရာဇသတ်ကြီးတွင်ပါဝင်သော ခုခံချေပချက်များဖြင့် ခုခံချေပနိုင်စေရန် လူကုန်ကူးမှု တိုက်ဖျက်ရေး လုပ်ဆောင်နေသူများမှ လိုအပ်သော အရည်အချင်းမြှင့်သင်တန်းများနှင့် လမ်းညွှန်ချက်များ ထောက်ပံ့ကူညီပေးရပါမည်။[94]

**စာကွက် - ဥပမာ (လူသတ်မှု)**

A သည် လိင်အမြတ်ထုတ်ခံနေရသော အခြေအနေတွင် လပေါင်းများစွာ ပိတ်မိနေခဲ့ပါသည်။ B ဟူသော အမျိုးသား တစ်ဦး၏ ထိန်းချုပ်ထားခြင်းကိုခံရကာ သူ၏ လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်ခံခဲ့ရပြီး ဖောက်သည်များအား ဝန်ဆောင်မှုပေးရန်ခိုင်းစေခြင်းကို ငြင်းဆန်ပါက ရိုက်နှက်အပြစ်ပေးလေ့ရှိပါသည်။ တစ်နေ့တွင် ထွက်ပြေး လွတ်မြောက်ရန် အခွင့်အရေးကိုတွေ့ရှိခဲ့ပါသည်။ B သည် လှေကားထိပ်တွင် ရှိနေစဉ် အားကုန်တွန်းချလိုက် သောကြောင့် ပြုတ်ကျကာ ဇက်ကျိုးသေဆုံးသွားခဲ့ပါသည်။ A သည် အဆောက်အအုံထဲမှ ပြေးထွက်ကာ အကူအညီရှာခဲ့ပါသည်။ ရဲစခန်းသို့သွားရောက်ပြီး သူ လုပ်ခဲ့မိသည်များကို ပြောပြခဲ့သောအခါ လူသတ်မှုဖြင့် ဖမ်းဆီးခံခဲ့ရပါသည်။

[94] ဥပမာ - လာအိုနိုင်ငံ၏ ရာဇသတ်ကြီးပုဒ်မ ၃၅ (၂၀၁၇) တွင် ဖိအားပေးခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်းကြောင့် ကျူးလွန်ခဲ့သည့် ပြစ်မှုတစ်စုံတစ်ရာအတွက် ဥပဒေကြောင်းအရ ကင်းလွတ်ခွင့်ပြုထားသည်။ ပုဒ်မ ၆၅ တွင် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်းကြောင့် ကျူးလွန်ခဲ့သည့် ဆိုးရွားသော ပြစ်မှုတစ်စုံတစ်ရာအတွက် ရာဇဝတ်ကြောင်းအရ တာဝန်ယူရမှုကို လျှော့ပေါ့ပေးထားသည်။ အလားတူ ဗီယက်နမ်နိုင်ငံ၏ ရာဇသတ်ကြီးပုဒ်မ ၂၂ တွင် 'မိမိကိုယ်ကို ကာကွယ်ရန်အတွက် ဆီလျော်သော အင်အားအသုံးပြုမှု' ကို ရာဇဝတ်မှု ကျူးလွန်ခြင်းအဖြစ် မသတ်မှတ်ထားပါ။

*ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးခြင်း* - ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို နိုင်ငံတွင်းတွင် ကျင့်သုံးသော်လည်း A အား လူသတ်မှုမှလွတ်မြောက်ရန် ကာကွယ်နိုင်ခြင်း မရှိပါ။ လူကုန်ကူးခံရခြင်း၏ နစ်နာသူအဖြစ် အသိအမှတ်ပြုခြင်း ခံရပါသည်။ ခုခံချေပပေးမည့် တရားခံရှေ့နေသည် သူကြုံတွေ့ခဲ့ရသော အခြေအနေများအရ မိမိကိုယ်ကို ကာကွယ်ခြင်းဖြစ်ကြောင်း သက်သေတင်ပြခဲ့ပါသည်။ ထို့ကြောင့် တရားရုံးမှ အမှုကို ပလပ်ခဲ့ပါသည်။

**စာကွက် - ဥပမာ (အလစ်သုတ်ခြင်း)**

A သည် မြို့ပေါ် ရှိစက်ရုံတွင် အလုပ်သွင်းပေးမည်ဟု ခေါ်လာသူများအပေါ်တွင် အကြွေးတင်လျက်ရှိသောကြောင့် အကြွေးဆပ်နေရသူဖြစ်သည်။ အကြွေးမကြေမချင်း အလုပ်ထွက်ခွင့်မရှိကြောင်း ကြွေးရှင်များက ပြောပါသည်။ သူ၏နေ့စရိတ်ကို လုပ်ခလစာမှဖြတ်တောက်ပြီး သူတို့ဆီမှ ဝယ်ယူသော အစားအသောက်များသည်လည်း အခြားနေရာများထက် ဈေးနှုန်းသုံးဆခန့် ပိုများပါသည်။ ထို့ကြောင့် အကုန်အကျသက်သာစေရန်နှင့် အမြန်ဆုံး အကြွေးကြေနိုင်ရန် လိုသည်ထက်ပို၍ အစားလျှော့စားကာ အမြဲ ဆာလောင်နေခဲ့ရပါသည်။ တစ်ရက်တွင် ရပ်ကွက်ရှိ ကုန်စုံဆိုင်သို့ရောက်သောအခါ စားစရာတချို့ဝယ်ယူခဲ့ပြီး အိတ်ထဲသို့ အခြားစားစရာများကို ထပ်မံခိုးယူခဲ့မိသည်။ ထို့အတွက် သူ့အားဖမ်းဆီးမိကာ အလစ်သုတ်မှုဖြင့် ထိန်းသိမ်းခံရတော့သည်။

*ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးခြင်း* - A ၏ ဥပဒေရေးရာကိုယ်စားလှယ်သည် A အလစ်သုတ်ရခြင်း၏ အခြေအနေများကို သတိပြုမိပါသည်။ ထို့ကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် လုပ်ဆောင်နေသော သက်ဆိုင်ရာအာဏာပိုင်များကို အကြောင်းကြားကာ ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးမှု ပြုလုပ်လာစေရန် မျှော်လင့်ပြီး A သည် လူကုန်ကူးခံရသည်ဟု သံသယရှိကြောင်းနှင့် ရရှိနိုင်သမျှ အထောက်အထားများကို ပေးအပ်ခဲ့ပါသည်။ တစ်ချိန်တည်း မှာပင် တရားရင်ဆိုင်နေစဉ်အတွင်း လူကုန်ကူးခံရသူများ ကျူးလွန်ခဲ့သည့် လုပ်ရပ်များအတွက် ပြစ်ဒဏ်ချမှတ်ခြင်း မခံရစေရန် ပြဋ္ဌာန်းထားသော နိုင်ငံ့ဥပဒေအရ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လိုက်နာရန် တရားခွင်၌ လျှောက်လဲခဲ့ပါသည်။ မည်သို့ဖြစ်စေ ရဲတပ်ဖွဲ့မှ တရားစွဲဆိုသူများသည် ထိုသို့လုပ်ဆောင်ခြင်းမှာ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည့်တန်ဆာလုပ်ငန်းတို့နှင့် ဆက်စပ်လျက်ရှိသော အမှုများအတွက်သာဖြစ်ကြောင်း ထောက်ပြခဲ့ ပါသည်။ A ၏ ရှေ့နေသည် လိုအပ်ချက်အရ ခုခံကာကွယ်ခြင်းဖြစ်ကြောင်း ပြန်လည်ချေပခဲ့ပါသည်။ သူ၏ အဆိုပြုချက်ကို အထောက်အကူဖြစ်စေရန် A ဖမ်းဆီးခံရချိန်တွင် အလွန်ပိန်လှီနေခဲ့ကြောင်း ပညာရှင် သက်သေခံချက်အဖြစ် ဆရာဝန်တစ်ယောက်၏ ထွက်ဆိုချက်ကို ရယူခဲ့ပါသည်။

## လူကုန်ကူးခြင်းနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခုခံချေပချက်များ ပိုမိုပျံ့နှံ့လာစေခြင်း

ယေဘုယျ ချေပချက်များဖြင့် ခုခံချေပခြင်းသည် လူကုန်ကူးခြင်း၏ရှုပ်ထွေးမှုကို လွှမ်းခြုံနိုင်ခြင်းမရှိဘဲ ပြစ်ဒဏ်ကင်းလွတ်ခွင့် ရစေခြင်းအတွက် အတားအဆီးများဖြစ်နေတတ်ပါသည်။ ဖိနှိပ်အကျပ်ကိုင်ခြင်း ခံရခြင်းအပေါ် ခုခံချေပချက် ပေါ်မူတည်ကာ နစ်နာသူသည် အားနည်းနေခြင်းကို အခွင့်ကောင်းယူကာ ညှင်းပန်းနှိပ်စက်ခြင်းကဲ့သို့ လူကုန်ကူးသူများ၏ သိမ်မွေ့စွာ ဖိနှိပ်မှု၊ လိမ်လည်လှည့်ဖြားမှုတို့ကို ရှာဖွေဖော်ထုတ်ခြင်းမပြုနိုင်ဘဲ နစ်နာသူသည်

ပြင်းထန်သော ခြိမ်းခြောက်မှု ကြောင့် ကျူးလွန်ခဲ့ရခြင်းကိုသာ ရှာဖွေဖော်ထုတ်မိနိုင်ပါသည်။

ဥပမာအနေဖြင့် လိင်အမြတ်ထုတ်ခံရရန် လူကုန်ကူးခံရသူသည် ဖောက်သည်များကို ဝန်ဆောင်မှုပေးရမည့်အစား အခြားသူများအား စီမံကိုင်တွယ်ရန် ခိုင်းစေခံရနိုင်ပါသည်။ ထိုကဲ့သို့ အခြေအနေတွင် လူကုန်ကူးသူနှင့် သူ၏ကြားမှ သမီးရည်းစားဆက်ဆံရေးနှင့် ထိုသူအပေါ် မှီခိုနေရသောအခြေအနေများ ဖြစ်နေတတ်ပါသည်။ တရားရုံးမှ ဖိနှိပ်ခံရခြင်းအတွက် ခုခံချေပချက်အား အလွယ်တကူ ကောက်ချက်ချမိပါက နစ်နာသူသည် အတင်းအကြပ်ခိုင်းစေခံရခြင်း မဟုတ်ဟု ယူဆမိကာ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ခံစားခွင့်မရဘဲ လူကုန်ကူးသူဟုသာ သတ်မှတ်ခံရနိုင်ပါသည်။ ပိုမိုကျယ်ပြန့်စွာ ဆန်းစစ်ကြည့်မည်ဆိုပါက နစ်နာသူ၏ အားနည်းနေသော အခြေအနေ၊ လူကုန်ကူးသူအပေါ် မှီခိုနေရခြင်းနှင့် ကြောက်ရွံ့နေရခြင်းစသည်တို့ကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ထိုသို့ ဆန်းစစ်ခြင်းကြောင့် သိမ်မွေ့စွာ ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် ခြိမ်းခြောက်အကြပ်ကိုင်ခြင်းကို သတိပြုမိနိုင်ပြီး ခုခံချေပရာတွင် ထည့်သွင်းနိုင်ကာ ပြစ်ဒဏ်ကျခံရခြင်းမှ ကာကွယ်ပေးနိုင်ပါမည်။[95]

**စာကွက် - ဥပမာ (လူကုန်ကူးမှု)**

လူနှစ်ဦး (A နှင့် B)သည် ပြည့်တန်ဆာလုပ်ငန်းတွင် ခိုင်းစေရန် ရည်ရွယ်ချက်ဖြင့် မသိနားမလည်သော အသက်မပြည့်သေးသည့် မိန်းကလေးနှစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးကို မြို့ပေါ်သို့ခေါ်ဆောင်ကာ လူကုန်ကူးရန် လုပ်ဆောင်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါသည်။ နှစ်ဦးစလုံးအား လူကုန်ကူးမှုဖြင့် စွဲဆိုထားပါသည်။

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးခြင်း</u>* - A သည် ရာဇဝတ်မှုများ ကျူးလွန်ချိန်တွင် လူကုန်ကူးခံထားရသူ မဟုတ်ကြောင်း မူလတွင်တွေ့ရှိခဲ့ပါသည်။ သူမသည် အစပိုင်းတွင် လူကုန်ကူးခံခဲ့ရသော်လည်း နောက်ပိုင်းတွင် လူကုန်ကူးခံရသူအဖြစ်မှ လူကုန်ကူးသူအဖြစ်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ချိန်တွင်မူ (သူမကိုယ်တိုင်) လူကုန်ကူးသူ ဖြစ်လာခဲ့သည်။ အယူခံဝင်သော တရားရုံးမှ A သည် နှိပ်စက်ခံခဲ့ရသော နစ်နာသူများကဲ့သို့ပင် နွမ်းပါးချို့တဲ့ပြီး အားနည်းသူဖြစ်ကာ အခြားတရားခံ၏ ညှင်းပန်းနှိပ်စက်မှုကို ခံခဲ့ရသူဖြစ်ကြောင်း၊ ပြည့်တန်ဆာလုပ်ရခြင်းမှ လွတ်မြောက်ရန် ကျူးလွန်ခဲ့ရခြင်းသာဖြစ်ပြီး တရားခံအပေါ် ငွေကြေးအရ မှီခိုနေရကြောင်း တွေ့ရှိခဲ့သောကြောင့် အမှုပလပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။[96]

### လူကုန်ကူးမှုကို ခုခံချေပရာတွင် လူကုန်ကူးခံရသူမှ ပြစ်မှုကျူးလွန်ရန် သဘောတူညီချက်ပေးခြင်းသည် အကျုံးမဝင်ကြောင်း တရားခံရှေ့နေများအား နားလည်စေခြင်း

[95] Guillemet Gastón ၏ အမှုကို ဥပမာအဖြစ် ကြည့်ပါ။ အကျဉ်းချုပ်ကို ဤနေရာတွင် ကြည့်ပါ - https://sherloc.unodc.org/cld//case-law-doc/traffickingpersonscrimetype/arg/2018/c.m.s._y_guillemet_gaston_.html?lng=en&tmpl=sherloc

[96] ဤအမှုသည် အာဂျင်တီးနားမှ C.M.S y Guillemet Gastón အမှုကို အခြေခံထားသည်။

အရွယ်ရောက်ပြီးသူများအနေဖြင့် ပြစ်မှုကျူးလွန်ရန် တွန်းအားပေးသော နည်းလမ်းများကြောင့် ပြစ်မှုကျူးလွန်ရန် သဘောတူညီခြင်းနှင့် ကလေးသူငယ်များအတွက်မူ မည်သည့်နည်းလမ်းနှင့်ဖြစ်စေ ပြစ်မှုကျူးလွန်ရန် သဘောတူညီခြင်း တို့သည် လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်နှင့် ACTIP တို့အရ အကျုံးမဝင်ကြောင်း (ခုခံချေပသည့်အနေဖြင့်) ထောက်ပြခဲ့ ပါသည်။[97]

တရားစွဲခံရသည့် အရွယ်ရောက်ပြီးသော လူကုန်ကူးခံရသူများ၏ ကိုယ်စားပြုရှေ့နေများသည် တရားမဝင် လုပ်ဆောင်မှု များတွင် ပါဝင်ရန် သဘောတူခဲ့ခြင်းအတွက် တရားစွဲဆိုမှုမှ တင်သွင်းလာသော အဆိုပြုချက်များကို ခုခံချေပရာတွင် အမှုကျူးလွန်ရန် တရားခံ၏သဘောဆန္ဒပါဝင်ခြင်းသည် မသက်ဆိုင်ကြောင်း နားလည်သင့်ပါသည်။[98] တရားခံရှေ့နေသည် စွပ်စွဲခံရသူ၏ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက် (mens rea) ကို သက်သေပြရန် အမှုလိုက်ဥပဒေအရာရှိများ၏ စွဲဆိုချက် များကို ခုခံကာကွယ်ပေးသင့်သည်။ လူကုန်ကူးသူ သို့မဟုတ် လူကုန်ကူးသူများ၏ လူကုန်ကူးမှုနည်းလမ်းများကို ဖော်ထုတ်ပြသခြင်းဖြင့် တရားမဝင်လှုပ်ရှားမှုများတွင် ပါဝင်ရန် နစ်နာသူ၏သဘောဆန္ဒ ပါဝင်မှုကို လျော့နည်းစေခြင်းဖြင့် တရားခံသည် ကျူးလွန်သည့်ပြစ်မှုအတွက် တာဝန်ယူရန်လိုအပ်သော အပြစ်ရှိကြောင်းခံစားရခြင်း မရှိသည်ကို ထောက်ပြ ကာ သက်သေပြနိုင်သည်။[99]

အထက်တွင်ဖော်ပြထားသည့်အတိုင်း၊ လူကုန်ကူးသူများမှ အမြတ်ထုတ်ရန် နစ်နာသူမှ သဘောတူညီချက်ပေးခြင်းအား ထိခိုက်စေရန် လူကုန်ကူးသူများ အသုံးပြုသည့်နည်းလမ်းများသည် လွန်ကဲသော နည်းလမ်းများ (ဥပမာ အင်အားသုံးခြင်း) ဖြစ်နိုင်သကဲ့သို့ ပိုမိုသိမ်မွေ့သော နည်းလမ်းများ (ဥပမာ - နစ်နာသူ၏ အားနည်းမှုအပေါ် အခွင့်ကောင်းယူကာ အကြပ်ကိုင် ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်းကဲ့သို့သော သိမ်မွေ့သောနည်းလမ်းများ)လည်း ဖြစ်နိုင်ပါသည်။ ခြိမ်းခြောက်မှုဆိုင်ရာ အထောက်အထားများ ယူဆောင်လာရန် သက်သေပြခြင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးသည် နစ်နာသူအပေါ် မှားယွင်းစွာ ကျရောက်နိုင်သည့် အန္တရာယ်ရှိပြီး၊ ဆိုလိုသည်မှာ ပိုမိုကျယ်ပြန့်သော ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူနှင့်စာလျှင် ခုခံချေပချက်များသည် ပို၍ အကန့်အသတ်ရှိသွားနိုင်ပါသည်။[100] ထို့ကြောင့်၊ လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ် အပိုဒ် ၃ နှင့် ACTIP ၏ အပိုဒ် ၂ (က) ပါ လူကုန်ကူးမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဖော်ပြထားသည့် သိမ်မွေ့သော အကြပ်ကိုင်မှု နည်းလမ်းများကို သေချာစွာဖော်ထုတ်နိုင်ရန် ယေဘုယျအားဖြင့် ခုခံချေပချက်များကို ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုသင့် ပါသည်။[101] ကလေးသူငယ်ကိစ္စရပ်တွင် လူကုန်ကူးခံရကြောင်း သက်သေပြရန်မလိုအပ်ဘဲ နိုင်ငံတွင်း ပြဋ္ဌာန်းထားသော ဥပဒေများအရ ခုခံချေပချက်များကို လူကုန်ကူးရခံရချိန်တွင် အသုံးပြုသည့် 'နည်းလမ်းများ' နှင့် မသက်ဆိုင်ဘဲ ကျင့်သုံးသင့်ပါသည်။

97 ACTIP ၏ အပိုဒ် ၂(ခ) နှင့် လူကုန်ကူးမှုဆိုင်ရာ ပရိုတိုကောလ်မှ အပိုဒ် ၃(ခ) ကို ကြည့်ပါ။

98 လူကုန်ကူးခံရသူများ၏ သဘောတူခွင့်ပြုချက်နှင့် မကိုက်ညီသောအချက်များကို ပိုမိုလေ့လာလိုပါက [The Role of 'Consent' in the Trafficking in Persons Protocol] (UNODC၊ ၂၀၁၄) ကြည့်ရန်

99 ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အာဏာ သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစားပြုခြင်း၊ လူတစ်ဦးအနေနှင့် အခြားသူတစ်ဦးအပေါ်ကို လွှမ်းမိုးနိုင်ရန် အလိုတူမှုကို ရယူရန်အတွက် ငွေ သို့မဟုတ် အကျိုးစီးပွါးတစ်ခုခု ရယူမှု သို့မဟုတ် ပေးကမ်းမှုတို့ကို လူကုန်ကူးမှုအရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းမှ အပိုဒ် ၃(က) နှင့် ACTIP အပိုဒ် ၂(က) တို့တွင် '(လူကုန်ကူးမှု) နည်းလမ်းများ' ဟု သတ်မှတ်ဖော်ပြထားသည်။

100 ဥပမာ - လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး၏ ရောမစတက်ကျူမှ အကျပ်ကိုင်မှုများမှ ခုခံကာကွယ်မှုနှင့် ဥပဒေအရာရှိနှင့် Dominic Ongwen တို့၏ အမှုတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို ပိုမိုကျယ်ပြန့်စွာ ကျင့်သုံးမှုကို ခွဲခြားဖော်ပြထားသည်။ အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally ၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁၊ စာပိုဒ် [၅၁]

101 *ကြည့်ရန် - အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally*၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁၊ စာပိုဒ်[၅၈]

တရားခံရှေ့နေများ၏ လုပ်ငန်းများကို ပံ့ပိုးကူညီရာတွင် နစ်နာသူများအား ဖြားယောင်းသွေးဆောင်ရန်နှင့် သဘောတူညီချက်ကို ထိခိုက်စေရန် လူကုန်ကူးသူများအသုံးပြုသည့် 'နည်းလမ်းများ' အား သက်သေ အထောက်အထားများအဖြစ် စုဆောင်းတင်ပြရန် နိုင်ငံများမှ ဥပဒေပညာရှင်များအား လေ့ကျင့်သင်ကြား ပေးရပါမည်။ စွမ်းရည်မြှင့်တင်ခြင်းတွင် လက်တွေ့ဖြစ်ရပ်များကိုလေ့လာခြင်း၊ သရုပ်ဖော်မှုများနှင့် ခုခံချေပသည့်နည်းလမ်းများကို ပုံမှန်မွမ်းမံမှုများ ပြုလုပ်ခြင်းဖြင့် အထူးပြုလေ့လာနိုင်ပါသည်။ ရှုပ်ထွေးသောအမှုများကို ကိုင်တွယ်ရာတွင် လမ်းညွှန်ချက်များနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများကို ရယူရန်အတွက် လုံလောက်သောအရင်းအမြစ်များကို ရှေ့နေများထံ ခွဲဝေပေးရန် လိုအပ်ပါသည်။

### အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်

ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးခြင်းနှင့် ပတ်သက်သည့် သီးခြားဥပဒေပါ ပြဋ္ဌာန်းချက်အား အကောင်အထည်ဖော်ခြင်းကို ဆိုင်းငံ့ထားပြီး၊ နစ်နာသူအား ပြစ်ဒဏ်မှကင်းလွတ်ခွင့်ပေးရမည့် နိုင်ငံတော်၏တာဝန်အရ ဖိနှိပ်ခံရခြင်း သို့မဟုတ် လိုအပ်ချက်အရ ကျူးလွန်ရသည့်အခြေအနေတို့အတွက် ခုခံချေပခြင်းအပါအဝင် တည်ဆဲ ပြည်တွင်းဥပဒေဆိုင်ရာ စံနှုန်းများကို အဓိပ္ပာယ်ဖွင့်ဆိုကာ ကျူးလွန်မှုအား တာဝန်ယူရန် ကင်းလွတ်ခွင့်ပေးသည့် ပြဋ္ဌာန်းချက်အတိုင်း လိုက်နာရမည်။

အားနည်းချက်ရှိသော အနေအထားကို အခွင့်အရေးယူ ဖိနှိပ်ခြင်းနှင့် လူကုန်ကူးမှု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ဖော်ပြထားသည့် နည်းလမ်းအားလုံးအပါအဝင် လူကုန်ကူးခံရသူများ ကြုံတွေ့ခဲ့ရသော သိမ်မွေ့သည့် ညှဉ်းပန်းနှိပ်စက်မှုပုံစံများစွာကို ဖော်ထုတ်ကာ နိုင်ငံများသည် ခုခံချေပချက်များအား လူကုန်ကူးမှုအခြေအနေနှင့် ကိုက်ညီနေစေရန် လုပ်ဆောင်ရပါမည်။[102]

## *[၁၀] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးရန် တရားစီရင်ရေးအဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း*

102 အရင်းအမြစ် - *အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally*၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁၊ စာပိုဒ်[၆၇]

နစ်နာသူများ ကျူးလွန်ခဲ့သောပြစ်မှုများအတွက် အမှုကို စီရင်ဆုံးဖြတ်သော တရားသူကြီးများသည် လူကုန်ကူးမှု၏ ရှုပ်ထွေးသောရာဇဝတ်မှုနှင့် ရင်းနှီးမှုမရှိနိုင်ပါ။ လူကုန်ကူးခြင်းနှင့်ပတ်သက်၍ နားလည်မှု နည်းပါးပါက ကျူးလွန်သူ၏ပြစ်မှုနှင့် လူကုန်ကူးခံရခြင်းအနေအထားကြား ဆက်စပ်မှုကို ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ပေ။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကိုလည်း သတိမပြုမိကြပေ။ ထို့ကြောင့် တရားစီရင်ရေးမဏ္ဍိုင်သည် လူကုန်ကူးမှုနှင့် ဆက်နွှယ်သည့် ရာဇဝတ်မှုများအတွက် တရားစွဲဆိုခံထားရသော နစ်နာသူများအား လူကုန်ကူးမှုနှင့် ဆက်စပ်သော ပြစ်မှုများအပါအဝင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုနှင့် ၎င်းအား လက်တွေ့ကျင့်သုံးခြင်းတို့ကို နားလည် သဘောပေါက်ရန် လိုအပ်သည်။

## လူကုန်ကူးမှု၏အကြောင်းအရာများနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လက်တွေ့ကျင့်သုံးခြင်းတို့အပေါ် တရားသူကြီးများအား အသိပညာပေးခြင်း

လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် ပါဝင်ပတ်သက်သူများသည် တရားစီရင်ရေးအဖွဲ့ဝင်များကို လူကုန်ကူးမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ၎င်း၏ အစိတ်အပိုင်းများနှင့် နစ်နာသူ၏ကျူးလွန်မှုတို့ကြား အပြန်အလှန် ချိတ်ဆက်မှုရှိကြောင်း အသိပေးရပါမည်။ တရားသူကြီးများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးခြင်းနှင့် သက်ဆိုင်သည့် ၎င်းတို့၏ပြည်တွင်းဥပဒေ၊ မူဝါဒနှင့် လမ်းညွှန် စာရွက်စာတမ်းများအပြင် နိုင်ငံတကာအပါအဝင် နှစ်နိုင်ငံ အပြန်အလှန်အစီအစဉ်များကို ရင်နှီးကျွမ်းဝင်စေရန် လေ့လာထားသင့်ပြီး ကျူးလွန်မှုနှင့် လူကုန်ကူးမှုကြားဆက်နွယ်နေပါက နစ်နာသူများအား တရားစွဲဆိုမှု ရပ်တန့်ရမည့် အခြေအနေများကိုပါ သိရှိထားသင့်ပါသည်။

တရားသူကြီးများအား ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးသည့် သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများအပါအဝင် စွမ်းရည်မြှင့်တင်ရေး အခွင့်အလမ်းများကို ဆက်လက်ပေးအပ်ကာ ၎င်းတို့၏အသိပညာကို အချိန်နှင့်တပြေးညီတိုးတက်စေပြီး ပါဝင်ပတ်သက်သူများ၏ အခွင့်အရေးများကို ကောင်းစွာကာကွယ်နိုင်စေရန် အသိပညာများ တိုးတက်အောင် ကြိုးပမ်းရပါမည်။ တရားသူကြီးများသည် ခုခံချေပခြင်း သို့မဟုတ် တရားစွဲဆိုခြင်းတို့မှ စတင်လျှောက်လဲခြင်းကိုသာ အားကိုးခြင်းမဟုတ်ဘဲ တရားဥပဒေရှိ သက်ဆိုင်ရာခုခံချေပချက်များကို မည်သို့ ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်ကြောင်း စဉ်းစားသင့်သည်။ လူကုန်ကူးခံရသူများအတွက် ခုခံချေပမှု သို့မဟုတ် တရားစွဲဆိုခြင်း မပြုသေးသည့်တိုင် လူကုန်ကူးခံရသူများအတွက် ရနိုင်သည့် သက်ဆိုင်ရာ ခုခံကာကွယ်မှုမှန်သမျှကို တရားရုံးက ထည့်သွင်းစဉ်းစားခြင်းသည် ကောင်းမွန်သော အလေ့အကျင့်တစ်ခုဖြစ်ပါသည်။[103]

## ထိန်းသိမ်းခံထားရသော နစ်နာသူများအတွက် တရားသူကြီးများသည် ၎င်းတို့၏အခန်းကဏ္ဍနှင့် တာဝန်များကို သေချာနားလည်စေခြင်း

လူကုန်ကူးခံရသူများကို ရာဇဝတ်မှု သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေများတွင် မတရား ဖမ်းဆီးခြင်းမှ အကာအကွယ်ပေးရမည်။ လူ့အခွင့်အရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းနှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ် နှစ်ခုစလုံးသည် နိုင်ထက်စီးနင်း ဖမ်းဆီးခံရခြင်းကို လူ့အခွင့်အရေးအရ အကာအကွယ် ပေးထားပါသည်။[104] တရားသူကြီးများသည် နိုင်ငံတော်က မတရားသဖြင့်ဖမ်းဆီးခြင်းအတွက် လျော်ကြေးပေးခြင်းအပါအဝင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုနှင့် အခြားလူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့်ဆန့်ကျင်ကာ နိုင်ထက်စီးနင်း ဖမ်းဆီးထိန်းသိမ်းခြင်းမှ လွတ်မြောက်ရန် အမိန့်ပေးသည့် အခန်းကဏ္ဍတွင်ပါရှိသည်။ ဥပမာအားဖြင့်၊ ဖိလစ်ပိုင်နိုင်ငံရှိ ဥပဒေများသည် နိုင်ငံတော်အာဏာပိုင်များမှ မတရားဖမ်းဆီးခြင်း သို့မဟုတ် နိုင်ထက်စီးနင်း ဖမ်းဆီးခြင်းခံခဲ့ရသူများအား လျော်ကြေးပေးရန် လျှောက်ထားခွင့်ရှိသည်။[105]

[103] လူကုန်ကူးခံရသောကြောင့် ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံရသော နစ်နာသူများအတွက် သင့်တော်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုံ့ပြန်ချက်များ ဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက် - ဗီယင်နာမြို့ရှိ လူကုန်ကူးမှုအရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးရုံးမှ နောက်ခံ အချက်အလက်ဆိုင်ရာ စာရွက်စာတမ်းများကို ၂၀၂၀ စက်တင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြင်ဆင်ပေးထားခြင်းဖြစ်သည်။ UN Doc. CTOC/COP/WG.4/2020/2 (15 June 2020)၊ အပိုဒ်၆၆

[104] ICCPR အပိုဒ် ၉(၄)နှင့်၊ အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း၊ အပိုဒ် ၁၂

[105] ဖိလစ်ပိုင်သမ္မတနိုင်ငံ အက်ဥပဒေအမှတ် ၇၃၀၉ (မတ်လ ၃၀၊ ၁၉၉၂) *(တရားမဲ့ထောင်ချခံရသူများ သို့မဟုတ် ချုပ်နှောင်ခံရသူများနှင့် ဆိုးရွားသော ရာဇဝတ်မှုများကြောင့် နစ်နာသူများနှင့် အခြားရည်ရွယ်ချက်များအတွက် တရားရေးဌာနအောက်ရှိ တိုင်ကြားမှုများ ဖြေရှင်းရေး ဘုတ်အဖွဲ့မှ ပြဋ္ဌာန်းသည့်*

လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့များနှင့် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ (ဖွဲ့စည်းထားပါက) တို့သည် ဖမ်းဆီး ခံထားရသော လူကုန်ကူးခံရသူများအား ချုပ်နှောင်ထားခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ၊မရှိ အဆုံးအဖြတ်ပေးနိုင်ရန် အတွက် တရားရုံးရှေ့သို့တင်ပို့စေရန် ချမှတ်သော အမိန့် (ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ habeas corpus) များကို ကြားနာရာတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ၏ အခန်းကဏ္ဍကိုနားလည်ရန် တရားစီရင်ရေး အဖွဲ့ဝင်များအား ပံ့ပိုးပေးသင့်သည်။ မှားယွင်းစွာဖမ်းဆီးခံရသော နစ်နာသူများအတွက် လျော်ကြေးပေးသည့် လမ်းကြောင်းများမှ လျော်ကြေး တောင်းခံသည့် လုပ်ငန်းစဉ်များအတွက် လမ်းညွှန်ချက်များရရှိစေရန် နိုင်ငံများမှ ဆောင်ရွက်ရပါမည်။

ကြီးကြပ်ခြင်း နှင့်/သို့မဟုတ် အကဲဖြတ်ခြင်း ယန္တရားများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ  ကျင့်သုံးခြင်း ရှိ၊မရှိ နားလည်စေရာတွင် အသုံးဝင်ပါသည်။ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့များနှင့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများသည် လူကုန်ကူးခံရသူများ တရားရင်ဆိုင်ရသည့်အခါ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးခြင်းအပေါ် စောင့်ကြည့်အကဲဖြတ်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ပါသည်။

## မျှတသောတရားခွင်တွင် တရားစီရင်ခံခွင့်သည် ပြစ်ဒဏ်ကင်းလွတ်ခွင့်အား လိုက်နာရန် မည်သို့ အထောက်အကူဖြစ်ကြောင်း တရားသူကြီးများအား အသိပညာပေးခြင်း

လူကုန်ကူးခံရသူများကို တရားစွဲဆိုသည့် အမှုများတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား ထိရောက်စွာ ကျင့်သုံးနိုင်ရန် စနစ်တကျဖြစ်စေခြင်းနှင့် တရားမျှတသော တရားခွင်တွင် တရားရင်ဆိုင်ခွင့်သည် အရေးကြီးပါသည်။ အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၂၀(၁) တွင် ဤသို့ဖော်ပြထားသည် -

> ပြစ်မှုတစ်ခုဖြင့် တရားစွဲဆိုခံရသူတိုင်းသည် တရားမျှတပြီး လူသိရှင်ကြား စစ်ဆေးမှုတွင် ဥပဒေအရ အပြစ်ရှိကြောင်း သက်သေပြခြင်း မခံရမီ မည်သူမဆို အပြစ်မရှိဟု ယူဆရမည်။ ထိုသို့စစ်ဆေးရာတွင် ထိုသူအား ကာကွယ်ပိုင်ခွင့်ကို အာမခံပေးသည့် အရည်အသွေးရှိသော လွတ်လပ်သော၊ ဘက်မလိုက်သော တရားရုံးဖြစ်ရမည်။

ခုခံကာကွယ်ခွင့်များကို ဖော်ဆောင်သည့်အခါတွင် နိုင်ငံများသည် သက်သေအထောက်အထားနှင့် သက်သေပြရမည့် စံနှုန်းများကိုပြသရန် မည်သူ့အပေါ်တွင် တာဝန်ရှိသည်ဆိုသည့်အပေါ် ကွဲပြားသော ချဉ်းကပ်မှုများ ရှိနိုင်သည်။ တစ်ချို့နိုင်ငံများတွင် သက်သေအထောက်အထားတင်ပြရန် တာဝန်သည် လူကုန်ကူးခံရသူဖြစ်ကြောင်း ကာကွယ်ခွင့်ကို ဖော်ဆောင်ရန် တရားစွဲခံရသူအပေါ်တွင် ရှိနိုင်သော်လည်း၊ ထိုကာကွယ်ခွင့်ကို မသက်ဆိုင်ကြောင်း ပယ်ချရန်တာဝန်သည် အစိုးရအပေါ်တွင် ရှိနေဆဲဖြစ်သည်။ အခြားနေရာများတွင်၊ လူကုန်ကူးခံရသူသည် လူကုန်ကူးခံရပြီး ထိုပြစ်မှုကျူးလွန်မှုသည် လူကုန်ကူးမှုကြောင့်ဖြစ်ကြောင်း သက်သေပြရနိုင်သည်။ သို့မဟုတ် တရားစွဲခံရသူသည် ခုခံချေပခွင့် ဖော်ဆောင်ရန် တာဝန်ရှိပြီး၊ ထို့နောက် တရားစွဲခံရသူသည် လူကုန်ကူးခံရသူ မဟုတ်ကြောင်း အစိုးရအနေဖြင့် သံသယဖြစ်ဖွယ်မရှိအောင် သက်သေပြရန်တာဝန်ရှိသည်။ တရားရုံးများသည် လူကုန်ကူးခံရသူအဖြစ် သတ်မှတ်ခံရခြင်းနှင့်ပတ်သက်၍ သက်သေ အထောက်အထား တန်ဖိုးအပေါ် သက်ဆိုင်ရာ အာဏာပိုင်များ၏ ဆုံးဖြတ်ချက်များချမှတ်ရာတွင် မတူညီသော နည်းလမ်းများ ရှိနိုင်သည်။ အချို့ အခြေအနေတွင် ထိုဆုံးဖြတ်ချက်ကို

*အက်ဥပဒေတစ်ခု)* တရားမျှတမှုကင်းမဲ့စွာ ချုပ်နှောင်ခံရပြီး တရားစွဲဆိုမခံရဘဲ ပြန်လည်လွတ်မြောက်လာသူများ သို့မဟုတ် အာဏာပိုင်များ၏ တရားမဲ့ ဖမ်းဆီးမှုခံရသူများအတွက် အပါအဝင် နစ်နာကြေးလျော်ထားသူအမျိုးမျိုးအတွက် ခံစားခွင့်ပေးထားသည်။

အလေးထားပြီး၊ အချို့အခြေအနေတွင် လူကုန်ကူး ခံရသူအဖြစ် တရားဝင်သတ်မှတ်ခံရရန် မလိုအပ်ပါ။[106]

တရားသူကြီးများသည် သက်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အတွင်း သက်သေအထောက်အထား တင်ပြရန် တာဝန်သည် မည်သူ့အပေါ်တွင်ရှိသည်ကို နားလည်ရန် လိုအပ်ပါသည်။ ထိုသို့မှသာ ၎င်းတို့ဆုံးဖြတ်သည့် အမှုများတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ထိရောက်စွာ ကျင့်သုံးနိုင်မည်ဖြစ်သည်။ တရားသူကြီးများသည် ထိုသို့ကျင့်သုံးရမည့် ၎င်းတို့၏ တာဝန်များကို နားလည်ရန် လိုအပ်ပါသည်။ ထိုတာဝန်များတွင် လူကုန်ကူးခံရသူများကို ကိုယ်စားပြုရန် အများပြည်သူရှေ့နေတစ်ဦးကိုခန့်အပ်ခြင်း အပါအဝင် (သို့သော် ထို့ထက်မက) လူကုန်ကူးခံရသူအား ထိရောက်သော ကာကွယ်မှုပေးနိုင်ရန် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လုံလောက်စွာအသုံးပြုနိုင်သည့် စွမ်းရည်ရှိရန် လိုအပ်ပါသည်။

တရားသူကြီးများသည် တရားစွဲခံနေရသော လူကုန်ကူးခံရသူများအား ဥပဒေရေးရာ အကူအညီရရှိစေရန် သေချာစေရမည်။ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့များသည် လူကုန်ကူးခံရသူများအား ပေးအပ်သည့် ဥပဒေရေးရာ အကူအညီသည် အရည်အသွေးမြင့်မားစေရန် အာမခံချက်ပေးနိုင်ရန်အတွက် တရားသူကြီးများအား လမ်းညွှန်ချက်များနှင့် စံနှုန်းများကို ပေးအပ်သင့်ပါသည်။[107]

### *[၁၁] ပြစ်မှုကျူးလွန်သော နစ်နာသူများအပေါ် ပြစ်ဒဏ်ချမှတ်ခြင်းထက် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ တရားစီရင်ရေး စနစ်ကို ကျင့်သုံးခြင်း*

အချို့သော ပြစ်မှုအမျိုးအစားများကို ကျူးလွန်ခဲ့သူများအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ထောင်ဒဏ် ချမှတ်ခြင်းများအစား ပြစ်ဒဏ်ချမှတ်ခြင်းထက် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ တရားမျှတမှုကို ရရှိစေနိုင်သောအမြင်ဖြင့် အခြားသော နည်းလမ်းများလည်း ရှိနိုင်ပါသည်။ လူကုန်ကူးခံရသူများအမှုတွင် ပြန်လည်ထူထောင်ရေး တရားမျှတမှုကို အသုံးပြုခြင်းသည် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်များမှ အကာအကွယ်နှင့် အကူအညီများ ဆီသို့ လမ်းကြောင်းပြောင်းသွားနိုင်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် လူကုန်ကူးခံရခြင်းကြောင့် ပြစ်မှုကျူးလွန်သူများကို အပြစ်ပေးအရေးယူခြင်းမှ ရှောင်ရှားနိုင်ရန် တရားရုံးများနှင့် တရားရုံး လုပ်ငန်းစဉ်များကို မည်ကဲ့သို့ကျင့်သုံးနိုင်သည်ကို စူးစမ်းလေ့လာသင့်သည်။

## **တရားခွင်တွင်ရှိနေသည့် လူကုန်ကူးခံရသူများအတွက် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ တရားမျှတမှု ပုံစံများ (restorative justice models) ကို ကျင့်သုံးနိုင်ရန် အခွင့်အလမ်းများကို ရှာဖွေခြင်း**

[106] Jean-Pierre Gauci နှင့် Noemi Magugliani ၊ လူကုန်ကူးမှုနှင့် လူကုန်ကူးခံရသူများ၏ အခွင့်အရေးများ - ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူကို လက်တွေ့ကျင့်သုံးမှုအပေါ် အသေးစိတ်ဆန်းစစ်လေ့လာချက် (BIICL and IBA, 2023) စာမျက်နှာ ၃၇ - ၃၉

[107] ဥပမာကြည့်ရန် - အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) - *ဥပဒေအကူအညီပေးရေးဆိုင်ရာ အဓိက အကြောင်းအရာ လေ့လာချက်* (ဂျကာတာ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဇူလိုင် ၂၀၁၉)

တရားစီရင်ရေးအဖွဲ့ဝင်များသည် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ တရားမျှတမှုဖြင့် ချဉ်းကပ်မှုများကို ကျင့်သုံးခြင်းဖြင့် နစ်နာသူများကို ဒဏ်ခတ်သော ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်များမှသည် လမ်းကြောင်းပြောင်းစေသည့် နည်းလမ်းအဖြစ်သို့ ထည့်သွင်းစဉ်းစားသင့်သည်။ ၎င်းတို့သည် ၎င်းတို့လက်တွင်းရှိ အခွင့်အလမ်းများနှင့် ရင်းနှီးကျွမ်းဝင်သင့်ပြီး ယင်းအခွင့်အရေးများကို ပြစ်မှုကျူးလွန်ခဲ့သည့် လူကုန်ကူးခံရသူများ၏ အခြေအနေနှင့်ကိုက်ညီအောင် မည်သို့ ချိန်ညှိနိုင်မည်ကို လေ့လာသင့်ပါသည်။

ဤလုပ်ငန်းစဉ်တွင် တရားစီရင်ရေးကဏ္ဍကို ပံ့ပိုးကူညီရန်အတွက် လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ တရားရုံးများနှင့် တရားရုံး လုပ်ငန်းစဉ်များသည် လူကုန်ကူးခံရသော အရွယ်ရောက်ပြီးသူများနှင့် ကလေးသူငယ်များ အကျိုးစီးပွားအတွက် အသုံးချနိုင်သည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု အခွင့်အလမ်းများကို အကဲဖြတ် ဆန်းစစ်သင့်ပါသည်။ ပါဝင်သူများအနေဖြင့် နစ်နာသူများအား ပြစ်ဒဏ်ပေးခြင်းမှ လွတ်မြောက်စေရန် အစားထိုးနည်းလမ်းများကို ဖန်တီးပေးရန်တာဝန်ရှိပါသည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် လူကုန်ကူးမှုကိစ္စရပ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု၏ တိကျသောပုံစံများနှင့် လမ်းညွှန်ချက်များကို ရေးဆွဲချမှတ်သင့်သည်။ ထိုသို့သော ပုံစံများသည် ပါဝင်ပတ်သက်သူများ၏ လိုအပ်ချက်များအတွက် ဒေသတွင်းအခြေအနေများနှင့် အခြေအနေများအလိုက် ထိရောက်မှုရှိပြီး ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။

ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု အခြေခံမူများနှင့် လုပ်ထုံးလုပ်နည်းများအား သင့်လျော်စွာ ကျင့်သုံးကြောင်း သေချာစေရန် တရားခံရှေ့နေများ၊ အမှုလိုက်ဥပဒေအရာရှိများနှင့် တရားသူကြီးများသည် သင့်လျော်ပြီး စဉ်ဆက်မပြတ် သင်ယူနိုင်မည့် သင်တန်းများရရှိသင့်ပါသည်။ အဆိုပါသင်တန်းတွင် သင့်လျော်သော အမှုများကို ဖော်ထုတ်ရန်နည်းလမ်းများနှင့် ပြစ်မှုကျူးလွန်သော-နစ်နာသူ၏ လိုအပ်ချက်များကို သိရှိနားလည်ပြီး ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်များကို စီမံခန့်ခွဲနည်းတို့ ပါဝင်သင့်သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး အေဂျင်စီများနှင့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများသည် ၎င်းတို့နိုင်ငံရှိ သက်ဆိုင်သူများထံသို့ အဆိုပါစံနှုန်းများကို လိုက်နာမှုမြှင့်တင်ရမည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ သက်ဆိုင်သူများအနေဖြင့် ၎င်းတို့အနက်မှ ကလေးသူငယ်များအပါအဝင် အမျိုးမျိုးသော နစ်နာသူများအတွက် တရားမျှတပြီး ထိရောက်စွာ အသုံးချနိုင်စေရန် အတွက် လက်ရှိ ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားစီရင်ရေးယန္တရားများကို စိစစ်အကဲဖြတ်သင့်သည်။ ယင်း အကဲဖြတ်မှု အပေါ် အခြေခံ၍ ပြစ်မှုကျူးလွန်ခဲ့သည့်-နစ်နာသူများ၏ ကိစ္စရပ်များအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားစီရင်ရေး ယန္တရားများသည် သင့်လျော်ကြောင်းသေချာစေရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

တရားစီရင်ခြင်းခံရသည့် လူကုန်ကူးခံရသူများ၏ အခြေအနေအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှုနှင့် ကလေးသူငယ်များအပေါ် အကာအကွယ်ပေးခြင်းကို ကျင့်သုံးသည့် အတွေ့အကြုံရှိသည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ပြန်လည်ထူထောင်ရေး တရားမျှတမှု ယန္တရားများကို ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် ပါဝင်သင့်သည်။ CSO နှင့် NGO များသည် လူကုန်ကူးခံရသူများအပါအဝင် ဖွံ့ဖြိုး တိုးတက်ရေးနှင့်အောင်မြင်မှုကို အကောင်းဆုံးပံ့ပိုးပေးနိုင်ရန် အခန်းကဏ္ဍများကို ထပ်မံဖြည့်သွင်းရပါမည်။

## ရာဇဝတ်မှုကျူးလွန်သော ကလေးသူငယ်များအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှုနည်းလမ်း ကျင့်သုံးစေရန် သေချာစေခြင်း

လူကုန်ကူးခံရသည့်အခြေအနေတွင် ရာဇဝတ်မှုကျူးလွန်သည့် ကလေးသူငယ်ကိစ္စများ၌ တရားစီရင်ရေး မဟုတ်သော အစီအမံများကို တရားစွဲဆိုခြင်း၏ အခြားရွေးချယ်စရာအဖြစ် ကလေးသူငယ်များ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် ပေါင်းစည်းရေးတို့ကို ဦးစားပေးရပါမည်။ လက်နက်ကိုင်တပ်ဖွဲ့များ၊ အုပ်စုများနှင့်ဆက်စပ်နေသည့် ကလေးများအားလုံး အတွက် တရားမျှတမှုလိုအပ်ကြောင်း အကြံပြုထားသည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုသည် လုပ်ငန်းစဉ်အတွက် အရေးပါ ပါသည်။[108]

ကလေးသူငယ်များအတွက် အဓိကအာရုံစိုက်ရမည့်အချက်မှာ ပြန်လည်ထူထောင်ရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် မိသားစုနှင့် ပြန်လည်ပူးပေါင်းရေး တို့ဖြစ်သည်။ လူကုန်ကူးခံရသည့် ကလေးသူငယ်များ အပါအဝင် ဥပဒေနှင့်မညီသော အမှုများ ကျူးလွန်သည့် ကလေးများအားလုံးအတွက် အကျိုးစီးပွါးကို ဆန်းစစ်ခြင်း၊ အကျိုးခံစားခွင့်များ ဆုံးဖြတ်ခြင်းတို့ကို အကောင်းဆုံး ဆောင်ရွက်သင့်ပါသည်။ ဤကိစ္စများကို ဦးစားပေးရာတွင် ၎င်းတို့၏လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးရန်နှင့် ၎င်းတို့၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ပေါင်းစည်းခြင်းအတွက် ပြီးပြည့်စုံသောအစီအမံများ ရေးဆွဲရပါမည်။

ဥပမာအားဖြင့် ဖိလစ်ပိုင်တွင် ဥပဒေနှင့်ဆန့်ကျင်သော ကလေးသူငယ်များအား ပြစ်မှုတစ်ခုအတွက် တာဝန်ရှိကြောင်း တွေ့ရှိသောအခါ လွှဲပြောင်းရေးကော်မတီမှ ကလေးသူငယ်တစ်ဦးအား လမ်းကြောင်းပြောင်းသင့်ပြီး အခြား နည်းလမ်းများ သို့မဟုတ် ဝန်ဆောင်မှုများဆီသို့ လွှဲပြောင်းပေးကြောင်း ဆုံးဖြတ်နိုင်သည်။ အလားတူ ထိုင်းနိုင်ငံတွင်လည်း အရွယ် မရောက်သေးသူ လေ့လာစောင့်ကြည့်ရေးနှင့် ကာကွယ်ရေးဌာနက ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှုအပေါ် အခြေခံ၍ လွှဲပြောင်းခြင်း အစီအစဉ်ကို မိတ်ဆက်ခဲ့သည်။

အပြစ်ပေးခံရနိုင်ခြေများသည့် လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုအတွင်း လူကုန်ကူးခံရသည့် ကလေးသူငယ်များ၏ ကိစ္စများတွင် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၂၃၈၈(၂၀၁၇) အရ လူကုန်ကူးခံရသော ကလေးသူငယ်များကို အပြစ်ပေးခြင်းမပြုရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းထားသည်။ ဆုံးဖြတ်ချက် အမှတ် ၂၄၂၇(၂၀၁၈) သည် အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်သူများအပါအဝင် နိုင်ငံအဆင့်မဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွှယ်နေသော ကလေးများအား ၎င်းတို့၏ သင့်လျော်သောလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် စံလုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ ထူထောင်ပေးရန် တောင်းဆိုသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့များသည် အဆိုပါ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာစောင့်ထိန်းသင့်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေသည့် ကလေးသူငယ်များအား ဤလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့်အညီ ဆက်ဆံခံရကြောင်း သေချာစေရန်အတွက် ရှင်းလင်းသော စံလုပ်ငန်းလမ်းညွှန်များနှင့် လမ်းညွှန်ချက်များကို ချမှတ်သင့်သည်။ ကလေးသူငယ် ကာကွယ်

[108] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally ၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁၊ စာပိုဒ် [၃၉]

စောင့်ရှောက်ရေး အေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ CSO များ၊ NGO များနှင့် ဒေသခံလူထုအဖွဲ့များ အပါအဝင် သက်ဆိုင်သူအားလုံး ပါဝင်သင့်ပြီး လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွှယ်နေသော ကလေးသူငယ်များအား ပြစ်ဒဏ် ကင်းလွတ်ခွင့်ပေးခြင်းအတွက် တသမတ်တည်း ထိရောက်စွာအကောင်အထည်ဖော်ရန် လုပ်ဆောင်သင့်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများသည် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်နေသော ကလေးသူငယ်များအပေါ် ပြုမူဆက်ဆံရာတွင် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် စဉ်ဆက်မပြတ် မြှင့်တင်သင့်သည်။ ဤလုံ့ဆော်မှုသည် နိုင်ငံတော်နှင့် ဒေသအဆင့်တွင် မူဝါဒနှင့် ကျင့်ထုံးများကို လွှမ်းမိုးရန် အရေးကြီးပါသည်။

ထိုင်းနိုင်ငံအစိုးရသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးအား ထိုင်းနိုင်ငံ တရားမျှတမှု အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု လက်စွဲစာအုပ်ကိုထုတ်ဝေရန် ပံ့ပိုးကူညီခဲ့သည်။[109] ထိုအရင်းအမြစ် သည် လူကုန်ကူးခံရသူများ၏ အခြေအနေနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု ချဉ်းကပ်နည်းများကို အသုံးချရန် အကြံပြုထားပါသည်။

109 *Handbook on Restorative Justice* (ဒုတိယမူ၊ UNODC ၊ ၂၀၂၀)

## စာကွက် - ဥပမာ (အကြမ်းဖက်မှု / လက်နက်ကိုင် ပဋိပက္ခ)

အသက်ဆယ့်သုံးနှစ်တွင် A သည် သူ့ရွာမှ လက်နက်ကိုင်အဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ သူသည် သူ၏တပ်မှူးအတွက် ဝေယျာဝစ္စတာဝန်များ ထမ်းဆောင်ခြင်းမှသည် အဖွဲ့၏ ဖမ်းဆီးခြင်းခံရသော အခြားသော လူများကို ထိန်းချုပ်ခြင်းနှင့် တခါတရံ ရိုက်နှက်ခြင်းအထိ ကျူးလွန်မှုများစွာတွင်ပါဝင်ရန် ခိုင်းစေခံရသည်။ A နှင့်အတူ ဖမ်းဆီးခံရစဉ်တွင် အခြားကလေးငယ်တစ်ဦးဖြစ်သည့် B သည် အသက် ၁၆ နှစ် ဖြစ်ပြီး အစောပိုင်းတွင် ရာထူးမြင့်တပ်မှူး၏ လက်ထောက်အဖြစ် အမှုထမ်းခဲ့သည်။ အကျဉ်းသားတစ်ဦးကို ကွပ်မျက်ခြင်းဖြင့် ပိုမို မြင့်မားသောတာဝန်ကို စတင်လုပ်ဆောင်ပြီးနောက် ပစ်မှတ်များကို တိုက်ခိုက်ခြင်းတွင် ပိုမို တက်ကြွသော တိုက်ခိုက်ရေးတာဝန်များအတွက် တာဝန်ပေးခြင်းခံခဲ့ရသည်။ ၎င်းသည် အဖွဲ့မှဖမ်းဆီးထားသော မိန်းကလေး အချို့ကိုလည်း ရက်ရက်စက်စက် အဓမ္မပြုကျင့်ခဲ့သည်။ ဤနည်းဖြင့် သုံးနှစ်ကြာနေထိုင်ပြီးနောက် အုပ်စုလိုက် အဖမ်းခံခဲ့ရသည်။

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား ကျင့်သုံးခြင်း</u>* - A သည် လူကုန်ကူးခံရသူဖြစ်ကြောင်း (ဖိနှိပ် အကြမ်းဖက်ရန် ရည်ရွယ်ချက်အတွက် စုဆောင်းခံရခြင်းနှင့် ပြန်ပေးဆွဲခံရခြင်း)နှင့် ဆိုးရွားသော လူ့အခွင့် အရေးချိုးဖောက်မှု၏ နစ်နာသူဖြစ်ကြောင်း အာဏာပိုင်များက အသိအမှတ်ပြုခဲ့သည်။ ပြန်လည်ထူထောင်ရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် မိသားစုပြန်လည်ပေါင်းစည်းရေးတို့အတွက် ရည်ရွယ်၍ ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေး လုပ်ရှားသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။[110]

B သည် ကလေးသူငယ် လူကုန်ကူးမှုခံရသူအဖြစ် အသိအမှတ်ပြုခံရသော်လည်း ကျူးလွန်ချိန်တွင် အသက် ၁၈ နှစ် ရှိပြီ ဖြစ်သည်။ သို့သော်လည်း အာဏာပိုင်များက သူကျူးလွန်ခဲ့သော ပြစ်မှုများနှင့်စပ်လျဉ်း၍ ကွဲပြားစွာ ရှုမြင် ကြသည်။ လူကုန်ကူးမှုကြောင့် ဖိနှိပ်ခံရမှုနှင့်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်သည်ဟု အသိအမှတ် ပြုသော်လည်း သူကျူးလွန်ခဲ့သော ပြစ်မှုအချို့သည် လူကုန်ကူးမှုအခြေအနေနှင့် ဆက်စပ်မှုမရှိဟု ယူဆကြသည်။ Bသည် မိန်းကလေးများကို ရက်စက်စွာ မုဒိမ်းကျင့်ခြင်းအပါအဝင် ကျူးလွန်ခဲ့သောရာဇဝတ်မှုများတွင် သူ့အား ခြိမ်းခြောက်မှုအန္တရာယ် တစ်စုံတစ်ရာကြောင့် ကျူးလွန်ခဲ့ရခြင်းမျိုးမဟုတ်သည့်အတွက် ထိုကျူးလွန်မှုများကို ရှောင်လွှဲခဲ့သင့်သည်။ ထို့ကြောင့် ထိုပြစ်မှုများအတွက် သူ့ကို ရာဇဝတ်မှုကျူးလွန်သူအဖြစ် သတ်မှတ်ခံခဲ့ရသည်။[111]

110 အကြမ်းဖက်မှုကျူးလွန်သူများအပါအဝင် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများနှင့် ဆက်နွှယ်နေသည့် သို့မဟုတ် ဆက်နွှယ်နေသည်ဟု စွပ်စွဲခံရသည့် ကလေးသူငယ်များကို ဆက်ဆံရာတွင် ကျင့်သုံးရမည့် အချက်များအတွက် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၄၂၇ (၂၀၁၈) ကို ရှု။

111 ဥပမာအတွက်ကြည့်ပါ - ယူဂန္ဓာနိုင်ငံတွင် ဇူလိုင် ၂၀၀၂ နှင့် ဒီဇင်ဘာ ၂၀၀၅ အကြား ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်မှုများနှင့် စစ်ရာဇဝတ်မှုများ စုစုပေါင်း ၆၁ မှုအတွက် ၂၀၂၀ ၌ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးမှ အပြစ်ရှိကြောင်း သတ်မှတ်ခံရသည့် ကလေးစစ်သားဟောင်း တစ်ဦးနှင့် သက်ဆိုင်သည့် *The Prosecutor v Dominic Ongwen ICC-02/04-01/15* အမှု။

## အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်း၏ အကြံပြုချက်

သတ်မှတ်ထားသော အကြမ်းဖက်အဖွဲ့များအပါအဝင် လက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းခြင်းအတွက် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကလေးသူငယ်များအား လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုများ၏ နစ်နာသူများအဖြစ် အသိအမှတ်ပြုသင့်သည်။ ပြစ်ဒဏ်ပေးခြင်းမဟုတ်ဘဲ ပြန်လည်ထူထောင်ရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် မိသားစုပြန်လည်ပေါင်းစည်းရေးတို့ကို ဦးစားပေး ဆောင်ရွက်သင့်ပါသည်။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၃၈၈ (၂၀၁၇) အရ နိုင်ငံအားလုံးသည် လူကုန်ကူးမှုကျူးလွန်ခံရသူများ အပါအဝင် သို့မဟုတ် အကြမ်းဖက်မှုကျူးလွန်သူများ အပါအဝင် နိုင်ငံတော် မဟုတ်သော လက်နက်ကိုင်အဖွဲ့အားလုံးနှင့် ဆက်နွှယ်နေသည်ဟု စွပ်စွဲခံထားရသည့် ကလေးသူငယ်များ အပါအဝင် လူကုန်ကူးခံရသူများအပေါ် အုပ်ချုပ်ရေးဆိုင်ရာ ချုပ်နှောင်ခြင်းကို အသုံးပြုခြင်းမှ ရှောင်ကြဉ် သင့်သည်။ လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်နေသော ကလေးသူငယ်များအား အရပ်ဘက် ကလေးသူငယ် အကာအကွယ်ပေးရေး လုပ်ဆောင်နေသူများထံ အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်း ပေးအပ်ရာတွင် စံလုပ်ဆောင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချမှတ်သင့်သည်။[112]

[112] အရင်းအမြစ် - အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally, UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁၊ စာပိုဒ် [၆၃]

# အပိုင်း ၅

# နစ်နာသူများ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသောအခါ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား ကျင့်သုံးခြင်း

## အပိုင်း ၅။ နစ်နာသူများ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောအခါ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား ကျင့်သုံးခြင်း

ပြစ်ဒဏ်ကင်းလွတ်ခွင့် အာမခံချက်များက နစ်နာသူများအား တရားစွဲဆိုခြင်းနှင့် အပြစ်ရှိကြောင်း တွေ့ရှိခြင်းမှ ကာကွယ်ရန် ပျက်ကွက်သောအခါ ပြစ်ဒဏ်ချမှတ်သည့်အဆင့်တွင် နစ်နာသူများကို ထပ်မံ အပြစ်ပေးခြင်းမှကာကွယ်ရန် အခွင့်အလမ်းများ ရှိနိုင်သည်။ နစ်နာသူများအား ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးရေး သဘောတရားနှင့်ဆန့်ကျင်၍ အပြစ်ရှိသည်ဟု မှားယွင်းစွာသတ်မှတ်ခဲ့ကြောင်း တွေ့ရှိခဲ့ပါက ၎င်းတို့အား ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်ရန် ပျက်ကွက်ခဲ့သော နိုင်ငံမှ ပြုလုပ်ခဲ့သည့် မှားယွင်းမှုအတွက် လျော်ကြေးပေးခြင်းအပါအဝင် ကုစားနည်းလမ်းများကို ရယူနိုင်ရမည်။

အပြစ်ရှိကြောင်း သတ်မှတ်ခံရသူများအပါအဝင် လူတိုင်းတွင် နိုင်ငံများက ထိန်းသိမ်းပေးရမည့် လူ့အခွင့်အရေးများရှိသည်။ နစ်နာသူများသည် ၎င်းတို့၏ ပြစ်ဒဏ်ကာလ ပြီးဆုံးပြီးနောက်ပိုင်းတွင်ပင် အပြစ်ရှိကြောင်းတွေ့ရှိမှု၏ သက်ရောက်မှုများကို ခံစားရနိုင်သည်။ သေးငယ်သော ပြစ်ဒဏ်များအတွက် ရာဇဝတ်မှုမှတ်တမ်းများ သို့မဟုတ် စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြစ်ဒဏ်များသည် နစ်နာသူများ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးကို ဟန့်တားနိုင်သည်။ လူကုန်ကူးခံရချိန်တွင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် ရာဇဝတ်မှတ်တမ်းများသည် နစ်နာသူများ၏ လျော်ကြေး ရယူခြင်းကို ဟန့်တားနိုင်သည်။[113] ၎င်းတို့သည် ခိုလှုံခွင့် သို့မဟုတ် နေထိုင်ခွင့်လျှောက်ထားမှုများနှင့် ခရီးသွားလာမှုများကို ထိခိုက်စေနိုင်သည်။ ၎င်းတို့သည် အိမ်ရာ၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ရယူနိုင်ခြင်းမှ ငြင်းပယ်ခံရ နိုင်သည်။ ရာဇဝတ်မှတ်တမ်းများသည် ချေးငွေလျှောက်ထားခြင်း သို့မဟုတ် လိုင်စင်များ သို့မဟုတ် လူမှုဖူလုံရေးအတွက် လျှောက်ထားခြင်းများကို ပိတ်ပင်နိုင်ရုံသာမက ၎င်းတို့၏ ကလေးသူငယ်များအား စောင့်ရှောက်အုပ်ထိန်းခွင့်ကိုပင် ဟန့်တားနိုင်သည်။ ဤအချက်များသည် ရာဇဝင်မှတ်တမ်းများကို ပယ်ဖျက်ရန်၊ ဖျက်သိမ်းရန် သို့မဟုတ် ပိတ်ထားရန် လိုအပ်ကြောင်း ညွှန်ပြနေသည်။

နိုင်ငံများအား နစ်နာသူများကို ထပ်မံအပြစ်ပေးခြင်းမှ ကာကွယ်ရန်နှင့် အပြစ်ရှိကြောင်း မှားယွင်းစွာ သတ်မှတ်ခံရသူများအား ကုစားမှုနည်းလမ်းများ ပံ့ပိုးပေးရန်အလို့ငှာ ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်အတွက် အောက်ပါ လမ်းညွှန်ချက်များကို ပံ့ပိုးပေးထားပါသည်။

### *[၁၂] လူကုန်ကူးခံရသူများအတွက် ပြစ်ဒဏ်ချမှတ်မှုများကို ရှောင်ရှားခြင်း သို့မဟုတ် လျှော့ပေါ့ပေးခြင်း*

> တရားသူကြီးများသည် လုပ်ထုံးလုပ်နည်းများကို ရပ်ဆိုင်းနိုင်သည်၊ နစ်နာသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည် သို့မဟုတ် နောက်ဆုံးအနေဖြင့် နစ်နာသူများအတွက်ချမှတ်ထားသော ပြစ်ဒဏ်များကို လျှော့ပေါ့ပေးနိုင်သည်။ ပြစ်ဒဏ်ချမှတ်မှုကို ရှောင်ရှားခြင်း သို့မဟုတ် လျှော့ချခြင်းသည် နစ်နာသူများကို မတရားစွပ်စွဲခံရသည့် အတွေ့အကြုံမှ ကာကွယ်ပေးနိုင်မည် မဟုတ်ပါ။ ဖမ်းဆီးခံရခြင်း၊ တရားစွဲဆို ခံရခြင်းနှင့် အပြစ်ရှိကြောင်း ထုတ်ပြန်ခံရခြင်းတို့ကို သိသိချင်းအဆင့်တွင် ကာကွယ်တားဆီးရန် လိုအပ်ပါသည်။ ထို့ကြောင့် ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်း တစ်ခုတည်းသည် နိုင်ငံ၏ တာဝန်ဝတ္တရားများကို နစ်နာသူများအား အပြစ်ဒဏ်မှ ကာကွယ်[illegible] အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။

113 [illegible] OSCE, ODIHR, 2022) စာမျက်နှာ - ၂၃၃

## ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်းနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများသည် ပြစ်ဒဏ်လျော့ပါးရေးကို မည်သို့အထောက်အကူပြုနိုင်ကြောင်း စဉ်းစားသုံးသပ်ခြင်း

ပြစ်ဒဏ် လျှော့ပေါ့ပေးခြင်းနှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများသည် အပြစ်ရှိကြောင်း ထုတ်ပြန်ခံရသည့်အခါ ကာကွယ်မှုမရရှိခဲ့သော နစ်နာသူများအတွက် ပြစ်ဒဏ်မှသက်သာရာရစေရန် အသုံးဝင်သောကိရိယာတစ်ခု ဖြစ်နိုင်ပါသည်။[114] တရားစီရင်ရေးအဖွဲ့ဝင်များသည် လူကုန်ကူးခံရသည့် နစ်နာသူများအား ၎င်းတို့၏တာဝန်ရှိမှု သက်သေပြပြီး ဖြစ်သော်လည်း ပြစ်ဒဏ်မချမှတ်ရန် ခွင့်ပြုသည့် စည်းမျဉ်းစည်းကမ်းများကို အသုံးပြုနိုင်သင့်ပါသည်။ အခြားစီရင်ပိုင်ခွင့်နယ်ပယ်များတွင် ပြစ်မှုကျူးလွန်သူ၏ အပြစ်ရှိမှုအဆင့်ကို ထင်ဟပ်စေရန် ယေဘုယျစည်းမျဉ်းများကို ပြစ်ဒဏ်ချမှတ်ရာတွင် အသုံးပြုနိုင်ပါသည်။

## ချမှတ်သည့်ပြစ်ဒဏ်များသည် ပြစ်မှုကျူးလွန်သည့်နစ်နာသူများ၏ အပြစ်ရှိမှုကို ထင်ဟပ်စေရန် သေချာစေခြင်း

နစ်နာသူတစ်ဦးအား ပြစ်မှုတစ်ခုအတွက် အပြစ်ရှိကြောင်းတွေ့ရှိပါက ချမှတ်သည့်ပြစ်ဒဏ်များသည် ပြစ်မှုကျူးလွန်သည့် နစ်နာသူများ၏ တာဝန်ယူမှုအဆင့်နှင့် ကျူးလွန်သည့်ပြစ်မှု၏ ပြင်းထန်မှုကို အမြဲ ထင်ဟပ်စေသင့်ပါသည်။ တရားစီရင်ရေး ဆိုင်ရာ အဖွဲ့ဝင်များအား နစ်နာသူများ၏ ပြစ်မှုကျူးလွန်မှုနှင့် ၎င်းတို့၏ လူကုန်ကူးခံရမှုအကြား ဆက်နွယ်မှုကို နားလည်ခြင်းဖြင့် နစ်နာသူများ၏ အပြစ်ရှိမှုကို ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်စွမ်းရှိစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေး သင့်ပါသည်။

ထို့သို့သော အခြေအနေများတွင် အပြစ်ရှိမှုအဆင့်ကို ဆုံးဖြတ်ရာတွင်၊ ပြစ်မှုကျူးလွန်မှုနှင့် လူကုန်ကူးမှုအကြား ဆက်နွယ်မှု ပိုမိုအားကောင်းလေလေ၊ လူတစ်ဦး၏ အပြစ်ရှိမှုနှုန်း လျော့နည်းနိုင်သည်ဟု ယူဆရန် သင့်တော်ပါသည်။ တရားစီရင်ရေးဆိုင်ရာ အဖွဲ့ဝင်များအား နစ်နာသူများနှင့် ၎င်းတို့၏ ပြစ်မှုကျူးလွန်မှုဆိုင်ရာ ကိုယ်ပိုင်အမြင်များနှင့် ယူဆချက်များကို မေးခွန်းထုတ်ရန် အားပေးသင့်ပါသည်။ သို့မှသာ ၎င်းတို့၏ ဆုံးဖြတ်ချက်များသည် တရားမျှတ၍ ဘက်လိုက်မှုကင်းစေနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နစ်နာသူများ ပြစ်မှုတစ်ခုတွင်ပါဝင်နေသည့် အခြေအနေများတွင် သက်သာခွင့်ပြုနိုင်သည့် အခြေအနေများကို ၎င်းတို့ကိုယ်တိုင် နားလည်ကျွမ်းကျင်စွာ သိရှိထားသင့်ပါသည်။[115]

114 လူကုန်ကူးခံရသောကြောင့် ပြစ်မှုကျူးလွန်ရန် အစမ္မစေခိုင်းခံရသော နစ်နာသူများအတွက် သင့်တော်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုံ့ပြန်ချက်များ ဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက် - ဗီယင်နာမြို့ရှိ လူကုန်ကူးမှုအရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးရုံးမှ နောက်ခံအချက်အလက်ဆိုင်ရာ စာရွက်စာတမ်းများကို ၂၀၂၀ စက်တင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြင်ဆင်ပေးထားခြင်းဖြစ်သည်။ UN Doc. CTOC/COP/WG.4/2020/2 (15 June 2020) အပိုဒ် ၄၆

115 ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံ၏ တရားမဥပဒေ ပုဒ်မ ၅၁တွင် ကျူးလွန်သူ၏ ရန်စမှု၊ ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု သို့မဟုတ် မသိနားမလည်မှုကြောင့် ရာဇဝတ်မှုကျူးလွန်ရာနေရာ အပါအဝင် သက်ဆိုင်သည့်အချက်များကို လျှော့ချပေးရန် ပြဋ္ဌာန်းထားသည်။ ထိုနည်းတူပင် ပြစ်ဒဏ်လျှော့ပေါ့သက်သာစေသော အခြေအနေများကို စီမံအုပ်ချုပ်ရေးရာ ချိုးဖောက်မှုများ ကိုင်တွယ်ဖြေရှင်းခြင်း ဥပဒေ၏ ပုဒ်မ ၉ တွင် ဖော်ပြထားပေးသည်။

**စာကွက် - ဥပမာ (မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း)**

A သည် ငယ်ရွယ်သော တစ်ကိုယ်ရေမိခင်တစ်ဦးဖြစ်ပြီး သူမ၏သားနှင့် အိမ်နီးနေသောမိခင်ကို ထောက်ပံ့ရန် ရုန်းကန်နေရသူ ဖြစ်သည်။ သူမသည် အခြားနိုင်ငံမှ ချမ်းသာပြီး ဆွဲဆောင်မှုရှိသော ယောက်ျားတစ်ဦးနှင့် ချစ်ကြိုက်သွားသည်။ ထိုယောက်ျားသည် သူ၏ သွင်းကုန်/ထုတ်ကုန် လုပ်ငန်းအတွက် သူမ၏မြို့သို့ မကြာခဏလာလေ့ရှိသည်။ လပေါင်းများစွာ သူ မြို့ရောက်တိုင်းတွေ့ဆုံပြီးနောက် သူက သူမကို တစ်ပတ်ကြာလာလည်ရန် လေယာဉ်လက်မှတ်ဝယ်ပေးသည်။ A သည် ပထမဆုံးအကြိမ် သူ့မြို့ကိုသွားရောက်လည်ပတ်ရန် စိတ်လှုပ်ရှားနေသည်။ သူက လေဆိပ်သို့ သွားရာလမ်းတွင် သူ့လုပ်ဖော်ကိုင်ဖက်တစ်ဦးထံမှ ပစ္စည်းအချို့ကိုယူပြီး သူ့ထံသို့ ယူဆောင်လာပေးရန် တောင်းဆိုသည်။ A သည် ထိုတောင်းဆိုမှုကို လိုက်လျောခဲ့သည်။ သူမ မြို့ရောက်ပြီးနောက် အာဏာပိုင်များက သူမ၏ ခရီးဆောင် အိတ်ထဲတွင် မူးယစ်ဆေးဝါးများတွေ့ရှိပြီး သူမကို ခေါ်ယူခဲ့သည်။ သူမအား ကိုကင်းမူးယစ်ဆေးဝါး ကုန်ကူးမှုဖြင့် ဖမ်းဆီးခံရသည်။

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးခြင်း</u>* - အမှုလိုက်ဥပဒေအရာရှိသည် A အား ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအရ လွှတ်ပေးရန် တရားရုံးသို့ မေတ္တာရပ်ခံခဲ့သည်။ တရားသူကြီးသည် A အား လူကုန်ကူးမှုဖြင့် မတရားပြစ်မှုကျူးလွန်ခြင်းခံရသည်ကို အသိအမှတ်ပြုသော်လည်း ပြည်တွင်းဥပဒေသည် မတရား ပြစ်မှုကျူးလွန်ခြင်းကို လူကုန်ကူးမှု၏ ရည်ရွယ်ချက်အဖြစ် အသိအမှတ်မပြုကြောင်း၊ ထို့အပြင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်သည် လူဝင်မှုကြီးကြပ်ရေးနှင့် လိင်မှုရေးရာကြောင့်ဖြစ်သော ပြစ်မှုများအတွက်သာ ကန့်သတ်ထားကြောင်း မှတ်ချက်ပြုသည်။ ဤအခြေအနေပေါ်အခြေခံ၍ တရားသူကြီးသည် A အား အပြစ်ရှိကြောင်းထုတ်ပြန်ရန် စိတ်မပါဘဲဆုံးဖြတ်လိုက်သည်။ သို့သော် တရားသူကြီးသည် A ၏ ကိုယ်ရေးကိုယ်တာအခြေအနေများကို အခြေခံ၍ သူမ၏ ပြစ်ဒဏ်ကို လျှော့ပေါ့ပေးကာ အနည်းဆုံးထောင်ဒဏ်ကာလကို သတ်မှတ်ပြီး သတ်မှတ်ကာလအတွင်း ဆိုင်းငံ့ပေးလိုက်သည်။

### *[၁၃] မှားယွင်းစွာ အပြစ်ပေးခံရမှုအတွက် နစ်နာသူများကို ပြန်လည်ကုစားမှုများ ဆောင်ရွက်ပေးခြင်း*

နစ်နာသူများအား မတရားအပြစ်ရှိကြောင်း ထုတ်ပြန်ခံရခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ ကာကွယ်ရန် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုကို အာဏာပိုင်များက အသုံးမပြုခြင်းသည် ၎င်းတို့၏ လူ့အခွင့်အရေးများကို ချိုးဖောက်သည့်လုပ်ရပ်ဖြစ်သည်။ နစ်နာသူများသည် ၎င်းတို့၏အခွင့်အရေးများ ချိုးဖောက်ခံရမှုအတွက် နိုင်ငံတကာဥပဒေအရသာမက အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၅ အရပါ ထိရောက်ပြီး အကောင်အထည်ဖော်နိုင်သော ပြန်လည်ကုစားမှုကို ရယူပိုင်ခွင့်ရှိသည်။ နိုင်ငံများသည် ဤပျက်ကွက်မှုကို ကုစားရန်အတွက် လုပ်ဆောင်ချက်များကို ထိရောက်စွာဆောင်ရွက်ရန် တာဝန်ရှိသည့် အခြေခံမှုအရ စီမံအုပ်ချုပ်ရေးရာ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ၊ တရားမရေးရာ၊ ရာဇဝတ်ရေးရာ သို့မဟုတ် အခြား ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ချမှတ်ထားသော မှားယွင်းအရေးယူမှုများ (ဒဏ်ငွေများအပါအဝင်) ကို ပယ်ဖျက်ခြင်း၊ ရာဇဝတ်မှုမှတ်တမ်းများကို ပိတ်သိမ်းခြင်းနှင့် အပြစ်ရှိကြောင်း ထုတ်ပြန်ချက်များကို ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်သင့်သည်။

## နစ်နာသူများကို မှားယွင်းပြစ်ဒဏ်ချမှုအပေါ် ပြန်လည်ကုစားမှုရှာဖွေနိုင်ရန် လက်ရှိအခွင့်အလမ်းများကို ရှာဖွေခြင်း

အခြားသော အခွင့်အရေးပိုင်ဆိုင်သူများနည်းတူ နစ်နာသူများသည်လည်း မတရားအပြစ်ရှိကြောင်း ထုတ်ပြန်ခံရခြင်း သို့မဟုတ် တရားမျှတမှု မရှိခြင်းအတွက် လျော်ကြေး တောင်းဆိုပိုင်ခွင့်ရှိသည်။[116] အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့်အခြေခံမှုနှင့် ဆန့်ကျင်၍ မတရားအပြစ်ရှိကြောင်း ထုတ်ပြန်ခံရသော နစ်နာသူများအား အယူခံဝင်ပိုင်ခွင့်များကို လက်လှမ်းမီစေရန် သေချာစွာ ဆောင်ရွက်သင့်သည်။ ဥပမာအားဖြင့် ဖိလစ်ပိုင်နိုင်ငံရှိ ဥပဒေသည် မတရားစွပ်စွဲခံရသူများ၊ အပြစ်ရှိကြောင်း ထုတ်ပြန်ခံရသူများနှင့် ထောင်ဒဏ်ချမှတ်ခံရသူများအပါအဝင် လူများစွာအား လျော်ကြေး တောင်းဆိုခွင့်ကို ခွင့်ပြုထားသည်။[117] လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံရှိ ဥပဒေသည် တရားရုံး၏ ဆုံးဖြတ်ချက်များကို သတ်မှတ်ထားသော အကြောင်းပြချက်များအပေါ် အခြေခံ၍ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ကို

116 ICCPR ၊ အပိုဒ် ၁၄(၆)၊ အာဆီယံလူ့အခွင့်အရေးကြေညာချက် အပိုဒ် ၅။

117 ဖိလစ်ပိုင် (၁၉၉၂ ခုနှစ်၊ မတ်လ ၃၀) ကို ကြည့်ပါ။ သမ္မတနိုင်ငံ အက်ဥပဒေအမှတ် ၇၃၀၉ (မတရား အကျဉ်းချမှု သို့မဟုတ် ချုပ်နှောင်မှုကြောင့် နစ်နာသူများနှင့် အကြမ်းဖက် ရာဇဝတ်မှုများကြောင့် နစ်နာသူများအတွက်နှင့် အခြားရည်ရွယ်ချက်များအတွက် တရားမျှတမှုရယူရေး ဦးစီးဌာနလက်အောက်ရှိ စောဒကတိုင်ကြားမှုများဆိုင်ရာ ဘုတ်အဖွဲ့မှ ပြုစုခဲ့သည့် အက်ဥပဒေ) တွင် အောက်ပါပုဂ္ဂိုလ်များအား လျော်ကြေးလျှောက်ထားပိုင်ခွင့် ပေးထားသည် - မတရားစွပ်စွဲ၊ အမိန့်ချ၊ အကျဉ်းချခံရပြီးနောက်ပိုင်းတွင် အပြစ်မရှိသဖြင့် တရားသေ ပြန်လွှတ်ပေးခံရသူများ၊ မတရားထိန်းသိမ်းခံရပြီးနောက် တရားစွဲဆိုခြင်း မရှိဘဲ ပြန်လွှတ်ခံရသူများ၊ အာဏာပိုင်များ၏ တစ်ဖက်သတ် ဆုံးဖြတ်ချက်ဖြင့် ထိန်းသိမ်းခံရသူများ သို့မဟုတ် မုဒိမ်းမှုနှင့် ကြိုတင်ကြံစည်ကျူးလွန်သည့်ပြစ်မှုများ အပါအဝင် အကြမ်းဖက် ရာဇဝတ်မှုများကြောင့် နစ်နာသူများဖြစ်ပြီး နောက်ဆက်တွဲအဖြစ် သေဆုံးခြင်း သို့မဟုတ် အပြင်းအထန် ကိုယ်လက်ခန္ဓာ နှင့်/သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာအနာတရဖြစ်ခြင်း၊ ထာဝရ စွမ်းဆောင်နိုင်မှုချို့ငဲ့သွားခြင်း သို့မဟုတ် မသန်စွမ်း ဖြစ်သွားခြင်း၊ စိတ်ပေါ့သွပ်သွားခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ ပြင်းထန်စိတ်ဒဏ်ရာရခြင်း၊ သို့မဟုတ် နှိပ်စက်ညှင်းပန်းမှု၊ ကြမ်းကြုတ်မှု သို့မဟုတ် ရက်စက်မှု ကျူးလွန်ခံရသူများ ဖြစ်ကြသည်။

ခွင့်ပြုထားသည်။[118]

တရားဝင်နည်းလမ်းများနှင့် ဆောင်ရွက်ရာတွင် နစ်နာသူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်ခဲများကို ဖော်ထုတ်ပြီး ကျော်လွှားသင့်သည်။ ထိုအခက်အခဲများကို ဝေဖန်သုံးသပ်ရာတွင် နိုင်ငံသားဖြစ်မှု၊ အခြေအနေ၊ မသန်စွမ်းမှု၊ ဘာသာစကား၊ လူကုန်ကူးမှုအမျိုးအစား သို့မဟုတ် အခြားအကြောင်းပြချက်များ ကဲ့သို့သော ခွဲခြားဆက်ဆံမှုဆိုင်ရာ အခြေခံများနှင့် သက်ဆိုင်သည့် အခက်အခဲများကို ထည့်သွင်းစဉ်းစားသင့်သည်။ ထို့အပြင် နစ်နာသူများအား အပြစ်ပေးခြင်းသည် တရားမျှတမှုရရှိရန် ဆောင်ရွက်ခြင်းကို မည်မျှအထိ ဟန့်တားနေသည်ကိုလည်း အကဲဖြတ်သင့်သည်။ ထိုအခက်အခဲ များသည် ၎င်းတို့အား ချမှတ်ထားသော ရာဇဝတ်မှတ်တမ်းများကြောင့် ဖြစ်နိုင်သလို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ချိုးဖောက်မှုများကြောင့် ချမှတ်ထားသော ခရီးသွားပိတ်ပင်မှုကြောင့် နစ်နာသူများအနေဖြင့် လျော်ကြေးရရှိရန်အတွက် ခရီးသွားရာတွင် အခက်ခဲရှိနိုင်သည်။ ထို့အပြင် အာဆီယံနိုင်ငံတစ်နိုင်ငံတွင် နစ်နာသူအဖြစ် အသိအမှတ်ပြုခံရသော်လည်း အခြားနိုင်ငံများတွင် အသိအမှတ်ပြု မခံရခြင်းကြောင့်လည်း အခက်အခဲများဖြစ်ပေါ် နိုင်သည်။

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူနှင့်ဆန့်ကျင်၍ မတရားအပြစ်ပေးခံရသော နစ်နာသူများအတွက် မကျေနပ်မှု ဖြေရှင်းရေး ယန္တရားများ ချမှတ်ထားသင့်သည်။ မတရားအပြစ်ပေးခံရမှုများကြောင့် ၎င်းတို့၏ အခွင့်အရေးများ ချိုးဖောက်ခံရသော နစ်နာသူများအား လက်လှမ်းမီနိုင်စေရန် ရန်ပုံငွေများထူထောင်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်သင့်သည်။[119] မတရားအပြစ်ပေးခံရသော နစ်နာသူများအတွက် ရရှိနိုင်သည့် ပြန်လည်ကုစားမှုများသည် နိုင်ငံမှနှင်ထုတ်ခံရခြင်း၊ ဖမ်းဆီးခံရခြင်း၊ ပြန်ပို့ခံရခြင်း သို့မဟုတ် အပြစ်ရှိကြောင်း ထုတ်ပြန်ခံရခြင်းကဲ့သို့သော အကြောင်းများကြောင့် မတရား အပြစ်ပေးခံရသော နစ်နာသူများအား ခွဲခြားဆက်ဆံမှုမရှိဘဲ ရရှိနိုင်စေရန် ဖြစ်သင့်သည်။

### စာကွက် - ဥပမာ (မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း)

118 လာအိုနိုင်ငံ၏ ရာဇဝတ်ရေးရာလုပ်ထုံးလုပ်နည်းသည် တရားရုံးဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အယူခံဝင်မှုများနှင့် ပယ်ချရန် မေတ္တာရပ်ခံချက်များကို ခွင့်ပြုသည် (အပိုဒ် ၂၁၄)။ အပိုဒ် ၂၂၃ သည် အောက်ပါအခြေအနေများအပါအဝင် သီးခြားအခြေအနေများ၌ ပယ်ဖျက်ခွင့် သို့မဟုတ် ပြင်ဆင်ခွင့်များကို ခွင့်ပြုသည် - ၁) စုံစမ်းစစ်ဆေးရေးဆိုင်ရာ - စစ်ကြောမှု သို့မဟုတ် အမှုရုံးတင်မှုသည် ကျယ်ပြန့်စွာ၊ ပြည့်စုံစွာနှင့် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းမရှိပါက၊ ၂) တရားရုံး၏ ကျိုးကြောင်းကောက်ယူ ဆုံးဖြတ်မှုသည် အမှု၏ အမှန်တကယ်ဖြစ်ရပ်များသည် သွေဖည်နေပါက၊ ၃) ပြစ်ဒဏ်ချမှတ်ခြင်းသည် လူ့အဖွဲ့အစည်းအတွက် ပြစ်မှု၏ အန္တရာယ်အတိမ်အနက်၊ သဘောသဘာဝနှင့် ကျူးလွန်သူ၏ ကိုယ်ရည်ကိုယ်သွေးနှင့် မဆီလျော်သောအခါ၊ ၄) ရာဇဝတ်လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း သို့မဟုတ် ရာဇဝတ်ဥပဒေများကို မမှန်မကန်အသုံးပြုခြင်းတို့ ရှိသောအခါ။

119 နိုင်ငံဖြတ်ကျော်မှုခင်းများမှ သက်သေများနှင့် နစ်နာသူများအား အကာအကွယ်ပေးရေးနှင့် ဖေးမကူညီရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေးဆိုင်ရာ အာဆီယံကြေညာစာတမ်း အချက် (၃) (၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၁ရက်) သည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအား “နိုင်ငံဖြတ်ကျော်မှုခင်းများအပါအဝင် ရာဇဝတ်မှုများကြောင့် နစ်နာသူများအတွက် လျော်ကြေးပေးခြင်းနှင့် ထိခိုက်နစ်နာကြေးပေးခြင်းတို့ကို လက်လှမ်းမီရယူနိုင်ရေး ပံ့ပိုးပေးနိုင်မည့် လုပ်ထုံးလုပ်နည်းများချမှတ်ရန်နှင့် ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုမှုများ၏ သင့်လျော်သောအဆင့်များ၌ နစ်နာသူများ တက်ရောက်စေရေး ထည့်သွင်းစဉ်းစားပေးရမည့် ရှုထောင့်များနှင့် စိုးရိမ်ပူပန်မှုများအတွက် ဆောင်ရွက်ပေးကြရန်” တိုက်တွန်း အားပေးသည်။

A သည် ဘီးတပ်ကုလားထိုင်အသုံးပြုရသော မသန်စွမ်းသူ ၁၉ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်သည်။ သူသည် မိခင်အိုကြီးကို ထောက်ပံ့ရန် လပေါင်းများစွာ အလုပ်အကိုင်မရှိဘဲ ရုန်းကန်နေရသည်။ ဒေသခံ မူးယစ်ဆေးဝါး ကုန်ကူးမှုလုပ်ငန်းစုတစ်ခုက သူ့အား မူးယစ်ဆေးဝါးများရောင်းချရန် စည်းရုံးသည်။ သူတို့က သူ့အား မူးယစ်ဆေးဝါးများ မရောင်းချပါက သူ့မိခင်ကို အစားထိုးလုပ်ခိုင်းမည်ဟု ခြိမ်းခြောက်သည်။ ထို့အပြင် ဘီးတပ်ကုလားထိုင် အသုံးပြုနေသော လူတစ်ဦးကို အာဏာပိုင်များက မူးယစ်ဆေးဝါး ရောင်းချသူအဖြစ် သံသယထားမည်မဟုတ်ဟု ပြောဆိုကာ မူးယစ်ဆေးဝါး ရောင်းချခြင်းတွင် သူအောင်မြင်မည်ဟု ယုံကြည်အောင် ပြောဆိုကြသည်။ A သည် လမ်းပေါ်တွင် မူးယစ်ဆေးဝါးများရောင်းရာမှ ရရှိသောအမြတ်ငွေ၏ ရာခိုင်နှုန်းတစ်ခုကို ရရှိသည်။ တစ်နေ့တွင် သူသည် မူးယစ်ဆေးဝါးများကို လျှို့ဝှက်ရဲတပ်ဖွဲ့ဝင်တစ်ဦးထံ ရောင်းချမိပြီး ထိုရဲတပ်ဖွဲ့ဝင်က သူ့အား ဖမ်းဆီးလိုက်သည်။

*<u>ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးခြင်း</u>* - A ၏ တရားစီရင်မှုတွင် လျှို့ဝှက်ရဲတပ်ဖွဲ့ဝင်၏ သက်သေခံချက်၊ သူဝယ်ယူခဲ့သော မူးယစ်ဆေးဝါးများနှင့် ထိုမူးယစ်ဆေးဝါးများအတွက် A ထံမှ သိမ်းဆည်းရမိခဲ့သော ငွေကြေးများ အပါအဝင် သက်သေခံချက်တင်ပြခဲ့ပါသည်။ ထို အထောက်အထားများက A သည် တရားမဝင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သက်သေပြနေပါသည်။ သူသည် ထောင်ဒဏ်နှစ်ရှည် ချမှတ်ခံရပါသည်။ ထောင်ကျပြီး ပထမလများအတွင်း A သည် ဆရာဝန်နှင့် ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်သည်။ A နှင့် ဆရာဝန်တို့ စကားပြောဆိုနေစဉ် ဆရာဝန်က A သည် သူ့အား အပြစ်ရှိကြောင်း ထုတ်ပြန်ခံရသောပြစ်မှုကို ကျူးလွန်စေရန် လူကုန်ကူးခံရခြင်း ဖြစ်နိုင်သည်ဟု စိုးရိမ်လာသည်။ ထို့နောက် သက်ဆိုင်ရာအာဏာပိုင်များက A အား သူ့မိခင်ကို ခြိမ်းခြောက်မှုများနှင့် သူ၏ အားနည်းချက်ကို အခွင့်ကောင်းယူကာ ပြစ်မှုကျူးလွန်ရန်စည်းရုံးခံရသော နစ်နာသူအဖြစ်သတ်မှတ်သည်။ အမှုကိုအယူခံဝင်သည်။ အယူခံတရားရုံးက A ၏ နစ်နာသူဖြစ်ကြောင်း သက်သေ အထောက်အထားများအပေါ် အခြေခံ၍ အမှုကိုပလပ်လိုက်ပြီး မတရားအပြစ်ရှိကြောင်း ထုတ်ပြန်ခံရမှုအတွက် လျော်ကြေးပေးရန် ညွှန်ကြားလိုက်သည်။

## နစ်နာသူများအပြစ်ရှိကြောင်း ထုတ်ပြန်ချက်များကို ဖျက်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းခြင်းအတွက် အခွင့်အလမ်းများကို ရှာဖွေခြင်း

တရားစီရင်ရေးဆိုင်ရာ အဖွဲ့ဝင်များနှင့် ရာဇဝတ်ဥပဒေကျင့်ထုံးပညာရှင်များသည် လက်ရှိတွင် ပြဋ္ဌာန်းထားသော ပယ်ဖျက်ခြင်းဆိုင်ရာ ဥပဒေများနှင့် နစ်နာသူများသည် ထိုဥပဒေများကို အသုံးပြုနိုင်သည့် အခြေအနေများကို ကောင်းစွာ နားလည်ထားသင့်သည်။ ၎င်းတို့သည် အပြစ်ရှိကြောင်း ထုတ်ပြန်ချက်များကို ဖျက်သိမ်းခြင်း (အပြစ်ရှိကြောင်း ထုတ်ပြန်ချက်ကို ပြန်လည်ရုပ်သိမ်းခြင်း)၊ ပယ်ဖျက်ခြင်း (ရာဇဝတ်မှတ်တမ်းမှ အပြစ်ရှိကြောင်း ထုတ်ပြန်ချက်ကို ဖယ်ရှားခြင်း) သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းခြင်း (အပြစ်ရှိကြောင်း ထုတ်ပြန်ချက်များကို ကြည့်ရှုရန် တရားရုံး၏ အမိန့်လိုအပ်ခြင်း) ဆိုင်ရာ လုပ်ငန်းစဉ်များကို နားလည်ထားရန်လိုအပ်ပြီး နစ်နာသူများအား ထိရောက်သော ပြန်လည် ကုစားမှုများ ပေးစွမ်းနိုင်ရန်ဖြစ်သည်။ ဥပဒေပညာရှင်များသည် နစ်နာသူများအား ၎င်းတို့၏ အပြစ်ရှိကြောင်း ထုတ်ပြန်ချက် များကို ပယ်ဖျက်ရန် တရားရုံးသို့ လျှောက်လွှာတင်ရာတွင် ကူညီပံ့ပိုးရန် အခန်းကဏ္ဍမှပါဝင်သင့်ပြီး နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုများမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်၍ နစ်နာသူများအတွက် ပြန်လည်ကုစားမှုများ ရှာဖွေရာတွင် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်သင့်သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အမျိုးသား လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ (ရှိပါက) သည် ၎င်းတို့၏ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း ပယ်ဖျက်ခြင်းဆိုင်ရာ ဥပဒေများကို အကဲဖြတ်သင့်သည်။ ၎င်းတို့သည် ၎င်းတို့၏ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း အပြစ်ရှိကြောင်း ထုတ်ပြန်ချက်များကို ပြန်လည်ရုတ်သိမ်းသည့် တရားရုံး၏ ဆုံးဖြတ်ချက် များသည် နစ်နာသူများအား စွပ်စွဲခံရခြင်း သို့မဟုတ် အပြစ်ရှိကြောင်း ထုတ်ပြန်ခံရခြင်း မရှိကြောင်း ပြောဆိုခွင့်ပေးသည့် အခြေအနေကို ဖြစ်စေသည် သို့မဟုတ် စွပ်စွဲချက်ကို နစ်နာသူမှတ်တမ်းမှ ဖယ်ရှားပေးသော်လည်း အပြစ်ရှိကြောင်း ထုတ်ပြန်ချက်ကို ဆက်လက် တည်မြဲနေစေသည့် အခြေအနေကိုဖြစ်စေကြောင်း ဆုံးဖြတ်သင့်သည်။[120]

ဤအဖွဲ့အစည်းများသည် နစ်နာသူများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို အပြည့်အဝ အကောင်အထည်ဖော်နိုင် ရန် ရာဇဝတ်မှုမှတ်တမ်းများကို ပယ်ဖျက်ခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းဆိုင်ရာ အခွင့်အလမ်းများ အပေါ် ဖြစ်ပေါ်စေနိုင်သော ကန့်သတ်ချက်များနှင့် အဟန့်အတားများကို ဖော်ထုတ်သင့်သည်။ ဥပမာအားဖြင့် အချို့သော ဥပဒေများသည် သတ်မှတ်ပြစ်မှု အမျိုးအစားများ (ဥပမာ - လူဝင်မှုကြီးကြပ်ရေးနှင့်ပတ်သက်သော ပြစ်မှုများ သို့မဟုတ် ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ခြင်းဆိုင်ရာ ပြစ်မှုများ) ကိုသာ သက်ရောက်နိုင်ပြီး နစ်နာသူများ လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့သည့် အခြားသောပြစ်မှုများကို သက်ရောက်မှု မရှိနိုင်ပါ။ ပြစ်မှုကျူးလွန်သည့် နစ်နာသူ များနှင့် ပတ်သက်သည့်အမှုများတွင် ပယ်ဖျက်ခြင်းဆိုင်ရာဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုရန် တရားရုံးများကို အားပေးသင့်သည်။

[120] လူကုန်ကူးခံရသောကြောင့် ပြစ်မှုကျူးလွန်ရန် အဓမ္မစေခိုင်းခံရသော နစ်နာသူများအတွက် သင့်တော်သော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုံ့ပြန်ချက်များ ဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက် - ဗီယင်နာမြို့ရှိ လူကုန်ကူးမှုအရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးရုံးမှ နောက်ခံအချက်အလက်ဆိုင်ရာ စာရွက်စာတမ်းများကို ၂၀၂၀ စက်တင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြင်ဆင်ပေးထားခြင်းဖြစ်သည်။ UN Doc. CTOC/COP/WG.4/2020/2 (15 June 2020) အပိုဒ် ၅၀

## ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန် နစ်နာသူများ ရင်ဆိုင်နေရသော အခက်အခဲများကို ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းခြင်း

နစ်နာသူများအနေဖြင့် ၎င်းတို့၏ ပြစ်မှုဆိုင်ရာမှတ်တမ်းများကို ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းတို့တွင် ရင်ဆိုင်နေရသည့် ဥပဒေရေးရာ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် လက်တွေ့ကျင့်သုံးမှုဆိုင်ရာ အခက်အခဲများကို လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အမျိုးသား လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများက ဖော်ထုတ်ပြီး ဖြေရှင်းသင့်သည်။ ထို့အပြင် ဤအခက်အခဲများကို ဖော်ထုတ်ရန်နှင့် ဖြေရှင်းရန်အတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) တို့၏ပံ့ပိုးမှုရယူခြင်းကို ထည့်သွင်းစဉ်းစားသင့်သည်။

ပြန်လည်ကုစားမှုကို လက်လှမ်းမီရယူနိုင်စေရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် တရားရုံးများအနေဖြင့် ပြစ်ဒဏ်မှတ်တမ်းများကို ပယ်ဖျက်သည့် ဥပဒေများကို အကောင်အထည်ဖော်နိုင်မည့် လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များကို သတ်မှတ်ပေးရန် လိုအပ်နိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် နစ်နာသူများအနေဖြင့် ၎င်းတို့၏ ပြစ်ဒဏ်မှတ်တမ်းများသည် အမှားအယွင်းဖြစ်ကြောင်း သက်သေပြရန် ကြုံတွေ့နေရသော မလိုအပ်သည့် ဝန်ထုပ်ဝန်ပိုးများကို လျှော့ချရန်အတွက် ဥပဒေရေးရာ အကူအညီများ ပေးခြင်းလည်းပါဝင်သည်။[121]

အချို့သော နစ်နာသူများအနေဖြင့် ပြန်လည်ကုစားမှုကို လက်လှမ်းမီရယူရာတွင် ကြုံတွေ့နိုင်သည့် ခွဲခြားဆက်ဆံမှုဆိုင်ရာ အခက်အခဲများကိုဖယ်ရှားရန် လိုအပ်သည့်လုပ်ဆောင်ချက်များကို ချမှတ်ရန် လိုအပ်နိုင်သည်။ ဥပမာအားဖြင့် ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် ပြန်လည်ကုစားရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းများနှင့်ပတ်သက်သည့် အချက်အလက်များကို ပြစ်ဒဏ်ချမှတ်ခံရသူများ နားလည်နိုင်သည့် ဘာသာစကားများဖြင့် သိရှိစေရမည်။ ထို့အပြင် အချက်အလက်များကို ပေးပို့ခြင်းနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်ရာတွင် ကလေးသူငယ်များနှင့် လူငယ်များအတွက် ၎င်းတို့၏ သဘာဝနှင့်ကိုက်ညီ၍ လက်လှမ်းမီ အသုံးပြုနိုင်စေရမည်ဖြစ်ပြီးလျှင် တရားမျှတမှုရရှိရန်နှင့် ထိရောက်သော ကုစားမှုများကို ရယူနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်တွင်းဥပဒေလိုအပ်ချက်များနှင့်အညီ မသန်စွမ်းသူများပါ အကျုံးဝင်ပါဝင်နိုင်သော နည်းလမ်းများဖြစ်စေရေးအတွက် လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားရမည်။

[121] အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally ၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁၊ စာပိုဒ် ၅၀

### အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်

ပြည်တွင်းအာဏာပိုင်များက ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လိုက်နာကျင့်သုံးရန် ပျက်ကွက်ပြီး နစ်နာသူတစ်ဦးအား ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခြင်းပြုလုပ်ပါက နိုင်ငံများအနေဖြင့် ထိုကဲ့သို့သော ပျက်ကွက်မှုကို ပြင်ဆင်ရန်လိုအပ်သည်ဟု စည်းကမ်းသေဝပ်စွာဆောင်ရွက်ရန် အခြေခံမူကသတ်မှတ်ထားသည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို အပြည့်အဝနှင့်ထိရောက်စွာ အကောင်အထည်ဖော်ရန် သေချာစေရန်အတွက် သက်ဆိုင်ရာ ပြစ်မှုဆိုင်ရာမှတ်တမ်းများအားလုံးကို ပယ်ဖျက်ခြင်း သို့မဟုတ် ပိတ်သိမ်းခြင်းနှင့် ပြစ်ဒဏ်ငွေကြေးများ သို့မဟုတ် အခြားအုပ်ချုပ်ရေးဆိုင်ရာ ပြစ်ဒဏ်များအပါအဝင် ချမှတ်ထားသည့် ပြစ်ဒဏ်များအားလုံးကို ရုပ်သိမ်းရန်လိုအပ်သည်။ ထိုသို့သော ပြေလည်မှုများကို ဥပဒေရေးရာနှင့် အခြားလိုအပ်သော လုပ်ဆောင်ချက်များဖြင့် ပြဋ္ဌာန်းထားရမည်ဖြစ်ပြီး၊ ဥပဒေရေးရာ အကူအညီများပေးခြင်းဖြင့် ထောက်ပံ့ရမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် နစ်နာသူအား မလိုအပ်သည့် ဝန်ထုပ်ဝန်ပိုးများ မကျရောက်စေရန်နှင့် ၎င်းတို့၏ ပြည့်ဝသော ပြန်လည်ထူထောင် ရေးကို သေချာစေရန်ဖြစ်သည်။

နိုင်ငံများအနေဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လိုက်နာကျင့်သုံးရန် ပျက်ကွက်မှုကြောင့် သို့မဟုတ် နစ်နာသူတစ်ဦးသည် လူကုန်ကူးမှုဆိုင်ရာပြစ်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည်ဟူသော သံသယကြောင့် ပြစ်ဒဏ်ချမှတ်ခံရပါက ထိုသို့သော ပြစ်ဒဏ်ချမှတ်ခံရခြင်းသည် နေထိုင်ခွင့်လက်မှတ် သို့မဟုတ် ပြန်လည်ထူထောင်ရေးနှင့် စဉ်းစားဆင်ခြင်ရန်ကာလကို ငြင်းပယ်ခံရခြင်း၊ လူမှုဖူလုံရေး သို့မဟုတ် အခြား အကျိုးခံစားခွင့်များကို ငြင်းပယ်ခံရခြင်း၊ အလုပ်အကိုင်နှင့် ပညာရေးဆိုင်ရာ အခွင့်အလမ်းများကို ကန့်သတ်ခံရခြင်း သို့မဟုတ် လျော်ကြေးရရှိရန်အခွင့်အရေးကို ကန့်သတ်ခံရခြင်းတို့ကို မဖြစ်ပေါ်စေရအောင် သေချာစွာဆောင်ရွက်ရမည်။[122]

[122] အရင်းအမြစ် - *အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူ အစီရင်ခံစာကို အကောင်အထည်ဖော်ခြင်း၊ Siobhán Mullally*၊ UN Doc. A/HRC/47/34 ၊ ၁၇ မေ ၂၀၂၁၊ စာပိုဒ် [၆၅ - ၆၆]

# အပိုင်း ၆

# ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း

## အပိုင်း ၆။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း

ဒေသတွင်းအဆင့်တွင် SOMTC သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အကောင်အထည်ဖော်ရန် အားထုတ်မှုများကို ညှိနှိုင်းပေးသည့် အဖွဲ့အစည်းဖြစ်ပါသည်။ SOMTC သည် AMMTC သို့ ACTIP ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာများကို တင်ပြရန် တာဝန်ရှိသည်။ ACTIP တွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

**အပိုဒ် (၂၄)**
**စောင့်ကြည့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အစီရင်ခံခြင်း**

၁။ နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOMTC) သည် ဤသဘောတူညီချက်၏ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ စောင့်ကြည့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးများအစည်းအဝေး (AMMTC) သို့ ပုံမှန်အစီရင်ခံ တင်ပြခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။

၂။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် ဤသဘောတူညီချက်၏ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ညှိနှိုင်းပေးခြင်းနှင့် SOMTC အား ယင်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရမည်။

SOMTC သည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ၎င်း၏ စောင့်ကြည့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အစီရင်ခံခြင်း လုပ်ငန်းများတွင် မြှင့်တင်ရန် အခွင့်အလမ်းများကို စူးစမ်းရှာဖွေသင့်သည်။ ထိုသို့ ပြုလုပ်ရာတွင် Bohol TIP Work Plan 2.0 မှ တစ်ဆင့်လည်း ပါဝင်နိုင်သည်။ AICHR သည် SOMTC ၏ စောင့်ကြည့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အစီရင်ခံခြင်း လုပ်ငန်းများတွင် လူ့အခွင့်အရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို ထိရောက်စွာ ပေါင်းစပ်ထည့်သွင်းစေခြင်းဖြင့် ကူညီဆောင်ရွက်နိုင်သည်။ ထို့သို့ပြုလုပ်ရာတွင် ACTIP ၏ အပိုဒ် ၁၄(၇) နှင့် သက်ဆိုင်သည့် စံသတ်မှတ်ချက်များ အပါအဝင် စောင့်ကြည့်ခြင်းဆိုင်ရာ စံနှုန်းများကိုလည်း လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ လိုက်နာရပါမည်။

### *[၁၄] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော်ဆောင်ရွက်မှုကို အမျိုးသားအဆင့် စောင့်ကြည့်ခြင်း ယန္တရားများတွင် ပေါင်းစပ်ထည့်သွင်းခြင်း*

**ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အကောင်အထည်ဖော်ဆောင်ရွက်မှုကို တိုင်းတာမည့် ညွှန်းကိန်းများ ဖော်ထုတ်ခြင်း**

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် လူကုန်ကူးမှုတိုက်ဖျက်ရေး တုံ့ပြန်ဆောင်ရွက်မှုများကို စောင့်ကြည့်သည့် နိုင်ငံတော်အဆင့် ယန္တရားများတွင် ACTIP ၏ အပိုဒ် ၁၄(၇) အား အကောင်အထည်ဖော်ဆောင်ရွက်မှု စောင့်ကြည့်ခြင်းကို သေချာစွာ ထည့်သွင်းထားရန် အကြံပြုပါသည်။

Bohol TIP Work Plan 2.0 သည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အောင်မြင်မှုများကို တိုင်းတာရန် အောက်ပါညွှန်းကိန်းများကို အဆိုပြုထားသည်-

- ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူမှ အကျိုးခံစားရသည့် လူကုန်ကူးခံရသူများ၏ အရေအတွက်
- လူဝင်မှုကြီးကြပ်ရေး၏ ထိန်းသိမ်းရေးစခန်းများတွင် ဖော်ထုတ်အတည်ပြုခံရပြီးသည့် လူကုန်ကူးခံရသူများအတွက် စောင့်ရှောက်ရေးစခန်းများ သို့မဟုတ် အခြားသင့်တော်သော နေရာထိုင်ခင်းများသို့ ပြောင်းရွှေ့ခံရသည့် နစ်နာသူများ၏ အရေအတွက်

နိုင်ငံများသည် ဥပဒေစိုးမိုးရေးအဖွဲ့များ၊ အမှုဆောင်အရာရှိများ၊ ရှေ့နေများ၊ တရားသူကြီးများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း များနှင့် အခြားအကျိုးသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများအပေါ် အခြေခံ၍ နောက်ထပ်ညွှန်းကိန်းများ ဖော်ထုတ်ရန် အကြံပြုပါသည်။ ညွှန်းကိန်းများကို နိုင်ငံ၏ အားထုတ်မှုများကို တိုင်းတာရန် ဒီဇိုင်းရေးဆွဲသင့်ပြီး ယင်းတွင် အောက်ပါတို့ အပါအဝင်ဖြစ်သည် -

- ဤလမ်းညွှန်ချက်နှင့်အညီ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား အကောင်အထည်ဖော် ဆောင်ရွက်ရန် ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ်များကို သတ်မှတ်ခြင်း
- ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား အကောင်အထည်ဖော်ဆောင်ရွက်မှုကို အားဖြည့်ပေးသည့် ဥပဒေများနှင့် မူဝါဒများကို ပြဋ္ဌာန်းခြင်း
- ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား အကောင်အထည်ဖော်ဆောင်ရွက်ရန် စည်းရုံးလှုံ့ဆော်ခြင်း
- ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို အသုံးချနိုင်စေရန် ရှေ့တန်းအရာရှိများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း။ ယင်းတွင် မတရားသော လုပ်ဆောင်မှုများတွင် ပါဝင်နိုင်သည့် နစ်နာသူများကို စစ်ဆေးရန် နောက်ဆုံးပေါ် ညွှန်းကိန်းများကို ပေးအပ်ခြင်းလည်း ပါဝင်သည်။
- ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးလမ်းကြောင်းမှ ကာကွယ်ရေးလမ်းကြောင်းသို့ နစ်နာသူဟု ယူဆရသူများကို လွှဲပြောင်းပေးခြင်း
- ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လေ့ကျင့်ရေး သင်ရိုးညွှန်းတမ်းများတွင် ပေါင်းစပ်ခြင်းအပါအဝင် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း
- နစ်နာသူဟု ယူဆရသူများအား ပြစ်ဒဏ်ကင်းလွတ်ခွင့် ပေးအပ်သည့် တရားရုံး သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၏ အရေအတွက်ကို တိုးမြှင့်ခြင်း

ညွှန်းကိန်းများကို တိတိကျကျသတ်မှတ်နိုင်သည့်၊ တိုင်းတာနိုင်သည့်၊ ဆောင်ရွက်ရန်လွယ်ကူသည့်၊ သက်ဆိုင်မှုရှိသည့်၊ အချိန်ကာလသတ်မှတ်ထားသည့် စံနှုန်းများဖြစ်သင့်သည်။ ၎င်းတို့၏ ဖော်ထုတ်အတည်ပြုမှုသည် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နစ်နာသူများထံမှရရှိသော အမြင်သဘောထားများကို အခြေခံသင့်ပြီး ထိုသို့ ပြုလုပ်ရန်အတွက် ၎င်းတို့၏ အကြံပြုချက်များကို စုစည်းရန် ယန္တရားများရှိရမည်။

## ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ကောက်ယူခြင်း၊ ထိန်းသိမ်းခြင်း၊ စုစည်းခြင်းနှင့် ဆန်းစစ်လေ့လာခြင်း

လူကုန်ကူးမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများသည် ကိန်းဂဏန်းဆိုင်ရာနှင့် အရည်အသွေးဆိုင်ရာ အချက်အလက်များကို ကိုယ်ရေးကိုယ်တာလုံခြုံမှုဆိုင်ရာ အခွင့်အရေးများနှင့်အညီ မည်သို့ ကောက်ယူ၊ ထိန်းသိမ်း၊ စုစည်းခြင်းနှင့် ဆန်းစစ်လေ့လာနိုင်သည်ကို ဖော်ထုတ်သင့်သည်။ နိုင်ငံတော်အာဏာပိုင်များသည် အချက်အလက်များကို မည်သို့ဖဟိုချုပ်ကိုင်ပြီး ဆန်းစစ်လေ့လာနိုင်သည်ကို ဆုံးဖြတ်သင့်သည်။ ယင်းတွင် နစ်နာသူများအား ပြစ်ဒဏ်မှ ကာကွယ်ပေးနိုင်ခဲ့ခြင်း ရှိ/မရှိနှင့် မတရားပြစ်ဒဏ် ချမှတ်ခံရသူများ လျော်ကြေးရရှိရန် အခွင့်အလမ်း ရှိ/မရှိတို့ကို ဆုံးဖြတ်ရန်ပါဝင်သည်။ ၎င်းတို့သည် မိမိတို့၏ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား လက်တွေ့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ရှိ/မရှိကို ဆုံးဖြတ်ရာတွင် စောင့်ကြည့်ရေးအဖွဲ့များအား ထောက်ပံ့နိုင်သည့် အခြား သတင်းအချက်အလက်များကိုလည်း ထည့်သွင်း စဉ်းစားသင့်သည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား မည်သည့်အမှုတွင် အကောင်အထည်ဖော်ခဲ့ခြင်း ရှိ/မရှိနှင့် မည်သည့် ဥပဒေအခြေခံများအပေါ်တွင် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်ကို မှတ်တမ်းတင်ရန် အမှုဖိုင်များတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို ဖော်ပြခြင်းကို ထည့်သွင်းစဉ်းစားနိုင်သည်။

နိုင်ငံများသည် ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များအပြင် အရည်အသွေးဆိုင်ရာ အချက်အလက်များကိုလည်း ပံ့ပိုးသင့်သည်။ နိုင်ငံတွင်းနှင့် အခြားနေရာများရှိ လက်တွေ့ဆောင်ရွက်သူများအတွက် အကျိုးရှိစေရန်မျှဝေသည့် အရည်အသွေးဆိုင်ရာ အချက်အလက်များတွင် နိုင်ငံများအနေဖြင့် ၎င်းတို့၏ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ တာဝန်များကို ဖြည့်ဆည်းရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ ဥပဒေပြုစဉ်ကရရှိခဲ့သည့် အကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့် သင်ခန်းစာများလည်း ပါဝင်သင့်သည်။ ထို့အပြင် နိုင်ငံများအနေဖြင့် နစ်နာသူများကို ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ အချက်အလက်များနှင့် ၎င်းတို့လူကုန်ကူးခံရစဉ်က ပါဝင်ခဲ့သည့် မတရားလုပ်ဆောင်မှုများ၏ အမျိုးအစားများကို စုဆောင်းခြင်းသည်လည်း အကျိုးရှိနိုင်သည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူအား စမ်းသပ်မှုခံနေရသည့် သို့မဟုတ် ပြစ်မှုအတွက် အပြစ်ရှိကြောင်းတွေ့ရှိထားသည့် နစ်နာသူများအား အသုံးချမှုဆိုင်ရာ အရည်အသွေးဆိုင်ရာ အချက်အလက်များကို စုဆောင်းခြင်းမှတစ်ဆင့် သင်ခန်းစာများယူနိုင်ပြီး စိန်ခေါ်မှုများကို ဖော်ထုတ်ကာ ဖြေရှင်းနိုင်မည် ဖြစ်သည်။

## အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ရာတွင် ကဏ္ဍစုံပါဝင်သည့် ချဉ်းကပ်မှုကို ကျင့်သုံးခြင်း

နိုင်ငံအဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် အမျိုးသား လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများရှိပါက ၎င်းတို့သည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူ လိုက်နာမှုကို စောင့်ကြည့်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမည်။ ထို့အပြင် ၎င်းတို့သည် နစ်နာသူများအား ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ နေရပ်ပြန်ပို့ခြင်း၊ တရားစွဲဆိုခြင်းနှင့် အပြစ်ရှိကြောင်းတွေ့ရှိခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို လိုက်နာရန်ပျက်ကွက်သည့်အတွက် နိုင်ငံတော် အရာရှိများအား တာဝန်ယူစေရမည်။ အမျိုးသား လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများသည် ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်များနှင့် မတရားလုပ်ဆောင်မှုများတွင် ပါဝင်သည်ဟု တရားစွဲဆိုခံရသည့် နစ်နာသူများ၏ တရားစီရင်မှုများကို စောင့်ကြည့်သင့်သည်။ ၎င်းတို့သည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို အကောင်အထည်ဖော်ရန် လိုအပ်သည့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို တရားရုံး လုပ်ငန်းစဉ်များက လိုက်နာမှု ရှိ/မရှိကို ဆုံးဖြတ်သင့်သည်။ ထို့အပြင် နစ်နာသူများအပါအဝင်၊

အခြားအကျိုးသက်ဆိုင်သူများ နိုင်ငံတော်၏ စောင့်ကြည့်ရေးယန္တရားများတွင် အကြံပြုချက်များကို ကြောက်ရွံ့ခြင်းမရှိဘဲ ပံ့ပိုးနိုင်စေမည့် စနစ်များကို ထူထောင်သင့်သည်။

အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (NGOs)နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) အပါအဝင် အစိုးရ မဟုတ်သော ပါဝင်သူများသည် လူကုန်ကူးမှုဆန့်ကျင်ရေး အဖွဲ့အစည်းများနှင့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအား ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုကို စောင့်ကြည့်ရာတွင် ကူညီဆောင်ရွက်ရန် အခန်းကဏ္ဍတစ်ရပ်ရှိသည်။ ဥပမာအားဖြင့် ၎င်းတို့သည် နိုင်ငံတော်အရာရှိများအား ညွှန်းကိန်းများနှင့် လူ့အခွင့်အရေးအခြေပြု လုပ်ငန်းစဉ်များကို သတ်မှတ်ရာတွင် ကူညီနိုင်သည်။ ထို့အပြင် ၎င်းတို့သည် နိုင်ငံများအား လူကုန်ကူးခံရသူများ၏ အမြင်များနှင့် အတွေ့အကြုံများကို စောင့်ကြည့်ရေးယန္တရားများ ဒီဇိုင်းရေးဆွဲရာတွင် ပေါင်းစပ်ထည့်သွင်းရန် ကူညီနိုင်သည်။ အထူးသဖြင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများသည် နိုင်ငံတော်၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော် ဆောင်ရွက်မှုကို လွတ်လပ်ပြီး ပွင့်လင်းမြင်သာစွာ စောင့်ကြည့်နိုင်သည့် အခွင့်အလမ်းရှိသည်။ လွတ်လပ်သော စောင့်ကြည့်ခြင်းသည် နိုင်ငံများ၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ပုံကို ကျွမ်းကျင်ပြီး ဘက်လိုက်မှုကင်းသော ဆန်းစစ်လေ့လာမှုများကို ပံ့ပိုးနိုင်သည်။ လွတ်လပ်သော စောင့်ကြည့်ခြင်းမှရရှိသည့် အမြင်သဘောထားများသည် နိုင်ငံများက ၎င်းတို့၏ လုပ်ဆောင်မှုများကို ကိုယ်တိုင်စောင့်ကြည့်သည့်အခါ ရရှိသည့် အမြင်သဘောထားများထက် ပိုမိုကြွယ်ဝနိုင်သည်။

## *[၁၅] ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံခြင်း*

> အကောင်အထည်ဖော်ဆောင်ရွက်မှုကို တိုင်းတာခြင်းသည် သင်ယူရရှိသည့်ရလဒ်များကို အစီရင်ခံပြီး ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ရန် လုပ်ဆောင်မှုများ မပါဝင်ပါက တန်ဖိုးမရှိသော လုပ်ငန်းတစ်ခုသာဖြစ်သည်။ အထူးသဖြင့် အစီရင်ခံစာများသည် အားနည်းချက်များကိုပြုပြင်မည့် လုပ်ဆောင်မှုများကို ဖြစ်ပေါ်စေသင့်သည်။ နိုင်ငံများသည် အစီရင်ခံခြင်းမှရရှိသည့် အမြင်သဘောထားများကိုအခြေခံ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား အကောင်အထည်ဖော်ဆောင်ရွက်မှုကို အားဖြည့်ရန် ငွေကြေး၊ လူစွမ်းအားအရင်းအမြစ်နှင့် အခြားအရင်းအမြစ်များကို ရင်းနှီးမြုပ်နှံရန်အကြံပြုပါသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် အာဆီယံဒေသတဝှမ်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံခြင်းလုပ်ငန်းများကို ပံ့ပိုးသင့်သည်။

### SOMTC သို့ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံခြင်း

SOMTC သည် ACTIP ၏ ထိရောက်သော အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ရန်နှင့် ၎င်း၏ အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို AMMTC သို့ ပုံမှန်အစီရင်ခံတင်ပြရန် တာဝန်ရှိသည်။[123]

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၂၀၂၂ ခုနှစ်တွင် AMMTC မှ အတည်ပြုရန်အတွက် လက်ခံခဲ့သည့် လုပ်ပိုင်ခွင့် စည်းမျဉ်း

[123] ACTIP အပိုဒ် ၂၄။

များနှင့်အညီ ACTIP ဆိုင်ရာ နိုင်ငံ့ကိုယ်စားလှယ်များကို ခန့်အပ်ရန် အရှိန်မြှင့်ဆောင်ရွက်သင့်သည်။[124] ACTIP ဆိုင်ရာ နိုင်ငံ့ ကိုယ်စားလှယ်များအား ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု၏ အပိုဒ် ၁၄ (၇) အား အကောင်အထည်ဖော် ဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ စောင့်ကြည့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် SOMTC သို့ အစီရင်ခံ တင်ပြခြင်းတို့ကို တာဝန်ပေးအပ်သင့်သည်။ ထိုတာဝန်နှင့်အညီ ACTIP ဆိုင်ရာ နိုင်ငံ့ကိုယ်စားလှယ်များသည် တရားရုံးမှတ်တမ်းများနှင့် ဥပဒေစိုးမိုးရေး မှတ်တမ်းများမှ အချက်အလက်များကို စုဆောင်း၊ စုစည်းကာ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား ကျင့်သုံးရာတွင် ရရှိသည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများ/ အစီအစဉ်များဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုကို SOMTC လူကုန်ကူး ခံရသူများဆိုင်ရာ လုပ်ငန်းအဖွဲ့ (SOMTC Working Group on TIP) သို့ အစီရင်ခံသင့်သည်။[125] SOMTC ၏ လူကုန်ကူး ခံရသူများဆိုင်ရာ လုပ်ငန်းအဖွဲ့သည် Bohol TIP Work Plan 2.0 တွင် ပါဝင်ဆောင်ရွက်နေသည့် အာဆီယံ အဖွဲ့ဝင် နိုင်ငံများထံမှ နှစ်စဉ် အစီရင်ခံစာများကို လက်ခံရယူရန် တာဝန်ပေးအပ်ထားသည်။

## ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံခြင်းအတွက် စံသတ်မှတ်ထားသော ချဉ်းကပ်မှုကို ဖော်ထုတ်ခြင်းနှင့် ကျင့်သုံးခြင်း

SOMTC ၏ လူကုန်ကူးခံရသူများဆိုင်ရာ လုပ်ငန်းအဖွဲ့သည် ၎င်း၏ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း၊ အစီရင်ခံခြင်းနှင့် သင်ယူခြင်း (MERL) ဘောင်နှင့်အညီ စံသတ်မှတ်ထားသော အစီရင်ခံစာပုံစံကို ဖော်ထုတ်သင့်သည်။ ထိုပုံစံသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော် ဆောင်ရွက်မှုကို ဖော်ပြနိုင်ရန် ဒီဇိုင်းရေးဆွဲထားသင့်ပြီး နိုင်ငံအဆင့်တွင် ဖြန့်ဝေသင့်သည်။ AICHR သည် ထိုပုံစံ၏ ဒီဇိုင်းနှင့် ဖော်ထုတ်မှုတွင် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်မှုကို ပံ့ပိုးနိုင်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လုပ်ဆောင်မှုများကို ပြန်လည်သုံးသပ်ရာတွင် ၎င်းပုံစံကို အသုံးပြုရန် ကူညီဆောင်ရွက်နိုင်သည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား နိုင်ငံအဆင့်တွင် ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အကြံပြုချက်များကို ဖော်ထုတ်ရာတွင် ကဏ္ဍစုံပါဝင်သည့် ချဉ်းကပ်မှုကို အသုံးပြုသင့်သည်။

## ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှု အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာများကို ထုတ်ပြန်ခြင်း

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများသည် ပွင့်လင်းမြင်သာမှုရှိသင့်သည်။ စောင့်ကြည့်ခြင်းရလဒ်များကို ထုတ်ပြန်သင့်ပြီး ထိုသို့ပြုလုပ်ခြင်းဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုအား အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် အကောင်းဆုံး လုပ်ထုံးလုပ်နည်းများကို ဒေသတွင်းနှင့် ဒေသတွင်းပြင်ပတို့မှ အခြားသူများက သင်ယူနိုင်မည်ဖြစ်သည်။

[124] Terms of Reference National Representatives for the Implementation of ASEAN Convention against Trafficking in Persons, Especially Women and Children (ACTIP) National ACTIP Representatives ကို ကြည့်ပါ။ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ၁၆ကြိမ်မြောက် AMMTC မှ အတည်ပြုသည်။

[125] Bohol 2.0, B.1.4.

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲများ

*နောက်ဆက်တွဲ (၁) အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ*

| | |
|---|---|
| **ဘရူနိုင်း ဒါရူဆလမ်**<br>(လူဝင်မှုကြီးကြပ်ရေးဆိုင်ရာနှင့် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများသာ) | လူကုန်ကူးခံရသူသည် အောက်ပါအချက်များအတွက် ရာဇဝတ်မှုဆိုင်ရာ ရုံးတင်စစ်ဆေး ကြားနာခြင်းမှ ကင်းလွတ်ခွင့်ရရှိစေရမည် -<br>(က) ဘရူနိုင်း ဒါရူဆလမ်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း၊<br>(ခ) ဘရူနိုင်း ဒါရူဆလမ်နိုင်ငံအတွင်း တရားမဝင်နေထိုင်ခြင်း၊ သို့မဟုတ်<br>(ဂ) ကျူးလွန်ဖြစ်ပွားခဲ့သည်ဟု ယူဆသတ်မှတ်သော လူကုန်ကူးမှု၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန်အတွက် ရယူခဲ့သော သို့မဟုတ် ရရှိခဲ့သော ခရီးသွား သို့မဟုတ် မှတ်ပုံတင်ဆိုင်ရာ စာရွက်စာတမ်းအတုများ ဝယ်ယူခြင်း သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်ခြင်း။<br><br>အပိုဒ် ၄၇၊ *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အက်ဥပဒေ၊* အခန်း ၂၃၀ |
| **ကမ္ဘောဒီးယား** | ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ သီးခြားပြဋ္ဌာန်းချက်မရှိ |
| **အင်ဒိုနီးရှား** | လူကုန်ကူးမှု ကျူးလွန်သူတစ်ဦးက ဖိအားပေး၍ ပြစ်မှုကျူးလွန်ခဲ့ရသည့် နစ်နာသူကို ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှု ဆောင်ရွက်ခြင်းမရှိစေရ။<br><br>အပိုဒ် ၁၈၊ လူကုန်ကူးမှုဆိုင်ရာ *ရာဇဝတ်အက်ဥပဒေကို ဖျက်သိမ်းသည့် ဥပဒေ အမှတ် ၂၁ ၊ ၂၀၀၇* |
| **လာအို PDR**<br>(တရားမဝင် လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာနှင့် ပြည့်တန်ဆာမှုသာ) | လူကုန်ကူးခံရသည့်နစ်နာသူများသည် အောက်ပါအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည် *[...]* ၇။ ရာဇဝတ်ဆိုင်ရာ တာဝန်ခံရခြင်းမှ ကင်းလွတ်ခွင့်ရရှိပြီး ပြည့်တန်ဆာမှုနှင့် တရားမဝင်နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းအတွက် ဖမ်းဆီးခြင်းမှ ကင်းလွတ်ပိုင်ခွင့်ရှိသည်။<br><br>အပိုဒ် ၃၉၊ *လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေ အမှတ် ၂၁* (၂၀၀၇) |
| **မလေးရှား**<br>(လူဝင်မှုကြီးကြပ်ရေးဆိုင်ရာနှင့် စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများသာ) | လူကုန်ကူးခံရသည့်ပုဂ္ဂိုလ်ကို အောက်ပါအချက်များအတွက် ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုစစ်ဆေးခြင်း မပြုစေရ -<br>(က) ဦးတည်နိုင်ငံ သို့မဟုတ် ကြားခံနိုင်ငံသို့ တရားမဝင် ဝင်ရောက်ခြင်း၊<br>(ခ) ဦးတည်နိုင်ငံ သို့မဟုတ် ကြားခံနိုင်ငံတွင် တရားမဝင် နေထိုင်ခြင်း သို့မဟုတ်<br>(ဂ) ဦးတည်နိုင်ငံ သို့မဟုတ် ကြားခံနိုင်ငံသို့ ဝင်ရောက်ရန်အလို့ငှာ မည်သည့် အတုပြုလုပ်ထားသည့် ခရီးသွားစာရွက်စာတမ်း သို့မဟုတ် မှတ်ပုံတင် စာရွက်စာတမ်းကိုမဆို ဝယ်ယူသဖြင့် သို့မဟုတ် ၎င်းထံ ပေးအပ်ခံရသဖြင့် |

| | |
|---|---|
| | ရယူခြင်း သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်ခြင်း။<br><br>အပိုဒ် ၂၅၊ *လူကုန်ကူးမှုနှင့် လူမှောင်ခိုသွင်းမှု ဆန့်ကျင်တိုက်ဖျက်ရေး အက်ဥပဒေ ၂၀၀၇* |
| **မြန်မာ**<br>(လူကုန်ကူးမှု၊ တရားမဝင် ဝင်ရောက်မှု၊ ကြားခံနိုင်ငံအဖြစ် ဝင်ရောက်မှု၊ ထွက်ခွာမှု၊ တရားမဝင် နေထိုင်မှု၊ အလုပ်လုပ်မှု၊ စာရွက်စာတမ်းဆိုင်ရာ ပြစ်မှုများ) | ၁၆။ လူကုန်ကူးခံရသူအား အောက်ပါပြုလုပ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ လူကုန်ကူးမှုဖြင့် အရေးယူခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် အပြစ်ပေးခြင်း မပြုရ -<br>(က) လူကုန်ကူးခံရသူက သဘောတူညီသည်ဖြစ်စေ၊ မတူညီသည်ဖြစ်စေ ပါဝင်ပတ်သက်ခြင်း၊<br>(ခ) ပြည်ပနိုင်ငံ တစ်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း၊ တစ်ဆင့်ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်း၊ တရားမဝင်နေထိုင်ခြင်း၊ အလုပ်လုပ်ခြင်း၊<br>(ဂ) မမှန်မကန် လိမ်လည်ပြုလုပ်ထားသော ခရီးသွားအထောက်အထား သို့မဟုတ် သက်သေခံစာတမ်း အမှတ်အသား တစ်ခုခုကို ရယူခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း၊<br>၁၇။ တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေး အရာရှိများနှင့် အမှုစစ်အရာရှိများသည် လူကုန်ကူးမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသော အခြား တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ပြစ်မှုနှင့် ငြိစွန်းကြောင်းတွေ့ရှိ၍ လူကုန်ကူးခံရသူအား အရေးယူရန်ကိစ္စ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ရယူရမည်။<br><br>*လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ (ဥပဒေအမှတ် ၄၁/၂၀၂၂)* |
| **ဖိလစ်ပိုင်** | လူကုန်ကူးခံရသူများကို လူကုန်ကူးသည့် လုပ်ရပ် သို့မဟုတ် လုပ်ရပ်များ၏ နစ်နာသူများအဖြစ် အသိအမှတ်ပြုရမည်ဖြစ်ကာ ဤအက်ဥပဒေတွင် စာရင်းပြုစုထည့်သွင်းထားသည့် လူကုန်ကူးသည့်လုပ်ရပ်များအပေါ် အခြေခံ၍ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ်သော်လည်းကောင်း၊ ဖြစ်ရပ်တစ်ခုအနေဖြင့် သော်လည်းကောင်း၊ ဆက်နွယ်မှုအဖြစ်နှင့် သော်လည်းကောင်း၊ သို့မဟုတ် လူကုန်ကူးသူမှ အမိန့်ပေးစေခိုင်းခြင်းကို လိုက်နာသောအားဖြင့် သော်လည်းကောင်း နစ်နာသူများက ကျူးလွန်ခဲ့သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များအတွက် ပြစ်ဒဏ် ချမှတ်ခြင်းမပြုရ။ ဤကိစ္စနှင့် စပ်လျဉ်း၍ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် ရည်ရွယ်ချက်ဖြင့် ခေါင်းပုံဖြတ်ခြင်းတွင် လူကုန်ကူးခံရသူ၏ သဘောတူညီချက်ပေးမှုသည် အရာရောက်ခြင်းမရှိစေရ။<br><br>"ဤဥပဒေ၏ အပိုဒ် ၄ တွင် ဖွင့်ဆိုသတ်မှတ်ထားသည့်အတိုင်း ပြည့်တန်ဆာ ပြုခြင်းအတွက် လူကုန်ကူးခံသူများသည် မွမ်းမံပြင်ဆင်ထားသည့် ရာဇသတ်ကြီး ဥပဒေ၏ အပိုဒ်ခွဲ ၂၀၂ တွင် မပါဝင်သည့်အတွက် ၎င်းတို့အား တရားစွဲဆို |

| | |
|---|---|
| | စစ်ဆေးခြင်း၊ ဒဏ်ကြေးတပ်ခြင်း သို့မဟုတ် ၎င်းဥပဒေအောက်ရှိ ပြစ်ဒဏ်များ ချမှတ်ခြင်း မပြုရ။"<br><br>*အပိုဒ် ၁၇၊ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးအက်ဥပဒေ ၂၀၀၃ (RA အမှတ် ၉၂၀၈)၊ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးအက်ဥပဒေကို မွမ်းမံပြင်ဆင်ချက် ၂၀၁၂ (RA အမှတ် ၁၀၃၆၄)* |
| **စကော်ပူ** | ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ သီးခြားပြဋ္ဌာန်းချက်မရှိ |
| **ထိုင်း**<br>(လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ၊ စာရွက်စာတမ်းဆိုင်ရာနှင့် ပြည့်တန်ဆာမှုများသာ) | တရားရေးဝန်ကြီး၏ စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက်မရှိဘဲ စုံစမ်း စစ်ဆေးရေး အရာရှိသည် မည်သည့်လူကုန်ကူးခံရသူကိုမဆို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေအရခွင့်ပြုချက်မရှိဘဲ တရားမဝင် နိုင်ငံတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် နေထိုင်ခြင်း၊ နိုင်ငံတွင်းမှထွက်ခွာခြင်း၊ တာဝန်ရှိသူအရာရှိထံ အချက်အလက်မှားများ ဖော်ပြခြင်း၊ ရာဇသတ်ကြီး ဥပဒေအရ ခရီးသွား စာရွက်စာတမ်းကို အတုပြုလုပ်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊ ပြည့်တန်ဆာပြုခြင်းကို ကြိုတင်ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာ ဥပဒေအရ ပြစ်မှုကျူးလွန်ခြင်း၊ အထူးသဖြင့် ပြည့်တန်ဆာပြုစေရန် ရည်ရွယ်ချက်ဖြင့် လူပုဂ္ဂိုလ်တစ်ဦးကို ဆက်သွယ်ခြင်း၊ သွေးဆောင်ခြင်း၊ မိတ်ဆက်ခြင်းနှင့် ပြည့်တန်ဆာမှုတောင်းခံခြင်းနှင့် ပြည့်တန်ဆာမှု ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ပြည့်တန်ဆာပြုသည့်နေရာတွင် စုရုံးခြင်း သို့မဟုတ် ပြည်ပနိုင်ငံသားများ အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ဥပဒေအရ ပေးအပ်ထားသည့် ခွင့်ပြုချက်မရှိဘဲ အလုပ်လုပ်ကိုင်သည့် ပြည်ပနိုင်ငံသား ဖြစ်ခြင်းတို့ကြောင့် ရာဇဝတ်ဆိုင်ရာ စစ်ဆေးကြားနာမှုကို ဆောင်ရွက်ခြင်း မရှိစေရ။<br><br>အပိုဒ် ၄၁၊ *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးအက်ဥပဒေ၊ B.E. ၂၅၅၁* (၂၀၀၈) |
| **ဗီယက်နမ်** | သီးခြားအမှုများနှင့် ဆက်စပ် ဥပဒေ ပြဋ္ဌာန်းချက်များအပေါ် အခြေခံလျက် တရားဥပဒေနှင့်မညီသည့် နစ်နာသူများ၏ လုပ်ရပ်များသည် လူကုန်ကူးမှု၏ တိုက်ရိုက်အကျိုးဆက်တစ်ရပ်ဖြစ်စေကာမူ ၎င်းအား အဆိုပါလုပ်ရပ်များအတွက် အုပ်ချုပ်ရေးဆိုင်ရာ ပြစ်ဒဏ်များ သို့မဟုတ် ရာဇဝတ်မှုအဖြစ် တရားစွဲဆိုခြင်းများ မပြုဘဲနေနိုင်သည်။<br><br>အပိုဒ် ၄ (၅)၊ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စတင် အသက်ဝင်မည့် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် *လူကုန်ကူးမှု တားဆီးရေးနှင့် တိုက်ဖျက်ရေး ဥပဒေအမှတ် ၅၃/၂၀၁၄/QH ၁၅* |

| **ဘရူနိုင်း ဒါရူဆလမ်** | *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် စီမံကိန်း* (၂၀၂၀ - ၂၀၂၄)<br><br>*လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် စံလုပ်ငန်းလမ်းညွှန်* (၂၀၂၁)<br><br>၎င်းစာရွက်စာတမ်းနှစ်မျိုးစလုံးတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ထည့်သွင်းဖော်ပြထားခြင်း ရှိ၊မရှိ အတည်ပြုဆုံးဖြတ်နိုင်ခြင်း မရှိပါ။ |
|---|---|
| **ကမ္ဘောဒီးယား** | *သင့်တင့်လျော်ညီသော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် လူကုန်ကူးခံရသူများအား ဖော်ထုတ်အတည်ပြုခြင်းဆိုင်ရာ ဖောင်ပုံစံများနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ နိုင်ငံတော်အဆင့် လမ်းညွှန်* (၂၀၁၅) -<br><br>"ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်အတွင်း နစ်နာသူများအဖြစ် တရားဝင်အတည်ပြု သတ်မှတ်ခြင်းခံရသည့် ပြည်ပနိုင်ငံသားများကို တရားမဝင် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းကြောင့်ဖြစ်စေ၊ ပြည့်တန်ဆာပြုခြင်းကြောင့်ဖြစ်စေ ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် တရားစွဲဆိုခြင်း မရှိစေရ။ တရားဝင် မူရင်းနိုင်ငံသို့ ပြန်ပို့ခြင်းလုပ်ငန်းစဉ်အား စောင့်ဆိုင်းနေစဉ်အတွင်း နေထိုင်ခိုလှုံရာနှင့် ကာကွယ်စောင့်ရှောက်မှု ပေးထားရမည်။" (၂။ ဂ၊ ၂)<br><br>*ကမ္ဘောဒီးယားနိုင်ငံတော်မှ လူကုန်ကူးခံရသည့် ကလေးသူငယ်များ၏ အခွင့်အရေးများအား ကာကွယ်လိုက်နာခြင်း လမ်းညွှန်ဆိုင်ရာ ဆုံးဖြတ်ချက်* (NCCT၊ ၂၀ ဒီဇင်ဘာ ၂၀၀၇) -<br><br>လူကုန်ကူးခံရသည့် ကလေးသူငယ်များသည် လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် နစ်နာသူများဖြစ်သည်။ ၎င်းတို့အား ပြစ်မှုကျူးလွန်သူများအဖြစ် ဆက်ဆံခြင်း သို့မဟုတ် ၎င်းတို့၏ လူကုန်ကူးခံရသည့် ကလေးသူငယ်ဖြစ်သောအခြေအနေနှင့် ဆက်နွယ်၍ ကျူးလွန်ခဲ့ရသည့် မည်သည့်ပြစ်မှုအတွက်မဆို ရာဇဝတ်ပြစ်ဒဏ် ချမှတ်ခြင်း သို့မဟုတ် ချမှတ်မည်ဟု ခြိမ်းခြောက်ခြင်း မပြုသင့်ပါ။ (အပိုဒ် ၄၊ ၂.၃(က))<br><br>*လူကုန်ကူးခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းကို တားဆီးတိုက်ဖျက်ခြင်း ဥပဒေအား အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်* (တရားဝင် အဖွဲ့အစည်းက ထုတ်ပြန်ထားခြင်း မဟုတ်သည့် UNIAP ဘာသာပြန်မှု၊ ၂၀၀၈) အထွေထွေလမ်းညွှန်-<br><br>(၄) ပြည့်တန်ဆာများကို ပြည့်တန်ဆာလုပ်ငန်းအတွက် ဝယ်ယူခံထားရသည့် |

| | |
|---|---|
| | နစ်နာသူများအဖြစ် သတ်မှတ်ဆက်ဆံရမည်။ ပြည့်တန်ဆာပြုခြင်းသည် ပြစ်မှု မဟုတ်သည့်အားလျော်စွာ ပြည့်တန်ဆာပြုသည့် ပုဂ္ဂိုလ်များအား ဥပဒေသစ်အရ ပြစ်မှုကျူးလွန်ထားသူများအဖြစ် ပြစ်ဒဏ်ချမှတ်ခြင်းမရှိပေ။<br>*လူကုန်ကူးခံရသူများ၏ အခွင့်အရေးများအား ကာကွယ်လိုက်နာခြင်းအတွက် မူဝါဒနှင့် အနိမ့်ဆုံး စံသတ်မှတ်ချက်များ* (လူမှုရေးရာ၊ စစ်မှုထမ်းဟောင်းနှင့် လူငယ် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ကြီးဌာန၊ ၂၀၀၉) -<br><br>"လူကုန်ကူးခံရသူများသည် နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် ပြစ်မှုမှ နစ်နာသူများ ဖြစ်ကြောင်းနှင့် ၎င်းတို့၏ဖြစ်ရပ်ဇာတ်ကြောင်းသည် တရားမဝင် ရွှေ့ပြောင်း နေထိုင်သူများနှင့် သဏ္ဍာန်ဆင်တူနေနိုင်သော်လည်း ၎င်းတို့သည် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ မဟုတ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် သိရှိပါသည်။ ၎င်းတို့သည် ရာဇဝတ်မှုကျူးလွန်သူများမဟုတ်ဘဲ လေးစားခံရပိုင်ခွင့်၊ တရားမျှတမှု ခံစားပိုင်ခွင့်နှင့် ခွဲခြားဆက်ဆံခံရခြင်း မရှိဘဲ မိမိ၏ အနာဂတ်အား ကိုယ်တိုင် ဆုံးဖြတ်နိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို ခံစားရပိုင်ခွင့်ရှိသော လူပုဂ္ဂိုလ်များ ဖြစ်သည်။" (စာ - ၁) |
| **အင်ဒိုနီးရှား** | *လူကုန်ကူးမှု တိုက်ဖျက်ချေမှုန်းရေးဆိုင်ရာ နိုင်ငံတော်အဆင့် စီမံကိန်း* (၂၀၁၅ – ၂၀၁၉) တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ထည့်သွင်းထားခြင်း မရှိပါ။<br><br>*လူကုန်ကူးမှု တိုက်ဖျက်ချေမှုန်းရေးဆိုင်ရာ နိုင်ငံတော်အဆင့် စီမံကိန်း* (၂၀၂၀ – ၂၀၂၄) တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ထည့်သွင်းထားခြင်း မရှိပါ။ |
| **လာအို PDR** | *လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရေး၊ ကူညီပေးရေးနှင့် လွှဲပြောင်း ပေးရေးဆိုင်ရာ လမ်းညွှန်ချက်များ* (လူမှုဆိုင်ရာ ဘေးကင်းလုံခြုံရေး ဝန်ကြီးဌာန၊ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် ဦးဆောင် ကော်မတီအတွက် အတွင်းရေးမှူးရုံး၊ ၂၀၂၀) တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ထည့်သွင်းထားခြင်း မရှိပါ။ |
| **မလေးရှား** | *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် စီမံကိန်း (၂၀၂၁ - ၂၀၂၅) တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ထည့်သွင်းထားခြင်း မရှိပါ။* |
| **မြန်မာ** | မြန်မာနိုင်ငံမှ *လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ (၅)နှစ် စီမံကိန်း (၂၀၂၂- ၂၀၂၆)* တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ထည့်သွင်းထားခြင်း မရှိပါ။<br><br>သို့သော် NPA ၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်စီမံကိန်း အကောင်အထည်ဖော်မှုတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုနှင့် ပတ်သက်သည့် အသိပညာပေး အစီအစဉ် များကို ထည့်သွင်းဆောင်ရွက်ထားသည်။ ထို့ပြင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုနှင့် ပတ်သက်သည့် လှုပ်ရှားမှုများကိုလည်း ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ် နှစ်ပတ်လည်စီမံကိန်းများတွင် ထည့်သွင်းထားသည်။ |

| | |
|---|---|
| **ဖိလစ်ပိုင်** | *လူကုန်ကူးခံရသည့် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ လမ်းညွှန်ချက်များ* (လူကုန်ကူးမှုတိုက်ဖျက်ရေး နိုင်ငံတကာ အေဂျင်စီ ကောင်စီနှင့် ပူးပေါင်းညှိနှိုင်းရွက်ဆောင်သည့် ဖိလစ်ပိုင် အမျိုးသမီးရေးရာ ကော်မရှင် (IACAT) ၂၀၁၃)<br><br>"လူကုန်ကူးခံရသည့် အမျိုးသမီးများကို ပြစ်မှုကျူးလွန်သူများအဖြစ် မဟုတ်ဘဲ နစ်နာသူများအဖြစ် ဆက်ဆံသင့်သည်" (၅.၃.၈.၁.၁.)<br><br>ဆုံးဖြတ်ချက်အမှတ် ၀၀၆ Series of 2017 မှတစ်ဆင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂ ရက် နေ့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး နိုင်ငံတကာအေဂျင်စီကောင်စီ (IACAT) မှ အတည်ပြုခဲ့သည့် *လူကုန်ကူးခြင်းအမှုများ ပါဝင်ပတ်သက်နေသည့် လွှဲပြောင်းရေး စနစ်ဆိုင်ရာ လမ်းညွှန်ချက်များ* တွင် အောက်ပါအတိုင်း ဖော်ပြထားသည် - လူကုန်ကူးခံရသူများသည် -<br><br>"၎င်းတို့ လူကုန်ကူးခံနေရစဉ်အတွင်း ဥပဒေနှင့်မညီသော လုပ်ရပ်များတွင် ပါဝင် ပတ်သက်မှုအတွက် ရာဇဝတ်သားကဲ့သို့ ပြုမူဆက်ဆံခြင်း (သို့မဟုတ် စွဲချက် တင်ခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း) များ မခံရစေရန် အခွင့်အရေးရှိသည်။" |
| **စင်္ကာပူ** | *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် ဆောင်ရွက်မှု နည်းလမ်း ၂၀၁၆ – ၂၀၂၆* (လူကုန်ကူးမှုဆိုင်ရာ စင်္ကာပူ အဖွဲ့အစည်းပေါင်းစုံ လုပ်ငန်းအဖွဲ့)<br><br>လူကုန်ကူးခံရသူများနှင့် စပ်လျဉ်း၍ "၎င်းတို့ကို အလုပ်အကိုင်ဆိုင်ရာ နှင့်/ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုအတွက်ဖြစ်စေ သို့မဟုတ် ၎င်းတို့ လူကုန်ကူးခံရခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့ရသည့် မည်သည့် လုပ်ရပ်မဆိုအတွက်ဖြစ်စေ တရားစွဲဆိုစစ်ဆေးခြင်း မပြုသင့်ပေ။" |
| **ထိုင်း** | လူမှုဖူလုံရေးနှင့် ဘေးကင်းလုံခြုံရေး ဝန်ကြီးဌာန (MSDHS)၏ *အမျိုးသား လုံခြုံရေး မဟာဗျူဟာကို အထောက်အကူပြုမည့် လူကုန်ကူးမှု ပြဿနာများအား တားဆီးကာကွယ်ရေးနှင့် ဖြေရှင်းရေးဆိုင်ရာ စီမံကိန်း* (၂၀၁၈ – ၂၀၃၇) တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ထည့်သွင်းထားခြင်း မရှိပါ။ |
| **ဗီယက်နမ်** | *လူကုန်ကူးခံရသူများအတွက် ဝန်ဆောင်မှုများ ပေးအပ်ခြင်းဆိုင်ရာ အနိမ့်ဆုံး စံ သတ်မှတ်ချက်များ* (လုပ်သားရေးရာ၊ မသန်စွမ်းရေးရာနှင့် လူမှုရေးရာ ဝန်ကြီးဌာန၊ ၂၀၁၁) နှင့် ၂၀၁၆-၂၀၂၀ *လူကုန်ကူးမှု တိုက်ဖျက်ရေး အမျိုးသားအဆင့် စီမံချက်၊* ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်အတွက် ၂၀၂၁ - ၂၀၂၅ ကာလ အတွင်း *လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော် စီမံကိန်း* တို့တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ထည့်သွင်းထားခြင်း မရှိပါ။ |

*နောက်ဆက်တွဲ (၃) ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် ဆက်နွှယ်နေသည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့် ဒေသတွင်းသဘောတူညီချက်များ၏ ဥပမာများ*

| သဘောတူညီချက် | စာချုပ်ဝင်များ | ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက် |
|---|---|---|
| လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းပူးပေါင်းထားသည့် မဲခေါင်ဝန်ကြီးဌာနများ ကနဦးစီမံချက် (COMMIT) မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (၂၀၀၄) | ကမ္ဘောဒီးယား<br>တရုတ်<br>လာအို PDR<br>မြန်မာ<br>ထိုင်း<br>ဗီယက်နမ် | ၃။ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ပေါင်းစည်းရေး နယ်ပယ်တွင် -<br>၁၆။ လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်အတည်ပြုခြင်း ခံရသည့် နှစ်နာသူကို တရားဥပဒေစိုးမိုးရေး အာဏာပိုင်များက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေး စခန်းတွင် ထိန်းသိမ်းခြင်း မရှိစေရန် ဆောင်ရွက်ခြင်း။ |
| ကမ္ဘောဒီးယား တော်ဝင်အစိုးရနှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးခံရမှု တိုက်ဖျက်ရေးနှင့် လူကုန်ကူးခံရသူများအား အကူအညီပေးရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် (၂၀၀၅) | ကမ္ဘောဒီးယား<br>ဗီယက်နမ် | အပိုဒ် ၂။ စာချုပ်ဝင်များသည် အောက်ပါ ဥပမာများ အပါအဝင် (သို့သော် ကန့်သတ်ထားခြင်းမရှိဘဲ)ကို အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု ရည်ရွယ်ချက်၏ ဥပမာများအဖြစ် အသိအမှတ်ပြုကြသည်-<br>၁၀။ ရာဇဝတ်မှုများတွင် အသုံးချခြင်း။<br><br>အပိုဒ် ၅။ လူကုန်ကူးခံရသူများကို ပြစ်မှုကျူးလွန်သူများ သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးဥပဒေကို ချိုးဖောက်သူများအဖြစ် မဟုတ်ဘဲ နှစ်နာသူများအဖြစ် သတ်မှတ်ရမည်။ ထို့ကြောင့် -<br>၁။ လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် ကလေး သူငယ်များကို တရားမဝင် ပြည်ဝင်မှုအတွက် သို့မဟုတ် ပြည့်တန်ဆာ ပြုမှုအတွက် တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းမပြုရ။<br>၂။ တရားဝင်နေရပ်ပြန်ပို့ခြင်း လုပ်ငန်းစဉ်ကို စောင့်ဆိုင်းနေချိန်အတွင်း လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေး စခန်းများတွင် ထိန်းသိမ်းထားခြင်း မပြုရ။ ၎င်းတို့ကို စာချုပ်ဝင်နိုင်ငံများမှ အခွင့်အာဏာ ရှိသည့် အာဏာပိုင်များ၏ စောင့်ရှောက်မှု အောက်တွင် ထားရှိရမည်။ နှစ်နာသူများကို နိုင်ငံတစ်နိုင်ငံစီ၏ ဥပဒေ လုပ်ထုံးလုပ်နည်း |

| | | |
|---|---|---|
| | | များနှင့်အညီ ခိုလှုံနေထိုင်ရေး အကာအကွယ်များ ပံ့ပိုးပေးရမည်။ |
| ထိုင်းတော်ဝင်အစိုးရနှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသည့် လူကုန်ကူးခံရသူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးခံရမှု တိုက်ဖျက်ရေးနှင့် လူကုန်ကူးခံရသူများအား အကူအညီပေးရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် (၂၀၀၈) | ထိုင်း ဗီယက်နမ် | အပိုဒ် ၆။ "လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို ပြစ်မှုကျူးလွန်သူများ သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးဥပဒေကို ချိုးဖောက်သူများအဖြစ် မဟုတ်ဘဲ နစ်နာသူများအဖြစ် သတ်မှတ်ရမည်။ ထို့ကြောင့် -<br>၁။ လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် တရားစွဲဆိုခြင်း မပြုရ။<br>၂။ နေရပ်ပြန်ပို့ရန် စောင့်ဆိုင်းနေချိန်အတွင်း လူကုန်ကူးခံရသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေး စခန်းများတွင် ထိန်းသိမ်းထားခြင်း မပြုရ။ သို့သော် အများပြည်သူလုံခြုံရေး ဝန်ကြီးဌာန (ဗီယက်နမ်) သို့မဟုတ် လူမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးကင်းလုံခြုံရေး ဝန်ကြီးဌာန (ထိုင်းနိုင်ငံ) ၏ စောင့်ရှောက်မှု အောက်တွင် ထားရှိပြီး နစ်နာသူများကို နိုင်ငံ တစ်နိုင်ငံစီ၏ မူဝါဒနှင့်အညီ ခိုလှုံနေထိုင်ရေးနှင့် အကာအကွယ်များ ပံ့ပိုးပေးရမည်။" |
| ထိုင်းဘုရင့်နိုင်ငံတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရတို့အကြား ချုပ်ဆိုသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှု ပူးပေါင်း တိုက်ဖျက်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာ (၂၀၀၉) | မြန်မာ ထိုင်း | အပိုဒ် ၈။ လူကုန်ကူးခံရသူများကို ပြစ်မှုကျူးလွန်သူများ သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးဥပဒေကို ချိုးဖောက်သူများအဖြစ် မဟုတ်ဘဲ နစ်နာသူများအဖြစ် သတ်မှတ်ရမည်။ ထို့ကြောင့် -<br>(က) စာချုပ်ဝင်နိုင်ငံသည် လူကုန်ကူး ခံရသူများကို ၎င်းတို့၏ ပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှု သို့မဟုတ် တရားမဝင် ထွက်ခွာမှုကိုဖြစ်စေ၊ လူကုန်ကူး ခံရသူမှ တိုက်ရိုက်ကျူးလွန်သည့် အခြားမည်သည့် ပြစ်မှုမဆိုအတွက်ဖြစ်စေ အရေးယူခြင်းမပြုရ။<br>(ခ) နေရပ်ပြန်ပို့ရန် စောင့်ဆိုင်းနေချိန်အတွင်း လူကုန်ကူး ခံရသူများကို မည်သည့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာ စင်တာများတွင်မဆို သို့မဟုတ် မည်သည့်လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေး စခန်းများတွင်မဆို ထိန်းသိမ်းထားခြင်း မပြုရ။ သို့သော် လူမှုဝန်ထမ်း ဦးစီးဌာန (မြန်မာ) သို့မဟုတ် လူမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက် |

| | | |
|---|---|---|
| | | ရေးနှင့် လူမှုဖူလုံရေး ဦးစီးဌာန (ထိုင်းနိုင်ငံ) ၏ စောင့်ရှောက်မှုအောက်တွင် သို့မဟုတ် ယာယီ ခိုလှုံရေး စခန်းများတွင် ထားရှိရမည်။ လူကုန်ကူးခံရသူများကို နိုင်ငံတစ်နိုင်ငံစီ၏ မူဝါဒနှင့်အညီ ခိုလှုံနေထိုင်ရေးနှင့် အကာအကွယ်များ ပံ့ပိုးပေးရမည်။ |
| ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသည့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး နားလည်မှုစာချွန်လွှာ(၂၀၀၉) | မြန်မာ တရုတ် | အပိုဒ် ၅။ စာချုပ်ဝင် နှစ်နိုင်ငံစလုံးသည် ရာဇဝတ်မှု ကျူးလွန်သည့် သံသယ တရားခံများအဖြစ် ဆက်ဆံမည့် အစား ရာဇဝတ်မှု ကျူးလွန်ခံရသောကြောင့် နစ်နာသူ များအဖြစ် ဆက်ဆံရမည့် လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရန် သင့်လျော်သည့် အစီအမံများကို ဆောင်ရွက်ရမည်။ ထို့ကြောင့်<br>၁။ မည်သည့်စာချုပ်ဝင်နိုင်ငံကမျှ နစ်နာသူများကို ၎င်းတို့၏ ပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှု သို့မဟုတ် တရားမဝင် ထွက်ခွာမှုကို ဖြစ်စေ၊ လူကုန်ကူးခံရသူမှ တိုက်ရိုက် ကျူးလွန် သည့် အခြားမည်သည့် ပြစ်မှုမဆိုအတွက်ဖြစ်စေ ပြစ်ဒဏ်ချမှတ်ခြင်း မပြုရ။<br>၂။ လူကုန်ကူးခံရသူများအဖြစ် ဖော်ထုတ် အတည်ပြု ပြီးသူများကို အချိန်နှင့်တစ်ပြေးညီ တရားဝင် နေရပ်ပြန်ပို့ရေးအဖြစ် ပြည်နှင်ဒဏ် ပေးခြင်းမပြုရ။ |
| လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရနှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသည့် လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် လူကုန်ကူးခံရသူများအား ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (၂၀၁၀) | လာအို PDR ဗီယက်နမ် | အပိုဒ် ၄(၁)(ခ) "စာချုပ်ဝင်နိုင်ငံများသည် နစ်နာသူများကို ကာကွယ်စောင့်ရှောက်ရန် သင့်လျော်သည့် အစီအမံများကို ဆောင်ရွက်ရမည်။ စာချုပ်ဝင်နိုင်ငံများမှ အခွင့်အာဏာ ရှိသည့် အာဏာပိုင်များသည် နစ်နာသူများ ဘေးကင်း လုံခြုံစေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -<br>တန်းတူညီမျှ ဆက်ဆံပေးခြင်းနှင့် ဥပဒေ အထောက်အကူပေးခြင်း၊ တရားမဝင် ပြည်ဝင်မှုအတွက် သို့မဟုတ် အခြားသော မည်သည့် ဆက်စပ် အုပ်ချုပ်ရေးဆိုင်ရာ ပြစ်မှုမဆိုအတွက် ထိန်းသိမ်းထားမှု နှင့်/သို့မဟုတ် ပြစ်ဒဏ်ချမှတ်မှု မပြုခြင်း။" |
| ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ဗီယက်နမ် တရုတ် | အပိုဒ် ၂။<br>စာချုပ်ဝင် နှစ်နိုင်ငံစလုံးသည် နစ်နာသူများ၏ တစ်ကိုယ်ရေ ဘေးကင်းလုံခြုံမှုကို ကာကွယ် |

| | | |
|---|---|---|
| အစိုးရတို့အကြား ချုပ်ဆိုသည့် လူကုန်ကူးမှု တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး သဘောတူညီချက် (၂၀၁၀) | | စောင့်ရှောက်ပေးရန် သင့်လျော်သည့် အစီအမံများကို ဆောင်ရွက်ရမည်။<br>က။ စာချုပ်ဝင်နှစ်နိုင်ငံသည် နစ်နာသူများကို ၎င်းတို့၏ (တည်ရှိနေသည့်) နိုင်ငံပိုင်နက် အတွင်းသို့ တရားမဝင် ဝင်ရောက်မှုကို ဖြစ်စေ၊ လူကုန်ကူးခံရခြင်း၏ ရေတိုရလဒ်အဖြစ် ကျူးလွန်သည့် အခြား တရားမဝင် လုပ်ရပ်များ အတွက်ဖြစ်စေ ပြစ်ဒဏ် ချမှတ်ခြင်းမပြုရ။ |
| ကမ္ဘောဒီးယား တော်ဝင်အစိုးရနှင့် ထိုင်း တော်ဝင်အစိုးရတို့အကြား ချုပ်ဆိုသည့် လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ(၂၀၁၄) | ကမ္ဘောဒီးယား ထိုင်း | အခန်း ၄ အပိုဒ် ၆။ လူကုန်ကူးခံရသူများကို ပြစ်မှု ကျူးလွန်သူများ သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးဥပဒေကို ချိုးဖောက်သူများအဖြစ် မဟုတ်ဘဲ နစ်နာသူများအဖြစ် သတ်မှတ်ရမည်။ ထို့ကြောင့်<br>(က) လူကုန်ကူးခံရသူများကို နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်မှုအတွက် တရားစွဲဆိုခြင်း မပြုရ။<br>(ခ) တရားဝင် နေရပ်ပြန်ပို့ရေး လုပ်ငန်းစဉ်ကို စောင့်ဆိုင်းနေချိန်အတွင်း လူကုန်ကူးခံရသူများကို လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းရေးစခန်း များတွင် ထိန်းသိမ်းထားခြင်း မပြုရ။ သို့သော် လူမှုရေးရာ၊ စစ်မှုထမ်းဟောင်းနှင့် လူငယ် ပြန်လည် ထူထောင်ရေးဆိုင်ရာ ဝန်ကြီးဌာန (ကမ္ဘောဒီးယား) သို့မဟုတ် လူမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဖူလုံရေး ဦးစီးဌာန (ထိုင်းနိုင်ငံ) ၏ စောင့်ရှောက်မှု အောက်တွင် သို့မဟုတ် ယာယီခိုလှုံရေး စခန်းများတွင် ထားရှိကာ နစ်နာသူများကို နိုင်ငံတစ်နိုင်ငံစီ၏ မူဝါဒနှင့်အညီ ခိုလှုံနေထိုင်ရေးနှင့် အကာအကွယ်များ ပံ့ပိုးပေးရမည်။ |
| လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ချုပ်ဆိုသည့် လူကုန်ကူးမှု ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (၂၀၁၄) | လာအို PDR တရုတ် | အပိုဒ် ၄။ စာချုပ်ဝင် နှစ်နိုင်ငံစလုံးသည် အောက်ပါ အခြေအနေများ၌ လူကုန်ကူးခံရသူများကို အကာအကွယ် ပေးရန် သင့်လျော်သော အစီအမံများကို ဆောင်ရွက်ရမည်-<br>၁။ စာချုပ်ဝင်နိုင်ငံသည် နစ်နာသူများကို ၎င်းတို့၏ ပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှု သို့မဟုတ် တရားမဝင် ထွက်ခွာမှုကို ဖြစ်စေ၊ လူကုန်ကူးခံရသူမှ တိုက်ရိုက်ကျူးလွန်သည့် အခြား မည်သည့်ပြစ်မှုမဆို အတွက်ဖြစ်စေ အရေးယူခြင်းမပြုရ။ |

| | | |
|---|---|---|
| COMMIT ၏ နစ်နာသူ ဖော်ထုတ်အတည်ပြုရေးနှင့် ညွှန်းပို့မှုဆိုင်ရာ ယန္တရားများအတွက် လမ်းညွှန်ချက်များ - မဟာမဲခေါင်ဒေသတွင်းအတွက် ဘုံလမ်းညွှန်ချက်များ (၂၀၁၆) | ကမ္ဘောဒီးယား တရုတ် လာအို PDR မြန်မာ ထိုင်း ဗီယက်နမ် | "လူကုန်ကူးခံရသူများကို မည်သည့်အခြေအနေတွင်မဆို လူဝင်မှုကြီးကြပ်ရေး ဥပဒေများကို ချိုးဖောက်မှုအတွက် သို့မဟုတ် လူကုန်ကူးခံရသူဖြစ်နေသည့် အခြေအနေ၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ၎င်းတို့ ပါဝင်လုပ်ဆောင်ခဲ့ရသည့် လုပ်ရပ်များအတွက် တရားစွဲဆိုခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်း မပြုရ။" |

*နောက်ဆက်တွဲ (၄) နိုင်ငံတကာရှိ အကောင်းဆုံးအလေ့အထများဆိုင်ရာ လမ်းညွှန်ချက်များ*

အောက်ပါလမ်းညွှန်ချက်များကို ၎င်းတို့၏ မူလအရင်းအမြစ်များမှ ကောက်နုတ်ထားပါသည်။

## အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အကြံပြုချက်များ[126]

၅၃။ နိုင်ငံများသည် လူကုန်ကူးမှုကို တားမြစ်ပြီး ပြစ်ဒဏ်ကင်းလွတ်ခွင့် အခွင့်အရေးကို ပံ့ပိုးပေးရန်အတွက် ၁၉၃၀ ပြည့်နှစ် ILO အတင်းအဓမ္မလုပ်အားခိုင်းစေခြင်းဆိုင်ရာ တုံ့ပြန်မှုလုပ်ငန်းစဉ် (အမှတ် ၂၉) အပါအဝင် သက်ဆိုင်ရာ နိုင်ငံတကာ စာချုပ်စာတမ်းအားလုံးကို အတည်ပြုလက်မှတ်ရေးထိုး၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။

၅၄။ နိုင်ငံများသည် လူကုန်ကူးခံရသူများအား ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ထိရောက်စွာ အကောင်အထည်ဖော်ရန် သင့်လျော်သော ဥပဒေရေးရာ၊ မူဝါဒ၊ စီမံခန့်ခွဲရေးနှင့် အခြား ဆောင်ရွက်ချက်များကို လက်ခံကျင့်သုံးသင့်ပြီး -
(က) လူကုန်ကူးခံရသူများအား ပြစ်ဒဏ်ကင်းလွတ်ခွင့် ပေးရန်အတွက် ပြဋ္ဌာန်းရန် သီးခြား ပြည်တွင်း ဥပဒေတစ်ရပ်ကို မိတ်ဆက်ဖော်ဆောင်သင့်သည်။
(ခ) လူကုန်ကူးမှုအားလုံးတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို တစ်သမတ်တည်းနှင့် စနစ်တကျ အသုံးချနိုင်ရန်အလို့ငှာ တရားစွဲဆိုရေး လမ်းညွှန်ချက်များကို လက်ခံကျင့်သုံးသင့်သည်။
(ဂ) လူကုန်ကူးမှုနှင့် ဆက်စပ်သော ရာဇဝတ်မှုများကို ပွင့်လင်းကျယ်ပြန့်စွာ ဖော်ပြထားသည့် စာရင်းတစ်ခုကို ချမှတ်သင့်သည်။ ယင်းစာရင်းကို လူကုန်ကူးခံရသူများနှင့် ထိတွေ့ဆက်ဆံရနိုင်ခြေရှိသော ဥပဒေစိုးမိုးရေး အာဏာပိုင်များ၊ တရားရုံးများနှင့် အခြားသူများအားလုံးအတွက် လေ့ကျင့်သင်တန်း ပေးရာတွင် ဖြန့်ဝေပြီး ထည့်သွင်းသင့်သည်။

၅၅။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို အောက်ပါအတိုင်း ကျင့်သုံးသင့်သည် -
(က) ရဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်လုံခြုံရေး အာဏာပိုင်များ၊ အလုပ်သမားစုံစမ်းစစ်ဆေးရေး ဌာနများနှင့် အခြား တရားဥပဒေစိုးမိုးရေး အေဂျင်စီများ သို့မဟုတ် ဝန်ထမ်းများအပါအဝင် သက်ဆိုင်ရာ ပြည်တွင်းအာဏာပိုင် အားလုံးသည် လူကုန်ကူးခံရသည့် ဖြစ်နိုင်ခြေရှိသော နစ်နာသူများကို ဖော်ထုတ်အတည်ပြုရန် လေ့ကျင့်ထားပြီး အရည်အချင်းပြည့်မီ သင့်သည်။
(ခ) တစ်စုံတစ်ယောက်သည် လူကုန်ကူးခံရကြောင်း ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သည့် အကြောင်းရင်းရှိပါက သို့မဟုတ် လူကုန်ကူးခံရသူ၊ သို့မဟုတ် ၎င်းတို့၏ ဥပဒေရေးရာ ကိုယ်စားလှယ်က လူကုန်ကူးခံရကြောင်း တိုင်ကြားပါက လူကုန်ကူးခံရသူအား ထိရောက်ပြီး ပြီးပြည့်စုံသော အကာအကွယ်ပေးသင့်သည်။

၅၆။ နိုင်ငံများသည် လူကုန်ကူးခံရသူများကို အချိန်မီပြီး ထိရောက်စွာ ဖော်ထုတ်အတည်ပြုနိုင်ရန် လိုအပ်သည်။ နစ်နာသူကို စောလျင်စွာ ဖော်ထုတ်အတည်ပြုနိုင်ရန်အလို့ငှာ ဖော်ထုတ်အတည်ပြုခြင်း လုပ်ငန်းစဉ်တစ်လျှောက် ဥပဒေရေးရာ အကူအညီပေးသင့်ပြီး ထိုသူများကို အကူအညီပေးရေးအတွက် လွှဲပြောင်းပေးခြင်း၊

[126] ဤအကြံပြုချက်များကို အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးပြုသော လူကုန်ကူးမှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာမှ ကောက်နုတ်ထားပါသည်။ Siobhán Mullally on *Implementation of the non-punishment principle,* UN Doc. A/HRC/47/34, 17 May 2021 ။ ၎င်းတို့ကို ဤအာဆီယံလမ်းညွှန်တစ်လျှောက်တွင်လည်း ထည့်သွင်းထားပါသည်။

ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပြစ်ဒဏ် ကင်းလွတ်ခွင့် အခြေခံမှုကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်သင့်သည်။

၅၇။ နိုင်ငံများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို အောက်ပါကိစ္စများတွင် ကျင့်သုံးရန်လိုအပ်သည် -
(က) လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ လုပ်အားခေါင်းပုံဖြတ်မှုနှင့် အတင်းအကျပ်ပြုလုပ်မှု အပါအဝင် လူကုန်ကူးမှု ပုံသဏ္ဌာန်အားလုံး၊ နိုင်ငံတကာလူကုန်ကူးမှုနှင့် ပြည်တွင်းလူကုန်ကူးမှု ဖြစ်ရပ်နှစ်မျိုးစလုံး၊
(ခ) လူကုန်ကူးခံရသူတစ်ဦးက လုပ်ဆောင်သည့် မည်သည့်တရားမဝင်လုပ်ရပ်ကိုမဆို ကျူးလွန်သော ရာဇဝတ်မှု၏ သဘာဝ သို့မဟုတ် ပြင်းထန်မှုကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ၎င်းတို့၏ လူကုန်ကူးခံရမှု၏ တိုက်ရိုက်အကျိုးဆက်အဖြစ် လူကုန်ကူးခံရသူ လုပ်ဆောင်ခဲ့သည့် မည်သည့် တရားမဝင်လုပ်ရပ်မဆို၊
(ဂ) ရာဇဝတ်မှု၊ တရားမမှု၊ စီမံခန့်ခွဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြစ်မှုများ၊ ထို့အပြင် နိုင်ငံသားဖြစ်မှု ရုပ်သိမ်းခြင်း၊ ကောင်စစ်ဆိုင်ရာ အကူအညီ ငြင်းပယ်ခြင်း သို့မဟုတ် နေရပ်ပြန်လည် ပို့ဆောင်ခြင်း၊ ဒုက္ခသည်အဆင့်အတန်းမှ ဖယ်ရှားခြင်း သို့မဟုတ် နိုင်ငံတကာ အကာအကွယ်ပေးမှု အခြားပုံစံများ၊ မိသားစုဝင်များကို ခွဲထားခြင်းကဲ့သို့သော အခြားပုံသဏ္ဌာန်များ အပါအဝင် ပြစ်ဒဏ်ချမှတ်ခြင်း၊
(ဃ) ထိန်းသိမ်းခြင်း၊ ချုပ်ထားခြင်း၊ နေရာရွှေ့ပြောင်းမှုကို ဆိုင်းငံ့ထားခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ပြန်လည် ပို့ဆောင်ရေး လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နေဆဲတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းသိမ်းမှုနှင့် ထိန်းသိမ်းမှု အပါအဝင် လွတ်လပ်ခွင့်ဆုံးရှုံးမှု အခြေအနေအားလုံး။

၅၈။ လူကုန်ကူးမှုသည် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ကြောင်း အသိအမှတ်ပြုပြီး ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ကျင့်သုံးခြင်းသည် နစ်နာသူတစ်ဦးကို ဖော်ထုတ်အတည်ပြုခြင်း သို့မဟုတ် သံသယရှိသော လူကုန်ကူးသူကို တရားစွဲဆိုခြင်းအပေါ် အခြေခံ၍ စည်းကမ်းသတ်မှတ်ခြင်း မရှိသင့်ပါ။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကျင့်သုံးမှုသည် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် နစ်နာသူ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံ၍ စည်းကမ်းသတ်မှတ်ခြင်း မရှိသင့်ပါ။

၅၉။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လိုက်နာမှုရှိစေရန်အတွက် လူကုန်ကူးခြင်းခံရသူဟု သံသယရှိသူ သို့မဟုတ် ဖော်ထုတ်အတည်ပြုထားသော လူကုန်ကူးခံရသူများအားလုံးကို ထိန်းသိမ်းရေးစခန်းမှ သို့မဟုတ် လွတ်လပ်ခွင့် ဆုံးရှုံးနိုင်သည့် အခြေအနေမှ ချက်ချင်းဖယ်ရှားပေးပြီး အကူအညီနှင့်အကာအကွယ် ပေးအပ်ရမည်။

၆၀။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ဒုက္ခသည်အဆင့်အတန်း သို့မဟုတ် နိုင်ငံတကာ ကာကွယ်မှုဆိုင်ရာ အခြား ပုံစံများ ရရှိရေး ကြိုးပမ်းနေသော လူကုန်ကူးခံရသူများအပါအဝင် လူကုန်ကူးခံရသူအားလုံးအပေါ် ခွဲခြားဆက်ဆံမှုမရှိဘဲ ကျင့်သုံးရမည်။

၆၁။ နိုင်ငံများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် လူကုန်ကူးခံရသည့် မသန်စွမ်းများအပါအဝင် လူကုန်ကူးမှုတိုက်ဖျက်ရေး အစီအမံအားလုံးတွင် ဥပဒေ၏ တန်းတူအကာအကွယ်နှင့် ဥပဒေ ရှေ့မှောက် တန်းတူညီမျှရှိမှု ရရှိစေရန်ဆောင်ရွက်ရမည်။ နိုင်ငံများသည် တရားမျှတမှုကို လက်လှမ်းမီ ရရှိစေရေးအတွက် လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးနှင့် အခြားကနဦးအဆင့်များ၌ ဖော်ထုတ်အတည်ပြုရေး

လုပ်ထုံးလုပ်နည်းများအပါအဝင် တရားစွဲဆိုမှု လုပ်ငန်းစဉ်အားလုံးတွင် လူကုန်ကူးခံရသည့် မသန်စွမ်းများပါဝင်ခွင့်ရရှိရေး ကူညီဆောင်ရွက်ပေးရန်အလို့ငှာ မသန်စွမ်းမှုကိုအခြေခံသည့် ခွဲခြားဆက်ဆံမှုများ မရှိစေရန်နှင့် နည်းစနစ်ကျပြီး အသက်အရွယ်နှင့်ဆီလျော်သည့် နေရာ ထိုင်ခင်း ပံ့ပိုးပေးခြင်းအပါအဝင် အဆင်ပြေသင့်လျော်သော ပတ်ဝန်းကျင်ဖြစ်စေရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရန်အတွက် သင့်လျော်သည့်အဆင့်အားလုံးကို ဆောင်ရွက်ရမည်။

၆၂။ နိုင်ငံများသည် လူကုန်ကူးခံရသည့် ကလေးသူငယ်တစ်ဦးအား လူကုန်ကူးခံရမှုနှင့်ဆက်စပ်သည့် တရားမဝင် လုပ်ရပ်များအတွက် ပြစ်ဒဏ်မပေးကြောင်း သေချာအောင်ဆောင်ရွက်ရမည်။ နစ်နာသူ၏ အသက်အရွယ် မသေချာသည့် အခါနှင့် နစ်နာသူသည် ကလေးသူငယ်ဟုယုံကြည်ရန် အကြောင်းရှိသည့်အခါ၌ နစ်နာသူကို ကလေးသူငယ်တစ်ဦးအဖြစ် သတ်မှတ်၍ ၎င်းတို့၏ သက်သေခံမှု သို့မဟုတ် အသက်အရွယ်နှင့်စပ်လျဉ်းသော အထူးကာကွယ်မှု ဆောင်ရွက်ချက်များ ရရှိရမည်။ ကျူးလွန်သောရာဇဝတ်မှုနှင့် ကလေးသူငယ်၏ အဆင့်အတန်းကြားဆက်နွယ်မှုကို ခိုင်မာပြီး လုံလောက်သော အကြောင်းပြချက်ဖြင့်၊ သံသယရှိသော သို့မဟုတ် ဖော်ထုတ်ထားသော လူကုန်ကူးခံရသော ကလေးသူငယ်အကြား ဆက်နွယ်မှုကို လက်ခံရမည်ဖြစ်ပြီး အမှုကိုရပ်စဲရန် သို့မဟုတ် ထုတ်ပြန်ထားပြီးသော ပြစ်ဒဏ်ချမှတ်ခြင်းကို ပယ်ဖျက်ရန် လုပ်ဆောင်ရမည့်အပြင် ထိုကလေးသူငယ်အား ထိန်းသိမ်းရေးစခန်းများမှ ချက်ချင်းလွတ်မြောက်စေရန် တာဝန်ရှိသူက လက်ခံရမည်။ ကလေးသူငယ်များနှင့် ပတ်သက်ပါက ၎င်းတို့ကို မည်သည့်နည်းနှင့်မျှ လူကုန်ကူးခံရသူအဖြစ် အဆင့်အတန်း သတ်မှတ်မည် မဟုတ်ကြောင်း၊ ဖိအားပေးမှု လုံးဝမရှိကြောင်း သေချာအောင် ဆောင်ရွက်သင့်သည်။

၆၃။ အကြမ်းဖက်အဖွဲ့များဟု သတ်မှတ်ထားသူများအပါအဝင် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်မှုအတွက် ထိန်းသိမ်း ထားသော ကလေးသူငယ်များကို လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှု ဥပဒေအရ ပြင်းထန်သော ချိုးဖောက်မှုများ နစ်နာခံစားရသူများအဖြစ် အသိအမှတ်ပြုသင့်သည်။ ပြန်လည်ထူထောင်ရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်း ရေးနှင့် မိသားစု ပြန်လည်ဆုံတွေ့ရေးတို့ကို ဦးစားပေးရမည်။ ၎င်းတို့ကို ပြစ်ဒဏ်မပေးရပါ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၃၈၈ (၂၀၁၇)ပါ အချက်များအရ နိုင်ငံများသည် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စု အားလုံးနှင့် ဆက်နွယ်နေသော သို့မဟုတ် ဆက်နွယ်သည်ဟု စွပ်စွဲခံရသော ကလေးသူငယ်များ အပါအဝင်၊ ရာဇဝတ်မှုများ ကျူးလွန်သူများ အပါအဝင် လူကုန်ကူးခံရသူများအဖြစ် ဖော်ထုတ်အတည်ပြုပြီးသော ကလေးသူငယ်များအပေါ် စီမံအုပ်ချုပ်ရေးဆိုင်ရာ ထိန်းသိမ်းမှုအသုံးပြုခြင်းကို ရှောင်ကြဉ်သင့်သည်။ လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် လက်နက်ကိုင် အုပ်စုများနှင့် ဆက်နွယ်နေသော ကလေးသူငယ်များအား အချိန်မီလွှဲပြောင်းပေးအပ်ရန် သင့်လျော်သော လုပ်ထုံးလုပ်နည်း များကို ချမှတ်ကျင့်သုံးသင့်သည်။

၆၄။ တရားစွဲဆိုရေး ဆုံးဖြတ်ချက်များတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမှုကို လိုက်နာမှုရှိစေရန် နိုင်ငံများသည် အောက်ပါ အချက်များကို ဆောင်ရွက်စေရမည် -

(က) ဥပဒေအရာရှိများသည် လူကုန်ကူးခံရသူများ၏ အခြေအနေကြောင့် တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်သော ပြစ်မှုအားလုံးအတွက် တရားစွဲဆိုမှုရပ်စဲရန် တာဝန်ရှိသည်။ တရားစွဲဆိုရေး အာဏာပိုင်များသည် ထိုသို့ရပ်စဲရန် ပျက်ကွက်ပါက ပြည်တွင်းတရားရုံးများသည် လုပ်ငန်းစဉ်အလွဲသုံးစားမှု အကြောင်းပြချက်ဖြင့် သို့မဟုတ် တရားစွဲဆို ခြင်းသည် နိုင်ငံတကာ ပြစ်ဒဏ်ကင်းလွတ်ခွင့် တာဝန်ဝတ္တရားကို ချိုးဖောက်သည်ဟူသော အကြောင်းပြချက်ဖြင့် ရပ်စဲစေရန် အာဏာရှိသင့်သည်။

(ခ) ဥပဒေစိုးမိုးရေးအာဏာပိုင်များနှင့် ဥပဒေအရာရှိများအားလုံးသည် လူကုန်ကူးခံရနိုင်ခြေရှိသူများနှင့် လူကုန်ကူးမှုနှင့် ဆက်စပ်သော ပြစ်မှုများကိုဖော်ထုတ်ရေးနှင့် တရားစွဲဆိုမှုများကို တတ်နိုင်သမျှစောလျင်စွာ ရပ်စဲရေး အမိန့်ပေးနိုင်ရန်

သို့မဟုတ် မေတ္တာရပ်ခံနိုင်ရန် အပြည့်အဝလေ့ကျင့်ထားပြီး ဖြစ်သင့်သည်။

၆၅။ ပြည်တွင်းအာဏာပိုင်များသည် ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးရန် ပျက်ကွက်ပြီး ပြစ်ဒဏ် ချမှတ်ခြင်း သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းကို လူကုန်ကူးခံရသူတစ်ဦးအပေါ် ချမှတ်သည့်အခါ၊ အလျော့အတင်းမရှိ စေ့စပ်သေချာစွာ လုပ်ဆောင်ရန် မူဝါဒသည် ထိုသို့သော ပျက်ကွက်မှုကိုကုစားရန် နိုင်ငံများအနေနှင့် လိုအပ်သည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို အပြည့်အဝနှင့် ထိရောက်စွာ အကောင်အထည်ဖော်ခြင်းသည် အပြစ်ရှိကြောင်း ရာဇဝတ်မှုမှတ်တမ်းကို ဖယ်ရှားရန် သို့မဟုတ် ပိတ်သိမ်းပေးရန် ပြဋ္ဌာန်းချက်များ ပါဝင်သင့်သည်။ ဥပဒေရေးရာနှင့် အခြားလိုအပ်သော ဆောင်ရွက်ချက်များတွင် ထိုသို့သောကုစားမှုကို ထားရှိသင့်ပြီး၊ လူကုန်ကူးခံရသူအပေါ် မလိုအပ်သော ဝန်ထုပ်ဝန်ပိုး ကျရောက်ခြင်းမှ ရှောင်ကြဉ်ရန်နှင့် ၎င်းတို့၏ ပြန်လည်ထူထောင်ရေးကို လွယ်ကူစေရန် ဥပဒေရေးရာ အကူအညီဖြင့် ထောက်ပံ့သင့်သည်။

၆၆။ ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကိုကျင့်သုံးရန် ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသော လူကုန်ကူးခံရသူ၏ ပြစ်ဒဏ် ချမှတ်ခံရခြင်းကြောင့်ဖြစ်စေ၊ လူကုန်ကူးခံရသူသည် လူကုန်ကူးမှုနှင့်ဆက်စပ်သော ပြစ်မှုများတွင် ပါဝင်ပတ်သက်နေသည် ဟူသော သံသယကြောင့်ဖြစ်စေ အခြေချနေထိုင်ခွင့် သို့မဟုတ် ပြန်လည်ထူထောင်ရေးနှင့် စဉ်းစားသုံးသပ်ကာလအတွင်း လူမှုဖူလုံရေး သို့မဟုတ် အခြား အကျိုးခံစားခွင့်များ ငြင်းပယ်ခံရခြင်း၊ အလုပ်အကိုင်ရရှိခွင့် သို့မဟုတ် ပညာသင်ယူခွင့် သို့မဟုတ် လျော်ကြေးရရှိခွင့်ကို ကန့်သတ်ခြင်းတို့ မဖြစ်စေရန် နိုင်ငံများက သေချာစွာဆောင်ရွက်သင့်သည်။

၆၇။ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဆိုင်ရာ သီးခြားဥပဒေပြဋ္ဌာန်းချက်တစ်ရပ် အကောင်အထည်ဖော်ရန် ဆောင်ရွက်နေဆဲတွင် နိုင်ငံများသည် ဖိအားပေးခြင်း သို့မဟုတ် မလွှဲမရှောင်သာသော အခြေအနေ၊ ယေဘုယျအားဖြင့် တာဝန်ကင်းလွတ်ခွင့် ရသည့် အကြောင်းရင်းများကဲ့သို့ တည်ဆဲဥပဒေရေးရာ စံနှုန်းများကို အသုံးချခြင်းဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပြုသည့် ကတိကဝတ်ကို လိုက်နာသင့်သည်။ နိုင်ငံများသည် ကာကွယ်ပိုင်ခွင့်များကို လူကုန်ကူးမှုအခြေအနေနှင့်ကိုက်ညီအောင် သေချာစွာ ကျင့်သုံးသင့်သည်။ လူကုန်ကူးခံရသူများ ခံစားရသော ဖိအားပေးမှုပုံစံအမျိုးမျိုးနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဖော်ပြထားသော အားနည်းချက်ရှိခြင်းအခြေအနေနှင့် နည်းလမ်းအားလုံးကို အသိအမှတ်ပြုရမည်။

## လုံခြုံရေးကောင်စီဆုံးဖြတ်ချက် S/RES/2388 (၂၀၁၇)

၁၇။ လက်နက်ကိုင်နှင့် အကြမ်းဖက်အုပ်စုများ၏ ဖမ်းဆီးထိန်းသိမ်းမှုမှ လွတ်မြောက်လာသူများ၏ တစ်ဦးချင်း အခြေအနေကို ပြည့်စုံသေချာစွာ စစ်ဆေးအကဲဖြတ်ရန်နှင့် လူကုန်ကူးခံရသူများအား အချိန်မီ ဖော်ထုတ်အတည်ပြုနိုင်ရန်၊ ၎င်းတို့အား ရာဇဝတ်မှုကျူးလွန်ခံရသည့် နစ်နာသူများအဖြစ် ဆက်ဆံရန်နှင့် ပြည်တွင်းဥပဒေနှင့်အညီ လူကုန်ကူး ခံရခြင်းကြောင့် တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့သော တရားမဝင်လုပ်ရပ်များအတွက် လူကုန်ကူးခံရသူများကို တရားစွဲဆိုခြင်းမှ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းမှ ရှောင်ကြဉ်ရေး ထည့်သွင်းစဉ်းစားရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။

## လူ့အခွင့်အရေးနှင့် လူကုန်ကူးမှုဆိုင်ရာ ကုလသမဂ္ဂအကြံပြုသည့် အခြေခံမူများနှင့် လမ်းညွှန်ချက်များ

*အခြေခံမှု (၇)*

လူကုန်ကူးခံရသူများသည် ကြားခံနိုင်ငံများနှင့် ဦးတည်နိုင်ငံများသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် နေထိုင်ခြင်းအတွက် သို့မဟုတ် ၎င်းတို့၏ အခြေအနေ ကြောင့် လူကုန်ကူးခံရသူဖြစ်ခြင်း၏ တိုက်ရိုက်အကျိုးဆက်အဖြစ် တရားမဝင် လုပ်ရပ်များတွင် ပါဝင်ပတ်သက်မှုအတွက် ထိန်းသိမ်းခံရခြင်း၊ စွဲချက်တင်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်း မခံရသင့်ပါ။

*လမ်းညွှန်ချက် (၄) လုံလောက်သော ဥပဒေရေးရာ မူဘောင်တစ်ရပ်ထားရှိခြင်း*

နိုင်ငံအဆင့်တွင် လူကုန်ကူးမှုဆိုင်ရာ သီးခြားဥပဒေ မရှိခြင်း နှင့်/သို့မဟုတ် လုံလောက်သော ဥပဒေ မရှိခြင်းကို လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် အဓိက အတားအဆီး တစ်ခုအဖြစ် ဖော်ထုတ်ထားသည်။ ဥပဒေဆိုင်ရာ အဓိပ္ပာယ် ဖွင့်ဆိုချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာ စံနှုန်းများနှင့်အညီ နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့်များတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ယန္တရားများ သဟဇာတဖြစ်စေရန် အရေးတကြီးလိုအပ်နေသည်။ သက်ဆိုင်ရာ နိုင်ငံတကာ စာချုပ်စာတမ်းများ၊ စံနှုန်းများနှင့် ကိုက်ညီ၊ သင့်လျော်သော ဥပဒေရေးရာ မူဘောင်တစ်ခု ရေးဆွဲရေးသည် လူကုန်ကူးမှုနှင့်ဆက်စပ်သော ခေါင်းပုံဖြတ်မှုများကို တားဆီးကာကွယ်ရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။

နိုင်ငံများသည် အောက်ပါအချက်ကို ထည့်သွင်းစဉ်းစားသင့်သည် -
၅။ လူကုန်ကူးခံရသူများအား တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် နေထိုင်ခြင်း သို့မဟုတ် လူကုန်ကူးခံရသူဖြစ်ခြင်း အခြေအနေ၏ တိုက်ရိုက်အကျိုးဆက် အနေဖြင့် ၎င်းတို့ ပါဝင်ပတ်သက်နေသော လုပ်ဆောင်ချက်များအတွက် တရားစွဲဆိုခြင်း၊ ဖမ်းဆီးခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းမှ တားဆီး ကာကွယ်သည့် ဥပဒေရှိရန် သေချာစေခြင်း။

*လမ်းညွှန်ချက် (၅) လုံလောက်သော တရားဥပဒေစိုးမိုးရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများ ရှိခြင်း*

ကမ္ဘာ့ဒေသအားလုံးတွင် လူကုန်ကူးမှု တိုးပွားလာသည်ဟူသော သက်သေ အထောက်အထား ရှိသော်လည်း လူကုန်ကူးသူအနည်းငယ်သာ ဖမ်းဆီးရမိ ခဲ့သည်။ ပိုမိုထိရောက်သော ဥပဒေစိုးမိုးရေးသည် လူကုန်ကူးသူများအတွက် ဟန့်တားမှု ဖြစ်စေမည်ဖြစ်ပြီး လူကုန်ကူးမှုများရှိနေမှုအပေါ် တိုက်ရိုက် သက်ရောက်မှု ရှိလိမ့်မည်။ လူကုန်ကူးမှုနှင့်ပတ်သက်သည့် လုံလောက်သော တရားဥပဒေစိုးမိုးရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် လူကုန်ကူးခံရသူများနှင့် အခြားသက်သေများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်သည်။ အခြေအနေအများအပြားတွင် တစ်ဦးချင်းသည် လူကုန်ကူးသူများကို

တိုင်ကြားရန် သို့မဟုတ် သက်သေအဖြစ်ဆောင်ရွက်ရန် တွန့်ဆုတ်ကြသလို အချို့ကလည်း တိုင်ကြားရန် သို့မဟုတ် သက်သေအဖြစ်ဆောင်ရွက်ရန် မတတ်နိုင်ကြပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ရဲနှင့် တရားစီရင်ရေး စနစ်အပေါ် ယုံကြည်မှုမရှိကြသောကြောင့် သို့မဟုတ် ထိရောက်သော ကာကွယ်ရေးယန္တရားများ မရှိခြင်းကြောင့်ဖြစ်သည်။ ဥပဒေစိုးမိုးရေး အရာရှိများက လူကုန်ကူးမှုတွင် ပါဝင်ပတ်သက်နေခြင်း သို့မဟုတ် အားပေး ကူညီနေခြင်းမျိုးဖြစ်သည့်အခါ ဤပြဿနာများမှာ ပိုမိုဆိုးရွားလာသည်။ ထိုသို့သော ပါဝင်ပတ်သက်မှုကို စုံစမ်းစစ်ဆေးရန်၊ တရားစွဲဆိုရန်နှင့် အပြစ် ပေးရန် အားကောင်းသောဆောင်ရွက်ချက်များ လုပ်ဆောင်ရန် လိုအပ်သည်။ ဥပဒေစိုးမိုးရေးအရာရှိများသည် လူကုန်ကူးခံရသူများ၏ ဘေးကင်းလုံခြုံရေး ဆိုင်ရာ အဓိကလိုအပ်ချက်များနှင့်ပတ်သက်ပြီး အမြဲတမ်း သတိရှိနေရမည်။ ဤတာဝန်သည် စုံစမ်းစစ်ဆေးသူထံတွင်ရှိပြီး ဖျက်သိမ်း၍ မရပါ။

ကျင့်သုံးသည့်နေရာများ၌ နိုင်ငံများနှင့်တကွ အစိုးရဌာနစုံ အဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် အောက်ပါတို့ကို စဉ်းစားသင့်သည် -

၅။ လူကုန်ကူးသူများသည် လူကုန်ကူးမှုတိုက်ဖျက်ရေး မဟာဗျူဟာများ၏ အဓိက အာရုံစိုက်ရာ ဖြစ်တည်နေကြောင်းနှင့် ဥပဒေစိုးမိုးရေး ကြိုးပမ်း အားထုတ်မှုများသည် လူကုန်ကူးခံရသူများအား ၎င်းတို့၏ အခြေအနေ၏ အကျိုးဆက်အဖြစ် ကျူးလွန်သော ပြစ်မှုများအတွက် ပြစ်ဒဏ်ပေးခံရမည့် အန္တရာယ်မရှိစေရန် အာမခံခြင်း။

*လမ်းညွှန်ချက် (၈) လူကုန်ကူးခံရသည့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရန်နှင့် ဖေးမကူညီပေးရန် အထူးအစီအမံများ*

လူကုန်ကူးခံရသည့် ကလေးသူငယ်များ ခံစားရသော ထူးခြားသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနှင့် ၎င်းတို့၏ ခေါင်းပုံဖြတ်ခံရနိုင်ခြေ ပိုမိုများပြားခြင်းတို့ကြောင့် ကလေးသူငယ် များအား အရွယ်ရောက်ပြီးသည့် လူကုန်ကူးခံရသူများနှင့် သီးခြားစီဖြစ်သော ဥပဒေများ၊ မူဝါဒများ၊ အစီအစဉ်များနှင့် ကြားဝင် ဆောင်ရွက်မှုများဖြင့် ကိုင်တွယ်ရန်လိုအပ်သည်။ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိက လူမှုဖူလုံရေး အဖွဲ့အစည်းများ၊ တရားရုံးများ၊ အုပ်ချုပ်ရေးအာဏာပိုင်များ သို့မဟုတ် ဥပဒေပြု အဖွဲ့အစည်းများမှ ဆောင်ရွက်သော လူကုန်ကူးခံရသည့် ကလေးသူငယ်များနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်အားလုံးတွင် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားသည် အဓိက စဉ်းစားရမည့် အချက် ဖြစ်ရမည်။ လူကုန်ကူးခံရသည့် ကလေးသူငယ်များအား သင့်လျော်သော အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှု ပေးရမည်ဖြစ်ပြီး

ၚင်းတို့၏ အထူးအခွင့်အရေးများနှင့် လိုအပ်ချက်များကို အပြည့်အဝ ထည့်သွင်းစဉ်းစားရမည်။

ကျင့်သုံးသည့်နေရာများ၌ နိုင်ငံများနှင့်တကွ အစိုးရဌာနစုံ အဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် လမ်းညွှန်ချက် (၆) အောက်တွင် ဖော်ပြထားသော အစီအမံများအပြင် အောက်ပါတို့ကို စဉ်းစားသင့်သည် -

၃။ လူကုန်ကူးခံရသည့် ၎င်းတို့၏ အခြေအနေနှင့်ဆက်စပ်သော ပြစ်မှုများ အတွက် လူကုန်ကူးခံရသည့် ကလေးသူငယ်များအား ရာဇဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် အပြစ်ဒဏ်များ မခံစားစေရန် သေချာစွာ ဆောင်ရွက်ခြင်း။

**လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ဆောင်ချက်ဆိုင်ရာ ကွန်ဗင်းရှင်း** *(ဥရောပကောင်စီ စာချုပ်အမှတ် ၁၉၇)* **အပိုဒ် (၂၆)**

အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းတို့၏ ဥပဒေစနစ်၏ အခြေခံမူများနှင့်အညီ လူကုန်ကူးခံရသူများအနေဖြင့် ပြစ်မှုပါဝင်ကျူးလွန်ရန် အတင်းအကျပ်ခိုင်းစေခံ ရသည့် အတိုင်းအတာအထိ ၎င်းတို့၏ တရားမဝင် လုပ်ဆောင်ချက်များတွင် ပါဝင်မှုအတွက် ပြစ်ဒဏ်များ မချမှတ်စေရေးအတွက် ဖြစ်နိုင်ခြေများကို စီစဉ်ပေးရမည်။

**၂၀၂၄ ခုနှစ် ဇွန်လ ၁၃ ရက်နေ့ ဥရောပပါလီမန်နှင့် ကောင်စီ၏ ညွှန်ကြားချက် (EU) 2024/1712 သည် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ ညွှန်ကြားချက် 2011/36/EU ကို ပြင်ဆင်ပြီး EU ကုန်ကူးမှုညွှန်ကြားချက် 2011/36/EU (EU Directive) ၏ ပုဒ်မ ၈ ကို အစားထိုးသည်။**[127]

*နစ်နာသူအား တရားစွဲဆိုမှု မပြုခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းကို မကျင့်သုံးခြင်း*

အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ဥပဒေစနစ်များ၏ အခြေခံမူများနှင့်အညီ အခွင့်အာဏာရှိသော နိုင်ငံ့အာဏာပိုင်များက လူကုန်ကူးခံရသူများအား ၎င်းတို့သည် အပိုဒ် (၂) တွင် ရည်ညွှန်းထားသော လုပ်ရပ်များကို တိုက်ရိုက် အကျိုးဆက်အဖြစ် လုပ်ဆောင်ရန် အတင်းအကျပ် စေခိုင်းခံရသော ရာဇဝတ်မှု သို့မဟုတ် အခြားတရားမဝင် လုပ်ဆောင်ချက်များတွင် ပါဝင်မှု အတွက် တရားစွဲဆိုခြင်း သို့မဟုတ် ပြစ်ဒဏ်များချမှတ်ခြင်း မပြုစေရန် လိုအပ်သော အစီအမံများကိုချမှတ်ရမည်။

127 *"အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ဥပဒေစနစ်၏ အခြေခံမူများနှင့်အညီ လူကုန်ကူးခံရသူများအား ပုဒ်မ ၂ တွင် ရည်ညွှန်းထားသော လုပ်ရပ်များ [၎င်းတို့၏ ကျူးလွန်ခံရသူအဖြစ်] ကို တိုက်ရိုက်ခံစားရသည့်အတွက် မဖြစ်မနေပါဝင်ခဲ့ရသော ရာဇဝတ်မှုဆိုင်ရာ ကျူးလွန်မှုများအတွက် တရားစွဲဆိုခြင်း သို့မဟုတ် ပြစ်ဒဏ် ချမှတ်ခြင်းမပြုရန် အခွင့်အာဏာရှိသည့် သက်ဆိုင်ရာ နိုင်ငံ့အာဏာပိုင်များအတွက် လိုအပ်သော အစီအမံများကို ချမှတ်ရမည်။"*

## ဥရောပ လူ့အခွင့်အရေး တရားရုံး၏ V.C.L နှင့် A.N. တို့နှင့် ယူနိုက်တက်ကင်းဒမ်းအမှု (လျှောက်လွှာ အမှတ် 77587/12 နှင့် 74603/12) စီရင်ချက် Strasbourg၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်

အမှုအကျဉ်းချုပ် - ယူနိုက်တက်ကင်းဒမ်းရှိ ရဲအရာရှိများသည် ဆေးခြောက်ခြံများတွင် အလုပ်လုပ်နေသော ဗီယက်နမ် လူငယ်နှစ်ဦးကို တွေ့ရှိခဲ့သည်။ ၎င်းတို့သည် ဖမ်းဆီးခံရပြီး မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများဖြင့် စွပ်စွဲခံရကာ ၎င်းတို့၏ ဥပဒေ အကြံပေးများ၏ အကြံပြုချက်အရ အပြစ်ရှိကြောင်းဝန်ခံခဲ့ပြီး ပြစ်ဒဏ်ချမှတ်ခံရသည်။ အခွင့်အာဏာရှိ အဖွဲ့အစည်းက ၎င်းတို့အား လူကုန်ကူးခံရသူများအဖြစ် အသိအမှတ်ပြုခဲ့သော်လည်း အမှုဖွင့်ရန်ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်သော တရားစွဲဆိုရေးဝန်ဆောင်မှုက ၎င်းတို့သည် နစ်နာသူများမဟုတ်ဟု ကောက်ချက်ချခဲ့သည်။ အယူခံရုံးက ၎င်းတို့အား တရားစွဲဆိုရန် ဆုံးဖြတ်ချက်သည် ကျိုးကြောင်းဆီလျော်ကြောင်းတွေ့ရှိခဲ့သည်။

အမှုသည် ဥရောပ လူ့အခွင့်အရေးတရားရုံးသို့ ရောက်ရှိခဲ့သည်။ လျှောက်ထားသူများသည် ဥရောပ လူ့အခွင့်အရေး ကွန်ဗင်းရှင်း၏ အပိုဒ် ၄ (အစေခံလုပ်အားခိုင်းစေမှု တားမြစ်ခြင်း)နှင့် အပိုဒ် ၆(၁) (တရားမျှတသော တရားခွင် အခွင့်အရေး)ကို အခြေခံ၍ အာဏာပိုင်များသည် ၎င်းတို့ လူကုန်ကူးခံရပြီးနောက် ကာကွယ်ပေးရန် ပျက်ကွက်ခဲ့ကြောင်း၊ ၎င်းတို့၏ လူကုန်ကူးခံရမှုကို လုံလောက်စွာ စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခဲ့ကြောင်းနှင့် ၎င်းတို့၏ တရားခွင်သည် မျှတမှုမရှိခဲ့ကြောင်း တိုင်ကြားခဲ့သည်။

**အပိုဒ် ၄ (အစေခံလုပ်အားခိုင်းစေမှု တားမြစ်ခြင်း)နှင့် စပ်လျဉ်း၍** - ဥရောပ လူ့အခွင့်အရေး တရားရုံးက နိုင်ငံတကာ ဥပဒေတွင် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့် မပေးထားကြောင်း၊ သို့သော် နိုင်ငံများသည် အစေခံ ရာဇဝတ်မှုကျူးလွန်စေကြောင်း ထင်ရှားပါက တရားစွဲဆိုခြင်း မပြုနိုင်ကြောင်းတွေ့ရှိခဲ့သည်။ ဤအမှုတွင် တရားစွဲဆိုရန်ဟူသော ဆုံးဖြတ်ချက်သည် လျှောက်ထားသူများ လူကုန်ကူးခံရကြောင်း ယုံကြည်ထိုက်သော သံသယရှိသည့်အခါ ၎င်းတို့အား ကာကွယ်ရန် အစီအမံများ ချမှတ်ရန်ဟူသော တာဝန်နှင့်ကိုက်ညီမှုမရှိပေ။ ထိုသံသယ ပေါ်ပေါက်လာသည်နှင့်တစ်ပြိုင်နက် အရည်အချင်း ပြည့် ပုဂ္ဂိုလ်တစ်ဦးက သင့်လျော်သော အကဲဖြတ်မှုကို ပြုလုပ်သင့်သည်။ တရားစွဲဆိုရန် ဆုံးဖြတ်ချက်သည် အထူးသဖြင့် ထိုပုဂ္ဂိုလ်သည် အရွယ်မရောက်သေးသူဖြစ်ပါက ထိုသို့သော အကဲဖြတ်မှုကို လိုက်နာသင့်သည်။ တရားစွဲဆိုသူသည် လူကုန်ကူးခံရသူများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီသော၊ ရှင်းလင်းသော အကြောင်းပြချက်များဖြင့် အခွင့်အာဏာရှိ အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်နှင့် မတူညီသောဆုံးဖြတ်ချက်ကို ချမှတ်ရန်လိုအပ်မည်ဖြစ်သည်။ လျှောက်ထားသူများသည် အရွယ်မရောက်သေးသူများဖြစ်သည့်အခါ ဆေးခြောက်ခြံတစ်ခုတွင် တွေ့ရှိခဲ့သည့်အချက်က ၎င်းတို့သည် နစ်နာသူများ ဖြစ်သည်ဟု ယုံကြည်ထိုက်သော သံသယကို ဖြစ်ပေါ်စေသင့်သည်။ သို့သော် လွှဲပြောင်းပေးခံရမည့်အစား လျှောက်ထား သူများကို စွဲချက်တင်ခြင်းခံခဲ့ရသည်။ တရားစွဲဆိုသူသည် နစ်နာသူများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီသော ရှင်းလင်း သော အကြောင်းပြချက်များမပေးခဲ့ဘဲ အခွင့်အာဏာရှိအဖွဲ့အစည်းနှင့် မတူညီသော ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။

**အပိုဒ် ၆(၁) (တရားမျှတသော တရားခွင်အခွင့်အရေး) နှင့် စပ်လျဉ်း၍** - ဥရောပ တရားရုံးသည် ယူကေနိုင်ငံ၏ လျှောက်ထားသူများအား နစ်နာသူဖြစ်နိုင်ခြေရှိများအဖြစ် အသိအမှတ်ပြုရန် ပျက်ကွက်မှုသည် ဥရောပ လူ့အခွင့်အရေး ကွန်ဗင်းရှင်းအောက်တွင် ပြဿနာများပေါ်ပေါက်စေခြင်း ရှိ/မရှိကို ဆုံးဖြတ်ရန်လိုအပ်ခဲ့သည်။ တရားရုံးက လျှောက်ထားသူ များသည် အချက်အလက်များကို အပြည့်အဝသိရှိခြင်းမရှိဘဲ အပြစ်ရှိကြောင်းဝန်ခံခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ၎င်းတို့သည် နစ်နာသူများ ဟုတ်/မဟုတ် အကဲဖြတ်ချက် မရှိခြင်းက ၎င်းတို့၏ခုခံချေပမှုကို ကူညီနိုင်မည့်

သက်သေ အထောက်အထား များ ရရှိရန် ၎င်းတို့ကိုဟန့်တားခဲ့သည်။ အယူခံရုံးသည် ဤမမှုတမှုကို ပြုပြင်ခြင်း မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ စဉ်းစားချက်သည် လုပ်ငန်းစဉ် အလွဲသုံးစားလုပ်မှု ရှိခဲ့ခြင်း ရှိ/မရှိနှင့် လူကုန်ကူးခံရသူများ၏ နိုင်ငံတကာက လက်ခံ ထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်၏ အနှစ်သာရသို့မရောက်ဟုထင်ရသော အချက်များကို အားကိုးခြင်းတို့အပေါ် ကန့်သတ် ထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လုပ်ထုံးလုပ်နည်းများသည် မျှတမှုမရှိခဲ့ဘဲ လျှောက်ထားသူများ၏ တရားမျှတ သော တရားခွင်ဆိုင်ရာအခွင့်အရေးကို ချိုးဖောက်ခဲ့သည်။ တရားရုံးက ယူနိုက်တက်ကင်းဒမ်းအား လျှောက်ထားသူများကို ရုပ်ပိုင်းဆိုင်ရာမဟုတ်သော ထိခိုက်နစ်နာမှုအတွက် တစ်ဦးလျှင် ယူရို ၂၅,၀၀၀ နှင့် ကုန်ကျစရိတ်နှင့် အသုံးစရိတ်များ အတွက် တစ်ဦးလျှင် ယူရို ၂၀,၀၀၀ ပေးချေရန် အမိန့်ချမှတ်ခဲ့သည်။[128]

အောက်ပါတို့သည် တရားရုံးဆုံးဖြတ်ချက်၏ ကောက်နုတ်ချက်များ ဖြစ်သည် -

> ၁၅၈။ လူကုန်ကူးမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း သို့မဟုတ် အခြား နိုင်ငံတကာ စာချုပ်စာတမ်းများတွင် လူကုန်ကူးခံရသူများအား တရားစွဲဆိုခြင်းကို အထွေထွေ တားမြစ်ချက် တစ်စုံတစ်ရာဖော်ပြနိုင်ခြင်း မရှိကြောင်း သိသာလှသည်။ အမှန်တကယ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အပိုဒ် ၂၆၊ လူကုန်ကူးမှု တိုက်ဖျက်ရေး ညွှန်ကြားချက် အပိုဒ် ၈ နှင့် ILO အဓမ္မလုပ်အား ခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်း၏ ၂၀၁၄ လုပ်ထုံးလုပ်နည်း အပိုဒ် ၄ § ၂ (အထက်ပါ စာပိုဒ် ၁၀၃၊ ၁၀၆ နှင့် ၉၈ တို့ကို အသီးသီး ကြည့်ပါ)တွင် ပါရှိသော "ပြစ်ဒဏ်ကင်းလွတ်ခွင့်" ပြဋ္ဌာန်းချက်များတွင် အရေးကြီးသော အရည်အသွေး နှစ်ခုပါဝင်သည် - လူကုန်ကူးခံရသူသည် ရာဇဝတ်မှုဆိုင်ရာ လုပ်ဆောင်ချက်ကို လုပ်ဆောင်ရန် အတင်းအကျပ်စေခိုင်းခံရခြင်း ဖြစ်ရမည်၊ ထိုသို့ဖြစ်ပါက နိုင်ငံ့အာဏာပိုင်များသည် တရားစွဲဆိုရန် ဆုံးဖြတ်မည်မဟုတ်ဟု ဆုံးဖြတ်ပိုင်ခွင့် ရှိသင့်သော်လည်း မဖြစ်မနေ လိုက်နာရမည်မဟုတ်ပေ။ လူကုန်ကူးမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း ပုဒ်မ ၂၆ သို့မဟုတ် လူကုန်ကူးမှု တိုက်ဖျက်ရေး ညွှန်ကြားချက် အပိုဒ် ၈ ၏ သတ်မှတ်ချက် အတိုင်းအတာအရ ကလေးသူငယ်တစ်ဦးကို လူကုန်ကူးခံရသူအဖြစ် မဖြစ်မနေ သတ်မှတ်ရန် မလိုအပ်သလို မည်သည့်အခြေအနေမျိုးတွင်မဆို လူကုန်ကူးခံရသည့် ကလေးသူငယ်များအား တရားစွဲဆိုခြင်းကို တားမြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူ နိုင်သော စာချုပ်နှစ်ခုတွင် မည်သည့်အရာမှ မပါရှိပေ။
>
> ၁၅၉။ သို့သော်လည်း တရားရုံးသည် လူကုန်ကူးခံရသူများ သို့မဟုတ် လူကုန်ကူး ခံရနိုင်ခြေ ရှိသူများအား တရားစွဲဆိုခြင်းသည် အချို့အခြေအနေများတွင် ၎င်းတို့က တစ်ဦးတစ်ယောက်သည် လူကုန်ကူးခံရကြောင်း ယုံကြည်ထိုက်သည့် သံသယ ဖြစ်စေသော အခြေအနေများကို သိရှိပါက သို့မဟုတ် သိရှိသင့်ပါက ၎င်းတို့အား ကာကွယ်မည့် လုပ်ငန်းဆိုင်ရာ အစီအမံများ ချမှတ်ရန်ဟူသော နိုင်ငံတော်၏ တာဝန်နှင့် ကိုက်ညီမှုမရှိနိုင်ဟု ယူဆပါသည်။ တရားရုံး၏အမြင်တွင် ကွန်ဗင်းရှင်း၏ အပိုဒ် ၄ အရ လုပ်ငန်းဆိုင်ရာ အစီအမံများချမှတ်ရန်ဟူသော တာဝန်၌ အဓိက

[128] *V.C.L and A.N v The United Kingdom* ကို ကြည့်ပါ (လျှောက်လွှာအမှတ် 77587/12 နှင့် 74603/12)၊ သတင်းထုတ်ပြန်ချက်အနှစ်ချုပ် summary ECHR 058 (၂၀၂၁) ၁၆.၀၂.၂၀၂၁

ရည်ရွယ်ချက် နှစ်ခုရှိသည် - လူကုန်ကူးခံရသူအား နောက်ထပ်အန္တရာယ်မှ ကာကွယ်ရန်နှင့် ၎င်း၏ ပြန်လည်နာလန်ထူမှုကို အထောက်အကူပြုရန်ဖြစ်သည်။ လူကုန်ကူးခံရသူများအား တရားစွဲဆိုခြင်းသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်း ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ပြန်လည်နာလန်ထူမှုကို ထိခိုက်စေမည်ဖြစ်ပြီး အနာဂတ်တွင် ပြန်လည်လူကုန်ကူးခံရနိုင်ခြေရှိသော အားနည်းချက်ကို ဖြစ်ပေါ်စေနိုင်သည်မှာ ထင်ရှားပါသည်။ ၎င်းတို့သည် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုခံရမှု ဒုက္ခကို ရင်ဆိုင်ရရုံသာမက ရာဇဝတ်မှုဖြင့် ပြစ်ဒဏ်ချမှတ် ခံရခြင်းသည် ၎င်းတို့၏ နောက်ပိုင်း လူ့အဖွဲ့အစည်းအတွင်း ပေါင်းစည်းရေးအတွက် အတားအဆီး ဖြစ်စေနိုင်သည်။ ထို့အပြင် ထိန်းသိမ်းခံရခြင်းသည် လူကုန်ကူးမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင် မျှော်မှန်းထားသော ပံ့ပိုးမှုနှင့် ဝန်ဆောင်မှုများ ရယူနိုင်မှုကို အတားအဆီးဖြစ်စေနိုင်သည်။

၁၆၀။ လူကုန်ကူးခံရသူ သို့မဟုတ် လူကုန်ကူးခံရနိုင်ခြေရှိသူအား တရားစွဲဆို ခြင်းသည် အပိုဒ် ၄ အရ အာမခံထားသော လွတ်လပ်ခွင့်များကို လေးစားကြောင်း ပြသရန်အတွက် ၎င်းတို့အား စောလျင်စွာ ဖော်ထုတ်အတည်ပြုခြင်းမှာ အလွန် အရေးကြီးလှသည်။ ထို့ကြောင့် အာဏာပိုင်များသည် ရာဇဝတ်မှုကျူးလွန်ရမည်ဟု သံသယရှိသော တစ်ဦးတစ်ယောက်သည် လူကုန်ကူးခံရခြင်း သို့မဟုတ် ခေါင်းပုံဖြတ် ခံရခြင်း ဖြစ်နိုင်ကြောင်း ယုံကြည်ထိုက်သည့် သံသယဖြစ်ပေါ်စေသော အခြေအနေ များကို သိရှိပါက သို့မဟုတ် သိရှိသင့်ပါက လူကုန်ကူးခံရသူများအတွက် ကိုင်တွယ် ဖြေရှင်းရန် လေ့ကျင့်ထားပြီး အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်များက ၎င်းအား မဆိုင်းမတွ အကဲဖြတ်သင့်ပါသည်။ ထိုအကဲဖြတ်မှုသည် ပါလာမို လုပ်ထုံးလုပ်နည်း နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင် သတ်မှတ်ထားသည့် စံနှုန်းများ အပေါ် အခြေခံသင့်သည် (ထိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ခေါင်းပုံဖြတ် အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် အင်အားအသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်းနည်းလမ်းဖြင့် ၎င်းကို စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းတို့ကို လုပ်ဆောင်ခြင်း) ထိုပုဂ္ဂိုလ်သည် ကလေးသူငယ်ဖြစ်ပါက အင်အားပြ ခြိမ်းခြောက်ခြင်း နှင့်/သို့မဟုတ် အနိုင်အထက်ပြုခြင်း မလိုအပ်ဟူသောအချက်ကို အထူးဂရုပြု ထည့်သွင်းစဉ်းစား ရမည်။

၁၆၁။ ထို့အပြင် လူပုဂ္ဂိုလ်တစ်ဦး၏ လူကုန်ကူးခံရသူအဖြစ် အဆင့်အတန်းသည် တရားစွဲဆိုရန်လုံလောက်သော သက်သေ အထောက်အထား ရှိ၊မရှိနှင့် ၎င်းသည် အများပြည်သူ အကျိုးစီးပွားအတွက် ဖြစ်၊မဖြစ်ကို သက်ရောက်နိုင်သောကြောင့် လူကုန်ကူးခံရနိုင်ခြေ ရှိသူအား တရားစွဲဆိုရန် သို့မဟုတ် မစွဲဆိုရန် ဆုံးဖြတ်ချက်ကို ဖြစ်နိုင်ပါက အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်တစ်ဦးဦးက လူကုန်ကူးမှုဆိုင်ရာ အကဲဖြတ်ချက်ပြုလုပ်ပြီးမှသာ ချမှတ်သင့်သည်။ ဤအချက်သည် ကလေး

သူငယ်များနှင့် ပတ်သက်သည့်အခါ အထူးအရေးကြီးသည်။ တရားရုံးက ကလေးသူငယ်များသည် အထူးသဖြင့် ထိခိုက်လွယ်သောကြောင့် အပိုဒ် ၃ နှင့် ၈ တို့၏ ပြဋ္ဌာန်းချက် အတိုင်းအတာအတွင်း ပါဝင်နေသော အကြမ်းဖက်မှုများမှ ၎င်းတို့ကို ကာကွယ်ရန်အလို့ငှာ နိုင်ငံတော်ကချမှတ်သော အစီအမံများသည် ထိရောက်သင့်ပြီး အာဏာပိုင်များက သိရှိထားသော သို့မဟုတ် သိရှိသင့်သော ဆိုးရွားစွာ ဆက်ဆံမှုကို တားဆီးရန် ကျိုးကြောင်း ဆီလျော်သောအဆင့်များနှင့် ထိုသို့ ကိုယ်ရေးကိုယ်တာ ဂုဏ်သိက္ခာကို ထိခိုက်စေသော ပြင်းထန်သော ချိုးဖောက်မှုများအတွက် ထိရောက်သော တားဆီးမှုတို့ ပါဝင်သင့်ကြောင်း အသိအမှတ်ပြုခဲ့သည် (ဥပမာ Söderman v. Sweden [GC], အမှတ် 5786/08, § 81, ECHR 2013; M.P. and Others v. Bulgaria, အမှတ် 22457/08, § 108, ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ နှင့် Z and Others v. the United Kingdom [GC], အမှတ် 29392/95, § 73, ECHR 2001-V တို့ကို ကြည့်ပါ)။ အဆိုပါအစီအမံများသည် လူ့ဂုဏ်သိက္ခာကို လေးစားမှု ရှိစေရန်နှင့် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားကို ကာကွယ်ရန် ရည်ရွယ်ရမည် (အထက်တွင် ကိုးကားခဲ့သော Söderman, § 81 ကို ကြည့်ပါ)။ လူကုန်ကူးမှုသည် လူကုန်ကူးခံရသူများ၏ လူ့ဂုဏ်သိက္ခာနှင့် အခြေခံလွတ်လပ်ခွင့် များကို ခြိမ်းခြောက်သောကြောင့် (အထက်တွင် ကိုးကားခဲ့သော Rantsevı § 282 ကို ကြည့်ပါ)၊ ကွန်ဗင်းရှင်းရှိ အပိုဒ် ၄ ၏ ပြဋ္ဌာန်းချက် အတိုင်းအတာအတွင်း ကျရောက်သော လုပ်ဆောင်ချက်များမှ ကာကွယ်ရန် အစီအမံများအတွက်လည်း ထိုနည်းတူပင် လုပ်ဆောင်ရမည် ဖြစ်သည်။

၁၆၂။ အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်တစ်ဦးက လူကုန်ကူးမှုဆိုင်ရာ အကဲဖြတ်ချက် ပြုလုပ်ပြီးပါက နောက်ဆက်တွဲ တရားစွဲဆိုရေးဆိုင်ရာ ဆုံးဖြတ်ချက်သည် ထိုအကဲဖြတ်ချက်ကို ထည့်သွင်းစဉ်းစားရမည်။ တရားစွဲဆိုသူသည် ထိုသို့သော လူကုန်ကူးမှုဆိုင်ရာ အကဲဖြတ်ချက် ပြုလုပ်စဉ်အတွင်း ပြုလုပ်သော တွေ့ရှိချက်များနှင့် စည်းနှောင်ထားခြင်း မရှိသော်လည်း၊ တရားစွဲဆိုသူသည် ၎င်းနှင့် သဘောမတူညီရန် ပါလာမို လုပ်ထုံးလုပ်နည်းနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင်ပါရှိသော လူကုန်ကူးမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသောရှင်းလင်းသော အကြောင်းပြချက်များ လိုအပ်မည်ဖြစ်သည်။

## *နောက်ဆက်တွဲ (၅) ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးရမည့် ပြစ်မှုဥပမာများ*

ပြစ်ဒဏ်ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးရမည့် ပြစ်မှုဥပမာများကို အောက်တွင် ဖော်ပြထားပါသည်။ ဤစာရင်းသည် မပြည့်စုံသေးသည့် ကျယ်ပြန့်သောစာရင်းတစ်ခုသာဖြစ်ပြီး လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရမှု၏ တိုက်ရိုက်အကျိုးဆက်အဖြစ် ကျူးလွန်ခဲ့သော ပြစ်မှုအားလုံးအတွက် ပြစ်ဒဏ် ကင်းလွတ်ခွင့် အခြေခံမူကို ကျင့်သုံးရပါမည်။

### အသက်အရွယ်နှင့် အခြေအနေပေါ်မူတည်သည့် ပြစ်မှုများ (စီမံအုပ်ချုပ်ရေးရာနှင့် ရာဇဝတ်ရေးရာ)

- လူဝင်မှုကြီးကြပ်ရေး (ရာဇဝတ်ရေးရာ၊ စီမံအုပ်ချုပ်ရေးရာ သို့မဟုတ် တရားမပြစ်မှုများ)
    - o တရားမဝင် ဝင်ရောက်မှု
    - o တရားမဝင် အလုပ်အကိုင် အဆင့်အတန်း
    - o တရားမဝင် လူဝင်မှု အဆင့်အတန်း
    - o တရားမဝင် နေထိုင်မှု
    - o စာရွက်စာတမ်းမရှိမှု
    - o အတုပြုလုပ်ထားသည့် အလုပ် လုပ်ကိုင်ခွင့်/ ခွင့်ပြုမိန့်
- မမှန်မကန်ပြုလုပ်ထားသည့် သို့မဟုတ် အတုပြုလုပ်ထားသည့် ကိုယ်ရေးစာရွက်စာတမ်းများ အသုံးပြုမှု သို့မဟုတ် ပိုင်ဆိုင်မှု
- စာရွက်စာတမ်းအတုပြုလုပ်ခြင်း သို့မဟုတ် လိမ်လည် အတုပြုလုပ်ထားသော ကိုယ်ရေးစာရွက်စာတမ်း လက်ဝယ်ထားရှိခြင်း
- အခြား

### အခြားသောရာဇဝတ်ပြစ်မှုများ

- အရက်သေစာနှင့်ဆက်နွှယ်နေသည့် ပြစ်မှုများ
- တောင်းရမ်းစားသောက်ခြင်း
- အများပြည်သူကို စိတ်အနှောင့်အယှက်ဖြစ်စေမှု
- ခါးပိုက်နှိုက်ခြင်း
- မူးယစ်ဆေးဝါးပိုင်ဆိုင်ခြင်း
- ပြည့်တန်ဆာပြုခြြင်း / ပြည့်တန်ဆာမှုပြုရန် တိုက်တွန်းခြင်း
- အများပြည်သူပိုင်နေရာများတွင် စည်းကမ်းတကျပြုမူခြင်း သို့မဟုတ် စာရိတ္တကို ထိန်းသိမ်းခြင်းနှင့်သက်ဆိုင်သည့် မဖွယ်မရာပြုမူမှု
- အတုအပပစ္စည်းများ ရောင်းချခြင်း
- အလစ်သုတ်ခြင်း
- မူးယစ်ဆေးဝါးအသုံးပြုခြင်း
- အိမ်ခြေရာမဲ့
- အကြမ်းဖက်မှု သို့မဟုတ် ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်း (ဥပမာ - လူကုန်ကူးခံရသည့် အခြေအနေမှလွတ်မြောက်ရန်အလို့ငှာ)
- ဖောက်ထွင်းခိုးယူမှု

- ခရက်ဒစ်ကတ်အတုလုပ်မှု
- ဆိုက်ဘာနည်းပညာကို အသုံးပြုခြင်းဖြင့် ပိုမိုအကျိုးအမြတ်ရစေနိုင်သည့် ရာဇဝတ်မှု
- ဆိုက်ဘာရာဇဝတ်မှု
- မူးယစ်ဆေးဝါးပိုင်ဆိုင်မှု
- မူးယစ်ဆေးဝါးထုတ်လုပ်မှု သို့မဟုတ် စိုက်ပျိုးမှု (ဥပမာ - ဆေးခြောက်စိုက်ခင်းများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရေးစခန်းများတွင်)
- မူးယစ်ဆေးဝါး တရားမဝင် သို့မဟုတ် မှောင်ခိုကုန်ကူးမှု
- အခြားသူတစ်ဦး၏ ကိုယ်ရေးအချက်အလက်များကို ခိုးယူအသုံးပြုခြင်း
- လူသေမှု သို့မဟုတ် လူသတ်မှု
- ခရစ်တိုငွေကြေးကို တရားမဝင် အသုံးပြုခြင်းဖြင့် ငွေကြေးခဝါချခြင်း
- တရားမဝင် ကိုယ်အင်္ဂါလှူဒါန်းခြင်း၊ ငွေကြေးအကျိုးအမြတ်အလို့ငှာ ကိုယ်အင်္ဂါတစ်ခုခုနှင့် ဖလှယ်သည့် ငွေကြေးအကျိုးအမြတ်ကို ပေးကမ်းခြင်း သို့မဟုတ် လက်ခံခြင်း
- လက်နက်ကိုင်အဖွဲ့အစည်းများတွင် ပါဝင်ခြင်း
- အွန်လိုင်းမှငွေကြေးလိမ်လည်ခြင်း
- လူမှုဖူလုံရေးဆိုင်ရာ သို့မဟုတ် လူမှုအကျိုးခံစားခွင့်ဆိုင်ရာ အတုပြုလုပ်မှု
- အကြမ်းဖက်မှု
- လူကုန်ကူးမှု (လူကုန်ကူးခံရခြင်း၏ အကျိုးဆက်အဖြစ် လူကုန်ကူးသူများ ဖြစ်လာလေ့ရှိကြသည် သို့မဟုတ် အခြားနစ်နာသူများကို ရှာဖွေခန့်အပ်ခိုင်းစေရာတွင်နှင့် ခေါင်းပုံဖြတ်ရာတွင် တစ်နည်းနည်းဖြင့် ပါဝင်လာလေ့ရှိကြသည်)
- အခြား